
www.burmeseclassic.com

# ဝဏ္ဏငအောင်

ဝမ်းအင်း၏ကျင်းကုရှင်းလျှို

ချစ်မုန်းမာန်ဇွယ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃–ခုနှစ်
နိုဝင်ဘာလ
ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို၊ (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေးပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အထီးကျန်

နေပြည်တော်သို့သွားရာ လမ်းမကြီးပေါ်၌ အသက်ဆယ်နှစ်ခန့်အရွယ်ရှိ လူငယ်တစ်ယောက်သည် အထုပ်ကလေးတစ်ထုပ် ကျော၌ ပိုး၍ လျှောက်နေ၏။

ထိုလူငယ်မှာ ဆံပင်များ ရှုပ်ပွပြီး အဝတ်အစားများမှာလည်း ညစ်ထွေးစုတ်ပြဲနေ၏။

မျက်နှာ ခြေလက်များမှာလည်း ညစ်ပတ်ပေရေနေ၏။

တစ်ချိန်က သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော လျှပ်စစ်ဓား ချူဝမ်ကျိုး၏တစ်ဦးတည်းသောသား ချူးပင်အမည်ရှိ လူငယ်လေးပင် ဖြစ်၏။

သူသည် ဦးတည်ရာမဲ့ လျှောက်နေခြင်းဖြစ်သည်။

မည်သည့်နေရာသို့ သွားရမှန်းမသိ။

ကြုံရာစား၊ ကြုံရာအိပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အထုပ်လေးထဲတွင် ရွှေတုံးကလေးများ မနည်းပါ။ သို့သော် သူ၏ပုံသဏ္ဍာန်မှာ သူတောင်းစားလေးနှင့်တူ၍နေသဖြင့် သူ့အား မည်သူကမျှ သတိမထားမိသောကြောင့် လုယူခံရခြင်းမရှိဘဲ ယနေ့တိုင် ကိုယ်နှင့်မြဲနေခြင်းဖြစ်သည်။

ယခု သူသည် အရေးအကြီးဆုံးရည်ရွယ်ချက်မှာ သိုင်းပညာသင်ကြားရန်ပင် ဖြစ်သည်။ သို့သော် မည်သည့်နေရာသို့သွား၍ သင်ကြားရမည်ကို မသိပါ။

ထို့ကြောင့် ခြေဦးတည့်ရာ လျှောက်သွားခြင်း ဖြစ်လေသည်။ သူသည် ခေါင်းငုံ့၍လျှောက်နေရင်း ...

ရုတ်တရက် လူအများ ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်ကို သတိပြုမိလိုက်၏။

မြင်းတစ်ကောင် အထိန်းအကွပ်မဲ့ ဒုန်းစိုင်းပြေးလွှားလာနေခြင်း ဖြစ်သည်။

တစ်ဆက်တည်းမှာပင် မြင်းပေါ်မှ မိန်းကလေးတစ်ယောက် မြင်း၏လည်ပင်းကို ဖက်၍ ထိတ်လန့်တကြား လိုက်ပါလာနေသည်ကို တွေ့မြင်လိုက်ရ၏။

ချူးပင်သည် တွေဝေတုံ့ဆိုင်းမနေဘဲ မြင်းပေါ်သို့ လွှားခန်



ခုန်တက်လိုက်၏။ ဒုန်းစိုင်းပြေးနေသောမြင်းသည် တုံ့ခနဲရပ်တန့်သွားလေတော့၏။

ချူးပင်သည် ယခုမှ ပတ်ဝန်းကျင်ကို သတိပြုကြည့်မိ၏။ သူတို့သည် တောအုပ်တစ်ခုတည်းသို့ ရောက်နေမှန်း သိလိုက်ရသည်။

သူက မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။ ယခုမှ မိန်းကလေးလည်း ထိတ်လန့်တုန်လှုပ်ရာမှ တည် ငြိမ်သွား၏။

ချူးပင်သည် ထိုမိန်းကလေး၏မျက်နှာကို မြင်တွေ့လိုက်သောအခါ အနည်းငယ် အံ့သြသွား၏။

ထိုမိန်းကလေးသည် မိမိနှင့် ရွယ်တူဖြစ်၏။

"ညီမလေး ဘာမှမဖြစ်ဘူးနော်"

သူက စတင်မေးလိုက်၏။

ထိုမိန်းကလေးက သူ၏တစ်ကိုယ်လုံးကို အကဲခတ်ကြည့်လိုက်၏။

"ဘာမှမဖြစ်ပါဘူး"

ချူးပင်က ခေါင်းညိတ်ပြလိုက်၏။

"ဒါဖြင့် အိမ်ပြန်တော့"

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးက ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက်၏။ ထို့နောက် ခေါင်းယမ်းပြလိုက်၏။

"ငါ အိမ်မပြန်တတ်တော့ဘူး"

"ဟောဗျာ"

မိန်းကလေးက မြင်းပေါ်မှဆင်းပြီး ...

ပတ်ဝန်းကျင်ကို သေချာစွာ လှည့်ကြည့်လိုက်ပြန်သည်။

"ဒီနေရာကို ငါ တစ်ခါမှ မလာဖူးဘူး"

"ငါလည်း မရောက်ဖူးဘူး"

မိန်းကလေးက ...

"ငါ့ကို လမ်းမအထိ ပို့ပေးမယ်ဆိုရင် ငါ ပြန်တတ်ပြီ"

ချူးပင်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"လမ်းမ ဘယ်မှာရှိတယ်ဆိုတာ ငါလည်း မသိဘူးဟ"

မိန်းကလေး၏မျက်နှာ ငိုမဲ့မဲ့ ဖြစ်လာ၏။

"ဖေဖေနဲ့မေမေတော့ စိတ်ပူတော့မှာပဲ"

ချူးပင်က ...

အနည်းငယ် စဉ်းစားလိုက်ပြီး ...



"ဒီလိုနေလို့တော့ မဖြစ်ဘူးထင်တယ်"

မိန်းကလေးက ကောင်းကင်ပေါ် မော့ကြည့်လိုက်၏။

"ဒုက္ခပါပဲ၊ မိုးချုပ်တော့မယ်"

ချူးပင်က ...

"ဘာပဲဖြစ်ဖြစ် ငါတို့လာတဲ့လမ်းအတိုင်း ပြန်သွားရင်တော့ လမ်းမကြီးပေါ် ရောက်လာလိမ့်မည် ထင်တယ်"

မိန်းကလေးသည် ...

ချူးပင်အား အကူအညီတောင်းသောအကြည့်ဖြင့် ကြည့်လိုက်၏။

"ငါ့ကိုတော့ လမ်းမကြီးအထိ လိုက်ပို့ပေးပါဟာ"

"လိုက်ပို့မှာပေါ့"

မိန်းကလေးကို မြင်းပေါ်တက်ထိုင်စေပြီး ချူးပင်က မြင်းဇက်ကြိုးကိုဆွဲ၍ လာလမ်းအတိုင်း မှန်းဆထွက်ခွာလာခဲ့ကြလေသည်။

✱

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လျှောက်ရင်း လျှောက်ရင်း အမှောင်အတိကျလာပြီဖြစ်၏။ လမ်းမကြီးကိုလည်း မတွေ့ရသေးပါ။

သူတို့နှစ်ဦး မောဟိုက်လာသဖြင့် မြင်းပေါ်မှဆင်းပြီး မြေကွက်လပ်တစ်ခုတွင် ထိုင်၍ အနားယူရလေ၏။

သူတို့ ထိုင်ချလိုက်သောအခါကျမှ ချောင်းရေစီးသောအသံများ ကြားလိုက်ရ၏။ မိန်းကလေးက ...

"ကျွန်မ ဗိုက်ဆာတယ်၊ ရေလည်း ငတ်လာပြီ၊ ဘယ့်နှယ်လုပ်မလဲ"

ချူးပင် သနားသွားလေသည်။ သူသည် သစ်ကိုင်းခြောက်များ စုဆောင်းပြီး မီးပုံတစ်ပုံ ဖိုလိုက်သည်။

ထို့နောက် အသင့်ပါလာသောအထုပ်ကလေးကို ဖြေ၍ ထမင်းခြောက်နှင့် မုန့်ခြောက်များကို တစ်ဝက်ခွဲပေးပြီး ...

ချောင်းကလေးထဲ ဆင်း၍ ပိန်းရွက်များဖြင့် ရေကို သယ်ဆောင်လာ၏။ မိန်းကလေးသည် မုန့်ခြောက်များစားပြီး ရေအဝသောက်လိုက်ရာ သက်သောင့်သက်သာ ဖြစ်လာလေသည်။

ယခုမှ သူမက မိမိအား အကူအညီပေးခဲ့သော ယောကျ်ားလေးကို သတိပြုကြည့်မိ၏။



ထိုယောကျ်ားလေးသည် တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသည်ဖြစ်သော်လည်း သူ၏မျက်နှာမှာ သန့်သန့်ပြန့်ပြန့် အထက်တန်းလွှာ သားသမီးတစ်ယောက်နှင့် တူနေသည်ကို တွေ့ရ၏။

သူမ စိတ်ဝင်စားသွားသည်။

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"ချူးပင်"

"ကျွန်မနာမည်က မွန်မွန်"

ချူးပင်က ခေါင်းညိတ်လိုက်၏။

"သိရတာ ဝမ်းသာပါတယ်"

သူက ပြောပြီး စကားမဆက်တော့ပါ။ အကြောင်းမှာ ယခုမှ သူက ထိုမိန်းကလေးမှာ အလွန်ချောမောလှပသည်ကို တွေ့မြင်လိုက်ရခြင်းဖြစ်၏။ မွန်မွန်က ဆက်၍မေးလိုက်၏။

"နင့်အဖေကော"

"သေပြီ"

"နင့်မေမေကော"

"သူလည်း သေပြီ"

"ဒါဖြင့် နင်က ဘယ်သူနဲ့နေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်က ခေါင်းခါယမ်းပြ၏။

"ဒါဖြင့် နင်တစ်ယောက်တည်းပေါ့"

ချူးပင်က ခေါင်းညိတ်လိုက်၏။

"နင် ဘယ်မှာနေသလဲ"

"ဘယ်နေရာမှ မနေဘူး"

"ဘာဖြစ်လို့လဲ"

"နေစရာသိပ်မရှိလို့ပေါ့"

"ဒီလိုဆိုရင် နင်က လျှောက်သွားနေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

မွန်မွန်က ချူးပင်အပေါ် သနားသောစိတ် ဝင်လာလေ၏။

"ဒီလိုဆိုရင် ငါ့အိမ် လိုက်နေပါလား"

"မဖြစ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"နင် စေတနာရှိပေမယ့် နင့်အဖေက လက်ခံပါ့မလား"

မွန်မွန်က ရယ်မောလိုက်၏။

"ဒီအတွက်မပူနဲ့၊ ငါ့ကို ဖေဖေက သိပ်ချစ်တာ၊ ငါပြော လိုက်ရင် လက်ခံမှာသေချာတယ်"



ချူးပင် ခေါင်းယမ်း၏။

"ဘာဖြစ်လို့ လိုက်မနေချင်တာလဲ"

"ငါနဲ့ ဘာမတော်တဲ့အိမ်မှာ ငါ မနေချင်ဘူး"

"ငါတို့အိမ်မှာ ငါတို့နဲ့ ဘာမှမတော်တဲ့သူ အများကြီးရှိ တယ်"

ချူးပင် မျက်မှောင်ကုတ်သွားသည်။

"သူတို့ ဘာဖြစ်လို့ အဲဒီမှာ လာနေကြတာလဲ"

"သိုင်းပညာ သင်နေကြတာလေ"

ချူးပင် စိတ်ဝင်စားလာ၏။

"နင့်ဖေဖေက သိုင်းပညာတတ်တယ် ဟုတ်လား"

မွန်မွန်၏မျက်နှာ ဝင့်ကြွားလာသည့် အရိပ်အယောင်များ ပေါ်လွင်လာ၏။

"ငါ့အဖေက ကျားနက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးလေ"

ချူးပင်သည် ကျားနက်ဂိုဏ်းကို မသိပါ။ စိတ်လည်း မဝင် စားပါ။ မွန်မွန်၏ဖခင် သိုင်းပညာတတ်သည်ကိုသာ အလွန်စိတ်ဝင် စားလာလေ၏။

"နင် တကယ်ပြောနေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ငါ့ကို နင့်အိမ်မှာ ခေါ်ထားမယ်ဆိုတာလေ"

"တကယ်ပေါ့"

"ငါ နင်တို့အိမ်မှာနေရင် နင့်အဖေက ငါ့ကို သိုင်းပညာ သင်ပေးပါ့မလား"

"နင်ဝါသနာပါရင် သင်ပေးမှာပေါ့"

"နင် ကတိတည်တယ်နော်"

"ကတိတည်ပါတယ်"

ညအတော်မိုးချုပ်ပြီဖြစ်ရာ သူတို့သည် တောထဲမှာပင် မိုးလင်းသည်အထိ အချိန်ကုန်ခဲ့ကြရလေသည်။

မိုးစင်စင်လင်းမှပင် ချူးပင်သည် အိပ်ပျော်နေသော မွန်မွန်အား နှိုးပြီး မီးပုံကို မီးငြိမ်းသတ်လိုက်၏။ ချောင်းရေဖြင့် မျက်နှာ ကိုယ်စီသစ်ရင်း မြင်းကိုလည်း ရေအဝတိုက်ပြီးနောက် သူတို့သည် လာရာလမ်းအတိုင်း မှန်းဆ၍ ထွက်ခွာခဲ့ကြလေသည်။

✱



နေဝန်းနီ ပေါ်ထွက်လာသောအခါ သူတို့သည် လမ်းမကြီးမှာ သွားလာလှုပ်ရှားနေသော လူများ၊ မြင်းလှည်းများ၊ လက်တွန်းလှည်းများကို အဝေးမှ လှမ်းမြင်လိုက်ကြ၏။

လမ်းမပေါ်သို့ရောက်သွားသည်နှင့် ကျားနက်ဂိုဏ်းရုပ်ပါသော အင်္ကျီဝတ်ဆင်ထားသောလူများနှင့် တွေ့ဆုံသွားလေသည်။

သူတို့သည် ကျားနက်ဂိုဏ်းချုပ်၏အမိန့်အရ ပျောက်ဆုံးနေသော သမီးဖြစ်သူမွန်မွန်အား လူစုခွဲ၍ လိုက်ရှာနေကြသူများဖြစ်လေ၏။

ထိုလူများသည် မွန်မွန်အား မြင်တွေ့ရသဖြင့် ဝမ်းသာပျော်ရွှင်ကြပြီး သူမအား ခြံရုံခေါ်သွားမည်အပြုတွင် သူမက ...

"ဟိုမှာ မွန်မွန့်ကို ကူညီတဲ့ အစ်ကိုလေးကိုလည်း ခေါ်ခဲ့လိုက်ပါ"

ထိုလူများသည် ချူးပင်ကို တစ်ပါတည်း ခေါ်ဆောင်သွားကြလေသည်။

✱

www.burmeseclassic.com

www.burmeseclassic.com



ဈေးမအဆောက်အအုံရှေ့တွင် ချူးပင်က ခြေလှမ်းရပ်တန့်လိုက်၏။

ခြံဝင်းကြီးတံခါးဝ၌ ကျားနက်ဂိုဏ်းရုပ်ပါရှိသည့် အကျႌဝတ်ဆင်ထားသော လူများသည် ဓားကိုယ်စီ ခါးမှာချိတ်၍ ရပ်နေကြ၏။

မွန်မွန်သည် ချူးပင်တစ်ယောက် လိုက်မလာဘဲ ရပ်၍ကျန်နေသည်ကို တွေ့ရသည့်အခါ ...

"လာခဲ့လေ"

မွန်မွန်က ခေါ်တော့မှ ချူးပင်က မဝံ့မရဲဖြင့် လိုက်သွားလေ၏။ ဧည့်ခန်းမကြီးသို့ ဝင်ရောက်လိုက်သည်နှင့် ...

"ကြည့်စမ်း ဒီကောင်မလေး၊ တစ်နေ့တခြား လွန်လာပြီနော်၊ ညတစ်ညလုံး ပြန်မလာတာ ဘယ်ရောက်နေလို့လဲ"

အသက်လေးဆယ်ကျော်ခန့်ရှိသော လူကြီးတစ်ယောက်က မွန်မွန်အား အော်ဟစ်ပြောဆိုလိုက်၏။ မွန်မွန်က ...

"ဖေဖေက ဆူဖို့လောက်ပဲ စိတ်ကူးတယ်၊ သမီးရဲ့ဒုက္ခ မမေးတော့ဘူး"

"မင်းက ဘာဖြစ်နေလို့လဲ"

"သမီး မြင်းစီးလျှောက်ကျင့်နေတာ ဖေဖေ၊ နောက်တော့ ...



မြင်းက စိတ်ဖောက်လာပြီး ခြေဦးတည့်ရာပြေးတော့ မြင်းနှင့်အတူ ပါသွားတာပေါ့"

သူမသည် ချူးပင်အား ညွှန်ပြလိုက်၏။

"ဟောဒီ အစ်ကိုလေးက ကူညီခဲ့လို့ နို့မဟုတ်ရင် သမီး ဘယ်ဆက်ပါသွားမယ်ဆိုတာ မပြောတတ်ဘူး"

မွန်မွန်သည် အသက်ငယ်ပင်ငြားသော်လည်း စကားတတ်သူပီပီ ရှင်းပြလိုက်သည့်အခါ ဖခင်၏ဒေါသဖြစ်နေသော မျက်နှာသည် အနည်းငယ်ပြေပြစ်သွား၏။

"သွားတော့ သမီး၊ အမေ စိတ်ပူနေတယ်"

"ဟုတ်ကဲ့ ဖေဖေ"

သူမသည် ချူးပင်အား တစ်ချက်ကြည့်ပြီး အတွင်းခန်းဘက်သို့ ပြေးဝင်သွားလေ၏။

ကျားနက်ခေါင်းဂိုဏ်းချုပ် ဖန်ပါထင်းသည် ချူးပင်အား အကဲခတ်ရင်း ...

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ချူးပင်"

"မင်းအဖေက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ချူးဝမ်ကျုံး"

"ဘယ်ဇာတိလဲ"

"ဂူးပေ"

"မင်း ... ဂူးပေကလာတာ မဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်သွားမလို့လဲ"

"သိုင်းပညာသင်ပေးမယ့်ဆရာကို လိုက်ရှာတာ"

"မင်းက သိုင်းပညာသင်ချင်တယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာရည်ရွယ်ချက်နဲ့ သင်မှာလဲ"

"အဖေနဲ့အမေအတွက် ကလဲ့စားချေမလို့"

"ရန်သူက ဘယ်သူလဲ"

"မသိဘူး"

"ရန်သူဘယ်သူမှန်းမသိရင် ဘယ်လိုလက်စားချေမှာလဲ"

"စုံစမ်းရမှာပေါ့ခင်ဗျာ"

ဖန်းပါထင်း သဘောကျသွားသည်။

"မင်းကို မွန်မွန်က ခေါ်လာတာမဟုတ်လား"



"မဟုတ်ပါဘူး၊ သူက သူ့အဖေကို သိုင်းပညာသင်ပေးဖို့ ပြောပေးပါ့မယ်လို့ ကတိပြုပြီး ခေါ်လာတာပါ"

"ဒါဖြင့် ... မင်းက ဒီမှာနေပြီး သိုင်းပညာသင်ချင်တဲ့ သဘောပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ဒုက္ခခံနိုင်ပါ့မလား"

"ခံနိုင်ပါတယ်"

ဖန်ပါထင်းက ...

"မင်း ... ဒီမှာနေချင်ရင် ဒီက စည်းကမ်းအားလုံး လိုက်နာရမယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဖန်ပါထင်းက အော်ခေါ်လိုက်၏။

"ဝေ့ဟာန်"

"ရှိပါတယ် ဂိုဏ်းချုပ်ကြီး"

အသက်သုံးဆယ်ကျော်မန့်ရှိသော လူတစ်ယောက်က ရှင်ကော့၍ ပြန်ထူးလိုက်သည်။

ဖန်ပါထင်းက ချူးဝင်အား ညွှန်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည် ချူးပင်၊ သူ့ကိုခေါ်သွား၊ သင်တန်းသားတွေမှာပဲ နေရာချထား၊ စည်းကမ်းကိုလည်း သေသေချာချာ ပြောပြလိုက်"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

ဝေ့ဟန်ဆိုသူသည် ချူးပင်အား ခေါ်ဆောင်၍ ထွက်ခွာသွားလေသည်။

*

ထိုအချိန်မှစ၍ ချူးပင်သည် ကျားနက်ခေါင်းဂိုဏ်းတွင် သိုင်းပညာသင်ကြားခွင့် ရခဲ့လေသည်။ သူသည် အားလပ်သောအချိန်၌ မြင်းများကို ရေချိုးပေးခြင်း၊ အစာကျွေးခြင်း စသော တာဝန်များကိုပါ ထမ်းဆောင်ရလေသည်။

မွန်မွန်မှာလည်း သိုင်းပညာသင်ကြားရသလို စာပေပညာလည်း သင်ကြားရလေသည်။

ထို့ကြောင့် သူတို့သည် မကြာမကြာ တွေ့ဆုံကြသည်။ ရင်းရင်းနှီးနှီး ပြောဆိုနေတိုင်ကြသည်။



သူတို့သည် တစ်ယောက်အပေါ်တစ်ယောက် မေတ္တာရှိမှန်း မသိရှိနေကြခြင်း ဖြစ်သည်။

သူတို့သည် ငယ်ရွယ်သူများဖြစ်သည်။ မေတ္တာ၏ခံစားမှုများ မခံစားတတ်သေးပါ။ တစ်ယောက်နှင့်တစ်ယောက်၊ တစ်စထက်တစ်စ ချစ်နေမိမှန်းလည်း မသိကြပါ။

သူတို့သည် တစ်နေ့မတွေ့လျှင် တစ်ခုခုလိုနေသည်ဟု ခံစားတတ်ရုံမှလွဲ၍ မည်သည့်မရိုးသားသောစိတ်မျိုးမှ မရှိခဲ့ဖူးပါ။

သို့သော် အချိန်ကာလကြာသောအခါ သူတို့နှစ်ယောက်၏ ရင်းနှီးမှုကိုကြည့်ပြီး စတင်ဝေဖန်ပြောဆိုလာကြလေ၏။

အထူးသဖြင့် ကျားနက်ခေါင်းဂိုဏ်း၏ ဒုတိယဂိုဏ်းချုပ်ဖြစ်သူ ဝမ်းတာကျို၏သား ဝမ်းလိုကန်းက ပို၍မနာလိုဝန်တိုဖြစ်ခဲ့လေသည်။

ချူးပင်နှင့်မွန်မွန်တို့၏ရိုးသားစွာရင်းနှီးမှုအား ချူးပင်က မွန်မွန့်အပေါ် အပိုင်ကြံသည်ဟု အထင်လွဲနေသည်။

ထို့ကြောင့် ချူးပင်အပေါ် အခွင့်ရှိတိုင်း လိုက်လံနှောင့်ယှက်သည်၊ နိုင်ထက်စီးနင်း ပြောဆို၏။

ချူးပင်သည် မိမိမှာ အပြင်လူတစ်ယောက်ဖြစ်၍ ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်၏သားနှင့် ထိပ်တိုက်မတွေ့လိုသဖြင့် အမြဲတမ်း သည်းခံခဲ့ရလေ၏။

ဤသို့ဖြင့် သူသည် ကျားနက်ခေါင်းဂိုဏ်းတွင် သိုင်းပညာ ဆည်းပူး လာခဲ့ရာ သုံးနှစ်တင်းတင်းပင် ပြည့်လာခဲ့ပြီ ဖြစ်လေသည်။

✸

ကျားနက်ခေါင်းဂိုဏ်း၏စည်းကမ်းတစ်ခုမှာ သင်တန်းသားတို့သည် သုံးနှစ်တစ်ကြိမ် သိုင်းပညာစွမ်းရည်ပြိုင်ပွဲကျင်းပလေ့ ရှိလေ၏။

ယခုနှစ်တွင် သုံးနှစ်မြောက် သိုင်းသင်တန်းသားများအတွက် ပညာစစ်ဆေးသည့် သိုင်းပညာစွမ်းရည်ပြပွဲ ကျင်းပရမည်ဖြစ်၏။ ထို့ကြောင့် သိုင်းသင်တန်းများတို့သည် ခါတိုင်းထက်ပို၍ လေ့ကျင့်ကြရလေသည်။

ဝမ်းလိုကန်းသည် သိုင်းပညာစွမ်းရည်ပြိုင်ပွဲတွင် အစွမ်းပြ၍ ချူးပင်အား အရှက်ခွဲရန် ကြံဆထားသဖြင့် သိုင်းပညာကို နေ့ညမအားမလပ်ဘဲ ကြိုးစားလေ့ကျင့်နေသည်။



အလားတူ ချူးပင်ကလည်း လေ့ကျင့်နေသည်။ ချူးပင်လေ့ကျင့်နေသည်ကို မွန်မွန်က မကြာမကြာ လာရောက်အားပေး၏။

လေ့ကျင့်ပြီးသည်နှင့် သူတို့သည် နောက်ဘက်ရှိ တောအုပ်ထဲသို့ သွားရောက်လည်ပတ်ကြ၏။

ထိုမြင်ကွင်းအား မြင်တွေ့ရသော ဝမ်းလိုကန်းသည် ယမ်းပုံမီးကျ ဒေါသအိုး ပေါက်ကွဲသွား၏။

သူသည် သိုင်းပညာစွမ်းရည်ပြပွဲ၌ ချူးပင်အား အသေသတ်ရန် ဆုံးဖြတ်လိုက်လေသည်။

✸

သိုင်းစွမ်းရည်ပြိုင်ပွဲ စတင်ပြီဖြစ်သည်။

ပြိုင်ပွဲကို သုံးရက်တိတိကျင်းပရာ ပထမနှင့်ဒုတိယရက်၌ ပြိုင်ပွဲအဆင့်ဆင့် ယှဉ်ပြိုင်အနိုင်ယူလာခဲ့ကြသူများသည် တတိယနေ့ရောက်သည့်အခါ အပြာရောင်အဖွဲ့မှ အနိုင်ရလာသော ချူးပင်နှင့် အနီရောင်အဖွဲ့မှ အနိုင်ရလာသူ ဝမ်းလိုကန်းတို့ ထိပ်တိုက်ရင်ဆိုင်ရမည့်ကြပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကြီးကြပ်သူ အိုယန်းကျိုသည် ချူးပင်နှင့်ဝမ်းလိုကန်းတို့အား စင်မြင့်အလယ်၌ မျက်နှာချင်းရပ်စေသည်။

သူက နှစ်ယောက် ကြားတွင် ရပ်သည်။ ဒေါင်ခနဲ မောင်းထုသံထွက်လာသည်နှင့် အိုယန်းကျိုက နောက်ဆုတ်ပေးလိုက်သည်။

ချူးပင်နှင့် ဝမ်းလိုကန်းတို့ တစ်ယောက်ကိုတစ်ယောက် ခေတ္တခဏမျှ အကဲခတ်ပြီးနောက် ...

"ယား"

ဝမ်းလိုကန်းက ဟစ်အော်သံပေး၍ စတင်တိုက်ခိုက်လိုက်လေ၏။ သူသည် မာန်ဟုန်အပြည့်ဖြင့် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

ကမန်းကတန်း နောက်ဆုတ်၍ ရှောင်တိမ်းလိုက်ရသည်။

ဝမ်းလိုကန်၏တိုက်ခိုက်မှုမှာ ရပ်တန့်သွားခြင်း မရှိပါ။

သူသည် အဆက်မပြတ် ပြင်းပြင်းထန်ထန် ဖိ၍တိုက်ခိုက်လာ၏။ ချူးပင်က စင်မြင့်ကိုပတ်၍ ဆုတ်ကာရှောင်တိမ်းနေရလေ၏။ မွန်မွန်မှာ အားမလို အားမရဖြစ်လာသည်။

ဝမ်းလိုကန်းက ရှုံးသွပ်သော ကျားတစ်ကောင်ပမာ တရကြမ်း တိုက်ခိုက်နေ၏။ သူသည် အနိုင်ရလိုဇောဖြင့် ဖိ၍တိုက်ခိုက်နေရာ ဟာကွက်များစွာ ဖြစ်ပေါ်နေသည်ကို ချူးပင် သတိပြုမိသည်။



သို့သော် ချူးပင်သည် ထိုဟာကွက်အပေါ် အခွင့်ကောင်းယူ၍ တိုက်ခိုက်ခြင်းမပြုခဲ့ပါ။ ဤအတိုင်း ငုံ့ခံနေပါကလည်း သူ့အပေါ် မွန်မွန် အထင်သေးသွားမည်ကို မလိုအားချေ။

ချူးပင်သည် နောက်သို့ဆုတ်နေရင်း အမျိုးမျိုးတွေးနေ၏။ နောက်ဆုံး၌ သူသည် သရေပွဲအဖြစ်ဖန်တီးရန် ဆုံးဖြတ်လိုက်သည်။

ယင်းသို့ ဆုံးဖြတ်လိုက်သည်နှင့် သူ၏သိုင်းကွက်များက ပြောင်းလဲသွား၏။ ချူးပင်၏သိုင်းကွက်ပြောင်းလဲသွားသည်နှင့် ဝမ်းလိုကန်း လည်း သိုင်းကွက်ပြောင်းလဲလိုက်ရလေသည်။

ယင်းကဲ့သို့ သိုင်းကွက်ပြောင်းလဲလိုက်သောကြောင့် ချူးပင်အား အသေသတ်မည့် ဝမ်းလိုကန်း၏ရည်ရွယ်ချက်မှာ အချည်းနှီးဖြစ်သွားရလေသည်။

ညမှောင်လာပြီဖြစ်သောကြောင့် ပွဲထိန်းဖြစ်သူ အိုယန်းကျိုက ပွဲကိုရပ်တန့်လိုက်ရ၏။

အကဲဖြတ်လူကြီးများက သူတို့အား သရေပွဲအဖြစ် ကြေညာရန် ဆွေးနွေးတိုင်ပင်ကြသည်။ ထိုစဉ်မှာပင် ဝမ်းလိုကန်း၏ လက်သီးတစ်လုံးက ချူးပင်၏ရင်ဝဆီသို့ ပစ်သွင်းဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်က ပွဲရပ်နေပြီဖြစ်ရာ ဝမ်းလိုကန်း တိုက်ခိုက်လာလိမ့်မည်ဟု လုံးဝမျှော်လင့်မထားချေ။ ထို့ကြောင့် ဝမ်းလိုကန်း၏လက်သီးက သူ၏ရင်ဝသို့ ပြင်းထန်စွာ ထိမှန်သွား၏။

'ဝုန်း'

ချူးပင်၏ခန္ဓာကိုယ်မှာ နောက်သို့ လွင့်စဉ်သွားလေတော့သည်။ အားလုံးသောလူများ အံ့အားသင့်ကုန်ကြ၏။ ပွဲကြည့်ပရိသတ်များ ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြပြီး တိတ်ဆိတ်သွားကြသည်။ ဝမ်းလိုကန်းက ဝမ်းသာအားရ အော်ဟစ်လိုက်၏။

"ကျူပ်နိုင်ပြီ"

အိုယန်းကျို မကျေမနပ်ဖြစ်သွား၏။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

"တစ်ဖက်လူကို အနိုင်ယူလိုက်တာလေ"

"ငါက ပွဲရပ်ခိုင်းချိန်မှ မင်းက ဘာဖြစ်လို့ တိုက်ခိုက်ရတာလဲ"

"ပွဲမှ မရပ်သေးတာပဲဗျာ"

အိုယန်းကျိုမှာ ဒေါသထွက်လွန်း၍ စကားပင် မပြောနိုင်ပါချေ။



အကဲဖြတ်လူကြီးများသည် ဝမ်းလိုကန်း၏ကောက်ကျစ်စဉ်းလဲသည့်အပြုအမူကို သိရှိသော်လည်း ...

သူတို့မှာ ပွဲရပ်ရန် ဟိုင်ပင်ဆွေးနွေးဆဲဖြစ်သဖြင့် မပြောသာဘဲ ဖြစ်နေ၏။ အိုယန်းကျိုက မခံမရပ်နိုင်ဖြစ်ကာ ချူးပင်အားတွဲထူပြီး စင်မြင့်အောက်သို့ ဆင်းသွားလေသည်။

*

နောက်တစ်နေ့နံနက် ဒုတိယဂိုဏ်းချုပ် ဝမ်းတာကျိုသည် သားဖြစ်သူ ဝမ်းလိုကန်းအား ခေါ်ဆောင်၍ ဖန်ပါထင်းထံသို့ ရောက်ရှိလာသည်။

ဖန်ပါထင်းက သီးသန့်အခန်းတွင် သူတို့သားအဖအား လက်ခံတွေ့ဆုံ၏။

"ညီလေး ဘာကိစ္စများ အထူးရှိလို့လဲ"

ဖန်ပါထင်းက မေးလိုက်ရာ ...

ဝမ်းတာကျိုက ...

"သားလေးကိစ္စ လာပြီး တောင်းပန်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လဲ"

"ယှဉ်ပြိုင်ပွဲတုန်းက ကျူပ်သား စည်းကမ်းဖောက်ခဲ့တယ်၊ အဲဒီအတွက် လာတောင်းပန်တာပါ"

"ဘယ်လိုပဲဖြစ်ဖြစ်လေ ဝမ်းလိုကန်းရဲ့လုပ်ပုံဟာ သွေးရိုးသားရိုးမဟုတ်ဘူးဆိုတာ အားလုံးက ထင်သွားကြတယ်"

ဝမ်းတာကျိ ခေါင်းညိတ်လိုက်သည်။

"ဂိုဏ်းချုပ်ပြောတာ မှန်ပါတယ်၊ ဒါကြောင့် သူ့ကိုခေါ်လာပြီး ဂိုဏ်းချုပ်ရဲ့ဆုံးမမှုကို ခံယူမလို့ပါ"

ဖန်ပါထင်းက ...

"ဒါနဲ့ ဝမ်းလိုကန်း ... မင်းက ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

သူသည် ဝမ်းလိုကန်းအား စိုက်ကြည့်ကာ ဆက်၍ပြောလေ၏။

"အနိုင်ရလိုစိတ်တစ်ခုတည်းကြောင့်တော့ မဟုတ်တန်ဘူးတင်တယ်"

ဝမ်းလိုကန်းက ဦးညွတ်ပြီး ...

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် သူ့ကို ကြည့်မရလို့ပါ"



"ဘာကြောင့် သူ့ကို ကြည့်မရတာလဲ"

ဝမ်းလိုကန်းက ...

"ဂိုဏ်းချုပ်ကြီး ခွင့်ပြုမယ်ဆိုရင် ကျွန်တော် အမှန်အတိုင်း ဖွင့်ပြောပါ့မယ်"

"ပြောပါ"

ဝမ်းလိုကန်းက ...

"သူဟာ ဘယ်ဇာတိ ဘယ်လိုအတန်းအစားကလာတဲ့ သူဆိုတာ ကျွန်တော်တို့ မသိပါဘူး၊ ဒါပေမဲ့ သူဟာ ရိုးရိုးသားသားဆိုရင် ကျွန်တော် ဘာမှမပြောလိုပါဘူး၊ ဒါပေမဲ့ ..."

ဖန်ပါထင်း မျက်မှောင်ကြုတ်သွားသည်။

"သူက ဘာဖြစ်နေလို့လဲ"

ဝမ်းလိုကန်းက ဖခင်၏မျက်နှာကို တစ်ချက်ကြည့်လိုက်လေ၏။ ဖခင်ဖြစ်သူ ဝမ်းတာကျိက ခေါင်းညိတ်ပြသည်။

"မှန်တယ်လို့ထင်ရင် ပြောသာပြောပါ"

ဖခင်က ခွင့်ပြုသဖြင့် ဝမ်းလိုကန်းက ...

"ဒီလိုပါ ဂိုဏ်းချုပ်ကြီး ... သူဟာ ဂိုဏ်းချုပ်ကြီးရဲ့သမီး မွှန်မွှန်ကို ဖြားယောင်းနေတာကို တွေ့ရပါတယ်၊ မွှန်မွှန်လေးဟာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးလေးပဲ ရှိပါသေးတယ်၊ တော်ကြာ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်သွားမှာစိုးလို့ စိုးရိမ်စိတ်နဲ့ သူ့ကို ကြည့်မရဘဲ ဖြစ်ခဲ့တာပါ"

ဖန်ပါထင်း မျက်မှောင်ကြုတ်သွားပြီး ...

"မင်းပြောတာ တကယ်ပဲလား"

"ကျွန်တော် လိမ်မပြောတတ်ပါဘူး"

ဖန်ပါထင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

သူသည် ဝမ်းတာကျိဘက်သို့လှည့်ကာ ...

"ညီလေး သားကိုခေါ်ပြီး ပြန်နိုင်ပြီ"

ဝမ်းတာကျိုက ...

"သူ့ကို အပြစ်မပေးတော့ဘူးလား"

"မလိုအပ်တော့ပါဘူး"

ဝမ်းတာကျို ဦးညွတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး"

သူသည် ဝမ်းလိုကန်းအားခေါ်၍ သီးသန့်အခန်းမှ ထွက်ခွာသွားလေသည်။

✲



ညနေ ...

ဖန်ပါထင်းသည် အိမ်ဖော်တစ်ယောက်အား သမီးမွန်မွန်ကို ခေါ်ခိုင်းလိုက်လေ၏။ တစ်ခဏအကြာတွင် မွန်မွန်ရောက်ရှိလာ၏။

"သမီးကိုခေါ်တယ်ဆို ဖေဖေ"

ဖန်ပါထင်းက ခေါင်းညိတ်ပြ၏။

"ထိုင်ပါဦး သမီး"

သူမက ဖခင်၏ရှေ့တွင် ထိုင်ချလိုက်၏။

ဖန်ပါထင်းက သူမအား အတန်ကြာစိုက်ကြည့်ပြီးမှ ...

"အခုတလော သမီးနဲ့ချူးပင်နဲ့ အတော်ရင်းရင်းနှီးနှီး သွားလာနေကြတယ်လို့ ပြောတယ် ... ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဖေဖေ"

ဖန်ပါထင်းက ...

"သမီး ငယ်သေးတယ်၊ လူ့အကြောင်း၊ လောကအကြောင်း ဘာမှမသိသေးဘူး၊ ဒါကြောင့် နောက်ကိုမသွားပါနဲ့"

မွန်မွန် ထိတ်ခနဲဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ပြန်မမေးနဲ့ ဖေဖေ၊ ပြောသလိုသာ လုပ်ပါ"

မွန်မွန်က မခံမရပ်နိုင်ဖြစ်လာ၏။

"သမီး ချူးပင်နဲ့ ရင်းနှီးတာ၊ အဲဒါ ဘာဖြစ်သွားလို့လဲ"

"ငါ့ကို ပြန်မပြောနဲ့၊ ချူးပင်ဆီကိုမသွားနဲ့လို့ ပြောရင် နားလည်ဖို့ကောင်းတယ်"

မွန်မွန်က ငိုကြွေး၍ ခြေတောက်ဆောင့်ကာ အခန်းထဲမှ ထွက်သွား၏။ ထိုစဉ် … ဇနီးဖြစ်သူ ဝင်ရောက်လာပြီး …

"သမီးက ဘာဖြစ်သွားတာလဲ"

"ဘာဖြစ်ရမလဲ၊ မင်းသမီးနဲ့ ဟို ဘယ်ကလာမှန်းမသိတဲ့ အကောင်နဲ့ တပူးတွဲတွဲနေတာ မကြိုက်လို့ ဆူလွှတ်လိုက်တယ်လေ"

ဇနီးဖြစ်သူက …

"သမီးအကြောင်းကို ရှင်နားလည်ပါတယ်၊ သူ့ကိုပြောလို့ မရဘူးဆိုတာလည်း ရှင်သိပါတယ်လေ"

"ဘာလဲ … ငါက လက်ပိုက်ကြည့်နေရမှာလား"

"ဒီအတိုင်း လက်ပိုက်ကြည့်နေပါလို့ မပြောပါဘူး"

"ဒါဖြင့် ဘာသဘောလဲ"

"ရှင် စိတ်ပူနေတာက အရွယ်မရောက်သေးတဲ့ သမီးကို ချူးပင်ဆိုတဲ့လူ ဖြားယောင်းသွားမှာကို ပူပန်နေတာ မဟုတ်လား"



"ဟုတ်တယ် ရှင်မ"

"လွယ်လွယ်လေးပါ၊ ရှင် ဘာဖြစ်လို့ ဒီလောက်တောင် ဖြစ်နေရတာလဲ"

"ဆိုစမ်းပါဦး၊ မင်းမှာ ဘယ်လိုအကြံရှိနေလို့လဲ"

"လွယ်လွယ်လေးပါ၊ ချူးပင်ကို ခေါ်တွေ့လိုက်၊ သင်တန်းအောင်သွားပြီ၊ သွားလိုရာသွားနိုင်ပြီလို့ ပြောလိုက်ပေါ့"

အလိုမကျဖြစ်နေသော ဖန်ပါထင်း၏မျက်နှာ ပြုံးယောင်သမ်းသွားလေသည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com



## မွန်ရွာခြင်း

ချူးပင်၏ရင်ထဲတွင် ဟာနေသည်။ နက်ဖြန်ဆိုလျှင် ဤနေရာမှ ထွက်ခွာရတော့မည် မဟုတ်ပါ လား။ ထိုည ... ချူးပင်သည် လုံးဝအိပ်မရတော့ပါ။

သူသည် မွန်မွန်အား အလွန်တွေ့ချင်နေ၏။ အနည်းဆုံးတော့ သူမအား နှုတ်ဆက်ရမည် မဟုတ်ပါလား။

သူသည် ယင်းသို့စဉ်းစားရင်း ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားနေရ၏။ ထိုစဉ် ...

'ဒေါက် .. ဒေါက် .. ဒေါက်'

ပြတင်းပေါက်ခေါက်သံကို ရုတ်တရက်ကြားလိုက်ရ၏။

သူသည် ပြတင်းပေါက်ကို သွားရောက်တွန်းဖွင့်လိုက်ရာ မွန်မွန်တစ်ယောက် သူ့အား လက်ယပ်ခေါ်ပြီး ပြေးလွှားသွားနေသည်ကို မြင်တွေ့လိုက်ရလေသည်။



သူလည်း ချက်ချင်းပင် ပြေးလိုက်သွား၏။ သူတို့နှစ်ယောက် ခါတိုင်း တွေ့ဆုံနေကျနေရာသို့ ရောက်ရှိလာကြသည်။

ချူးပင် ရောက်လာသည်နှင့် မွန်မွန်က ဆီး၍ ပြစ်တင်ပြောဆိုလိုက်၏။

"ရှင် မနက်ဖြန်သွားတော့မယ်ဆို"

"ဟုတ်တယ် မွန်မွန်"

"ရှင်က ပညာလည်းရရော ကျွန်မတို့ကို ခြေစုံကန်ပစ်ခဲ့တာ ပေါ့ ဟုတ်လား"

ချူးပင် ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

"ဟာ ... မဟုတ်ရပါဘူးကွာ"

"နေပါဦး ... နင်က ဘာဖြစ်လို့ ဒီလောက်တောင် သွားချင်ရတာလဲ"

"သင်တန်းပြီးဆုံးသွားပြီလေ၊ မသွားဘဲ နေလို့ရမလား"

"သင်တန်းပြီးဆုံးရင် သွားရမယ်လို့ ဘယ်သူက ပြောသလဲ"

"သင်တန်းပြီးဆုံးရင် သွားရမယ်လို့ ပြောစရာလိုသေးလား"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ကျန်တဲ့သင်တန်းသားတွေ တစ်ယောက်မှ သွားတာ မတွေ့ပါလား"

"ဗျာ"

ချူးပင်က ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူ့အား ဂိုဏ်းချုပ်တို့က ခေါ်ပြောခြင်းဖြစ်သည်ဟု မည်သို့ပြောရပါမည်နည်း။ ထို့ကြောင့် သူသည် ယင်းစကားကို မပြောတော့ဘဲ ဖုံးကွယ်ထား လိုက်၏။

"သူတို့က သူတို့ပဲ၊ ငါက ငါပဲ"

မွန်မွန်၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲလာသည်။

"အနည်းဆုံးတော့ ငါ့ကို နှုတ်ဆက်ဖို့ ကောင်းတာပေါ့"

"ငါ ... နှုတ်ဆက်ချင်လို့ မင်းကို လိုက်ရှာနေတာ၊ မတွေ့လို့လည်း စိတ်ထဲပူနေတယ်"

"ဒါတွေထားပါတော့လေ၊ နင် ... အခု ဘယ်ကိုသွားမလို့လဲ"

"ငါ ဘယ်သွားရမယ်ဆိုတာ အခုထိ စဉ်းစားလို့ကို မရသေးပါဘူး"



"ဒါဖြင့် ဘာဖြစ်လို့ သွားချင်နေရတာလဲ"

"ငါ ... မသွားလို့ မဖြစ်လို့ပါဟာ"

မွန်မွန် သက်ပြင်းတစ်ချက် ချလိုက်၏။

"အေးပေါ့လေ၊ နင်က သွားချင်တော့၊ ငါလည်း မတားပါဘူးလေ"

သူမသည် အိတ်ထဲမှာ အသင့်ပါလာသော ပိုက်ဆံအိတ်ကလေးတစ်လုံးထုတ်၍ ပေးလိုက်သည်။

"အဲဒီပိုက်ဆံအိတ်ဟာ ငါကိုယ်တိုင် ချုပ်ထားတာ၊ အမှတ်တရ ယူသွားတော့"

ချူးပင်က ပိုက်ဆံအိတ်ကို လှမ်းယူလိုက်၏။

"ကဲ ... ငါသွားမယ်"

မွန်မွန်သည် ပြောပြီး ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့၏။

✸

နံနက် မိုးသောက် အရုဏ်ပင် မလင်းသေးပါ။

www.burmeseclassic.com

www.burmeseclassic.com



မင်းလမ်းမကြီးပေါ်၌ လူငယ်တစ်ယောက်သည် ခေါင်းကို ငုံ၍ လျှောက်နေ၏။ ထိုလူငယ်မှာ ချူးပင်ပင်ဖြစ်၏။

သူသည် ကျားနက်ခေါင်းဂိုဏ်းမှ ထွက်လာသည်ဖြစ်သော်လည်း မည်သည့်နေရာသို့ သွားရမည်မသိဘဲ ခြေဦးတည့်ရာသို့ လျှောက်သွားနေခြင်းဖြစ်သည်။

ညနေအချိန်ရောက်သောအခါ မြို့လေးတစ်မြို့သို့ ဝင်ရောက်လာ၏။ သူသည် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်၍ ညနေစာစား သည်။ လူငယ်တစ်ဦး သူ့စားပွဲသို့ လာရောက်စားသုံးရင်း စကားလက်ဆုံကျခဲ့သည်။ သူက ချူးပင်အား အကဲခတ်ကြည့်ရင်း ...

"အစ်ကိုလေး ဘယ်ကလာတာလဲ"

ချူးပင်က ...

"ဟိုဝေ့က လာတာ"

"ဟိုဝေ့ကို ငါရောက်ဖူးတယ်၊ တော်တော် နေချင်စရာကောင်းတဲ့နေရာတစ်ခုပါပဲ"

ချူးပင်က စားသောက်မြဲ စားသောက်နေ၏။ လူငယ်က...

"ဒါနဲ့ အခု ဘယ်သွားမလို့လဲ"

ချူးပင်က ခေါင်းခါယမ်းလိုက်၏။



အတန်ကြာသော် လူငယ်သည် ထိုင်ရာမှထပြီး ...

"သွားတော့မယ် အစ်ကိုလေး"

သူစားသောက်ထားသော အသားမုံ့ပေါက်စီသင့်ငွေကို ကြေးပြားများချထားပြီး ထွက်ခွာသွားသည်။

ခဏအကြာတွင် ချူးပင်လည်း စားသောက်ပြီး၍ ငွေချေရန် အထုပ်လေးကို လှမ်းယူလိုက်ရာ စားပွဲပေါ်တင်ထားသော အထုပ်ကလေးမှာ ပျောက်ချင်းမလှ ပျောက်နေလေ၏။

သူသည် အင်္ကျီအိတ်ထဲသို့ နှိုက်ကြည့်ရာ မွန်မွန်ပေးလိုက်သော ပိုက်ဆံအိတ်ကို နှိုက်မိ၏။

ထိုပိုက်ဆံအိတ်ထဲမှာ မာကျောသောအရာ ရှိနေသည်ကို စမ်းသပ်မိသဖြင့် ပိုက်ဆံအိတ်ကို ဖွင့်ကြည့်လိုက်သောအခါ ငွေတုံးကလေးဆယ်တုံးခန့် ရှိနေသဖြင့် စိတ်သက်သာရာ ရသွားတော့သည်။

မွန်မွန့်ကိုလည်း ကျေးဇူးတင်နေမိလေသည်။ ချူးပင်သည် တည်းခိုခန်းတွင် မနေဝံ့တော့ဘဲ ဆက်လက်ထွက်ခွာခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အသားထဲက လောက်

ကျားနက်ခေါင်းဂိုဏ်း၏ခြံဝန်းတစ်ခုလုံးမှာ မီးရောင်များ ထိန်ထိန်လင်းနေ၏။

ယနေ့ညသည် သင်တန်းသူသင်တန်းသားများ သင်တန်းပြီးဆုံးသည့်အထိမ်းအမှတ်ဖြင့် ပျော်ပွဲရွှင်ပွဲကျင်းပသောည ဖြစ်၏။

ချူးပင် ထွက်သွားပြီးနောက် ဝမ်းလိုကန်းသည် ဂိုဏ်းချုပ်၏အားအထားရဆုံးသောတပည့်တစ်ယောက်အဖြစ်သို့ ရောက်ရှိလာလေသည်။

ထို့ကြောင့် ဝမ်းလိုကန်းသည် မွန်မွန်နှင့်နီးစပ်ရန် အခွင့်အလမ်း ပိုမိုရရှိလာခဲ့သည်။

ချူးပင်မရှိသည့်နောက် မွန်မွန်က သူ့အပေါ် ခင်မင်ရင်းနှီးလာလိမ့်မည်ဟု သူက ကျိန်းသေတွက်ဆထား၏။

သို့သော် သူထင်သလောက် ဖြစ်မလာပါ။



မွန်မွန်သည် သူနှင့်တွေ့ဆုံတိုင်း ရှောင်ဖယ်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် သူသည် မွန်မွန်အပေါ် မုန်းတီးလာလေသည်။

သူ၏ဆန္ဒကို ဖခင်က သိရှိနားလည်လိုက်၏။

ဖခင်ဖြစ်သူ ဝမ်းတာကျိုကလည်း ဖန်ပါထင်းအား ဖယ်ရှားပြီး ကျားနက်ခေါင်းဂိုဏ်းကို အပိုင်စီးရန် ကြံစည်နေသည်။

ထို့ကြောင့် သားအဖနှစ်ယောက်သည် ယသားများကို ပထမဦးဆုံး တိတ်တဆိတ် စည်းရုံးသည်။

ထို့ပြင် အစစအရာရာ ပြင်ဆင်ပြီး အချိန်အခါကောင်းကို စောင့်မျှော်နေခဲ့ကြရာ ယနေ့ညသည် သူတို့အတွက် လှုပ်ရှားရန် အသင့်တော်ဆုံးအချိန်သို့ ရောက်ရှိလာခဲ့လေသည်။

✸

သန်းခေါင်ယံအချိန် ဖန်ပါထင်းတို့ဇနီးမောင်နှံ အိပ်မောကျနေကြပြီ ဖြစ်သည်။ ထိုအချိန်မှာပင် ...

'ဝုန်း'

အခန်းတံခါးဆောင့်ဖွင့်သံကြောင့် သူတို့ လန့်နိုးလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖန်ပါထင်း ဆတ်ခနဲ ထထိုင်လိုက်သောအခါ အခန်းထဲသို့ လူသုံးယောက် ချဉ်းနင်းဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။

ဖန်ပါထင်း ထိတ်ခနဲ ဖြစ်သွားသည်။

“ဘယ်သူလဲဟေ့”

အခန်းထဲဝင်လာသောသူက ရယ်မောပြီး ...

“ကျုပ်ပါဗျာ၊ မကြောက်ပါနဲ့ အစ်ကိုကြီး”

ဝမ်းတာကျိဖြစ်သည်။ အခန်းတံခါးကို ရိုက်ချိုးဝင်ရောက်ခြင်းဖြစ်၍ ကောင်းသောလက္ခဏာမဟုတ်မှန်း ဖန်ပါထင်း ချက်ချင်း နားလည်လိုက်၏။

“မင်းက ဘာသဘောလဲကွ”

“ဘာသဘောမှမဟုတ်ဘူး၊ အခုချိန်ကစပြီး ကျားနက်ခေါင်းဂိုဏ်းဟာ ကျုပ်ရဲ့ဂိုဏ်းအဖြစ် ပြောင်းလဲသွားပြီဆိုတာ လာပြီးအကြောင်းကြားတာ”

ဖန်ပါထင်း ထောင်းခနဲဒေါပွသွား၏။

“မင်း ဘယ်လိုပြောလိုက်တာလဲ”

“အခုချိန်ကစပြီး ... ကျုပ်ဟာ ကျားနက်ခေါင်းဂိုဏ်းရဲ့ဂိုဏ်းချုပ်ဖြစ်သွားပြီလို့ ပြောတာ၊ အဖွဲ့သားအားလုံးလည်း ကျုပ်လူတွေ



ဖြစ်နေပါပြီ၊ ဒါကြောင့် ... ခုခံဖို့ မကြိုးစားပါနဲ့”

ဖန်ပါထင်းက လက်ကာပြပြီး ...

“ထားပါတော့လေ၊ ငါ့ကို မင်း ဘာလုပ်ချင်သလဲ”

“ခင်ဗျားတို့ဇနီးမောင်နှံကို ခဏတော့ ထိန်းသိမ်းထားပါ့မယ်”

ဖန်ပါထင်းက ရယ်မောလိုက်၏။

“မင်း လုပ်ချင်တိုင်း ငါက ငြိမ်ခံမယ်များ မှတ်နေလို့လား”

“ဒီလိုဆိုလည်း ညွှန်ခန်းကိုကြွပါ၊ ခင်ဗျားနဲ့ကျုပ်နဲ့ တစ်ပွဲတစ်လမ်း ယှဉ်ပြိုင်ကြတာပေါ့”

ဝမ်းတာကျိက ပြောပြီးသည်နှင့် ချာခနဲလှည့်ကာ အဖော်နှစ်ယောက်နှင့်အတူ ပြန်ထွက်သွား၏။ ဖန်ပါထင်း၏ဇနီးဖြစ်သူမှာ အိပ်ရာပေါ်၌ ကွေးကွေးလေးထိုင်၍ ကြောင်အမ်းအမ်းဖြစ်နေ၏။

“ဖန်ပါထင်း ... ဝမ်းတာကျိက ကျွန်မတို့ကို သစ္စာဖောက်သွားပြီ၊ ဟုတ်လား”

ဖန်ပါထင်း သက်ပြင်းတစ်ချက် ချလိုက်၏။

“သူ့ကို ငါ သံသယဖြစ်နေတာကြာပြီ၊ ဒါပေမဲ့ ... ဒီလောက်အတင့်ရဲလိမ့်မယ်လို့မထင်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ဖန်ပါထင်း အနည်းငယ်စဉ်းစားလိုက်၏။ ထို့နောက် ..

"အခြေအနေတော့ သိပ်မဟန်ဘူး၊ ဒါကြောင့် ... မင်း မှန်မှန်ကိုခေါ်ပြီး အမြန်ဆုံးလွတ်အောင်ပြေးဖို့ အရေးကြီးတယ်"

ဇနီးဖြစ်သူက ခေါင်းတွင်တွင်ယမ်းပြီး ...

"ကျွန်မ ရှင်နဲ့ ဘယ်တုန်းက ခွဲဖူးလို့လဲ၊ သေလည်းအတူ ရှင်လည်းအတူပေါ့"

ပြောပြောဆိုဆို သူမသည် အဝတ်အစားလဲပြီး ဓားနှစ် လက်ကို နံရံပေါ်မှ ဖြုတ်ယူလိုက်၏။

"ကဲ ... သွားကြမယ်"

✸

ခန်းမထဲ၌ မီးပုံးများ ထွန်းညှိထားသောကြောင့် ထိန်ထိန် လင်းနေ၏။

အဖွဲ့သားငါးဆယ်ကျော်ခန့်တို့သည် ခန်းမကြီးအပြင်ဘက် ၌ စုရုံးရောက်ရှိနေကြသည်။



ဝမ်းတာကျိုသည် ဖန်ပါထင်း၏ဇနီးမောင်နှံရောက်ရှိလာ သည်ကို တွေ့သည့်အခါ ကောက်ကျစ်စွာ ပြုံးလိုက်၏။

"ခင်ဗျားရဲ့စိတ်ထဲမှာတော့ ကျုပ်ကို သစ္စာဖောက်လို့ ယူဆ လိမ့်မယ်၊ ဒီလိုမယူဆပါနဲ့ ဂိုဏ်းချုပ်နေရာဆိုတာ အရည်အချင်းရှိတဲ့ သူအတွက်သာ ဖြစ်ရမယ် မဟုတ်လား"

ဝမ်းတာကျို၏စကားကြောင့် ဖန်ပါထင်း ရယ်မောလိုက်၏။

"မင်းက ငါ့ထက် အရည်အချင်းရှိတယ်လို့ ထင်နေတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ပြောနေတာ ကြာတယ်၊ ငါ့လက်ထဲက ဓားကို မင်းနိုင်မယ် ဆိုရင် ဂိုဏ်းချုပ်နေရာကို ကျေကျေနပ်နပ် ပေးလိုက်မယ်"

"ကောင်းပြီလေ"

ဝမ်းတာကျိုသည် ပြောပြီးသည်နှင့် ဖန်ပါထင်းအား စတင် တိုက်ခိုက်လိုက်၏။

ဖန်ပါထင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။ ယင်း ကဲ့သို့တိုက်ခိုက်လိုက်သောအခါ ဝမ်းတာကျို၏သိုင်းပညာမှာ အဆင့် တိုးတက်လာနေသည်ကို အံ့ဩဖွယ်တွေ့ရှိလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် အံ့မခန်းလိလိ တိုးတက်လာသည်ကို နား မလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

✷

ဝမ်းတာကျိုနှင့်ဖန်ပါထင်းတို့ ပြင်းထန်စွာတိုက်ခိုက်နေကြ ပြီဖြစ်သည်။

ဝမ်းတာကျိုမှာ တစ်နေ့တွင် ဖန်ပါထင်းအပေါ် အနိုင်ယူ မည့်အကြံအစည်ရှိသဖြင့် သိုင်းပညာကို နေ့စဉ်မပျက် လေ့ကျင့်ခဲ့၏။

ဖန်ပါထင်းကမူ အေးအေးလူလူသာ နေထိုင်လာခဲ့သဖြင့် ယခုကဲ့သို့ ပြင်းပြင်းထန်ထန် ရင်ဆိုင်ရသည့်အခါ သက်လုံမကောင်း တော့ချေ။ တဖြည်းဖြည်း လေးလံလာ၏။

ဝမ်းတာကျိုသည် အထက်စီးမှ အသာရထားသော်လည်း ဖန်ပါထင်းအား ပြတ်ပြတ်သားသား အနိုင်ရယူရန် သူ၏အဖွဲ့သား များကို အချက်ပြလိုက်၏။

"ဘာလုပ်နေကြတာလဲ၊ ဝင်တိုက်ကြတော့လေ"

ရပ်ကြည့်နေသောအဖွဲ့သားများသည် လက်နက်ကိုယ်စီနှင့်



ဝင်ရောက်တိုက်ခိုက်လာကြတော့၏။ ဖန်ပါထင်းသည် အခြေအနေ မဟန်မှန်း သိလိုက်၏။ သမီးဖြစ်သူ မွန်မွန်တစ်ယောက် မည်ကဲ့သို့ အခြေအနေရှိသည်ကိုလည်း မသိရသေးသဖြင့် ...

"စုလန်း ... လွတ်အောင်ပြေးကြမယ်"

ထို့နောက် သူတို့နှစ်ယောက်သည် ဖခုံးချင်းယှဉ်၍ ထိုး ဖောက်တိုက်ခိုက်ကြလေတော့၏။

✷

ဖန်ပါထင်းနှင့်စုလန်းတို့သည် ထိုးဖောက်တိုက်ခိုက်ရင်း တဖြည်းဖြည်းနှင့် အပြင်သို့ ရောက်ရှိလာ၏။ ထိုအချိန်မှာပင် မွန်မွန် က ဓားတစ်လက်ကိုလှယူပြီး ထိုးဖောက်တိုက်ခိုက်လေ၏။

ဖန်ပါထင်းတို့အား ဝိုင်းရံထားကြသော ဂိုဏ်းသားများတို့ သည် မမျှော်လင့်ဘဲ သူတို့နောက်ကျောကို ထိုးဖောက်တိုက်ခိုက်လာ ခြင်းခံလိုက်ရသဖြင့် ဖရိုဖရဲဖြစ်ကုန်ကြ၏။

ဖန်ပါထင်းနှင့်စုလန်းတို့သည် သမီးဖြစ်သူအား မြင်တွေ့ လိုက်ရသဖြင့် အားတက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်ပေါင်းပြီး တိုက်ခိုက်ရင်း ထွက်ပြေးကြ၏။

သို့သော် ဝမ်းကာကျိုတို့လူစုမှာ တဖြည်းဖြည်းများပြားလာသောကြောင့် သူတို့မိသားစုသုံးယောက်တို့မှာ တိုက်ခိုက်ရင်း တစ်ယောက် တကွဲတပြား ဖြစ်ကုန်ကြလေ၏။

ဝမ်းလိုကန်းသည် မွန်မွန့်နောက်သို့ အဖွဲ့သားအချို့နှင့်အတူ ထက်ကြပ်မကွာလိုက်သွားကြ၏။ မွန်မွန်မှာ ပြေးရင်းလွှားရင်း ခြေကုန်လက်ပန်းကျကာ လဲကျသွားလေတော့၏။ ဂိုဏ်းသားများက သူမအား ဝိုင်းရံထားလိုက်၏။

"ဟား ဟား ဟား"

ဝမ်းလိုကန်းက သဘောကျစွာ ရယ်မောလိုက်ရင်း ...

"မွန်မွန် ... မင်း အခုလို ဒုက္ခရောက်နေတာ မင်းချစ်သူက လာကယ်နိုင်သေးရဲ့လား"

မွန်မွန် ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"ကျေးဇူးကန်းတဲ့ လူယုတ်မာ၊ ကျွန်မကို သတ်ချင်သတ်လိုက်၊ ဘာမှမပြောနဲ့"

"မသတ်ပါဘူးဗျာ၊ မသတ်တဲ့အပြင် ကောင်းကောင်းမွန်မွန်ထားပါ့မယ်"



ဝမ်းလိုကန်း ပြောရင်း တစ်လှမ်းချင်း လှမ်း၏။ မွန်မွန်က ကြောက်ရွံ့စွာနှင့် နောက်ဆုတ်သွားသည်။

"ရှေ့မတိုးနဲ့"

မွန်မွန်က ဓားကို ရှေ့ဆန့်ထုတ်ပြီး တားထားလိုက်သည်။

"ဒီလိုဘယ်ရမလဲ"

ဝမ်းလိုကန်းသည် မွန်မွန့်လက်ထဲမှဓားကို ရိုက်ချလိုက်၏။ ထို့နောက် ဓားဖြင့် မွန်မွန်၏ရင်ဝသို့ ထောက်ပြီး ...

"ငါ့နောက် အသာတကြည်လိုက်မလား၊ သေချင်သလား ပြောပါ"

မွန်မွန်က ...

"ကျွန်မ သေချင်တယ်၊ ရှင့်လို လူယုတ်မာလက်ထဲ ဘယ်တော့မှ အရောက်မခံဘူး"

ဝမ်းလိုကန်းက ရယ်မောလိုက်သည်။

"မသေပါနဲ့ကွာ၊ ငယ်ငယ်ရွယ်ရွယ် သေရတာ နှမြောစရာကောင်းလိုက်တာ"

သူသည် ပြောပြီး လျှပ်တစ်ပြက် မွန်မွန်၏လက်ကို ဖမ်းဆွဲထားလိုက်သည်။ မွန်မွန်က အကြောက်အကန်ရုန်းရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"လှုပ်ယုတ်မာ လွှတ်"

သို့သော် အားမတန် မာန်လျှော့ဆိုသကဲ့သို့ ဝမ်းလိုကမ်း ဆွဲခေါ်ရာသို့ တရွတ်တိုက်ပါသွားသည်။

"ဟား ဟား ဟား"

ဂိုဏ်းသားများက ဝိုင်းအုံ့ရယ်မောကြသည်။

ထိုအချိန်မှာပင် အေးစိမ့်သောအသံတစ်ခုက ရယ်မောသံများကြားမှ ထိုးဖောက်ထွက်ပေါ်လာ၏။

"ကလေးမကို လွှတ်လိုက်စမ်း"

ဝမ်းလိုကန်းက ကြောင်အမ်းအမ်းဖြစ်သွား၏။

အဖွဲ့သားအားလုံးတို့ကလည်း အသံလာရာသို့ လှည့်ကြည့်ကြလေသည်။ မြူနှင်းများဝေသည့်ကြားမှ လူတစ်ယောက် ပေါ်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

အမျိုးသမီးတစ်ယောက်ဖြစ်သည်။ မည်ကဲ့သို့ ခြေလှမ်းလိုက်မှန်းမသိ ရုတ်တရက် အနီးသို့ ရောက်ရှိလာရာ ဂိုဏ်းသားအားလုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။ အမျိုးသမီးက ...

"ငါပြောနေတာ မကြားဘူးလား"

သူမ၏အသံသည် ရေပြည်မှရောက်ရှိလာသည့် ဝိညာဉ်၏



အသံနှင့် တူလှပေသည်။

ဝမ်းလိုကန်းသည် ငေးငိုင်စွာကြည့်နေရာမှ သတိရလာသည်။ သူသည် မွှန်မွှန်အား လက်လွှတ်လိုက်ပြီး ဓားကိုတစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ဘာငေးနေတာလဲ တက်"

ဂိုဏ်းသားများတို့သည် ညာသံပေးကာ အမျိုးသမီးထံသို့ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိုအမျိုးသမီးသည် လက်တစ်ဖက်သာရှိသည်။ ကျန်လက်တစ်ဖက်က ပြတ်နေ၏။

သူမသည် လက်ဝါးတစ်ချက် လှည့်လိုက်သည်။

သူမ၏လက်ထဲတွင် ဖွေးလက်သော ဓားတစ်လက် ပါရှိလာ၏။ သူမ၏ခန္ဓာကိုယ်သည် တစ်ဖက်သို့ လှည့်လိုက်၏။ ဓား ရောင်များ ဝင်းလက်သွားလေသည်။

"အား"

စူးရှသောအသံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

သူမအား ဝင်ရောက်တိုက်ခိုက်ကြသော လူဆယ်ဦးတို့သည် အတုံးအရုံးလဲကျကာ သေဆုံးကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလိုကန်းသည် မျက်လုံးဝိုင်းစက်ပြူးကြည့်ရင်း နဖူးပေါ်မှ ချွေးများ စီးဆင်းကျလာ၏။ အမျိုးသမီးက ပြုံးပြလိုက်၏။

"မင်း ... ငယ်ပါသေးတယ်၊ သိုင်းပညာကို ကြိုးစားဦး၊ ငါ့ကို လက်စားချေချင်တယ်ဆိုရင် မြွေဟောက်မယ် ချင်းလိန်လို့ မေးရင်ရတယ်"

ဝမ်းလိုကန်းသည် နောက်သို့ ချာခနဲလှည့်ပြီး ပြေးထွက်သွားလေတော့၏။

* * *



## အပြောင်းအလဲ

သုံးနှစ်အချိန် ကုန်ဆုံးသွားပြီးဖြစ်၏။

ထိုသုံးနှစ်အတွင်း ချူးပင်သည် ကံအားလျော်စွာ ထင်းစန်းတောင်သို့ရောက်ရှိပြီး သိုင်းပညာများ သင်ယူခွင့်ရရှိခဲ့လေသည်။

သို့ဖြင့် ...သုံးနှစ်ကြာသည့်အခါ ချူးပင်သည် ယခင်ကကဲ့သို့ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ် မဟုတ်တော့ပါ။

သူသည် အရွယ်ရောက်သော လုလင်ပျိုတစ်ယောက်အဖြစ်သို့ ကူးပြောင်းနေလေပြီ။

သူ ထင်းစန်းတောင်ပေါ်မှ ဆင်းလာသောအခါ မွန်မွန်အား အလွန်သတိရမိလေ၏။

သူသည် သူမကို မတွေ့ရသည်မှာ နှစ်ပေါင်းအတန်ကြာပြီဖြစ်ရာ ကျားနက်ခေါင်းဂိုဏ်းဌာနချုပ်ကို သွားရောက်စုံစမ်းရန် စိတ်ကူးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ခရီးလမ်းကြောင်းကိုလွှဲ၍ ကျားနက်ခေါင်းဂိုဏ်းဌာနချုပ်ရှိရာသို့ ရောက်ရှိလာသည်။

သူသည် ကျားနက်ခေါင်းဂိုဏ်းဌာနချုပ်သို့ ရောက်ရှိသွားတော့မှ ဖန်ပါထင်းတို့ဇနီးမောင်နှံနှင့် မွန်မွန်တို့ပျောက်ဆုံးသွားသည်ကို သိရှိလိုက်ရသည်။

ယင်းသတင်းကို ကြားသိလိုက်သည်နှင့် သူသည် ဝမ်းပန်းတစ်နည်းခံစားလိုက်ရ၏။

ချူးပင်က ကျားနက်ခေါင်းဂိုဏ်းဌာနချုပ်မှ ထွက်ခွာလာသည့်တိုင်အောင် သူ၏စိတ်ထဲတွင် လုံးဝမကျေမနပ်ဖြစ်နေသည်။

ဖန်ပါထင်းတို့မိသားစု ယခုကဲ့သို့ ပျောက်ဆုံးသွားခြင်းမှာ ဝမ်လိုကန်းတို့သားအဖ၏လုပ်ကြံမှုဖြစ်သည်ဟု ယုံကြည်လေ၏။

သို့သော် အထောက်အထားသက်သေများ မရှိသဖြင့် သူက လက်လျှော့၍ ထွက်လာခဲ့ခြင်းဖြစ်၏။

မွန်းလွဲချိန်ရောက်လာသောအခါ သူသည် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်ရှိလာ၏။

သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ကောင်းကင်ပေါ်၌ တိမ်တိုက်တိမ်လိပ်များ ထူထပ်လာ၏။



မကြာမီ မိုးရွာတော့မည်ဟု သူက ခန့်မှန်းမိလေသည်။

ထို့ကြောင့် စားသောက်ဆိုင်တစ်ဆိုင်သို့ လှမ်းဝင်သွားလေသည်။ သူသည် စားသောက်ဖွယ်ရာများ မှာကြားပြီး စားသောက်နေစဉ် အမျိုးသမီးတစ်ယောက်က အခြားစားပွဲမှ စားသောက်နေရင်း သူ့ထံ မကြာမကြာ လှမ်းကြည့်နေသည်။

ထိုအမျိုးသမီးသည် ချူးပင်၏လည်ပင်းမှာဆွဲထားသောလည်ဆွဲအား မျက်တောင်မခတ် စိုက်ကြည့်နေခြင်းဖြစ်၏။

ချူးပင်က လုံးဝမသိလိုက်ပါ။ သူသည် စားသောက်ပြီးသည်နှင့် တစ်ညတာ နားခိုရန် အခန်းတစ်ခန်း ငှားရမ်းလိုက်လေသည်။

✸

ချူးပင်သည် ဆိုင်လုလင်ပို့ဆောင်ပေးသော အခန်းရှိရာသို့ ထွက်သွားသည်နှင့် အမျိုးသမီးက ကျသင့်ငွေကို ပေးချေပြီး စားသောက်ဆိုင်မှ ထွက်လာ၏။

သူမသည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားရာမှ မကြာမီ

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆိပ်တစ်ခုရှိရာသို့ ရောက်ရှိသွား၏။ အမျိုးသမီးသည် ရွက်လှေတစ်စီးပေါ်သို့ တက်သွား၏။ ထို့နောက် လှေဦးအခန်းရှိရာသို့ လျှောက်သွားကာ တံခါးကို ခေါက်လိုက်သည်။

"ဒေါက် ဒေါက် ဒေါက်"

အခန်းထဲမှ ကြည်လင်သော မိန်းကလေးတစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

"ငါပါဟ"

အခန်းတံခါး ပွင့်သွားသည်။

မိန်းကလေးတစ်ယောက်က တံခါးဖွင့်ပေးခြင်း ဖြစ်သည်။

"ဆရာ ပြန်လာပြီကိုး"

အမျိုးသမီးက အခန်းတံခါးကို ပိတ်လိုက်ပြီး ...

"ဒီမှာ မွန်မွန် ... ဆရာပြောသလို သေသေချာချာ နားထောင်"

အခန်းထဲမှ မိန်းကလေးသည် မွန်မွန်ဖြစ်၏။ အမျိုးသမီးမှာ သူမ၏ဆရာ မြွေဟောက်မချင်းလိန်ဖြစ်သည်။

အမျိုးသမီးက ...



"ဟောဒီက တည့်တည့်သွားရင် လမ်းဆုံလမ်းခွတစ်ခု ရှိတယ်၊ မှတ်ထားနော်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီမှာ တည်းခိုခန်းနဲ့တွဲထားတဲ့ စားသောက်ဆိုင်ထဲမှာ လူငယ်တစ်ယောက် ရောက်နေတယ်"

မွန်မွန် မျက်မှောင်ကြုတ်သွားသည်။

"သူက ဘယ်သူလဲ"

"သူ ဘယ်သူလဲဆိုတာ သိဖို့မလိုဘူး"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီလူငယ်ဟာ ငါ အလိုရှိနေတဲ့ ရန်သူရဲ့သားဖြစ်တယ်၊ ဒါကြောင့် ... ညည်း သူ့ကို သွားပြီးအပြတ်ရှင်းလိုက်"

မွန်မွန်၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

သူမသည် သိုင်းပညာသင်ကြားခဲ့သည်မှာ သုံးနှစ်သုံးမိုးပင် ရှိပြီးဖြစ်၏။ သူမသည် ရန်သူနှင့် မကြာမကြာ ရင်ဆိုင်တိုက်ခိုက်ဖူးသည်ဖြစ်သော်လည်း လူတစ်ယောက်မှ မသတ်ခဲ့ဖူးပါ။

ချင်းလိန်သည် မွန်မွန်တွေဝေနေသည်ကို တွေ့ရသဖြင့် ...

"ဘာလဲ ငါခိုင်းတာကို မင်း မလုပ်ချင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က ခေါင်းငုံ့ထားရင်း ...

"ဆုံးမပေးရမယ်ဆိုရင် ကျွန်မ လက်ခံပါတယ်၊ လူတစ်ယောက်ကို သတ်ဖို့ဆိုတာ ကျွန်မ ... မရဲသေးပါဘူး"

"ဒါဖြင့် ညည်း သိုင်းပညာသင်ထားတာ ဘာလုပ်ဖို့လဲ"

"ကိုယ့်ကိုယ်ကိုယ် ကာကယ်ဖို့ပါ"

"ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ဆိုရင် ရန်သူကို ခြေချော်လက်ချော် မသတ်မိဘူးလို့ ပြောနိုင်မလား"

"ဒါက ကိုယ့်ကိုယ်ကိုယ်ကာကွယ်တဲ့အတွက် သူသေ၊ ကိုယ်သေ ယှဉ်ပြိုင်တဲ့အခါ လူသတ်မိတာတော့ တစ်မျိုးပေါ့။ အခုလို သက်သက်မဲ့ သွားပြီးသတ်ရမယ်ဆိုတော့"

"စကားမရှည်နဲ့ ငါခိုင်းသလိုသာလုပ်"

ချင်းလိန်က ငေါက်ငမ်းလိုက်ရာ မွန်မွန်မှာ မတတ်နိုင်တော့ပါ။ ဓားငယ်နှစ်လက်ကို အင်္ကျီလက်ထဲသို့ ဝှက်ပြီး လှေပေါ်မှ ဆင်းသွားရလေတော့၏။

✸



ချူးပင်သည် ခရီးပန်းလာသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။

'ချပ်'

ပြတင်းပေါက် မင်းတုန်းကျည်ပွေ့ ထွက်ပေါ်လာ၏။ သေးငယ်သောအသံပင်ဖြစ်သော်လည်း ချူးပင် ဖျတ်ခနဲ နိုးလာသည်။ အခန်းတစ်ခုလုံး မှောင်အတိကျနေ၏။

သူသည် မလှုပ်မယှက် လဲလျောင်း၍ တံခါးနှင့်ပြတင်းပေါက်ဘက်သို့ သတိဖြင့် ကြည့်နေ၏။

ပြတင်းပေါက်တံခါး အလိုလိုပွင့်သွားပြီး လူရိပ်တစ်ခု ဘွားခနဲ ပေါ်လာ၏။ ချူးပင်သည် မိမိအနားတွင်ထားရှိသော ဓားကို ကောက်ယူ၍ ထထိုင်လိုက်၏။

"မိတ်ဆွေ ... ဘာသဘောနဲ့ အခုလို လုပ်ရတာလဲ"

ထိုလူရိပ်က အခန်းထဲမှလူ နိုးလာသည်ကိုမြင်တွေ့ရသဖြင့် နောက်သို့ဆုတ်သွား၏။ ချူးပင်က ဓားဆွဲပြီး ပြတင်းပေါက်မှ ကျော်လွှားထွက်လာ၏။ ခပ်လှမ်းလှမ်းတွင် လူရိပ်တစ်ရိပ် ရပ်နေသည်ကို တွေ့ရ၏။

ထိုလူသည် ကိုယ်လုံးကိုယ်ပေါက် သေးသေးသွယ်သွယ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး ညလူတစ်ယောက် ဝတ်လေ့ဝတ်ထရှိသော အဝတ်အစားမျိုးကို ဝတ်ဆင်ထား၏။

ခေါင်းပေါ်ရှိ အနက်ရောင်အဝတ်တစ်ခု စွပ်ထား၏။ ထို့ကြောင့် မျက်လုံးနှစ်လုံးမှအပ မျက်နှာတစ်ခုလုံးကို မတွေ့ရပါ။

ချူးပင်က ထိုလူနှင့် တစ်လံခန့်အကွာတွင် ရပ်တန့်လိုက်ပြီး

"မိတ်ဆွေက ဘယ်သူလဲ၊ ကျုပ်ဆီကို ဘာကိစ္စနဲ့ လာတာလဲ"

မွန်မွန် အနည်းငယ် တွေဝေသွား၏။ မိမိနှင့် ရန်ငြိုးမရှိသောလူတစ်ယောက်ကို အကြောင်းမဲ့ သတ်ရမည်ကို မလုံမလဲ ဖြစ်နေ၏။

သူ သတ်ရမည့်သူမှာ ချူးပင်ဖြစ်နေသည်ကို လုံးဝမသိပါ။ အမှန်တော့ သူမသည် သိုင်းပညာသင်ကြားပြီးနောက် ဆရာဖြစ်သူ ချင်းလိန်နှင့်အတူ နေရာအနှံ့ရောက်ခဲ့ဖူး၏။

ချူးပင်အကြောင်းကို စုံစမ်းရှာဖွေခဲ့၏။ သို့သော် ... ချူးပင်နှင့်ပတ်သက်ပြီး သတင်းအစအနပင် မရရှိခဲ့ပါ။

ယခု သူမသည် ချူးပင်နှင့် မျက်နှာချင်းဆိုင် တွေ့မြင်ခဲ့ရသော်လည်း ညအမှောင်ကြောင့် လုံးဝမမှတ်မိပါ။



ချူးပင်သည် တစ်ဖက်လူက စကားမပြောဘဲ ဆိတ်ဆိတ်ရပ်နေသည်ကိုတွေ့ရသဖြင့် ...

"ကဲ မိတ်ဆွေ ... ကျုပ် ဘယ်သူ့ကိုမှ ရန်မမူချင်ဘူး၊ ဒါကြောင့် ပြန်သွားပါတော့"

ချူးပင်၏စကားကို ကြားရမှ မွန်မွန်သည် မှင်တက်နေရာမှ သတိဝင်လာ၏။ ချက်ချင်းပင် လက်ဝါးတစ်ချက် ဝှေ့ယမ်းလိုက်ရာ ဓားရောင် ဝင်းလက်သွား၏။ သူမ၏လက်ထဲ၌ ဓားငယ်နှစ်လက် ရောက်ရှိနေပြီ ဖြစ်သည်။

ချူးပင်သည် ထိုလူ၏ဓားခွဲထုတ်ပုံကိုမြင်တွေ့လိုက်ရသည်နှင့် ရန်သူအပေါ် အထင်သေး၍မဖြစ်မှန်း ချက်ချင်း နားလည်လိုက်၏။ သူ သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"မိတ်ဆွေ ကျုပ်ကို မတိုက်ခိုက်မီ စကားတစ်ခွန်းမေးချင်ပါတယ်"

မွန်မွန်က စကားတစ်ခွန်းမှမပြောပါ။ ချူးပင်က ...

"ခင်ဗျားက ကျုပ်နဲ့ ရန်ငြိုးရှိသလား"

မွန်မွန် ခေါင်းယမ်းလိုက်၏။

"ရန်ငြိုးမရှိရင် ကျုပ်မှာ ငွေပါတယ်ထင်ပြီး လုယူဖို့လား"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန် ခေါင်းယမ်းပြဖြန်၏။

ချူးပင် မျက်မှောင်ကြုတ်သွား၏။

"ဘာအကြောင်းမှမရှိဘဲ ဘာဖြစ်လို့ ကျုပ်ကို လာပြီးရန်မူရတာလဲ"

"ကျွန်မဆရာက ခိုင်းလိုက်လို့"

စကားပြောသံကြားလိုက်ရမှ တစ်ဖက်လူမှာ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ချူးပင် သိလိုက်ရသည်။

ထို့အပြင် ယင်းအသံကိုလည်း သူရင်းနှီးခဲ့ဖူးသည်ဟု စိတ်ထဲ၌ အလိုလိုခံစားမိ၏။

"မင်းဆရာက ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို သတ်ချင်ရတာလဲ"

ချူးပင်က မေးလိုက်သည်။ မွန်မွန်က ...

"ဒါ ... ရှင့်ကို ပြောပြစရာမလိုပါဘူး"

ချူးပင် မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ် ကြိုတင်သတိပေးပါရစေ၊ ဒီလိုရက်စက်တဲ့အလုပ်ကို လုပ်တဲ့မိန်းကလေးတွေကို ကျုပ်က ညှာလိမ့်မယ်မထင်နဲ့"

မွန်မွန်သည် ပင်ကိုယ်စိတ်နှလုံးကောင်းသူဖြစ်သော်လည်း



မြွေဟောက်မယ်ချင်းလိန်ထံသို့ နှစ်အတော်ကြာရောက်ရှိပြီး အတူတကွနေထိုင်လာခဲ့သောကြောင့် ရက်စက်ကြမ်းကြုတ်သည့်စိတ်ဓာတ်များ အနည်းငယ် ကိန်းအောင်းလာခဲ့သည်။ ထို့ကြောင့် ...

"အစတုန်းကတော့ ကျွန်မက ရှင့်ကို ဆုံးမရုံပဲ ဆုံးမမယ်လို့ စိတ်ကူးထားတာ၊ အခုတော့ ကျွန်မ စိတ်သဘောထား ပြောင်းသွားပြီ"

ချူးပင်က ရယ်လိုက်၏။

"ယောကျ်ားကောင်းတစ်ယောက်ဟာ မိန်းမတွေကို သက်ညှာရမယ်လို့ ရှေးလူကြီးတွေက သွန်သင်ဆုံးမခဲ့ကြတယ်၊ ဒါပေမဲ့ ... ခင်ဗျားလို မိန်းကလေးကိုတော့ ဆုံးမရမှ တန်ကာကျမယ်"

မွန်မွန်မှာ ပို၍ခံပြင်းလာသည်။ သူမက စကားတစ်ခွန်းမှ မပြောဘဲ ဓားနှစ်လက်ကိုဝှေ့ယမ်းကာ တရကြမ်းဝင်ရောက်တိုက်ခိုက်၏။

✷

ချူးပင်သည် စတင်တိုက်ခိုက်စဉ်က သူမအပေါ် အထင်

www.burmeseclassic.com

www.burmeseclassic.com



သေး၍မရမှန်း သိထားသည်။

တကယ်တမ်း တိုက်ခိုက်သည့်အခါ မိမိထင်ထားသည်ထက် ပို၍ကြောက်စရာကောင်းသည်ကို တွေ့ရှိလိုက်ရလေသည်။

မွန်မွန်ကလည်း တိုက်ခိုက်ရင်း ချူးပင်အပေါ် အထင်သေးစိတ်များ ကွယ်ပျောက်သွားလေသည်။

ထို့ကြောင့် သူမသည် ပေါ့ပေါ့တန်တန်စိတ်များ မထားငုံတော့ဘဲ သူမ၏ပညာရပ်များကို အစွမ်းကုန်ထုတ်နှုတ်၍ တိုက်ခိုက်လေသည်။

ထို့ကြောင့် သူတို့သည် သိုင်းကွက်တစ်ရာကျော်အထိ ယှဉ်ပြိုင်ခဲ့သည့်တိုင်အောင် မည်သူကမျှ အသာမရဘဲ ဖြစ်နေ၏။

သူတို့မှာ အနည်းငယ် မောဟိုက်လာကြပြီဖြစ်သော်လည်း အရှုံးမပေးလိုသောစိတ်နှင့် အံကြိတ်ကာ တောင့်ခံထားကြသည်။

သို့ဖြင့် သူတို့သည် နောက်ထပ်သိုင်းကွက်ငါးဆယ်အထိ ယှဉ်ပြိုင်ခဲ့ကြ၏။

တစ်ယောက်နှင့်တစ်ယောက် ပို၍မောဟိုက်လာကြပြီ ဖြစ်ရာ မွန်မွန်က နောက်သို့ခုန်လိုက်ပြီး ...

"ခဏနေဦး"



ချူးပင်က ရပ်တန့်လိုက်ရ၏။

"မင်း အရှုံးပေးတော့မလို့လား"

မွန်မွန်က လှောင်လှောင်လေး ရယ်မောလိုက်၏။

"ကျွန်မ ရင်ဆိုင်ခဲ့တဲ့ ပြိုင်ဘက်ထဲမှာ ရှင်ဟာ အတော်ဆုံးပဲလို့ ကျွန်မ ဝန်ခံတယ်၊ ဒါပေမဲ့ အရှုံးပေးဖို့ဟာ စိတ်တောင်မကူးဘူး"

"ကျုပ်လည်း ဒီအတိုင်းပါပဲ၊ ကျုပ်ရင်ဆိုင်ခဲ့ရတဲ့ တိုက်ပွဲထဲမှာ ဒီတစ်ပွဲဟာ ကျုပ်အကြိုက်ဆုံးဖြစ်တယ်ဆိုတာ ဝန်ခံတယ်"

"ဒါဖြင့် ... ရှင် အရှုံးပေးမှာလား"

"ကျုပ်က ယောကျ်ားဗျ၊ မိန်းကလေးတစ်ယောက်ကို အရှုံးပေးရမယ်ဆိုတာ ရယ်စရာကြီးဖြစ်နေမှာပေါ့"

"ဒါဖြင့် ... ဘယ်သူက နိုင်မယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

မွန်မွန်က ပြောပြီး ထပ်မံတိုက်ခိုက်လိုက်၏။

ချူးပင်ကလည်း တုံ့ပြန်တိုက်ခိုက်ရာ ...

နောက်ထပ်သိုင်းကွက်ငါးဆယ်အထိ ယှဉ်ပြိုင်မိသောအခါ တစ်ယောက်ကိုတစ်ယောက် အနိုင်မရဘဲ ခြေကုန်လက်ပန်းကျသွားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်သည် ဓားကို မြေကြီးပေါ်ထောက်၍ ဒူးကွေးလဲကျသွားလေ၏။ မွန်မွန်သည်လည်း လက်တစ်ဖက် မြေကြီးပေါ် ထောက်၍ လဲကျသွားသည်။

သူတို့နှစ်ယောက်စလုံး မြေပေါ်မှာ လဲလျောင်းရင်း အသက်ဝဝအောင် ရှူနေကြရသည်။ ချူးပင်က မွန်မွန်အားကြည့်ကာ မောဟိုက်စွာ ရယ်မောလိုက်သည်။

"ဟား ဟား ဟား"

"ရှင် ဘာရယ်နေတာလဲ"

"မင်းကို ရယ်ချင်တာ"

"ဘာဖြစ်လို့လဲ"

"အခုနေ ငါက အားယူပြီး မင်းကိုလာသတ်ရင် မင်းသေသွားနိုင်တယ်နော်"

မွန်မွန်က ရယ်မောလိုက်၏။

"ဟင်း ဟင်း ဟင်း"

"မင်း ... ဘာရယ်တာလဲ"

"အခုနေ ကျွန်မက ရှင့်ကိုသတ်ရင်လည်း ရှင်သေသွားနိုင်တယ်နော်"



သူတို့နှစ်ယောက်က ပြိုင်တူအားယူပြီး ထ,ရပ်လိုက်ကြလေ၏။ နေရောင်ခြည်ကြောင့် ချူးပင်၏လည်ပင်းမှာ ဆွဲထားသော လည်ဆွဲသည် အဝါရောင်ထိန်ထိန်တောက်ပနေ၏။

မွန်မွန်သည် အမှတ်မထင် ထိုလည်ဆွဲကို မြင်တွေ့လိုက်ရသောအခါ သူမ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားကာ ...

"ဟင် ... ရှင် ... ရှင်"

မွန်မွန်သည် လည်ဆွဲကို လက်ညှိုးထိုးပြရင်း ...

"ရှင်ဆွဲထားတဲ့ လည်ဆွဲ ဘယ်ကရတာလဲ"

ချူးပင်က စကားပြောရန် ပါးစပ်ဟလိုက်ရာ ရုတ်တရက် လူတစ်စုသည် ပြေးလွှားရောက်ရှိလာကြလေသည်။

ထိုလူများသည် အနက်ရောင်အင်္ကျီများ ဝတ်ဆင်ကာ မျက်နှာပေါ်တွင် အနက်ရောင်အဝတ်ဖြင့် ဖုံးအုပ်ထားကြ၏။

ထိုလူများသည် ကျားနက်ခေါင်းဂိုဏ်းမှ လူများဖြစ်ကြောင်း ချူးပင် သိလိုက်သည်။ ထို့ကဲ့သို့ပင် မွန်မွန်ကလည်း သိရှိလိုက်လေသည်။

"ယား"

ထိုလူစုများသည် ချူးပင်တို့နှစ်ယောက် ခြေကုန်လက်ပန်း

www.burmeseclassic.com

www.burmeseclassic.com



ကျနေသည်ကို အခွင့်ကောင်းယူပြီး တရကြမ်း ဝင်ရောက်တိုက်ခိုက်ကြလေသည်။

ချူးပင်နှင့်မွန်မွန်တို့သည် ရန်သူများကို ပြန်လည်ခုခံရင်း လူချင်းကွဲသွားကြလေသည်။

✷

မွန်မွန်သည် တိုက်ခိုက်ရင်း ပြေးလွှားနေရ၏။ သူမသည် မြစ်ဆိပ်ကမ်းရှိရာသို့ ပြေးလွှားသွားခြင်းဖြစ်သည်။

သို့သော် ရန်သူများက သူမအား ပိတ်ဆို့တိုက်ခိုက်နေသဖြင့် ထိုးဖောက်မရဘဲ တဖြည်းဖြည်းနှင့် အခြေအနေပို၍ ဆိုးဝါးလာလေသည်။ ထိုအချိန်မှာပင် အေးစိမ့်သောအသံတစ်သံ ထွက်ပေါ်လာသည်။

"ရပ်လိုက်"

အနက်ရောင်အကျီဝတ်ဆင်ထားကြသူများက အသံလာရာသို့ လှည့်ကြည့်လိုက်၏။

ထိုလူစုထဲမှ တစ်ယောက်က လွှတ်ခနဲ အော်လိုက်၏။



"မြွေဟောက်မယ်"

ထိုအသံကိုကြားသည်နှင့် ကျန်လူများလည်း ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်ကြလေသည်။ သူတို့သည် မွန်မွန်အား ဆက်လက်မတိုက်ဝံ့တော့ဘဲ နောက်ဆုတ်သွားကြ၏။

မြွေဟောက်မယ်ချင်းလိန့်က သူတို့ထံ တစ်လှမ်းချင်း လှမ်းသွား၏။

"ငါ့ရဲ့တပည့်မကို အနိုင်ကျင့်တဲ့လူတွေ သေဖို့သာ ပြင်ပေတော့"

သူမ၏အသံမှာ အေးစိမ့်လွန်း၍ ထိုလူများ ထိတ်လန့်တုန်လှုပ်သွားကြကုန်၏။ သူတို့သည် နောက်သို့ ကမန်းကတန်း ဆုတ်သွားကာ ခြေ ထောက်နှင့်တင်ပါး တစ်သားတည်းနေအောင် သုတ်ခြေတင် ပြေးလေတော့၏။

✷

ချင်းလိန့်သည် မွန်မွန်ထံ လျှောက်သွား၏။

"ညည်းက ဘယ်လိုဖြစ်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က ဦးညွှတ်လိုက်၏။

"ကျွန်မ ဟိုလူနဲ့တွေ့ခဲ့ပါတယ်"

"သူ့ကို သတ်ခဲ့ရဲ့လား"

မွန်မွန်က ခေါင်းယမ်းပြရင်း ...

"သူ့ကို ကျွန်မ သိုင်းကွက် (၂၀၀) ကျော်အထိ ယှဉ်ပြိုင်ခဲ့တယ်၊ ကျွန်မ သူ့ကိုမနိုင်သလို ကျွန်မကိုလည်း သူမနိုင်ဘူး"

သူမက စကားဆက်လိုက်သည်။

"နောက်တော့ ဒီလူတွေရောက်လာလို့ သူလည်း ဘယ်ထွက်ပြေးသွားမှန်း မသိတော့ဘူး"

ချင်းလိန်က သူမအား မျက်မှောင်ကြုတ်၍ကြည့်၏။

"မင်းကိုကြည့်တာ အင်အားအတော်ကုန်ခန်းနေပြီ၊ ခရီးဆက်သွားလို့မဖြစ်တော့ဘူး"

"ကဲ ... ငါတို့ပြန်ကြဦးမယ်၊ ညည်းအားမွေးပြီးမှပဲ တစ်ခေါက်ပြန်ထွက်တာပေါ့"

ပြောပြောဆိုဆိုပင် ချင်းလိန်သည် မွန်မွန်အား ခေါ်ဆောင်၍ နောက်ကြောင်းပြန်လှည့်လေသည်။

✱ ✱ ✱



## အတိတ်မေ့သူ

မြစ်ဆိပ်ကမ်း၏တစ်နေရာ၌ ရွာလေးတစ်ရွာရှိသည်။

တံငါသည်များ နေထိုင်သောရွာကလေးဖြစ်၍ တံငါရွာဟု ခေါ်လေသည်။

တစ်နေ့တွင် မြစ်ဆိပ်ကမ်း၌ လူတစ်ယောက် သတိလစ်မေ့မြောနေသည်ကို ရေချိုးဆင်းလာသော ရွာသူတစ်သိုက်က တွေ့မြင်သဖြင့် ရွာသို့ သယ်ဆောင်လာခဲ့ကြသည်။

ရွာသူကြီး၏တစ်ဦးတည်းသောသမီးဖြစ်သည်။ ထို့ကြောင့် ထိုလူအား ပြုစုစောင့်ရှောက်ရန်မှာ သူမ၏တာဝန်ဖြစ်လာသည်။

ရွာသူကြီးသည် စိတ်ကောင်း၊ နှလုံးကောင်းရှိသော အဘိုးအိုတစ်ယောက်ဖြစ်ရာ၊ မြို့ထဲမှ သမားတော်ကြီးတစ်ဦးကို ပင့်ဆောင်၍ ကုသပေးသည်။ သမားတော်ကြီးသည် လူငယ်အား စမ်းသပ်စစ်ဆေးပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီသူငယ်ရဲ့ခေါင်းမှာ တစ်ခုခုနဲ့ဆောင့်မိသွားလို့ အခုထိ သတိမရသေးတာဖြစ်မယ်"

သူသည် လူငယ်၏ဦးခေါင်းတစ်နေရာသို့ လက်ညှိုးဖြင့် ထောက်ပြလိုက်၏။ ထိုနေရာတွင် ညိုမည်း၍ သွေးစက်များပင် ရှိနေသေးသည်ကို တွေ့ရ၏။

"ဒါဖြင့် သူ့ကို ကူညီရနိုင်ပါဦးမလား"

"ရလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဦးနှောက်တော့ နည်းနည်းပါးပါး ထိခိုက်သွားလိမ့်မယ် ထင်တယ်"

"သူ အသက်မသေနိုင်ဘူးပေါ့"

"မသေနိုင်ပါဘူး"

"ဒါဖြင့် ကျေးဇူးပြုပြီး သတိရလာအောင် ကုပေးပါ၊ ဒါမှလည်း သူ့မိဘဆွေမျိုးဆီကို ပြန်ပို့လို့ရမယ်"

သမားတော်ကြီးက ခေါင်းညိတ်လိုက်လေသည်။

သမားတော်ကြီးသည် တံငါရွာသို့ တစ်နေ့တစ်ခေါက် ပုံမှန်ရောက်ရှိလာ၏။



သူသည် လူငယ်၏ဝေဒနာကို စိတ်ရှည်လက်ရှည် ဂရုတစိုက် ကုသပေး၏။

သို့ဖြင့် သုံးရက်မြောက်သောနေ့တွင် လူငယ်သည် သတိပြန်လည်ရရှိလာ၏။ ရွာသူကြီးက သူငယ်အား ပြုံး၍ မေးလိုက်သည်။

"မင်း ... သတိရပြီလား"

လူငယ်သည် ရွာသူကြီးအား အကဲခတ်ကြည့်၏။

ထို့နောက် ခေါင်းညိတ်ပြလိုက်သည်။

ရွာသူကြီး ကျေနပ်သွားသည်။

"ဝမ်းသာလိုက်တာကွာ"

လူငယ်က ထထိုင်လိုက်ပြီး ...

အခန်းတစ်ခုလုံးကို ဝေ့ဝိုက်ကြည့်လိုက်၏။ ပြီးမှ သူ့အနီးတွင်ရပ်နေသော လူများကို တစ်ဦးချင်းကြည့်လိုက်လေသည်။

သူသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရလာသကဲ့သို့ နဖူးကို လက်ဝါးဖြင့် ပုတ်လိုက်၏။

"ဟောဗျာ၊ ကျုပ် ... ဒီနေရာကို ဘယ်လိုလုပ်ရောက်လာတာလဲ"

ရွာသူကြီးက သူ့အား မျက်မှောင်ကြုတ်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ရေထဲမျောလာလို့ ငါတို့က ကယ်တင်လိုက်တာ"

လူငယ်က မျက်မှောင်ကြုတ်သွား၏။

"ကျွန်တော်က ရေထဲမျောလာတယ် ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော် ဘယ်လိုလုပ် ရေထဲမျောပါခဲ့တာလဲ"

ရွာသူကြီး ခေါင်းယမ်းလိုက်သည်။

"ဒီစကား ငါက မေးရမှာ၊ မင်း ဘယ်လိုလုပ် ရေထဲမျောပါလာတာလဲ"

"မသိဘူး"

ရွာသူကြီး အံ့အားသင့်သွား၏။ လူငယ်က ခေါင်းယမ်းကာ

"ကျွန်တော် တကယ်မမှတ်မိဘူးဗျ"

ကျေးဟုန်က ကြားဖြတ်လိုက်၏။

"ဒါနဲ့ ရှင့်နာမည် ဘယ်သူလဲ"

လူငယ် ခေါင်းတွင်တွင်ကုတ်လိုက်ပြန်၏။ ကျေးဟုန်က ...

"ရှင့်နာမည်လေ"

လူငယ်က ခေါင်းယမ်းကာ ...

"ကျွန်တော် မမှတ်မိဘူး"



အားလုံး အံ့အားသင့်သွားကြသည်။ ရွာသူကြီးနှင့်သမားတော်ကြီးတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အချင်းချင်းလက်တို့၍ အခန်းထဲမှ ထွက်လာကြသည်။

"ဒီသူငယ်က ဘယ်လိုဖြစ်သွားတာလဲ"

ရွာသူကြီးက မေးသည်။ သမားတော်ကြီးက ...

"သူ့ကြည့်ရတာ ဦးနှောက်ထိခိုက်ပြီး အတိတ်မေ့သွားတာနဲ့ တူတယ်"

"ဒုက္ခပါပဲ"

ရွာသူကြီးက ညည်းညူလိုက်၏။ သမားတော်ကြီးက ...

"ဒါတော့ ... ဘယ်တတ်နိုင်ပါ့မလဲ၊ ကျုပ် သူ့ကို ဆက်ပြီး ကုပေးမှာပါ၊ ဒီဝေဒနာက အခိုက်အတန့်သာရှိမယ်လို့ ယုံကြည်ပါတယ်"

ရွာသူကြီးက ချင့်ချင့်ချိန်ချိန်ဖြင့် ...

"ဆွေမတော်၊ မျိုးမတော်တဲ့ သူစိမ်းတစ်ယောက်ကို ကျုပ်အိမ်ပေါ်ခေါ်ထားလို့ ဖြစ်ပါ့မလား"

"အို ... သူတစ်ယောက်ရဲ့အသက်ကယ်တာ ကုသိုလ်ရပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီး သက်ပြင်းတစ်ချက် ချလိုက်၏။

"ဆရာ့ကိုပဲ အားကိုးရတော့မှာပဲလေ"

✸

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးခဲ့၏။ ရေနှင့်မျောပါလာသောလူငယ်သည် ဤရွာသို့ရောက်ရှိခဲ့သည်မှာ တစ်လခန့်ပင် ရှိနေပြီဖြစ်၏။

သူသည် ကျန်းမာစွာရှိပြီး ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။ သို့သော် အတိတ်ကို လုံးဝမေ့နေ၏။

ကျွေးဟုန်သည် သူ့အပေါ် ကရုဏာသက်ရာမှ သံယောဇဉ်ကြီးထွယ်လာမိလေသည်။

သူမသည် ထိုလူငယ်၏အကြောင်းကို အလွန်သိလိုနေ၏။

ထို့ကြောင့် အားလပ်သောအချိန်တွင် တစ်ခွန်းစ နှစ်ခွန်းစ မေးမြန်းတတ်၏။ မသိဘူးဟူသော အဖြေမှလွဲ၍ ဘာမျှမသိရချေ။

လူငယ်၏အဖြေမှာလည်း မသိဘူးဟု ဖြေခဲ့သည်။

ကျွေးဟုန်သည် သူ၏နာမည်ကို မေးမရသည့်နောက်ဆုံး



သူ့အား နာမည်တစ်ခု မှည့်ပေးလိုက်ရလေ၏။ သူမပေးလိုက်သော နာမည်မှာ ချွေ့လိုင်ဖြစ်သည်။ အဓိပ္ပာယ်မှာ ရေထဲမှကောက်ရခြင်း ဖြစ်သည်။

တစ်ခါတစ်ခါ အားလပ်နေသောအခါ ချွေ့လိုင်သည် ကမ်းစပ်၌ထိုင်၍ အဝေးသို့ ငေးမောစွာ မျှော်ကြည့်ရင်း ငေးငိုင်နေသည်ကို တွေ့ရသည့်အခါ ကျွေးဟုန်သည် လွန်စွာစိတ်မကောင်းဖြစ်မိ၏။

သူမသည် တစ်ခါတစ်ရံ ဖခင်နှင့် ဆွေးနွေးတိုင်ပင်သည်။

"ဖေဖေ သမားတော်ဆီကိုရောက်သေးလား"

"ရောက်ခဲ့တယ် သမီး"

"သူက ဘာပြောလိုက်သေးသလဲ"

"သူကတော့ ဆေးမှန်မှန်တိုက်ပါလို့ ပြောလိုက်တယ်"

"ပြန်ကောင်းဖို့ မျှော်လင့်ချက် ရှိသေးသလား"

"ဖေဖေလည်း မပြောတတ်ဘူးကွယ်"

သူက တစ်စုံတစ်ခုကို သတိရလာလေသည်။

"သမားတော်ကြီးကတော့ ပြောလိုက်တယ်၊ သူ့ကို အရင်တုန်းက အဖြစ်အပျက်တစ်ခုခုဖြစ်စေ၊ ပစ္စည်းတစ်ခုခုဖြစ်စေ တွေ့မြင်သွားရင် သတိရလာမလားမသိဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို သူ ဒီကိုမျောလာတုန်းက ပါလာတဲ့ လည်ဆွဲတစ်ကုံးရှိတယ်၊ အဲဒါ သူ့ကိုပြရင်ကော"

"အဲဒါကောင်းသားပဲ သမီး၊ စမ်းကြည့်ပါလား"

ကျွေးဟုန် ခေါင်းညိတ်လိုက်သည်။

✵

ကျွေးဟုန်သည် သိမ်းဆည်းထားသော လူငယ်၏အဝတ်အစားနှင့် လည်ဆွဲကို ထုတ်ယူလိုက်လေသည်။ လည်ဆွဲပေါ်၌ ထူးထူးခြားခြား အမှတ်အသား မရှိသော်လည်း လည်ဆွဲပြားပေါ်တွင် ပုံလွှားတစ်ကောင်နှင့် စုကျင်းဟူသော စာလုံးရေးသားထားသည်ကို တွေ့ရှိရ၏။

"ဒီလည်ဆွဲ သူ့ကိုပြလိုက်ရင် အတိတ်ကအကြောင်း သူ ပြန်သတိရသွားနိုင်တယ်"

သူမက မျက်မှောင်ကြုတ်၍ ထပ်မံစဉ်းစားလိုက်ပြန်၏။

"သူက သူ့အတိတ်ကြောင်းကို ပြန်သတိရလာရင် ဒီမှာ ဘယ်နေတော့မလဲ၊ သူ့နေရာသူ ပြန်သွားမှာပေါ့"



"မဖြစ်ဘူး၊ သူပြန်သွားရင် ငါတစ်ယောက်တည်း လွမ်းပြီး ကျန်ရစ်ခဲ့မှာပေါ့"

သူမသည် ယင်းသို့စဉ်းစားရင်း မျက်နှာညှိုးငယ်သွား၏။

"အို ... ဘာပဲဖြစ်ဖြစ် ဒီလည်ဆွဲကို မပြတော့ဘူး၊ အတိတ်ကို မေ့နေတာပဲ ကောင်းတယ်"

သူသည် ယင်းသို့စဉ်းစားပြီး လည်ဆွဲအား ပြန်လည်သိမ်းဆည်းရန် သေတ္တာဖွင့်လိုက်၏။

"အို ငါ ဒီလိုစိတ်ယုတ်မာမွေးလို့ မကောင်းပါဘူး၊ တကယ်လို့ သူ့မှာ မိဘဆွေမျိုးရှိမယ်ဆိုရင် အခုဆို ဘယ်လောက်သောကဖြစ်နေပြီလဲ"

"ဒီလည်ဆွဲ သူ့ကိုပြမယ်၊ သူသတိရလာအောင် ကူညီမယ်၊ ဒီလိုမှ သူက ပြန်သွားမယ်ဆိုရင်လည်း ကံတရားပေါ့"

သူမသည် ယင်းသို့ဆုံးဖြတ်လိုက်သည်နှင့် သေတ္တာကို ပြန်ပိတ်လိုက်ပြီး လည်ဆွဲကိုယူ၍ အခန်းထဲမှ ထွက်လာ၏။

ကျွေးဟုန်သည် ခွေ့လှိုင်မည်သည့်နေရာတွင်ရှိသည်ကို သိထားလေ၏။ ထို့ကြောင့် သူသည် မြစ်ဆိပ်ကမ်းရှိရာသို့ လျှောက်သွားလေ၏။ ကျွေးဟုန် မှန်းဆသည့်အတိုင်း ခွေ့လှိုင်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မြစ်ဆိပ်ကမ်းရှိ ကျောက်ဆောင်တစ်ခုပေါ် ထိုင်နေ၏။

ကျွေးဟုန် ကျောက်ဆောင်အနီးသို့ ချဉ်းကပ်သွား၏။

"ခွေ့လှိုင်"

ခွေ့လှိုင်က လှည့်ကြည့်သည်။ ကျွေးဟုန်က သူ့အနီးသို့ လျှောက်လာရင်း ...

"အိမ်ကိုလွမ်းနေပြီ မဟုတ်လား"

ခွေ့လှိုင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အိမ် ဘယ်မှာရှိမှန်းတောင် မသိတာဗျာ"

"တကယ်လို့ ရှင် ပြန်သတိရလာပြီး ကိုယ့်အကြောင်း ကိုယ်သိလာရင် ပြန်သွားမှာလား"

"မပြောတတ်ဘူး"

"အစ်ကို ကျွန်မကို ခင်ရဲ့လား"

"ခင်တာပေါ့"

သူက စကားဆက်လိုက်သည်။

"အစ်ကို့အသက်ကို ကျွေးဟုန်က ကယ်ခဲ့တာပဲ၊ အခုလည်း အစ်ကို့ကို ကျွေးမွေးစောင့်ရှောက်ထားတယ်"

"တကယ်ပြောနေတာလား"



"အစ်ကို လိမ်မပြောတတ်ပါဘူး"

"တကယ်လို့ အစ်ကိုက အတိတ်ကအကြောင်း ပြန်ပြီးသတိရလာရင် ကျွန်မကို မမေ့ရဘူးနော်"

"ဘယ်တော့မှ မမေ့ပါဘူးဗျာ"

ကျွေးဟုန်သည် အသင့်ပါလာသော လည်ဆွဲကို မြှောက်ပြလိုက်သည်။

"အဲဒီလည်ဆွဲကို ကြည့်စမ်း"

ခွေ့လှိုင်က လည်ဆွဲကို သေသေချာချာ ကြည့်လိုက်၏။

"ဘာလုပ်မလို့လဲ"

"ဒီလည်ဆွဲဟာ အစ်ကိုရေထဲမျောပါလာတုန်းက ပါလာတဲ့ လည်ဆွဲပဲ၊ ကျွန်မက သိမ်းထားတာလေ"

ခွေ့လှိုင်က လည်ဆွဲအားယူ၍ ဆွဲပြားကို ဟိုဘက် သည်ဘက်လှန်၍ ကြည့်လိုက်၏။ ဆွဲပြားတစ်ဖက်တွင် ပုံလွှားတစ်ကောင် ပုံသန်းနေပုံနှင့် ကျန်တစ်ဖက်တွင် စုံကျင်းဟူသော စာလုံးရေးသား ထားသည်ကို တွေ့ ရ၏။

သူ၏ဦးနှောက်ထဲသို့ အလင်းရောင်တစ်ချက် လက်သွား၏။ သို့သော် ချက်ချင်းပင် ပျောက်ကွယ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... သတိရပြီလား"

ခွေ့လှိုင် ခေါင်းယမ်းပြသည်။

"အစ်ကို ဘာမှစဉ်းစားလို့မရဘူး"

ကျော်ဟုန်သည် လည်ဆွဲအား ခွေ့လှိုင်၏လည်ပင်း၌ ပြန်ဆွဲပေးထားလိုက်၏။

"အစ်ကိုရဲ့လည်ဆွဲ ပြန်ဆွဲထားပါ၊ မကြာ မကြာကြည့်ရင် သတိရချင်ရလာမှာပေါ့"

ခွေ့လှိုင်က လည်ဆွဲပြားကို လက်နှင့်စမ်းရင်း ...

"အစ်ကိုတော့ ပြန်သတိရနိုင်မှာ မဟုတ်တော့ပါဘူး"

✵

တစ်နေ့ မွန်းတည့်ချိန်ဖြစ်၏။ ကျော်ဟုန်နှင့်ခွေ့လှိုင်တို့သည် ငါးခြင်းတောင်းများထမ်း၍ မြို့ပေါ်သို့ရောင်းချရန် တက်လာကြ၏။

သူတို့သည် ငါးများရောင်းချပြီးနောက် လိုအပ်သောပစ္စည်းများကို ဝယ်ယူပြီးလျှင် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ကာ စားသောက်ဖွယ်ရာများ မှာယူစားသောက်ကြသည်။



ထိုအချိန် ဝမ်းလိုကန်း၏အားထားရသော တပည့်တစ်ယောက်က အမှတ်မထင် ခွေ့လှိုင်၏လည်ပင်းမှာ ဆွဲထားသော လည်ဆွဲအား မြင်တွေ့သွား၏။

သူသည် ချူးပင်နှင့်အတူ နေထိုင်ရင်းနှီးခဲ့ဖူးသဖြင့် ထိုလည်ဆွဲကိုလည်း ကောင်းစွာ မှတ်မိထား၏။

ချူးပင်မှာ တံငါရွာသားကဲ့သို့ ဝတ်စားဆင်ယင်ထားသော်လည်း သူ ကောင်းစွာမှတ်မိ၏။ ထို့ကြောင့် ချူးပင်ထံချဉ်းကပ်ကာ...

"အစ်ကိုကြီးကို မြင်ဖူးသလိုလိုပဲ၊ နာမည်ဘယ်လိုခေါ်သလဲ"

ခွေ့လှိုင် မျက်မှောင်ကြုတ်သွား၏။

"ကျုပ်နာမည်က ခွေ့လှိုင်၊ ခင်ဗျားကို ကျုပ် တစ်ခါမှ မမြင်ဘူးပါလား"

ထိုလူ အနည်းငယ်ကြောင်အမ်းအမ်းဖြစ်သွား၏။

ချူးပင်က အဘယ်ကြောင့် ခွေ့လှိုင်အဖြစ် နာမည်ပြောင်းလဲလိုက်သည်ကို သူ နားမလည်ပါ။

ထိုအချိန်မှာပင် မိန်းကလေးတစ်ယောက်ခေါ်သံ ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုခွေ့လှိုင် … ထမင်းစားတော့မယ်”

ခွေ့လှိုင်သည် ကမန်းကတန်း တစ်ဖက်သို့လှည့်ပြီး …

“လာပြီဟေ့ ညီမလေးကျေးဇူးဟုန်”

ထိုလူသည် ခွေ့လှိုင်ဆိုသူ ပြေးဝင်သွားသော အိမ်ကလေးကို သေချာမှတ်ထားပြီးလျှင် ဌာနချုပ်သို့ ပြန်၍ သတင်းပို့လေ၏။

✸

နောက်တစ်နေ့ ဝမ်းလိုကန်းသည် တပည့်ဖြစ်သူ၏သတင်းပေးချက်အရ လက်မရွံ့ဓားသမားဆယ်ယောက်နှင့်အတူ တံငါရွာသို့ ဦးတည်ထွက်ခွာလာခဲ့၏။

သူတို့သည် တံငါရွာသို့မရောက်မီ လမ်းဆုံရှိရာသို့ရောက်ရှိလာသောအခါ ထိုနေရာတွင် မီးပုံတစ်ခု တွေ့ရှိလိုက်ရလေသည်။

မီးကြွင်းမီးကျန် မရှိတော့ပြီဖြစ်သော်လည်း ဝမ်းလိုကန်းက လက်ဖြင့် စမ်းသပ်လိုက်ရာ ပူပူနွေးနွေးရှိနေသေးသည်ကို တွေ့ရ၏။

“တို့ထက်ဦးတဲ့လူတစ်စုတော့ ဒီမှာ ခဏအနားယူသွားတာကို တွေ့ရတယ်”



သူသည် ချက်ချင်းပင် အမိန့်ချ၏။

“ကဲ … သူများက ဦးမပေးနိုင်ဘူး၊ ငါတို့ အမြန်ဆုံးရောက်အောင် သွားကြမယ်”

သူတို့သည် တံငါရွာသို့ဦးတည်၍ ပြေးလွှားသွားကြလေသည်။

✸

အဘွားကြီးဂိုဏ်းမှ စေလွှတ်လိုက်သော အဖွဲ့ဆယ်ဖွဲ့အနက် အမှတ် (၃) အဖွဲ့သည် တံငါရွာသို့ ရောက်ရှိလာကြလေသည်။ အဖွဲ့ (၃) ၏ခေါင်းဆောင်ဖြစ်သူမှာ တန်လီဖြစ်လေသည်။

သူသည် တံငါရွာသို့ရောက်ရှိလာပြီး သတင်းစုံစမ်းလိုက်သောအခါ ထိုတံငါရွာထဲသို့ ရေနှင့်မျောပါလာသော လူငယ်တစ်ယောက် ရောက်ရှိနေသည့်အကြောင်းများကို သိရှိရလေသည်။

ထို့ကြောင့် သူတို့သည် ရွာသူကြီးအိမ်သို့ ရောက်ရှိလာသည်။ တန်လီသည် ရွာသူကြီးနှင့်တွေ့ဆုံမိသောအခါ မိမိတို့မှာ အဘွားကြီးအဖွဲ့သားဖြစ်သည်ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အခု ဒီကိုရောက်လာတာက ဒီရွာမှာ ရေထဲက မျောပါလာတဲ့လူတစ်ယောက်က ကယ်တင်ထားတဲ့သတင်း ကြားလို့ပါ၊ အဲဒါ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"သူ့နာမည် ဘယ်လိုခေါ်ပါသလဲဗျာ"

ရွာသူကြီးက ...

"သူက အတိတ်မေ့နေပါတယ်၊ ဒါကြောင့် သူ့နာမည် ဘယ်သူလဲဆိုတာ မသိပါဘူး"

သူက ရယ်မောလိုက်ပြီး ..

"ကျုပ်သမီးကတော့ သူ့ကို ရွှေ့လှိုင်လို့ ခေါ်တယ်ဗျ"

"ကျွန်တော်တို့ သူ့ကို တွေ့ချင်ပါတယ်၊ ကျေးဇူးပြုပြီး တွေ့ခွင့်ပေးပါ"

"သူဟာ ငါးဖမ်းဖို့ တံငါလှေနဲ့ ထွက်သွားပါတယ်'

"ဘယ်တော့မှ ပြန်ရောက်လာမှာလဲ"

"နေဝင်ချိန်လောက် ရောက်လာပါလိမ့်မယ်"

တန်လီက ...

"ဒီလိုဆိုရင် သူပြန်လာတဲ့အထိ ကျွန်တော်တို့ စောင့်ပါ့မယ်၊



နေခွင့်ပြုပါခင်ဗျာ"

ရွာသူကြီးက ခေါင်းညိတ်၏။

"ရပါတယ်ဗျာ၊ ကျုပ်တို့ရွာက တံငါရွာဖြစ်တဲ့အတွက် အဘွားကြီးဝိုဏ်းနဲ့တော့ ဘယ်လိုမှမပတ်သက်ဘူး၊ ဒါပေမဲ့ အဘွားကြီးဂိုဏ်းရဲ့သတင်းကြားလို့ အလိုလိုလေးစားပါတယ်၊ ဒါကြောင့် ... လိုအပ်တာကို ကျုပ်တို့ ကူညီပါ့မယ်"

သူသည် တန်လီတို့အဖွဲ့ကို ခေါ်ဆောင်၍ အိမ်သို့ ပို့ထားသည်။ ကျေးဟန်က သူတို့သုံးယောက်အား ကျေးမွေးစည့်ခံလေသည်။

✹

မွန်းတည့်ချိန်ရောက်လာပြီဖြစ်၏။ တံငါရွာထဲသို့ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသောလူဆယ်ယောက် ရောက်ရှိလာ၏။

သူတို့သည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထား၏။ အင်္ကျီရင်ဘတ်ပေါ်၌ ကျားနက်ခေါင်းပုံရေးဆွဲထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားတို့သည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြေးလွှားရှောင်တိမ်းကြ၏။ ဝမ်းလိုကန်းက အသံကျယ်လောင်စွာဖြင့် ...

"အားလုံး ... မကြောက်ကြပါနဲ့၊ ရွာကို အန္တရာယ်ပြုဖို့ လာတာမဟုတ်ပါဘူး။ ဒါကြောင့် မပြေးကြပါနဲ့"

ဝမ်းလိုကန်း၏စကားကြောင့် ထိတ်ထိတ်လန့်လန့်ဖြစ်နေကြသော ရွာသူရွာသားတို့မှာ စိတ်သက်သာရာရသွား၏။

ဝမ်းလိုကန်းက ...

"ကျေးဇူးပြုပြီး ရွာသူကြီးကိုခေါ်ပေးပါ"

ရွာသူကြီးဖြစ်သူက လူအုပ်ကြားမှ တိုးထွက်လာပြီး ...

"ရွာသူကြီးဆိုတာ ကျုပ်ပဲ၊ အကြောင်းရှိရင် အမိန့်ရှိပါ"

ဝမ်းလိုကန်းက ...

"ကျုပ်က ကျားနက်ခေါင်းဂိုဏ်းက ဂိုဏ်းချုပ်ဖြစ်ပါတယ်၊ ဒီရွာကို ရောက်ရှိလာတဲ့အကြောင်းကတော့ လူတစ်ယောက်ကို တွေ့ချင်လို့ပါ"

"ဘယ်သူ့ကို တွေ့ချင်လို့ပါလဲ"

"သူ့နာမည်က ချူးပင်ဖြစ်ပါတယ်၊ ကျုပ်တို့ဂိုဏ်းက အလိုရှိနေတဲ့ လူတစ်ယောက်ပါ"



သူကြီးက ခေါင်းယမ်းလိုက်၏။

"ဂမ်းနည်းပါတယ်ဗျာ၊ ကျုပ်တို့ရွာမှာ ချူးပင်ဆိုတဲ့လူ မရှိပါဘူး"

ဝမ်းလိုကန်းက မဲ့ပြုံးပြုံးလိုက်၏။

"ဒီမှာ သူကြီးမင်း ... ကျုပ်က သေသေချာချာ သတင်းရထားလို့ လာခဲ့တာ၊ ကျုပ်ကို လိမ်မယ်မကြံနဲ့"

"ကျုပ်က ဒီရွာက သူကြီးပါ၊ ဘာဖြစ်လို့ လိမ်ပြောရမှာလဲ၊ မယုံရင် တစ်အိမ်တက်ဆင်း ရှာကြည့်နိုင်ပါတယ်"

"ရှာရမှာပေါ့ဗျာ၊ တကယ်လို့ ရှာတွေ့ခဲ့ရင် ခင်ဗျား မသက်သာဘူးမှတ်"

ပြောပြီး ဝမ်းလိုကန်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

"အားလုံး တစ်အိမ်တက်ဆင်းရှာကြစမ်း"

✷

တန်လီနှင့်သူ့အဖော်နှစ်ယောက်သည် နံနက်စာ စားသောက်ပြီးနောက် တရေးတမော အိပ်၍စောင့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှ ဆူဆူညံညံအသံကြားလိုက်ရမှ ကမန်းကတန်း ထွက်ကြည့်ကြ၏။ သူတို့သည် ကျားနက်ခေါင်းဂိုဏ်းသားများ ရောက်ရှိလာသည်ကို တွေ့ရ၏။

ကျားနက်ခေါင်းဂိုဏ်းသားတို့၏အင်အားမှာ မိမိတို့ထက် များစွာတောင့်တင်းပြီး ဂိုဏ်းချုပ်ကိုယ်တိုင် ဦးဆောင်လာသည်ကို သိရှိလိုက်ရသောအခါ သူတို့သည် ရင်ခေါင်ပုံကြဘဲ ကျွေးဟုန်ထံ အကူအညီတောင်းရ၏။

"ညီမလေး ... ကျုပ်တို့သုံးယောက် ပုန်းနေမှဖြစ်မယ်၊ အဲဒီတော့ ဘယ်နေရာမှာပုန်းရင် ကောင်းမယ်ဆိုတာကို ညွှန်ပြပါ"

ကျွေးဟုန်က အနည်းငယ်စဉ်းစားလိုက်၏။

"ကျွန်မတို့ရှေ့မှာ တဲအိမ်တွေပဲများတယ်၊ အစ်ကိုတို့ တွေ့တဲ့အတိုင်း ပုန်းစရာဆိုလို့ အတော်ရှားသားပဲ"

တန်လီက ...

"ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ စဉ်းစားပေးပါ ညီမလေးရယ်"

ကျွေးဟုန်က အစွမ်းကုန် စဉ်းစားလိုက်တော့မှ ...

"ဟော ... ကျွန်မ သတိရပြီ၊ ပုန်းစရာနေရာတော့ရှိတယ်"

တန်လီက ဝမ်းသာသွားသည်။



"ဟုတ်လား၊ လိုက်ပြစမ်းပါ"

ကျွေးဟုန်က သူတို့အား ရွာ၏နောက်ဘက်သို့ခေါ်ဆောင်သွား၏။

ရွာအပြင်ဘက်သို့ရောက်ရှိသောအခါ ထိုနေရာတွင် အလွန်ကြီးမားသော သစ်ပင်တစ်ပင်ရှိ၏။

ကျွေးဟုန်က သစ်ပင်ပေါ်သို့ ညွှန်ပြလိုက်သည်။

"အစ်ကိုတို့ သစ်ပင်ပေါ်တက်ပုန်းနေရင် သူတို့မြင်သွားမှာကို မစိုးရိမ်ရတော့ပါဘူး"

တန်လီက ခေါင်းညိတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် ညီမရယ်"

သူတို့သုံးယောက်သည် သိုင်းသမားတွေဖြစ်ကြရာ သစ်ပင်ပေါ်သို့ အလွယ်တကူဖြင့် တက်သွား၏။

ထို့နောက် သူတို့သည် ထူထပ်သောသစ်ရွက်တို့ကို အကာအကွယ်ယူ၍ သစ်ကိုင်းပေါ်၌ထိုင်ပြီး ရွာအခြေအနေကို ကြည့်နေကြ၏။

ထိုအချိန် ကျားနက်ခေါင်းဂိုဏ်းအဖွဲ့သားများတို့သည် တစ်အိမ်တက်ဆင်းဖြင့် ရှာဖွေနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအကြာတွင် ရွာထဲအိမ်မှန်သမျှ ရှာဖွေခဲ့ပြီးဖြစ်သည်။ သူတို့အလိုရှိသော ချူးပင်ကို လုံးဝမတွေ့ရပါ။ ဝမ်းလိုကန်းက သတင်းလာပို့သောလူများ လှည့်ကြည့်လိုက်လေ၏။

“ရှောင်တိန်း ... မင်းက တွေ့ခဲ့တယ်ဆို အခုဘယ်မှာလဲ”

ရှောင်တိန်းက ကမန်းကတန်း ဦးညွှတ်လိုက်၏။

“ကျွန်တော် လိုက်ရှာပါ့မယ်”

သူသည် ရွာသူကြီးနေအိမ်ရှိရာ လျှောက်သွားလေ၏။

တစ်ခဏအကြာတွင် သူက မိန်းကလေးတစ်ယောက်အား ဝမ်းလိုကန်းရှေ့သို့ ခေါ်ဆောင်လာ၏။

ရွာသူကြီးက ထိတ်လန့်တုန်လှုပ်သွား၏။

“သူက ကျုပ်သမီးဗျ။ ဘာလုပ်ကြမလို့လဲ”

ဝမ်းလိုကန်းက လှည့်ပင်မကြည့်ဘဲ ...

“မင်း သူ့ကို ဘာကြောင့်ခေါ်လာတာလဲ”

ရှောင်တိန်းက ...

“ကျွန်တော် သူ့ကိုမေးကြည့်ချင်လို့ပါ”

“ညီမလေး ... ဘာမှမကြောက်ပါနဲ့၊ အစ်ကိုမေးတာကို မှန်မှန်ကန်ကန်ဖြေဖို့ အရေးကြီးပါတယ်”



ကျွေးဟုန်သည် သတ္တိရှိသူပီပီ လုံးဝကြောက်ရွံ့ခြင်း မရှိပါ။

“ရှင်တို့က ဘာမေးမလို့လဲ”

ရှောင်တိန်းက ...

“ခင်ဗျားတို့ရွာမှာ ချွေ့လှိုင်ဆိုတဲ့လူတစ်ယောက် ရောက်နေတယ်မဟုတ်လား”

ကျွေးဟုန်က မျက်မှောင်ကြုတ်သွား၏။

“ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ”

ရှောင်တိန်းက ဝမ်းလိုကန်းအား မျက်ရိပ်တစ်ချက်ပြလိုက်၏။

ထို့နောက် ချိုလွင်သောအသံဖြင့် ...

“အစ်ကိုတို့က သူ့ရဲ့မိတ်ဆွေတွေပါ၊ ဒါကြောင့် သူဘယ်မှာရှိတယ်ဆိုတာ ပြောပြပါ”

“ရှင်တို့က သူ့ကို ပြန်ခေါ်သွားမလို့လား”

ရှောင်တိန်းက ပြုံးပြလိုက်၏။

“မခေါ်ပါဘူး၊ သူက ဒီမှာနေချင်တယ်ဆိုရင် ထားခဲ့မှာပါ၊ ဒါပေမဲ့ ... သူနဲ့ စကားပြောချင်လို့ သူ့ကို ခေါ်ပေးပါလား”

ကျွေးဟုန်က ...

www.burmeseclassic.com

www.burmeseclassic.com



"သူ တံငါလှေနဲ့အတူ ပါသွားတယ်၊ မကြာမီ ပြန်လာတော့မှာပါ"

ရှောင်တိန်းက ဝမ်းလိုကန်းအား တစ်ချက်ကြည့်လိုက်လေသည်။ ထို့နောက် ကျေးဟုန်အား ပြုံးပြလိုက်၏။

"ဒါဖြင့် အစ်ကိုတို့ သူပြန်လာတဲ့အထိ စောင့်ပါ့မယ်"

ထိုအချိန်မှာပင် ရွာသားတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

"ဟိုမှာ ခွေ့လှိုင်လိုက်သွားတဲ့ တံငါလှေ ပြန်လာပြီ"

ဝမ်းလိုကန်းတို့သည် ရေပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ တံငါလှေတစ်စီးသည် ရွာသို့ ဦးတည်ရွက်လွှင့်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *



## အတိတ်၏အရိပ်

ကောင်းကင်ပေါ်၌ တိမ်တိုက်တိမ်လိပ်များ ထူထပ်လာ၏။

ပင်လယ်ရေပြင်မှ တိုက်ခတ်လာသောလေသည် တဖြည်းဖြည်း ပြင်းထန်လာ၏။ လှိုင်းတံပိုးက ထန်လာ၍ လှိုင်းလုံးများ ကြီးလာ၏။ မိုးသက်လေပြင်း ကျရောက်တော့မည်မှာ သေချာနေလေ၏။

တံငါလှေများသည် ဆိုးဝါးသောရာသီဥတုကို ကြိုမြင်နေရသဖြင့် ဆက်လက်မနေကြတော့ဘဲ ရွာသို့သာ အမြန်ပြန်လာကြ၏။

တံငါလှေများ ပြန်လာနေသည်ကို မြင်တွေ့ကြရသော ရွာသူရွာသားများတို့သည် ကမ်းစပ်သို့ရောက်ရှိလာကြပြီး ကြိုဆိုရန် စောင့်မျှော်နေ၏။

ရှေ့ဆုံး လှေဦးပေါ်၌ ခွေ့လှိုင်တစ်ယောက် ရပ်နေသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်လိုက်သည်နှင့် ကျွေးဟုန်က အော်ခေါ်လိုက်၏။

"ခွေ့လှိုင်"

ခွေ့လှိုင်ကလည်း သူ့အား တွေ့မြင်သွား၏။

"ကျွေးဟုန်"

ကျွေးဟုန်က ပျော်မြူးစွာဖြင့် ခုန်ဆွ ခုန်ဆွနှင့် ရေစပ်အထိ လျှောက်သွားလေသည်။

ရွာနောက်ဘက် သစ်ပင်ပေါ်၌ ရောက်ရှိနေကြသော အဘွားကြီးဂိုဏ်းမှ လူသုံးယောက်တို့သည် ထိုလူငယ်မှာ ချူးပင်ဖြစ်ကြောင်း မှတ်မိလိုက်၏။

သို့သော် ချူးပင်သည် တံငါသည် အဝတ်အစားများ ဝတ်ဆင်ထားသည်ကို တွေ့ရသဖြင့် ရုပ်ချင်းတူနေ၍လောဟု သံသယဖြစ်မိ၏။ ထိုနည်းတူစွာ ဝမ်းလိုကန်းလည်း သံသယဖြစ်နေ၏။

သူသိထားသော ချူးပင်မှာ အလွန်ဖျတ်လတ်သွက်လက်သည်။ ယခု သူတွေ့ရသောချူးပင်မှာ သာမန်တံငါသည် တစ်ယောက်နှင့် တူနေ၏။

သူတို့ ယင်းကဲ့သို့ တွေးတောနေစဉ် တံငါလှေများသည် ရှေ့ဆင့်နောက်ဆင့် ဆိုက်ကပ်လာကြသည်။



တံငါသည်မိသားစုတို့သည် မိမိတို့လှေပေါ်မှ ငါးများအား တောင်းကြီး တောင်းငယ်ဖြင့် သယ်ချရန် အလုပ်များနေ၏။

ကျွေးဟုန်ကလည်း ရွှင်ရွှင်ပျပျဖြင့် ခွေ့လှိုင်အား ကူ၍ ငါးတောင်းများ သယ်ဆောင်ရန် လှေပေးသို့ တက်သွား၏။

ကျွေးဟုန်နှင့်ခွေ့လှိုင်တို့ ငါးတောင်းများထမ်း၍ လှေပေါ်မှ ဆင်းလာတော့ ရှေ့သို့လျှောက်သွားပြီး ...

"ရပ်လိုက်"

ဟု ဟန့်တားလိုက်၏။

ခွေ့လှိုင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဗျာ ... ခင်ဗျားက ဘယ်သူလဲ"

"ဟား ဟား ဟား"

ဝမ်းလိုကန်းက ရယ်မောလိုက်၏။

"ဒီမှာ ချူးပင် ... တခြားလူကို လိမ်လို့ရပေမယ့် ငါ့ကို လိမ်လို့မရဘူးကွ"

"ဟောဗျ။ ကျုပ်က ခင်ဗျားကို သိလည်းမသိဘူး၊ လိမ်စရာ အကြောင်းလည်း မရှိပါလား"

ဝမ်းလိုကန်းက မဲ့ပြုံး ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာချေသေးတယ်"

သူသည် သူ၏လူများအား လက်ဖွေ့ယမ်းပြလိုက်၏။

"သူ့ကိုသတ်လိုက်"

ကျေးဟုန် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ရှင်တို့ လူမှားနေပြီ၊ သူက ကျွန်မယောကျ်ား ခွေ့လှိုင်ပါ"

ခွေ့လှိုင်သည် မမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် အံ့အားသင့်သွား၏။ ဝမ်းလိုကန်းက သူတို့နှစ်ယောက်အား အကဲခတ်ကြည့်နေမိ၏။

"သူက မင်းရဲ့ယောကျ်ားဟုတ်လား"

"ဟုတ်တယ်"

ဝမ်းလိုကန်းက ...

"မင်းတို့လက်ထပ်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်နှစ်"

သူမက လိမ်ပြောလိုက်ခြင်းဖြစ်သည်။ ဝမ်းလိုကန်းက မျက်မှောင်ကြုတ်သွားသည်။

ခွေ့လှိုင်၏ပုံပဟန်မှာ လေးလေးထိုင်းထိုင်းဖြစ်နေပြီး မိမိကိုလည်း မှတ်မိသော ဟန်မူရာလုံးဝမရှိသည်ကို တွေ့ရှိရလေသည်။



"အင်း ... သူက ချူးပင်နှင့် ရုပ်ချင်းဆင်တာ ဖြစ်နေမလား"

ယင်းသို့စဉ်းစားစဉ် ခွေ့လှိုင်သည် ငါးတောင်းအားထမ်း၍ ကျေးဟုန်၏လက်ကိုဆွဲကာ ထွက်သွား၏။ ပိုက်ဆံသားများက ဟန့်တားရန် ခြေလှမ်းလှမ်းလိုက်ရာ ဝမ်းလိုကန်းက ဟန့်တားလိုက်၏။

"သူတို့သွားပါစေ"

✲

"မမေးပါနဲ့တော့ ကျေးဟုန်ရယ်၊ ငါ ဒါတွေ စဉ်းစားလိုက်ရင် ခေါင်းမူးဝေလာလို့ပါ"

ကျေးဟုန်က ...

"မမေးတော့ပါဘူး၊ ဒါနဲ့ ကနေ့ ရှင့်ကို လာခေါ်တဲ့လူက ဘယ်သူလဲဆိုတာ မှတ်မိလား"

"သူ့ကို ငါ တစ်ခါမှ မတွေ့ဖူးဘူးလို့ ထင်တာပဲ"

ကျေးဟုန်က သက်ပြင်းတစ်ချက် ချလိုက်၏။

"အစ်ကို ... တစ်သက်လုံးသတိပြန်မရဘဲ အခုလိုနေရင် သိပ်ကောင်းမှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ကျွေးဟုန်"

"အစ်ကိုသတိရလာရင် ကျွန်မကို ပစ်သွားမှာ စိုးရိမ်လို့ပါ"

ခွေ့လှိုင်က ...

"သတိရလည်း ပြန်ရမယ်ဆိုရင် ကျွေးဟုန်ကို ခေါ်သွားမှာပေါ့"

ကျွေးဟုန်က ...

"တကယ်လို့ အစ်ကို့မှာ မိန်းမရှိနေရင်ရော"

ခွေ့လှိုင်က မျက်မှောင်ကြုတ်သွားသည်။

"ခက်တာပဲ၊ ငါ့မှာ မိန်းမရှိသလား၊ မရှိဘူးလားဆိုတာ လုံးဝ သတိမရဘူး"

"ရှင့်မှာ မိန်းမရှိခဲ့ရင်ရော"

ခွေ့လှိုင်က ခေါင်းခါယမ်းလိုက်သည်။

✷

ခွေ့လှိုင်သည် ထုံးစံအတိုင်း စောစောအိပ်ရာမှ ထလိုက်သည်။ သူသည် ရာသီဥတုအခြေအနေကြည့်ရင်း တံခါးဖွင့်၍



ကောင်းကင်ပေါ်သို့ မော့ကြည့်သည်။

တိမ်တိုက်တိမ်လိပ်များ ထူထပ်ပြီး နှမ့်နှမ့်လေး ရွေ့လျားနေသည်ကို တွေ့ရ၏။ သူက သက်ပြင်းတစ်ချက်ချကာ ...

"ကနေ့လည်း လေမုန်တိုင်း ရှိလိမ့်မယ်"

သူက ညည်းညူရင်း အခန်းထဲသို့ပြန်ဝင်ရန် ကိုယ်လှည့်လိုက်၏။ ရုတ်တရက် လူတစ်ယောက်၏အေးစက်သောအသံကို ကြားလိုက်၏။

"ချူးပင်"

ခွေ့လှိုင် မျက်မှောင်ကြုတ်သွား၏။ ချူးပင်ဟူသောအမည်ကို သူက ထပ်မံကြားလိုက်ရသဖြင့် ရင်ထဲ၌ သံသယဖြစ်လာခဲ့၏။

အဘယ်ကြောင့် မိမိအား ချူးပင်ဟု ခေါ်နေသနည်း။

သူသည် အသံလာရာသို့ လှည့်ကြည့်လိုက်၏။

လူငယ်တစ်ယောက်ဖြစ်၏။ အနက်ရောင် ကိုယ်ကျပ်အင်္ကျီနှင့် အနက်ရောင်ဘောင်းဘီ ဝတ်ဆင်ထားသည်။ ခွေ့လှိုင်က ...

"ခင်ဗျား ဘယ်သူ့ကိုမေးနေတာလဲ"

ထိုလူငယ်က ...

"ချူးပင်"

www.burmeseclassic.com

www.burmeseclassic.com



"ချူးပင်ဆိုတာ ဘယ်သူလဲ"

ထိုလူငယ်က ...

"မင်းပေါ့"

နွေ့လှိုင် မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျား လူမှားနေပြီထင်တယ်၊ ကျုပ်နာမည်က နွေ့လှိုင်ပါ"

လူငယ်က ...

"ကျုပ်နာမည် ဝမ်းလိုကန်းပါ၊ မင်းဟာ ငါနဲ့ သင်တန်းအတူတူနေခဲ့တဲ့ သင်တန်းဖော်တစ်ယောက်ပေါ့၊ မင်းနာမည်က ချူးပင်"

"ဟာ ... ကျုပ် ခေါင်းမူးလာပြီ၊ ဒါတွေ မပြောပါနဲ့ဗျာ၊ ကျုပ်ဟာကျုပ် အေးအေးပဲနေချင်တယ်"

ဝမ်းလိုကန်းက ...

"မင်းဟာ ချူးပင်၊ နွေ့လှိုင် မဟုတ်ဘူး၊ ဒါကြောင့် ငါ့နောက် လိုက်ခဲ့ရမယ်"

"ကျုပ်ဟာကျုပ် ချူးပင်ပဲဖြစ်ဖြစ် နွေ့လှိုင်ပဲဖြစ်ဖြစ် မလိုက်ချင်ဘူးဗျာ"

"မလိုက်လို့မဖြစ်ဘူး"



"ဘာဖြစ်လို့လဲ"

"မင်း မလိုက်ဘူးဆိုရင် မင်းကို ငါသတ်ရလိမ့်မယ်"

နွေ့လှိုင်က ...

"ဘာဖြစ်လို့လဲ၊ ကျုပ်က ခင်ဗျားကို ဘာလုပ်လို့လဲ"

"အို ... လုပ်လုပ် မလုပ်လုပ် မင်းလိုက်ခဲ့ရမယ်"

သူက ရှေ့သို့တိုး၍ နွေ့လှိုင်၏လက်ကို ဆွဲထားလိုက်၏။

နွေ့လှိုင်က ထိတ်ခနဲဖြစ်သွားပြီး အလိုလို ရုန်းထွက်လိုက်မိ၏။ ဝမ်းလိုကန်းက မဲ့ပြုံး ပြုံးလိုက်၏။

"မင်းက ဟန်ဆောင်နေတာကိုး"

သူက ပြောရင်း လက်ဝါးနှစ်ဖက်နှင့် တိုက်ခိုက်လိုက်၏။ နွေ့လှိုင်က အလိုလိုရှောင်တိမ်းမိ၏။ သူသည် ယခုကဲ့သို့ တစ်ဖက်လူ၏တိုက်ခိုက်မှုကို ရှောင် တိမ်းနိုင်သည်ကို တွေ့ရသဖြင့် တိုယ့်ကိုယ်ကိုယ် အံ့သြနေသည်။ ဝမ်းလိုကန်းက ...

"မင်းကလိမ်ကျတာ ပေါ်လာတော့မယ်"

သူက ဆက်လက်တိုက်ခိုက်လေ၏။ နွေ့လှိုင်သည် တစ်ဖက်က တိုက်ခိုက်လာသော သိုင်းကွက်အားလုံးကို ခုခံရှောင်တိမ်းနိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကိုယ့်ကိုယ်ကိုယ် ပို၍အံ့ဩသွားလေသည်။

သူက နောက်ဆုတ်ပြီး လက်ကာပြ၏။

"ခဏနေဦးဗျ"

ဝမ်းလိုကန်းက ရပ်တန့်လိုက်၏။

"ဘာလဲ ... မင်းက ငါခေါ်ရာကို လိုက်တော့မလို့လား"

"မဟုတ်ပါဘူး၊ ခင်ဗျားပြောတဲ့ ချူးပင်ဆိုတာ ဘယ်လိုလူစားလဲဗျ"

ဝမ်းလိုကန်းက ရယ်လိုက်၏။

"အိပ်ချင်ဟန်ဆောင်တဲ့လူဟာ နှိုးရခက်တယ်ဆိုတာ တကယ်ပါပဲ၊ ကဲ ပြောပြမယ်၊ ချူးပင်ဆိုတာ သိုင်းသမားတစ်ယောက်ပဲ'

ချွေ့လှိုင် မျက်မှောင်ကြုတ်သွား၏။

"ကျုပ်လည်း သိုင်းပညာတတ်ထားသလိုပါပဲလား"

ဝမ်းလိုကန်း ရယ်လိုက်၏။

"တတ်တာမှ အဆင့်တော်တော်မြင့်တယ်၊ နို့မဟုတ် အခု မင်းက သေလူဖြစ်နေပြီ"

ချူးပင် (ဝါ) ချွေ့လှိုင်မှာ အတိတ်မေ့သည့်ရောဂါဝေဒနာ



ရှိထားသော်လည်း တတ်မြောက်ထားသည့် သိုင်းပညာကို မမေ့ပါ။

ထို့ကြောင့် ဝမ်းလိုကန်းနှင့် ယှဉ်ပြိုင်နိုင်ခြင်း ဖြစ်၏။ ထိုအချိန် ဝမ်းလိုကန်းက ထိပ်မံတိုက်ခိုက်လိုက်သဖြင့် ချွေ့လှိုင် (ဝါ) ချူးပင်က ပြန်လည်တိုက်ခိုက်ရ၏။ သူတို့သည် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေစဉ် ကျွေးဟုန် ဈေးဝယ်ရာမှပြန်လာ၏။

သူမက ချွေ့လှိုင်နှင့်လူတစ်ယောက် တိုက်ခိုက်နေသည်ကို တွေ့မြင်လိုက်ရသောအခါ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွား၏။

ချွေ့လှိုင်မှာ တစ်ဖက်လူနှင့် သဲသဲမဲမဲ တိုက်ခိုက်နေသည်ကိုလည်း အံ့ဩနေ၏။ သူမက ယင်းသို့ တွေးမိလိုက်၏။

"အစ်ကိုဟာ သူတို့ပြောနေတဲ့ ချူးပင်များ ဖြစ်နေမလား၊ ဒါကြောင့် သူ သိုင်းပညာတတ်တာကိုး"

သူမက ယင်းသို့တွေးမိသော်လည်း ချွေ့လှိုင်အတွက် စိုးရိမ်ပူပန်နေ၏။

ဝမ်းလိုကန်းက အချိန်ကြာလာသောအခါ ချူးပင်အား နိုင်လိမ့်မည်မဟုတ်မှန်း ခန့်မှန်းမိ၏။ ထို့ကြောင့် သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

"ဝိုင်းကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ကျားနက်ခေါင်းဂိုဏ်းသားများက ချူးပင်ကို ဝိုင်းရံထား၍ တိုက်ခိုက်လိုက်၏။

✷

ရှာသူကြီးဖြစ်သူသည် တိုက်ခိုက်နေသည့်အကြောင်းကို ကြားသိလိုက်သဖြင့် ရှာသူရှာသားများ စုရုံး၍ တုတ်၊ ဓားဆွဲကိုင်ပြီး ရောက်ရှိလာကြ၏။

သို့သော် ကျားနက်ခေါင်းဂိုဏ်းသားများအား တွေ့မြင်လိုက်ရသောအခါ ရှေ့သို့ဝတိုးရဲကြဘဲ ရပ်ကြည့်နေရလေသည်။

✷

တိုက်ပွဲက တစ်စထက်တစ်စ ပြင်းထန်လာသည်။

တစ်ယောက်နှင့်အများ အချိန်ကြာလာသောအခါ ချေ့လိုင်ခေါ် ချူးပင်မှာ ခြေကုန်လက်ပန်းကျလာ၏။ ချူးပင်၏တစ်ကိုယ်လုံးမှာလည်း သွေးများ ချင်းချင်းနီရဲသွား၏။



ကျွေးဟုန်သည် ချေ့လိုင်မှာ အခြေအနေ ဆိုးဝါးလာသည်ကို နဖူးတွေ့ ဒူးတွေ့မြင်လိုက်ရသောအခါ သည်းလှိုက်ရင်ဖို ငိုကြွေးလိုက်၏။

"မလုပ်ကြပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

ရှာသူကြီးနှင့် ရှာသားများက ဝင်ရောက်ကယ်တင်ရန် စိတ်ဆန္ဒရှိကြသော်လည်း ရှေ့သို့မတိုးရဲကြပေ။

သူတို့က ဝင်ရောက်ကူညီပါလျှင် အသက်သေဆုံးရမည်သာဖြစ်သည်ကို နားလည်ထားကြ၏။

ဤသို့ဖြင့် နောက်ထပ်တစ်နာရီခန့် ကြာလာသောအခါ ချူးပင်မှာ မည်သို့မျှ မဟန်နိုင်တော့ဘဲ ဒူးညွှတ်၍ မြေပေါ်သို့ လဲကျသွား၏။

"ဟား ဟား ဟား"

ဝမ်းလိုကန်းက အားရပါးရ ရယ်လိုက်၏။

"ဒီမှာ ချူးပင် ... မင်းက ငါ့ရဲ့ချစ်သူကို လုယူသွားတာကိုးကွ၊ မင်းကို ဘယ်ကျေပါ့မလဲ"

ချေ့လိုင်အနေနဲ့လည်း ချူးပင်သည် ဝမ်းလိုကန်းပြောလိုက်သည့်အဓိပ္ပာယ်ကို နားမလည်နိုင်ဘဲ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလိုကန်းက ချူးပင်ထံ လျှောက်သွား၏။

"ကဲ ချူးပင် ... ဒီချိန်ကစပြီး လောကမှာ ချူးပင်ဆိုတာ မရှိရတော့ဘူး"

သူက ဓားဖြင့် ခုတ်ချလိုက်၏။

ထိုတဒင်္ဂအချိန်မှာပင် အလင်းရောင်တစ်ခုသည် ဝမ်းလိုကန်းလက်မောင်းကို ထိမှန်သွား၏။

'ချွမ်း'

ဝမ်းလိုကန်း၏လက်ထဲမှဓား လွှတ်ကျသွား၏။

သူက ထိတ်လန့်အံ့ဩနေစဉ် မီးပုံကဲ့သို့ အရိပ်တစ်ခုသည် လေအဟုန်ဖြင့် ဝင်ရောက်လာ၏။

အားလုံးက ကြောင်အမ်းအမ်းကြည့်နေရာမှ ထိုမီးပုံကဲ့သို့ အရိပ်သည် လူတစ်ယောက်ဖြစ်နေမှန်း တွေ့ရှိရ၏။

မိန်းကလေးတစ်ယောက်ဖြစ်၏။

သူမသည် အနီရောင်ဝတ်စုံကို လွှမ်းခြုံထား၍ ပြေးလွှားလာသောကြောင့် ရုတ်တရက်ကြည့်လိုက်လျှင် မီးပုံနှင့်တူနေသည်။

အားလုံးက ကြောင်အမ်းအမ်းဖြစ်နေစဉ် မိန်းကလေးသည် ချူးပင်ရှေ့တွင် ရပ်တန့်လိုက်၏။



ဝမ်းလိုကန်းက ထိုမိန်းကလေးအား မြင်တွေ့လိုက်သည်နှင့် မျက်လုံးဝိုင်းစက်သွား၏။

"ဟင် ... မွန်မွန်"

ဟုလည်း လွှတ်ခနဲခေါ်လိုက်မိ၏။ မွန်မွန်က သူ့အား စိုက်ကြည့်၏။

"ဘယ်သူများလဲမှတ်တယ်၊ ကျားနက်ဂိုဏ်းရဲ့ဂိုဏ်းချုပ်ကြီးပါလား"

ဝမ်းလိုကန်း၏မျက်နှာ ရဲခနဲဖြစ်သွား၏။ မွန်မွန်က ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်လိုက် သည်။

"ဂိုဏ်းချုပ်ကြီးက လူစုလုဝေးနဲ့ တံငါရွာလေးကို ဘာလာလုပ်တာလဲ၊ ရှင် ငါးဝယ်ဖို့တော့ မဟုတ်ဘူးထင်တယ်"

ဝမ်းလိုကန်းက မဲ့ပြုံးပြုံး၏။

"မင်းကို ငါလိုက်ရှာနေတာ၊ အခု အတော်ပဲ"

"ရပါတယ်၊ ကျွန်မလည်း ရှင့်ကို တွေ့ချင်နေတာ"

သူက ရပ်ကြည့်နေကြသော ရွာသားများအလယ်သို့ လှည့်ကြည့်သည်။

"ရှင်တို့လူကို လာခေါ်သွားပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပြောရင်း ခွေ့လိုင်တဖြစ်လဲ ချူးပင်အား တွဲထူလိုက်၏။ သူမသည် ချူးပင်၏မျက်နှာအား မြင်တွေ့လိုက်ရသောအခါ အံ့သြသွား၏။

"ဟင် ... ချူးပင်"

သူမ အလွန်အံ့သြသွား၏။

"အစ်ကိုချူးပင် ... ဘယ်လိုလုပ် ဒီကိုရောက်လာတာလဲ"

ချူးပင်က သူမအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေသည်။

ဝမ်းလိုကန်းက မွဲပြုံးပြုံး၏။

"အံ့သြနေသလား မွန်မွန်၊ ချူးပင်က ဒီရွာမှာလာပြီး အိမ်ထောင်ကျနေတာ"

သူက အဝေးခွဲရပ်နေသော ကျွေးဟုန်အား ညွှန်ပြလိုက်၏။

"ဟိုဟာ သူ့မိန်းမပေါ့"

မွန်မွန်က ခေါင်းကို သွင်သွင်ခါယမ်း၏။

"မဖြစ်နိုင်ဘူး၊ ရှင် ဘာမှဝင်မပြောနဲ့"

"သြော် မွန်မွန်ရယ် ... မင်းဟာ အတော်ကို သနားစရာကောင်းနေပြီ"

"ဘာဖြစ်လို့ သနားစရာကောင်းတာလဲ"



"ချူးပင်က မင်းကို သစ္စာဖောက်သွားပြီလေ"

"အို"

မွန်မွန်သည် ချူးပင်အား လှည့်ကြည့်၏။

"အစ်ကိုချူးပင် စကားပြောပါဦး၊ သူ မတရားပြောနေတာကို နားထောင်ကောင်းလို့ နားထောင်နေတာလား"

ချူးပင်မှာမူ ကြောင်အမ်းအမ်းဖြင့် မွန်မွန်အား ကြည့်နေသည်။ ဝမ်းလိုကန်းက မွန်မွန်အား ညွှန်ပြလိုက်ပြီး ...

"မင်း သူ့ကိုသိလား"

ချူးပင်က မွန်မွန်အားကြည့်၍ ခေါင်းခါပြသည်။

"ဟင့်အင်း"

မွန်မွန်သည် မယုံကြည်စွာဖြင့် ချူးပင်အား ကြည့်ကာ ...

"အစ်ကို ... ကျွန်မကိုမသိဘူး ဟုတ်လား"

"မသိဘူး"

ဝမ်းလိုကန်း ခနဲ့ပြုံးပြုံး၏။

"တွေ့လား ... မသိဘူးလို့ ပြောနေပြီ၊ ပြောမှာပေါ့၊ ဟိုမှာ သူ့မိန်းမရှိနေတယ်လေ"

သူက ကျွေးဟုန်အား ညွှန်ပြရင်း လက်ယပ်ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ညီမ ဒီကိုလာစမ်း၊ မကြောက်ပါနဲ့"

ကျေးဟုန်က မဝံ့မရဲလျှောက်လာ၏။

ဝမ်းလိုကန်းက ချူးပင်အား ညွှန်ပြ၏။

"သူက မင်းရဲ့ခင်ပွန်း မဟုတ်လား"

ကျေးဟုန်က ...

"ကျွန်မတို့ မယူကြသေးပါဘူး"

"နောက် ယူကြမယ်မဟုတ်လား"

ကျေးဟုန်၏မျက်နှာ နီရဲသွား၏။

ဝမ်းလိုကန်းက မွန်မွန်အား တစ်ချက်ပြုံးပြလိုက်လေသည်။

"တွေ့လား၊ ဒါကြောင့် ... ချူးပင်က မင်းကို မသိဘူးလို့ ပြောလိုက်တာ၊ ဒါလောက်ဆို သဘောပေါက်ဖို့ ကောင်းပါပြီ"

မွန်မွန်၏မျက်ဝန်းအစုံတွင် မျက်ရည်များ ဝဲလာလေသည်။

သူမသည် ချူးပင်အား စိုက်ကြည့်လိုက်၏။

"ကျွန်မ စကားတစ်ခွန်းမေးမယ်၊ မှန်မှန်ဖြေရမယ် ... သိလား"

ချူးပင်က ကြောင်အမ်းအမ်းဖြင့် ခေါင်းညိတ်လိုက်လေသည်။ မွန်မွန်က ...



"ညီမကို ရှင်က သိသလား၊ မသိဘူးလား ဒါပဲပြော"

အတန်ကြာတော့မှ ချူးပင်က ခေါင်းယမ်း၏။

"စိတ်မဆိုးပါနဲ့ ညီမ၊ ကျုပ် မင်းကိုမသိပါဘူး"

သူမသည် ချူးပင်၏စကားကို ကြားရသောအခါ ဒေါသလည်းဖြစ်၊ ခံပြင်းလည်း ခံပြင်းမိ၏။

"ကျေးဇူးကန်းတဲ့လူ"

သူမသည် ချူးပင်၏ပါးပြင်သို့ ရိုက်ချလိုက်လေသည်။

"ဖြန်း"

ချူးပင်၏မျက်နှာသည် တစ်ဖက်သို့လည်သွား၏။ လက်ဝါးရာငါးခုသည် သူ၏ပါးပြင်၌ ကျန်ရစ်ခဲ့၏။ ထို့နောက် သူမသည် လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာအုပ်၍ ပြေးလွှားထွက်ခွာသွားလေတော့၏။

✷

မုန်တိုင်းသည် လျှင်မြန်စွာရောက်ရှိလာပြီး လျှင်မြန်စွာပင် ကွယ်ပျောက်သွား၏။ တံငါတဲများသည် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားကြကုန်၏။ ရွာသူရွာသားများသည် အမျိုးအပြား

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာရရှိသွား ကြကုန်၏။

တစ်ရွာလုံး လူကြီး လူငယ်၊ မိန်းမ ယောကျ်ား အလုပ်များနေကြ၏။ ကျွေးဟုန်သည် ဒဏ်ရာရရှိသော ချူးပင်အား ပြုစုနေရ၏။

ချူးပင်သည် ဝမ်းလိုကန်းနှင့် တိုက်ခိုက်ရာမှ ဒဏ်ရာရရှိခဲ့သည့်အပြင် မုန်တိုင်းဒဏ်ကြောင့် သူ၏ဦးခေါင်းမှာ အိမ်တိုင်နှင့်ဆောင့်မိပြီး ဒဏ်ရာရရှိသွားပြန်၏။

ကျွေးဟုန်က စိတ်မောလူမောဖြင့် ကုသရသည်။ ပြုစုရသည်။ ထို့ပြင် ရွာသူကြီး၏သမီးဖြစ်သောကြောင့် ရပ်ရွာလုပ်ငန်းကိုလည်း တစ်စိတ်တဝေ ပါဝင်လုပ်ဆောင်နေရ၏။

နောက်တစ်နေ့ မိုးလင်းလာခါမှ ရွာတစ်ခုလုံး ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိခဲ့လေသည်။

✸

နံနက်နေရောင်ခြည်ဖျော့ဖျော့သည် သဲသောင်ပြင်ပေါ်သို့ ကျနေ၏။ ကျွေးဟုန်သည် တစ်ညလုံး အလုပ်လုပ်နေရသဖြင့် အိပ်ရေးပျက်လာ၏။



သူမသည် အိမ်ထဲသို့ ပြန်လည်ရောက်ရှိလာသောအခါ အိပ်ချင်မူးတူးဖြင့် ချူးပင်၏အခန်းသို့ မှား၍ပင် ရောက်သွားမိလေသည်။

ချူးပင် အိပ်ရာမှ နိုးလာ၏။ ရှေးဦးဆုံး သူမြင်တွေ့လိုက်ရသောအရာမှာ ကျူထရံများဖြင့် ပြုလုပ်ထားသော မျက်နှာကျက်ဖြစ်၏။

သူသည် ဘယ်ဘက်သို့ ငဲ့ကြည့်လိုက်ရာ ကျူထရံများ ဖြစ်၏။ သူက အံ့ဩစွာဖြင့် ထလိုက်၏။ ယခုမှ သူ၏ကိုယ်ပေါ်တွင် စည်းထားသော ဒဏ်ရာများကို တွေ့ရသည်။

ပြတင်းပေါက်ကျော်၍ ကြည့်လိုက်သောအခါ ပင်လယ်ရေပြင်နှင့် တံငါလှေများကို တွေ့ရှိလိုက်၏။ သူ အံ့ဩသွားပြန်၏။

“ငါ ... ဘယ်ကိုများ ရောက်နေပါလိမ့်”

သူက ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ပြတင်းပေါက်ရှိရာသို့ လျှောက်သွားသည်။

ပြတင်းပေါက်မှရပ်၍ အပြင်သို့ လှမ်းကြည့်လိုက်သည်။

မိမိရောက်နေသောနေရာမှာ တံငါရွာဖြစ်သည်ကို သိရှိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ငါ တံငါရွာရောက်နေတာပဲ"

ထိုစဉ် တံခါးတွန်းဖွင့်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ အမျိုးသမီးတစ်ယောက်က အခန်းတွင်းသို့ ဝင်လာသည်ကို တွေ့ရှိရသည်။ အကျိုးအကြောင်းမေးမြန်းရန် ပါးစပ်ဟလိုက်ရာ မိန်းကလေးက ...

"အစ်ကို နိုးလာပြီလား"

ဟု မေးသည်။

"ဟုတ်ကဲ့"

မိန်းကလေးက ...

"လေမုန်တိုင်းဒဏ်ကြောင့် တစ်ရွာလုံး ပျက်စီးလုမတတ်ပါပဲ၊ ဒါကြောင့် ကျွန်မက သွားပြီးကူညီတာ၊ ဟင်း ဟင်း ... အိပ်ချင်လို့ အခန်းမှားဝင်မိတာ"

မိန်းကလေးသည် မိမိအပေါ် ရင်းရင်းနှီးနှီး ဆက်ဆံလာသည်ကိုတွေ့ရသဖြင့် ...

"ဒါနဲ့ ညီမ ... အစ်ကို့ကို သိလို့လား"

မိန်းကလေးသည် ခွက်ထိုးခွက်လှန်ရယ်မောလိုက်ပြီး ...

"အစ်ကိုကလည်း ရယ်စရာပြောနေပြန်ပြီ"



"ရယ်စရာပြောနေတာ မဟုတ်ဘူး၊ အကောင်းမေးနေတာ"

မိန်းကလေး ရယ်မောနေရာမှ ရပ်တန့်ကာ ...

"ကျွန်မကို အစ်ကိုက မသိဘူးဟုတ်လား"

"ဟုတ်တယ်"

မိန်းကလေး၏မျက်နှာ ကွက်ခနဲပျက်သွား၏။

"ဒုက္ခပါပဲ ... ရှင် သတိရလာပြီနဲ့တူတယ်"

ချူးပင်မှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

"ညီမ ဘာတွေပြောနေတယ်ဆိုတာ ကျုပ် နားမလည်ပါလား"

"ကျွန်မ ကျေးဟုန်လေ ... အစ်ကို မှတ်မိလား"

ချူးပင် ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

"အစ်ကို့နာမည် ချွေ့လှိုင်မဟုတ်လား"

"မဟုတ်ဘူး"

"ဒါဖြင့် အစ်ကို့နာမည်က ဘယ်သူလဲ"

"ချူးပင်"

ထိုနာမည်ကိုကြားလိုက်သည်နှင့် ...

www.burmeseclassic.com

www.burmeseclassic.com



ကျွေးဟုန်မှာ ကြမ်းပေါ်သို့ ထိုင်ချလိုက်ပြီး ငိုကြွေးလေ၏။

ချူးပင်မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။

ထိုအချိန်တွင် အဘိုးအိုတစ်ယောက် ဝင်ရောက်လာပြန်လေ၏။ သူသည် ကျွေးဟုန် ကြမ်းပေါ်ထိုင်၍ အော်ဟစ်ငိုကြွေးနေသည်ကို တွေ့မြင်ရသဖြင့် ...

“ဘာဖြစ်လို့လဲသမီး ပြောစမ်း”

ကျွေးဟုန်သည် ငိုကြွေးရင်း ချူးပင်အား လက်ညှိုးထိုးပြလိုက်လေသည်။

“သူ ... သူ မကောင်းဘူး”

အဘိုးအိုက ချူးပင်အား လှည့်ကြည့်ပြီး ...

“မင်းကလည်းကွာ ... ဘာဖြစ်လို့ မင်းညီမကို ငိုအောင်စနေရတာလဲ”

ချူးပင်က အဘိုးအိုအား လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုလိုက်၏။

“အဘက ဘယ်သူလဲ”

အဘိုးအိုက ...

“ဘာကွ ... ငါက ဘယ်သူလဲ ဟုတ်လား”



“ဟုတ်ကဲ့ ... မသိလို့မေးတာပါခင်ဗျာ”

“မင်း ရူးများ ရူးနေသလား၊ ငါက ကျွေးဟုန်ရဲ့အဖေလေ”

“ကျွေးဟုန်ဆိုတာ ဟို ထိုင်နေတဲ့ကောင်မလေးလား”

အဘိုးအိုက ဒေါသထွက်လာ၏။

“မင်း ... မင်း”

ချူးပင်သည် ထိုအဘိုးအိုက မိမိအပေါ် ဘာကြောင့် ဒေါသကြီးနေသည်ကို နားမလည်အောင်ပင် ဖြစ်နေ၏။

“ကျွန်တော့်ကို သွားခွင့်ပြုပါ”

ချူးပင်က လက်နှစ်ဖက်ဆုပ်၍ အရိုအသေပြုကာ နှုတ်ဆက်လိုက်သည်။ ကြမ်းပေါ်၌ ထိုင်၍ငိုနေသော ကျွေးဟုန်က ...

“ရှင် ဘယ်မှမသွားရဘူး”

“ဘာ ... ဘာဖြစ်လို့လဲခင်ဗျာ”

“ဘာဖြစ်ရမှာလဲ၊ ရှင် ... ရှင်က ကျွန်မယောကျ်ား”

“ကျုပ် ... ကျုပ်က ခင်ဗျားရဲ့ယောကျ်ား ဟုတ်လား”

“ဟုတ်တယ်”

အဘိုးအိုမှာ ကျွေးဟုန်အား နားမလည်ဘဲ ကြောင်၍ ကြည့်နေသည်။ ချူးပင်က မချိပြုံး ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ မကျီစယ်ပါနဲ့ဗျာ"

"ရှင့်ကို ဘယ်သူက ကျီစယ်နေလို့လဲ၊ ရှင် ကျေးဇူးကန်း စကားမပြောနဲ့"

"ကျုပ်က ကျေးဇူးကန်းတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့ကို ကျေးဇူးကန်းတာလဲ"

"ကျွန်မကို"

ချူးပင် ပါးစပ်ပိတ်ထားလိုက်သည်။ အဘိုးအိုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းကိုကြည့်ရတာ သတိပြန်ရလာပြီနဲ့ တူတယ်"

ချူးပင် မျက်မှောင်ကြုတ်သွားသည်။

"ကျွန်တော် သတိပြန်ရလာတယ်ဆိုတော့ ကျွန်တော်က သတိမေ့နေလို့လား"

"ဟုတ်တယ်"

ချူးပင် ရေထဲမျောပါလာ၍ သမီးကျွေးဟုန်က ကယ်တင်ခဲ့ကြောင်း၊ ကိုယ့်အမည်ကို သတိမရဘဲ အတိတ်မေ့ခဲ့ကြောင်း၊ ကျွေးဟုန်က ပြုစုစောင့်ရှောက်ခဲ့ကြောင်းနှင့် ကျားခေါင်းဂိုဏ်းသားများ



လာရောက်တိုက်ခိုက်၍ ဒဏ်ရာရခဲ့ကြောင်း ... စသည်များကို အသေးစိတ် ပြောပြလိုက်လေသည်။

အဘိုးအိုက သေသေချာချာ ရှင်းပြလိုက်တော့မှ ချူးပင် အဖြစ်မှန်ကို သိရှိလိုက်၏။

ကျွေးဟုန်ကလည်း သူသတိရလာလျှင် ထွက်သွားမည်စိုး၍ သူမ၏ခင်ပွန်းဟု ပြောမိပြောရာ ပြောခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံလေသည်။ ထိုအခါမှ ချူးပင်လည်း စိတ်သက်သာရာ ရသွားလေသည်။

"အခုလို ကျုပ်ကို ကူညီစောင့်ရှောက်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်မှာ လုပ်စရာတွေ ရှိနေသေးတာမို့ ပြန်ပါဦးမယ်၊ ကိစ္စတွေပြီးတာနဲ့ ဆက်ဆက်ပြန်လာခဲ့ပါ့မယ်"

"တကယ်ပြောတာလား အစ်ကို"

"အစ်ကိုက ကျေးဇူးကန်းတတ်တဲ့လူ မဟုတ်ပါဘူးကွာ"

သို့ဖြင့် ...

ချူးပင်သည် နောက်တစ်နေ့နံနက်စောစောတွင် ကျွေးဟုန်တို့သားအဖအား နှုတ်ဆက်ထွက်ခွာခဲ့လေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံခြင်း

ချူးပင်သည် အဘွားကြီးဌာနချုပ်သို့ ရောက်ရှိလာလေသည်။ သူသည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

မိမိ၏မျက်လုံးများပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားလေ၏။ မြင်ကွင်းတစ်ခုလုံးမှာ အကျည်းတန်လှသည်။

အဘွားကြီးဌာနချုပ်၏အဆောက်အအုံသည် ပြာပုံအသွင်သို့ ကူးပြောင်းနေပြီမဟုတ်ပါလား။ အလောင်းများသည် မရှုရက်လောက်အောင် ပြန့်ကျဲနေ၏။ ဘယ်သူ၏လက်ချက်နည်း။

မည်သူက အဘွားကြီးဂိုဏ်းအား ယခုကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်သွားပါသနည်း။

ထိုအချိန်မှာပင် လူသုံးယောက် ပြေးလွှားရောက်ရှိလာကြသည်။ တန်လီနှင့်အဖွဲ့သားနှစ်ယောက်ဖြစ်၏။ သူတို့သည် ချူးပင်ကို တွေ့မြင်လိုက်သောအခါ ဝမ်းသာအားတက် ဖြစ်သွားကြ၏။



"ဂိုဏ်းချုပ်ကြီး"

ချူးပင် ခြေလှမ်းရပ်သွား၏။

"ဟေ ... တန်လီပါလား"

တန်လီနှင့်အဖွဲ့သားနှစ်ယောက်တို့က အရိုအသေပြုလိုက်သည်။

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး"

"ငါတို့ဌာနချုပ်က ဘယ်လိုဖြစ်ကုန်ကြတာလဲ"

"မသိဘူး ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့ သုံးယောက်က ဂိုဏ်းချုပ်ကို လိုက်ရှာရင်း တံငါရွာတစ်ရွာကို ရောက်သွားပါတယ်၊ ပြန်လာတဲ့အခါ ဌာနချုပ်တစ်ခုလုံး ပြာကျသွားတာကို တွေ့ရတော့တာပါပဲ"

"ဘယ်သူ့လက်ချက်လဲဆိုတာ သိလား"

"မသိပါဘူး ဂိုဏ်းချုပ်ကြီး"

သူက တစ်စုံတစ်ခုကို သတိရလာ၏။

"ကျွန်တော်တို့ ဒီကိုရောက်တော့ မီးလောင်နေတုန်းပဲ၊ မီးပုံထဲက လူတစ်ယောက် ထွက်ပြေးလာတာကိုတွေ့တော့ သူ့ကို ဝင်ကယ်လိုက်တယ်၊ သူတစ်ယောက်တော့ မသေဘဲ ကျန်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ"

"ဟိုကျင်းပေါင်ပါ ဂိုဏ်းချုပ်ကြီး"

"မင်းတို့က သူ့ကို မေးမကြည့်ဘူးလား"

"မေးပါတယ် ဂိုဏ်းချုပ်ကြီး"

"သူက ဘာပြောသလဲ"

"သူလည်း အိဝ်ရာက မီး ... မီးလို့ ကြားလို့ထွက်လာတော့ မီးလောင်နေပြ"

"အခု သူဘယ်မှာလဲ"

"သူ ဆွေမျိုးတစ်ယောက်အိမ်မှာနေပြီး ဒဏ်ရာကို ကုသနေပါတယ်"

"ငါ့ကို သူ့ဆီ လိုက်ပို့ပေးပါ"

"ဟုတ်ကဲ့"

တန်လီသည် ချူးပင်အား လမ်းပြခေါ်ဆောင်သွားလေသည်။

* * *



## အနွံ့ရာယ်သွယ်ယှက်

ချူးပင်သည် ဟိုကျင်းပေါင်အား လမ်းကြားတစ်ခု၏အခန်းကျဉ်းထဲ၌ တွေ့ခဲ့ရလေ၏။ ဟိုကျင်းပေါင်မှာ မီးလောင်သော ဒဏ်ရာမှအပ အခြားဒဏ်ရာများ မရှိပါ။

သူသည် တန်လီနှင့်အဖွဲ့ဝင်နှစ်ယောက်မှအပ အဘွားကြီးဂိုဏ်းမှ အသက်ရှင်လျက် ကျန်ရစ်ခဲ့သော အဖွဲ့ဝင်တစ်ယောက် ဖြစ်၏။ သူသည် ချူးပင်အား တွေ့မြင်လိုက်သည်နှင့် အလွန်ဝမ်းသာဝမ်းနည်းဖြစ်သွား၏။

"ဂိုဏ်းချုပ်ကြီးကို လေးစားပါတယ်"

သူက အရိုအသေပြုရင်း ဝမ်းနည်းပက်လက်ငိုကြွေးလေသည်။

"ဂိုဏ်းချုပ်ကြီး ... သေဆုံးသွားတဲ့ ညီအစ်ကိုတွေအတွက် လက်စားချေပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်က စိတ်မကောင်းဖြစ်သွား၏။

"စိတ်ချ … ဟိုကျင်းပေါင်၊ ငါတို့ဂိုဏ်းက လူပေါင်းဆယ်ယောက်ရဲ့သွေးကြွေးကို တောင်းခံရမှာပဲ"

ဟိုကျင်းပေါင်က …

"ရန်သူဘယ်သူလဲဆိုတာ ဂိုဏ်းချုပ်ကြီး သိလား"

ချူးပင်က …

"မင်းရော မသိဘူးလား"

ဟိုကျင်းပေါင်က …

"ကျွန်တော်က အိပ်နေရာ မီးအော်သံကြားလို့ နိုးလာပြီး ပြေးထွက်လာတာ၊ တိုက်ခိုက်တဲ့အသံ ဆူဆူညံညံပဲ ကြားလိုက်ရတယ်၊ နောက် ဘာမှမကြားရတော့ဘူး၊ မီးများဝိုင်းထားမိနေတုန်း ရဲဘော်တန်လီတို့က ရောက်လာပြီး ကျွန်တော့်ကို ကယ်ထုတ်ခဲ့တာပဲ သိပါတော့တယ်ခင်ဗျာ"

ချူးပင်က အတန်ကြာ စဉ်းစားလိုက်၏။

"ကျူးပ်ထင်တာတော့ မြွေဟောက်မယ် ဖြစ်ရမယ်လေ"

ဟိုကျင်းပေါင်က …

"ဂိုဏ်းချုပ် ဘယ်လိုလုပ်သိလိုက်တာလဲ"



ချူးပင်က …

"မီးလောင်ပြီး ကျွန်ရစ်ခဲ့တဲ့နံရံမှာ မြွေဟောက်ရုပ်တစ်ခု ရေးထားတာတွေ့ရလို့"

ဟိုကျင်းပေါင်က တစ်စုံတစ်ခု သတိရလာ၏။

"ဟုတ်မယ် ဂိုဏ်းချုပ်ကြီး"

ချူးပင်က သူ့အား ကြည့်လိုက်၏။

"မင်းက ဘာကိုတွေ့ထားလို့လဲ"

"ဒီလိုပါ ဂိုဏ်းချုပ်ကြီး"

သူသည် မြွေဟောက်မယ်နှင့်ပတ်သက်သည်များကို ပြောပြလိုက်လေသည်။

*

မွန်းတည့်ချိန်ဖြစ်သည်။

ယင်းအချိန်သည် ခရီးသွားလာသောသူများအဖို့ တစ်ထောက်နား၍ အစာ အာဟာရ ဖြည့်တင်းရသောအချိန် ဖြစ်သည်။

ထိုအချိန်တွင် အဘွားကြီးဂိုဏ်းမှမာန်ကျင်းသည် ဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ချူးပင်၏အကြောင်း ပြောဆိုနေ၏။ သူ၏အနီးဆုံးစားပွဲမှ အမျိုးသမီးတစ်ယောက်က သူတို့ စားပွဲရှိရာသို့ ကူးလာ၏။

မာန်ကျင်းက အံ့ဩစွာဖြင့် အကဲခတ်ကြည့်လိုက်ရာ ထို အမျိုးသမီးမှာ လက်တစ်ဖက်ပြတ်နေသည်ကိုတွေ့ရှိရ၏။ အမျိုးသမီးက ...

"ခုနတုန်းက မင်းတို့ ချူးပင်အကြောင်း ပြောနေတာ ကြားလိုက်တယ်၊ ချူးပင်ဆိုတာ ဘယ်သူလဲ"

"ကျုပ်တို့ ဂိုဏ်းချုပ်အသစ်စက်စက်ပါ"

"မင်းတို့ပြောတဲ့ ချူးပင်ဆိုတာ လျှပ်စစ်ဓားချူးဝမ်ကျုံးရဲ့ သား မဟုတ်လား"

"ဟုတ်ပါတယ်"

"သူ အခုဘယ်မှာလဲ"

မာန်ကျင်းက ...

"ကျုပ်တို့ကိစ္စရှိလို့ ခရီးထွက်လာတာ၊ သူ ဘယ်မှာရှိတယ် သတိမထားမိဘူးဗျ"

"မင်းတို့ဂိုဏ်းက ဘာလဲ"

"အဘွားကြီးဂိုဏ်းပါ"



"အဘွားကြီးဂိုဏ်းရဲ့ ဂိုဏ်းချုပ်က ချူးပင်ကိုး"

အမျိုးသမီးက ယင်းသို့ကောက်ချက်ချပြီး ထမင်းဖိုးရှင်းပေး၍ ထွက်သွားလေသည်။

✹

ချူးပင်သည် ဟိုကျင်းပေါင်၏စကားဆုံးအောင်နားထောင်ပြီးသည်နှင့် လူသတ်ကောင်မှာ မြွေဟောက်မယ် ချင်းလိန်ဖြစ်သည်ဟု တစ်ထစ်ချယုံကြည်၏။

"ဟုတ်တယ်၊ မြွေဟောက်မယ်ရဲ့လက်ချက်ဖြစ်တာ သေချာပြီ"

ဟိုကျင်းပေါင်က ...

"မြွေဟောက်မယ်နဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ရန်ငြိုးရှိလို့လား"

ချူးပင်က ခေါင်းညိတ်၏။

"ရှိတယ်၊ ကျုပ်ရဲ့မိဘကို သူက သတ်သွားတယ်၊ ဘာရန်ငြိုးကြောင့် ဖြစ်တယ်ဆိုတာတော့ ကျုပ်လည်း မသိဘူး"

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကြောင့် အခုလိုဖြစ်ရတာ ကျုပ်စိတ်မကောင်းဘူး၊ သူ့ကိုလည်း လက်စားချေရလိမ့်မယ်"

ဟိုကျင်းပေါင်က ...

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး၊ အခု ဘာများစီစဉ်ထားပါသလဲ"

ချူးပင်က ...

"လက်ရှိအခြေအနေအရ ဘာမှလုပ်နိုင်တဲ့အစီအစဉ် မရှိဘူး၊ ကျုပ်အနေနဲ့ ထင်းစန်းတောင်တက်ပြီး သူနဲ့ယှဉ်လောက်တဲ့ သိုင်းပညာသင်ယူရမယ်၊ ပြီးတော့ အဘွားကြီးရဲ့အဖွဲ့ကို ပြန်ထူထောင်မယ်"

ဟိုကျင်းပေါင်က ခေါင်းညိတ်၏။

"ကောင်းပါတယ် ဂိုဏ်းချုပ်ကြီး"

ချူးပင်က ထိုင်ရာမှ ထလိုက်၏။

"ကဲ ... မင်းဒဏ်ရာပျောက်တဲ့အထိ အနားယူလိုက်"

သူက တန်လီဘက်သို့ လှည့်လိုက်၏။

"မင်းက တကွဲတပြားစီဖြစ်သွားတဲ့ ဂိုဏ်းသားများကို သူတို့ရဲ့နာမည်နဲ့ နေရပ်ကို အတိအကျမှတ်ထားလိုက်၊ တစ်နေ့ ငါတို့ဂိုဏ်းကို ပြန်ထူထောင်တဲ့အခါ အလွယ်တကူ စုဝေးနိုင်မယ်"



တန်လီက ...

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

ချူးပင်က ...

"ကဲ ... ငါသွားမယ်၊ အမြန်ဆုံးခြောက်လ၊ အကြာဆုံး တစ်နှစ်၊ ငါပြန်လာမယ်"

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

တန်လီတို့က အရိုအသေပြုလိုက်သည်။ ချူးပင်တို့သည် သူတို့အား နှုတ်ဆက်၍ ထွက်ခွာသွားလေသည်။

✻

မွန်းလွဲချိန်ရောက်လာလေပြီ။ ချူးပင်သည် ထင်းစန်းတောင်ရှိရာသို့ ဦးတည်၍လျှောက်သွားသည်။

သူသည် အတန်ကြာလျှောက်လာမိသောအခါ သူ၏ခေါင်းပေါ်သို့ ခိုတစ်ကောင်၏တောင်ပံခတ်သံကို ကြားရသည်။

သူက မော့ကြည့်လိုက်ရာ ခိုတစ်ကောင်သည် အရှေ့ဘက်ဦးတည်ပျံသန်းသွားနေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ၌ အလိုလိုသံသယဖြစ်လာသည်

"ဒီနိုတစ်ကောင်ဟာ သတင်းပို့တဲ့နို ဖြစ်ရမယ်၊ ငါ့အကြောင်း သတင်းပို့တာဖြစ်ရမယ်"

သူကတွေးရင်း မိမိတွေးသည်မှာ မှန်ကန်သည်ဟု ယူဆမိသည်။

"ဘယ်သူက ဘယ်သူ့ဆီ သတင်းပို့တာလဲ"

သူက ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိသည်။ သူက ဆက်၍ လျှောက်သွားနေရာ နေဝင်ချိန်တွင် တောအုပ်တစ်ခုထဲသို့ ရောက်ရှိလာသည်။

တောအုပ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် လူဆယ်ယောက်ခန့် ရုတ်တရက်ပေါ်လာသည်။

ထိုလူများအားလုံးတို့သည် မိုးပြာရောင်အင်္ကျီ၊ မိုးပြာရောင်ခေါင်းစည်းများ ဆင်ယင်ထားသည်။ ရှေ့မှဦးဆောင်သောသူမှာ အဘိုးအိုတစ်ယောက်ဖြစ်လေသည်။

ချူးပင် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားတို့က ဘယ်အဖွဲ့ကလဲဗျ"

အဘိုးအိုက ...



"မြွေဟောက်ဂိုဏ်း"

ချူးပင် ဒေါသထွက်လာ၏။

"အဘွားကြီးဂိုဏ်းကို လူသတ်မီးရှို့ကာ ခင်ဗျားတို့ရဲ့လက်ချက်လား"

အဘိုးအိုက ခေါင်းညိတ်၏။ ချူးပင်က ...

"အဘွားကြီးနဲ့ ဘာရန်ငြိုးရှိလို့လဲ"

အဘိုးအိုက ...

"ရန်ငြိုးရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မဆိုလိုပါဘူး"

ချူးပင်က ...

"ဒါဖြင့် ဘာဖြစ်လို့လဲ"

အဘိုးအိုက ...

"မြွေဟောက်ဂိုဏ်းဟာ အချိန်မကြာမီမှာ သိုင်းလောကရဲ့ အဓိပတိဖြစ်တော့မယ်၊ ဒါကြောင့် ငါတို့ကို သစ္စာမခံချင်တဲ့ ဘယ်အဖွဲ့အစည်းမဆို ငါတို့က သုတ်သင်ရှင်းလင်းရမှာပဲ"

ချူးပင်က ရယ်မောလိုက်သည်။

"မြွေဟောက်ဂိုဏ်းက ဘာအရည်အချင်းရှိလို့ သိုင်းလောကရဲ့ အဓိပတိဖြစ်ချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ရယ်မောလိုက်သည်။

"ဘာအရည်အချင်းမှမလိုဘူးကွ၊ လူသတ်မယ့် အရည်အချင်းရှိရင် အားလုံးက သဘောခံရမှာပဲကွ"

ချူးပင် စိတ်ပျက်သွားသည်။

"သိုင်းလောကရဲ့အဓိပတိဖြစ်ဖို့ဆိုတာ လူသတ်ကောင်မဖြစ်ရဘူး။ လူအများရဲ့အခက်အခဲတွေ ကူညီ၊ လူအများရဲ့ကြည်ညိုလေးစားမှု ခံယူရမယ်၊ ဒါကို ခင်ဗျားတို့ မြေဟောက်မက နားလည်ရဲ့လား"

အဘိုးအိုက ဒေါသချောင်းချောင်းထွက်လာ၏။

"မင်း သေချင်လို့လား"

သူက လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ သူ၏လူစုများမှာ ချူးပင်အား ဝင်ရောက်တိုက်ခိုက်လိုက်လေတော့၏။

အဘိုးအိုကပါ ဝင်ရောက်တိုက်ခိုက်သောအခါ တိုက်ပွဲ၏အခြေအနေသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။

ချူးပင် အရေးနိမ့်သွားလေသည်။ သို့သော် အဘိုးအိုတို့လူစုများကလည်း ရုတ်တရက် အနိုင်မရနိုင်သေးဘဲ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။



နောက်ထပ် အတန်ကြာတိုက်ခိုက်လိုက်သောအခါ ချူးပင်မှာ ခြေကုန်လက်ပန်းကျလာလေသည်။

မိုးပြာရောင်ဝတ်စုံဝတ်တို့သည် ချူးပင် ခြေကုန်လက်ပန်းကျလာသည်ကို တွေ့ရှိလိုက်သည်နှင့် အားတက်လာပြီး ဖိ၍ တိုက်ခိုက်လိုက်လေသည်။

ချူးပင်မှာ မဟာန်နိုင်တော့ပါ။ အများ၏ဓားချက်နှင့် သေဆုံးရတော့မည့်အခြေအနေသို့ ရောက်ရှိလာ၏။ သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ငါ သေရတော့မှာပါလား"

ဟု ကျိတ်၍ရေရွတ်မိလေသည်။

'ချွမ်း'

သူ၏ဓားသည် မြေပေါ်သို့ လွင့်စဉ်ကျသွား၏။ သူသည် ဒူးထောက်၍ လဲကျမည့်ဆဲဆဲမှာပင် ကျာပွတ်သံတစ်ချက် ကြားရ၏။

'ဝှီး'

ကျာပွတ်ရှည်တစ်ခုသည် မြွေဟောက်တစ်ကောင်ပမာ ချူးပင်၏ကိုယ်ပေါ်သို့ ကျရောက်သည့် ဓားများအား ရစ်ပတ်ဆွဲယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချွမ်း ချွမ်း ချွမ်း'

ဓားများသည် လွင့်စဉ်သွားကြသည်။

မိုးပြာရောင်အင်္ကျီဆင်တူဝတ်ထားကြသော လူခြောက်ယောက်တို့သည် ဓားလက်လွတ်သွားကြသဖြင့် ထိတ်လန့်ကာ နောက်သို့ ကပျာကယာ ဆုတ်သွားရသည်။

အားလုံးက လှည့်ကြည့်လိုက်သည်။

အနက်ရောင်အင်္ကျီနှင့် ဘောင်းဘီဝတ်ဆင်ထားပြီး မျက်နှာဖုံးနှင့် ဦးခေါင်းတစ်ခုလုံး စွပ်ထားသော လူတစ်ယောက်က လက်တစ်ဖက်က ကျာပွတ်ရှည်ဖြင့် ချူးပင်ဆီသို့ ချဉ်းကပ်လာနေသည်ကို တွေ့မြင်လိုက်ရသည်။

ထိုသူ၏ခန္ဓာကိုယ် သေးသွယ်ပုံကို ကြည့်ခြင်းအားဖြင့် မိန်းကလေးတစ်ယောက် ဖြစ်ရမည်ဟု ခန့်မှန်းနိုင်၏။

သို့သော် မျက်နှာဖုံး မျက်လုံးပေါက်နှစ်ပေါက်မှ မျက်လုံးအစုံသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် စူးရှနေ၏။

ထိုမျက်လုံးအစုံသည် လူသား၏မျက်လုံးများနှင့် လုံဝမတူဘဲ အလွန်အဆိပ်ပြင်းသော သတ္တဝါတစ်ကောင်၏မျက်လုံးများနှင့် တူလှပေသည်။



အဘိုးအိုသည် ထိုမျက်လုံးရှင်အားကြည့်ရင်း အေးစိမ့်သော အငွေ့တစ်ခုက ခြေဖဝါးမှကျောပြင်အထိ ချမ်းစိမ့်လာသည်ဟု ခံစားလိုက်ရလေသည်။

"မင်းက ဘယ်သူလဲ"

အဘိုးအိုက အရဲစွန့်၍ မေးလိုက်သော်လည်း အသံက တုန်ခါနေ၏။

အနက်ရောင်ဝတ်ဆင်ထားသော မိန်းကလေးက စကားပြန်မပြောဘဲ ချူးပင်၏လက်ကို ဆွဲလိုက်၏။ နောက်သို့ ဆွဲခေါ်သွား၏။

"ရပ်လိုက်"

အဘိုးအိုက ဟန့်တားလိုက်၏။ အနက်ရောင်ဝတ်ဆင်ထားသောလူ၏မျက်လုံးအစုံသည် စိမ်းဖန့်ဖန့်အရောင်သို့ ကူးပြောင်းသွား၏။

အဘိုးအိုနှင့်သူ၏လူစုများသည် ထိတ်လန့်တုန်လှုပ်သွားကြ၏။ သူတို့သည် အဘိုးအို၏အမိန့်ကိုပင် မစောင့်ကြဘဲ တစ်ချိုးတည်း ထွက်ပြေးတိမ်းရှောင်ကုန်ကြ၏။

"ဟော ... ဟော"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ဟန့်တားနေသော်လည်း မည်သူကမှ နားမထောင်ပါ။ တစ်ခဏအကြာတွင် သူ့လူများ၏အရိပ်ကိုပင် မမြင်တွေ့ရတော့ပါ။ အဘိုးအိုတစ်ယောက်တည်းသာလျှင် ထီးထီးကျန်ရစ်ခဲ့၏။

မိန်းကလေး၏မျက်လုံးအစုံသည် သူ့အား စူးစူးဝါးဝါးကြည့်လိုက်၏။

"ဝေလီ ... ရှင်သေချင်လို့လား"

မိမိ၏အမည်ကို ခေါ်လိုက်သောကြောင့် အဘိုးအိုက အံ့သြသွားသည်။

"ခင်ဗျားက ဘယ်သူလဲ၊ ကျုပ် ... ကျုပ်ကို သိလို့လား"

မိန်းကလေးက ...

"ကျွန်မ မေးနေပါတယ် ဝေလီ၊ ရှင် သေချင်လို့လား"

သူမက သူ့ထံသို့ ချဉ်းကပ်သွားသည်။

အဘိုးအိုဝေလီသည် ထိတ်လန့်စွာဖြင့် ပြေးလွှားသွားလေသည်။

✸



မျက်နှာဖုံးနှင့်မိန်းကလေးက ချူးပင်အားတွဲ၍ ချောင်းစပ်တစ်ခုသို့ လျှောက်သွား၏။ သူမသည် ချူးပင်အား မြက်ခင်းပေါ်၌ အိပ်စက်စေပြီး ချောင်းရေယူ၍ တိုက်ကျွေးလိုက်သည်။

တစ်ခဏကြာသွားတော့မှ ချူးပင်က အမောပြေသွားလေ၏။ သူသည် အားယူ၍ထလိုက်သည်။

"အခုလို ကျုပ်ကို ကယ်တင်တာ ကျေးဇူးမမေ့ပါဘူး ခင်ဗျာ"

မိန်းကလေးက သက်ပြင်းတစ်ချက်ချလိုက်ပြီး မျက်နှာပေါ်၌ ဖုံးကွယ်ထားသော အဝတ်များ ဖယ်ရှားလိုက်သည်။

ချူးပင်က အံ့သြဝမ်းသာသွားသည်။

"ဟင် ... မွန်မွန်"

မွန်မွန်က သူ့အား စိုက်ကြည့်နေသည်။

"ဟုတ်ပါတယ် အစ်ကိုချူးပင်"

ချူးပင်က ...

"မင်းကို တွေ့ချင်လိုက်တာ၊ အခုမှပဲ တွေ့ရတော့တယ်၊ ငါ ဝမ်းသာလိုက်တာ"

မွန်မွန်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ ကျွန်မက ရှင့်ကို ကယ်လိုက်လို့ ဝမ်းသာနေတာလား"

ချူးပင်က ...

"ဒီလိုလည်း မဟုတ်ပါဘူး၊ မွန်မွန့်ကို သိပ်သတိရလို့ တွေ့ချင်တာ"

မွန်မွန်က မဲ့ပြုံး ပြုံးလိုက်သည်။

"ဟုတ်ရဲ့လား၊ သေသေချာချာ စဉ်းစားပါဦး"

ချူးပင်က မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ မွန်မွန်ရယ်"

"ရှင့်ကို ကျွန်မက တံငါရွာမှာတွေ့ခဲ့တုန်းကဆိုရင်၊ ကျွန်မကို ကြောင်တောင်တောင်နဲ့ လုပ်လွှတ်လိုက်တယ်၊ မှတ်မိရဲ့လား"

ချူးပင် သတိရလာသည်။ သူက ရယ်မောလိုက်သည်။

"ငါ တောင်းပန်ပါတယ်၊ အဲဒီတုန်းက ငါ အတိတ်မေ့နေလို့ပါ"

မွန်မွန်က မဲ့ပြုံး ပြုံးလိုက်သည်။

"ဖြစ်နိုင်ရင် တစ်သက်လုံး အတိတ်မေ့နေတော့၊ မိန်းမလှလှလေးက ပြုစုတာကို ခံရတာပေါ့"



ချူးပင် မျက်နှာနီရဲလာသည်။

"ငါ့ကို ဒီလိုမပြောပါနဲ့၊ ငါက တကယ်အတိတ်မေ့တာပါ"

သူသည် အကြောင်းစုံကို ပြောပြလိုက်သည်။

မွန်မွန်သည် သေသေချာချာ နားထောင်ပြီးမှ အနည်းငယ် စိတ်ပြေသွားသည်။ ချူးပင်က ...

"အခု မင်း ဘယ်မှာရောက်နေတာလဲ"

မွန်မွန်က ပြောရန်ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်ထားလိုက်သည်။ သူမက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မလည်း နေရာတကျ မရှိသေးပါဘူး"

ချူးပင်က ...

"မိန်းကလေးတစ်ယောက်အနေနဲ့ ဒီလိုမနေသင့်ဘူးထင်တယ်"

မွန်မွန်သည် ချူးပင် မိမိအပေါ် ဂရုစိုက်သောစိတ်များ ရှိနေသည်ကို တွေ့ရသဖြင့် ရင်ထဲ၌ နွေးထွေးသွား၏။

"မပူပါနဲ့ ချူးပင်၊ ငါက ငါ့ဦးလေးတစ်ယောက်ဆီမှာ ခဏသွားနေမှာပါ"

ချူးပင်က စိတ်ချသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှပေါ့၊ ဒါနဲ့ မင်းဦးလေးက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

မွန်မွန်က ...

"နင် ဘာလုပ်မေးနေရတာလဲ"

ချူးပင်က ...

"ငါ တစ်နေ့လာခဲ့မှာပေါ့"

မွန်မွန်က ပြုံးလိုက်သည်။

"ကျွန်မ လက်ခံမလားဆိုတာ မမေးတော့ဘူးလား"

ချူးပင်က ...

"နို မင်းက လက်မခံချင်လို့လား"

မွန်မွန်က ရယ်မောလိုက်၏။

"လက်ခံမှာပေါ့ ချူးပင်ရယ်"

ချူးပင်သည် အနည်းငယ် သက်သာလာသဖြင့် ထရပ်လိုက်လေသည်။ သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

"ဟော ... မိုးတောင်ချုပ်လာပြီ"

✷



ဝန်းကျင်တစ်ခုလုံး မှောင်အတိကျလာပြီဖြစ်၏။ ကောင်းကင်ပေါ်၌ ကြယ်ကလေးများပင် ကျိုးတိုကျဲတဲပေါ်နေ၏။

ကြယ်ကလေး၏အလင်းရောင်အောက်တွင် ချူးပင်နှင့်မွန်မွန်တို့သည် မြေဝါလမ်းအတိုင်း လျှောက်နေ၏။

"ဒုက္ခပါပဲ၊ အနီးအနားမှာ ရွာလည်းမရှိဘူး ဘယ်မှာများတည်းရမှာလဲဟင်"

ချူးပင်က ပတ်ဝန်းကျင်အား လှည့်ကြည့်လိုက်၏။

ရုတ်တရက် သူတို့၏လက်ဝဲဘက် ခပ်လှမ်းလှမ်းတွင် မီးရောင်တစ်ခုအား တွေ့မြင်လိုက်၏။

"ဟိုမှာ မီးရောင်တွေ့တယ်၊ လူနေအိမ်ဖြစ်ရမယ်၊ သွားကြည့်ကြရအောင်"

မွန်မွန်ကလည်း တွေ့ရှိသွား၏။

"ဟုတ်တယ်၊ လူနေအိမ်ဖြစ်ပါစေ"

သူတို့နှစ်ယောက်သည် ထိုမီးရောင်ရှိသောနေရာသို့ ဦးတည်လျှောက်သွား၏။

✷

www.burmeseclassic.com

www.burmeseclassic.com



တဲအိမ်ကလေးတစ်အိမ်ဖြစ်၏။

အိမ်ရှေ့၌ ကောက်ရိုးပုံများ၊ လှည်းများ၊ လယ်ထွန်သော ကိရိယာများ ဖရိုဖရဲရှိနေသည်ကို တွေ့ရသည်။

"ဟုတ်တယ်၊ လယ်သမားတစ်ယောက်ရဲ့အိမ် ဖြစ်ရမယ်"

မွန်မွန်က ဝမ်းသာသွား၏။

"ဒါဆို အဲဒီမှာ ညစာပါစားနိုင်ရင် ပိုကောင်းတယ်"

တဲအိမ်၏တံခါး ပိတ်မထားပါ။ မီးရောင်လည်း အပြင်သို့ ဖြာထွက်နေ၏။ တဲအိမ်ထဲ၌ အဘွားအိုတစ်ဦးက အကျီချုပ်နေ၏။

သူ့အနီးတွင် အဘိုးအိုတစ်ယောက်က ဆေးတံကို အားရ ပါးရ ဖွာနေ၏။ သို့ကြောင့် မီးပွားများ ပွင့်ထွက်လာပြီး မီးခိုးများ လုံးခနဲ ထွက်နေ၏။ မွန်မွန်နှင့်ချူးပင်တို့သည် ပြိုင်တူအနီးသို့ ချဉ်းကပ်သွားသည်။

"ဒီမှာ အိမ်ရှင်တို့"

မွန်မွန်က ခေါ်လိုက်ခြင်းဖြစ်၏။

အကျီချုပ်နေသောအဘွားအိုက တုံ့ခနဲရပ်သွား၏။ သူ၏ မျက်လုံးအစုံသည် ချူးပင်နှင့်မွန်မွန်တို့အား ကြည့်လိုက်၏။



"ဘာကိစ္စရှိလို့လဲ"

အသံ အက်ကွဲနေ၏။ မွန်မွန်က ...

"ကျွန်မတို့ခရီးလွန်သွားလို့ ဒီမှာ တစ်ညလောက် တည်းခိုခွင့်ပြုပါ"

အဘွားအိုက အနီးတွင်ထိုင်နေသော အဘိုးအိုအား လှည့်ကြည့်လိုက်၏။ အဘိုးအိုက သူတို့နှစ်ယောက်အား အကဲခတ်ကြည့်ရင်း ...

"မင်းတို့က ညားခါစ ဇနီးမောင်နှံလား"

ချူးပင်က မွန်မွန်အား လှည့်ကြည့်လိုက်သည်။ မွန်မွန်က ခေါင်းငုံ့သွား၏။

"မဟုတ်ပါဘူး ခင်ဗျာ"

အဘိုးအိုက မျက်မှောင်ကြုတ်သွားသည်။

"ဟောဗျာ ဇနီးမောင်နှံမဟုတ်ရင် ညအချိန်မတော် ဘာကြောင့် အတူတူလျှောက်သွားနေရတာလဲ"

ချူးပင် ပါးစပ်ပိတ်သွား၏။ အဘွားအိုက ...

"ဒီအဘိုးကြီးက သူများရဲ့ကိုယ်ရေးကိုယ်တာ ဘာကြောင့် ဝင်စွက်ချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက မွန်မွန်အား ပြုံးပြလိုက်သည်။

"ကဲ အထဲဝင်ကြပါ"

မွန်မွန်နှင့်ချူးပင်တို့က အိမ်ထဲသို့ ဝင်သွားကြ၏။

အဘွားအိုက ထရပ်လိုက်ပြီး ချုပ်လက်စအင်္ကျီအား ဘေးသို့ ချထားလိုက်ပြီး သူတို့အတွက် အခန်းတစ်ခန်းသို့ ခေါ်ဆောင်သွား၏။ မွန်မွန်က အခန်းထဲသို့ ဝင်လိုက်၏။ ချူးပင်ကမူ အခန်းပြင်၌ ရပ်နေ၏။ အဘွားအိုက သူ့အား ပြုံးပြ၏။

"ကဲ ဝင်ပါ သူငယ်"

ချူးပင်က မည်သို့ပြုလုပ်ရမည်ကို အခက်ကြုံနေစဉ် မွန်မွန်က ခေါင်းညိတ်ပြသဖြင့် သူသည် မဝံ့မရဲဖြင့် အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အဘွားအို သူတို့နှစ်ယောက်အား အဓိပ္ပာယ်ရှိစွာ ပြုံးပြ၏။

"ဘာမှအားမနာနဲ့နော်၊ လွတ်လွတ်လပ်လပ်နေကြပါ၊ အဘွားက စားစရာသွားယူလိုက်ဦးမယ်"

သူမက ပြောပြောဆိုဆိုဖြင့် အခန်းထဲမှ ထွက်သွားလေသည်။

ချူးပင်က အားတုံ့အားနာစွာဖြင့် ...



"မွန်မွန်"

မွန်မွန်က လက်ကာပြသည်။

"ကိစ္စမရှိပါဘူး၊ အခြေအနေအရပေါ့"

တစ်ခဏအကြာတွင် အဘွားအိုက ပြန်လည်ရောက်ရှိလာ၏။ သူမလက်တစ်ဖက်တွင် သစ်သားဗန်းတစ်ချပ်ပါလာသည်။

ဗန်းကလေးပေါ်တွင် အရက်ကရားတစ်လုံး၊ အရက်ခွက်နှစ်ခွက်နှင့် ဟင်းလျာများ ပါလာသည်ကို တွေ့ရ၏။

"ကဲ ... မင်းတို့ ဗိုက်ဆာလာရှာမယ် ... ဝအောင်စားကြ"

သူက ပြုံး၍လှည့်ထွက်သွားသည်။

အဘွားအိုလှည့်အထွက်မှာ ချူးပင်က ထိုအဘွားအိုမှာ လက်တစ်ဖက်ပြတ်နေသည်ကို မြင်ရသည်။

သူက ထိတ်လန့်အံ့ဩသွားပြီး မွန်မွန်အနီးသို့ကပ်၍ အသံတိုးတိုးဖြင့် ...

"မွန်မွန် ... ဒီအဘွားအိုက လက်တစ်ဖက်ပြတ်နေတယ်"

မွန်မွန်က မျက်နှာကွက်ခနဲပျက်သွား၏။

"ဟင် ... ငါ့ဆရာဖြစ်နေရင် ဒုက္ခ"

ချူးပင်က ...

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး၊ ဒီအဘွားကြီးက ကြည့်ရတာ အသက် (၆၀) လောက် ရှိပြီ"

မွန်မွန်က ...

"အို ... မင်း ဘာနားလည်လို့လဲ၊ သူက ရုပ်ဖျက်ပညာ အတော်ထူးချွန်တယ်"

ချူးပင်က ...

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

သူမက အနည်းငယ်စဉ်းစား၏။

"ဒီလိုလုပ် ... ငါက နင့်ကိုဖမ်းဖို့ ပရိယာယ်ဆင်လာသလို လုပ်မယ်၊ သူက ကျွန်မဆရာမှန်ရင် နင်မခုခံနဲ့၊ ငါ နင့်ကိုဖမ်းမယ်၊ ဒီလိုဆိုရင် သူက ငါ့ကို ယုံကြည်လာမယ်၊ နောက်မှ မီးစင်ကြည့်က ကြတာပေါ့"

ချူးပင်သည် မြွေဟောက်မယ် မဖြစ်ရန် ဆုတောင်းမိလေသည်။

✷



အဘွားအိုသည် အခန်းထဲသို့ ပြန်လည်ဝင်ရောက်လာလေသောအခါ ချူးပင်၏အသံ ကြားရ၏။

"မင်း တော်တော်ရက်စက်ပါလား၊ ငါ့ကို အယုံသွင်းပြီး အခုလို အကွက်ဆင်ဖမ်းတာတော့ လွန်ပြီထင်တယ်"

မွန်မွန်က ...

"ရှင့်ကိုဖမ်းချင်လို့ အခုလို ချစ်ချင်ဟန်ဆောင်နေတာ သိလား"

အဘွားအိုက လက်နှစ်ဖက်ဆန့်၍ ဟန့်တားလိုက်၏။

"ဘာတွေဖြစ်ကုန်ကြတာလဲ"

ချူးပင်က မွန်မွန်အား လက်ညှိုးထိုးပြ၏။

"သူက ကျုပ်ဇနီးမဟုတ်ဘူးဗျ၊ ကျုပ်ကိုဖမ်းဖို့ အကွက်ဆင်တာ"

"စကားမများနဲ့၊ အသာတကြည်အဖမ်းခံမလား၊ သေချင်သလား"

ချူးပင်က မဲ့ပြုံးပြုံး၏။

"မင်း ငါ့ကိုများ ဒီလိုစကားပြောဝံ့တာ အံ့ပါရဲ့"

"ကဲ ... အဖမ်းမခံရင် သေဖို့ပြင်ပေတော့"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က စတင်တိုက်ခိုက်၏။ ချူးပင်ကလည်း တိုက်ခိုက်ရင်း ထွက်ပြေးရန် ဟန်ပြင်လိုက်ရာ သူ၏သွားလမ်းကို အဘိုးအိုက ပိတ်ထားလိုက်၏။

"ရပ်လိုက်"

အဘိုးအိုက ဟန့်တားရင်း လက်ထဲမှ ဆေးတံဖြင့် ထောက်လိုက်ရာ ချူးပင် ဒူးထောက်လဲကျသွား၏။

"ဘယ်ဆိုးလို့တုံး"

အဘွားအိုက ပြောရင်း ဆံပင်တုနှင့်မျက်နှာတုကို ဖြုတ်ချလိုက်ရာ မြွေဟောက်မယ်ချင်းလိန် ဖြစ်နေ၏။

မွန်မွန်က ကျိတ်၍ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ကောင်းလိုက်တာ"

အဘိုးအိုသည် တဲအိမ်နောက်ဘက်မှ မြင်းသုံးကောင်အား ဆွဲလာ၏။ သူသည် ချူးပင်အား မြင်းပေါ် ကန့်လန့်တင်ပြီးနောက် သူတို့သုံးယောက်သည် ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

*



ဘိုက်ဟန်စန်းတောင်။ ထိုတောင်သည် ပေခြောက်ရာကျော် ခန့်သာရှိသော တောင်တစ်လုံး ဖြစ်၏။

သို့သော် တောအုပ်များ ထူထပ်နေသောကြောင့် ယင်းတောင်သည် လူဆိုးများ ခိုအောင်းနေသောနေရာတစ်ခု ဖြစ်လာသည်။

ခရီးသည်များတို့သည် ထိုတောင်တစ်ဝိုက်မှ မည်သူမျှဖြတ်ကျော်သွားလာခြင်း မရှိတော့ပါ။

အကြောင်းမှာ ထိုတောင်မှ ဖြတ်ကျော်သွားကြသော ခရီးသည်များတို့သည် မိမိပါရှိလာသောကုန်စည်များနှင့် ရွှေငွေရတနာများ လုယူခြင်းခံရသည့်အပြင် အသက်ပါဆုံးရှုံးခဲ့ကြရ၏။

ထို့ကြောင့် ယင်းတောင်သည် လေတွင်းတောင်ကုန်းဟု အများက ဆိုစမှတ်ပြုလာ၏။

ထို့ကြောင့် ယင်းတောင်သည် လေတွင်းတောင်ကုန်းဟု အများက ဆိုစမှတ်ပြုလာ၏။

သို့သော် ယခုမူ ဆိုးခိုးလုယက်သောသူများ လုံးဝမရှိတော့ပါ။ ဤတောင်ပေါ်သို့ လူတစ်စုက လာရောက်ပြီး စခန်းတစ်ခု အခြေစိုက် စခန်းချခဲ့သောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုများသည် ထိုက်ဟန်စန်းတောင်ပေါ်သို့ စတင်ခြေချသောအခါ လူနှစ်ဆယ်ခန့်မျှသာ ရှိ၏။

နောက်သုံးရက်အတွင်းမှာ လူနှစ်ရာခန့် အင်အားတိုးတက်လာသည်ကို တွေ့ရ၏။ ထိုလူများသည် မိုးပြာရောင်အကျီ၊ မိုးပြာရောင်ခေါင်းစည်းများဖြင့် ဝတ်ဆင်ကြ၏။

ထိုအဖွဲ့အစည်း၏ခေါင်းဆောင်မှာ လက်တစ်ဖက်ပြတ်နေသော အမျိုးသမီးတစ်ယောက်ဖြစ်၏။

ထို့နောက် ယင်းအမျိုးသမီး၏အမည်မှာ မြွေဟောက်မယ်ဟု သိလာကြကုန်၏။ ထို့ကြောင့် ယင်းအဖွဲ့အစည်းအား မြွေဟောက်ဂိုဏ်းဟု ခေါ်ဝေါ်ပြောဆိုလာကြ၏။

ထိုခေါင်းဆောင်ဖြစ်သော အမျိုးသမီးအား အဘယ်ကြောင့် မြွေဟောက်မယ်ဟု ခေါ်ကြသည်ကို ရှင်းပြနေစဉ်တွင် မြွေဟောက်မယ် ချင်းလိန်သည် ထူးဆန်းသောသိုင်းပညာရပ်တစ်ရပ် လေ့လာတတ်မြောက်ထား၏။

ယင်းသိုင်းပညာကို အသုံးပြုလိုက်သောအခါ သူမ၏မျက်လုံးအစုံသည် သာမန်လူသားမျက်လုံး မဟုတ်တော့ဘဲ စိမ်းဖန့်ဖန့်အရောင်တောက်ပလာပြီး မြွေဟောက်တစ်ကောင်၏မျက်လုံးနှင့်



တူနေသောကြောင့် မြွေဟောက်မယ်ဟု ခေါ်ကြခြင်း ဖြစ်လေသည်။

✸

ယခု မြွေဟောက်မယ်ချင်းလိန်သည် မွှန်မွှန်နှင့်အတူ စခန်းရှိရာသို့ ပြန်လည်ရောက်ရှိလာသောအခါ ချူးပင်အား မြေအောက်အကျဉ်းထဲသို့ ချုပ်နှောင်ထားရန် အမိန့်ပေးလိုက်သည်။

ထို့နောက် မွှန်မွှန်အား မေးလိုက်သည်။

"မင်းက ဘာကြောင့် ချူးပင်ကို အကြံနဲ့ ဖမ်းချင်တာလဲ"

မွှန်မွှန်က ဦးညွှတ်ပြီး ...

"ဆရာပြောတဲ့စကား ကျွန်မ အမြဲနားထောင်ပါတယ်၊ အဲဒီစကားထဲမှာ ချူးပင်နာမည်ပါလာပါတယ်၊ ဆရာက ချူးပင်ကို အလိုရှိတယ်ဆိုတာ ကျွန်မ သိလိုက်တာပေါ့"

သူမက စကားဆက်လိုက်၏။

"တစ်နေ့ မမျှော်လင့်ဘဲ စားသောက်ဆိုင်မှာ စားသောက်ပြီး အပြင်ထွက်လာတော့ သူက ချူးပင်ဖြစ်တယ်ဆိုတာ မြင်တွေ့လိုက်ရလို့ ဆရာ့အတွက် ဖမ်းပေးဖို့ စိတ်ကူးပါသေးတယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သိုင်းပညာ ကျွန်မထက် အဆင့်မြင့်မှာကို စိုးရိမ်လို့ သူ့ကို ပရိယာယ်ဆင်ပြီးဖမ်းဖို့ ကြိုးစားခဲ့ပါတယ် ဆရာ"

"ငါ့တပည့်မက ဘယ်ဆိုးလို့တုန်း"

မွန်မွန်က ...

"ဘယ့်နှယ်ဆရာရယ် ... သူလို အညတရသိုင်းသမားတစ်ယောက်ကို ဘာဖြစ်လို့ ဖမ်းချင်ရတာလဲ"

ချင်းလိန်က ...

"အကြောင်းရှိလို့ပေါ့"

မွန်မွန်က ...

"ဘာအကြောင်းရှိလို့လဲ ဆရာ"

"ချူးပင်ရဲ့အဖေဟာ လျှပ်စစ်ဓား ချူးဝမ်ကျူးလို့ ခေါ်တယ်"

မွန်မွန် မျက်မှောင်ကြုတ်သွား၏။

"ဒီနာမည်ကို ကျွန်မ ကြားဖူးသလိုပဲ"

ချင်းလိန်က ...

"ကြားဖူးမှာပေါ့၊ ချူးဝမ်ကျူးဟာ တစ်ချိန်တုန်းက သိုင်းလောကမှာ အလွန်ရပ်ချောတယ်လို့ နာမည်ကြီးခဲ့တာ"



မွန်မွန်က ...

"ဟုတ်ကဲ့"

ချင်းလိန်က ...

"အဲဒီအချိန်တုန်းက ဆရာဟာ သိုင်းပညာထူးထူးချွန်ချွန် မတတ်သေးဘူးပေါ့၊ ဆရာနဲ့ ချူးဝမ်ကျူးနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ကြတယ်၊ တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ဖို့အထိ ကတိပြုခဲ့ကြတယ်"

သူမက နားစွင့်နေ၏။ ချင်းလိန်က စကားဆက်လိုက်၏။

"တစ်နေ့မှာ သူဟာ ကိစ္စရှိလို့ သူ့ဇာတိမြေကိုပြန်ဖို့ လာပြီး နှုတ်ဆက်သွားတယ်၊ တစ်နှစ်အတွင်း ဆရာ့ကိုလက်ထပ်ဖို့ ပြန်လာမယ်လို့ ကတိပေးသွားတယ်"

ချင်းလိန်၏မျက်လုံးအစုံသည် ဟိုအတိတ်ဆီသို့ ပြန်လည်ရောက်ရှိသွားသည့်အလား အဓိပ္ပာယ်ကင်းမဲ့စွာနှင့် အဝေးသို့ ကြည့်နေသည်။

"ဒါနဲ့ သူ ပြန်သွားပြီး ဆရာက လက်ချိုးပြီး ရေတွက်လိုက်တာပေါ့၊ တစ်နှစ်ကောင် ပြည့်သွားပြီ သူပြန်မလာသေးပါဘူး"

မွန်မွန်က ...

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘာဖြစ်လို့ ပြန်မလာတာလဲ"

ချင်းလိနက ...

"သူလည်း သူ့အကြောင်းရှိလို့ ဖြစ်နေတာကိုး"

မွန်မွန်က ...

"ဘာအကြောင်းလဲ"

ချင်းလိနက ...

"သူ မိန်းမရလိုက်တယ်လေ"

မွန်မွန်က ...

"ချူးပင်ဆိုတာ သူယူလိုက်တဲ့မိန်းမနဲ့ ရလိုက်တဲ့သား ဟုတ်လား"

ချင်းလိနက ...

"ဟုတ်တယ်"

"ဒါကြောင့် ဆရာက သူတို့ကို ..."

ချင်းလိနက ...

"ဟုတ်တယ် ... ဆရာရဲ့သဘောထားကတော့ ဆရာ့ကို သစ္စာဖောက်ရင် ဆရာက ရက်ရက်စက်စက် ဒဏ်ခတ်မှာပဲ"

သူမက စကားဆက်လိုက်သည်။



"ဒါကြောင့် ဆရာက သူတို့ကို လက်စားချေဖို့ သိုင်းပညာသင်တယ်၊ သိုင်းပညာတတ်တာနဲ့ သူတို့ကို လိုက်ရှာပြီး လက်စားချေလိုက်တယ်၊ ဒါပေမဲ့ ... သူ့သားက လွတ်သွားတယ်"

မွန်မွန်က ...

"အခု သူ့သားကိုဖမ်းမိပြီ၊ ဘာလုပ်မလို့လဲ ဆရာ"

ချင်းလိနက ...

"ကျူးပင်ခုတ် ကျူးငုတ်မကျန်ဆိုတဲ့ စကားအတိုင်း သတ်ပစ်ရမှာပဲ"

မွန်မွန်သည် သက်ပြင်းတစ်ချက် ချလိုက်သည်။

ချင်းလိနက သူမအား စိုက်ကြည့်လိုက်၏။

"ညည်းကို ပြောထားရဦးမယ်၊ ယောကျ်ားဆိုတာ တစ်ယောက်မှမကောင်းဘူး၊ တစ်ယောက်မှ မယုံရဘူး၊ သူတို့ကို အသုံးချဖို့လောက်ပဲကောင်းတယ်၊ မှတ်ထားနော်"

ချင်းလိနက စကားဆက်လိုက်၏။

"ညည်းက ဆရာ့စကားနားမထောင်ရင် တစ်နေ့ ဆရာ ခံစားရသလို ခံစားရလိမ့်မယ်၊ ဆရာ ဒုက္ခရောက်သလို ဒုက္ခရောက်လိမ့်မယ် သိလား"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က ...

"ဆရာ တော်တော်ဒုက္ခရောက်ခဲ့လားဟင်"

ချင်းလိန်က သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

"ဒုက္ခရောက်ရုံ ဘယ်ကမလဲ၊ ယောကျ်ားများကို ယုံမိလို့ ဘ၀တောင်ပျက်ခဲ့ရတယ် မွန်မွန်"

မွန်မွန်သည် ချင်းလိန် ယခုကဲ့သို့ တစ်ဖက်စွန်းရောက်နေသည်မှာ အတိတ်က အကြောင်းရှိရမည်ဟု နားလည်လိုက်၏။

"ဆရာ့အကြောင်း ပြောပြနိုင်ရင် ပြောပြပါလား ဆရာ"

ချင်းလိန်က ...

"ဒီအကြောင်းကို ငါ မပြောတော့ပါဘူးလို့ မေ့ထားလိုက်တယ်၊ ညည်းဟာ ငါ့ရဲ့တစ်ဦးတည်းသော တပည့်ဖြစ်တဲ့အတွက် ငါ့လို မမှားရအောင် ဆရာ ပြောပြပါ့မယ်"

✷

လ၀န်းသည် ထိန်ထိန်သာလျက်ရှိသည်။

၀န်းကျင်တစ်ခုလုံး တိတ်ဆိတ်၍နေ၏။



ဟိုးအဝေးက အုန်းမောင်းခေါက်သံများ တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်မှအပ ပကတိ တိတ်ဆိတ်၍နေ၏။

'ဒေါင်'

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာ၏။

ထိုက်ဟန်စန်းတောင်တစ်ခုလုံး အိပ်မောကျနေ၏။

ချင်းလိန်က မအိပ်သေးပါ။ အခန်း၏ပြတင်းပေါက်အနီးတွင် ထိုင်နေ၏။

မွန်မွန်ကလည်း မအိပ်သေးပါ။ ချင်းလိန်၏အနီးတွင် ထိုင်နေ၏။ အခန်းထဲ၌ မီးမထွန်းဘဲ လရောင်က လင်းနေ၏။

မွန်မွန်သည် ချင်းလိန်နှင့်ထိတွေ့နေထိုင်ခဲ့သည်မှာ အတန်ကြာပြီဖြစ်၏။

သူမ နားလည်ထားသည့် ချင်းလိန်မှာ ရက်စက်သည်။ ကြမ်းကြမ်းရမ်းရမ်းရှိသည်။ ကြင်နာစိတ် ကိုယ်ချင်းစာနာစိတ် မရှိဟု ထင်မှတ်ထားသည်။

ယနေ့ညမှာမူ ဆရာချင်းလိန်သည် အခြားအခြားသော မိန်းမသားကဲ့သို့ ကြင်နာစိတ် ကိုယ်ချင်းစာနာစိတ်များ ရှိသည်ကို အမှန်အတိုင်း တွေ့ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိန်အား ယခုကဲ့သို့ ပြောင်းလဲလာသော အကြောင်းများကို အလွန်သိလိုနေ၏။

ချင်းလိန်က ယောက်ျားများအပေါ် အဘယ်ကြောင့် ဤမျှ မုန်းတီးနေသည်ကိုလည်း သိလိုနေ၏။

ချင်းလိန်သည် စကားမပြောသေးဘဲ ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေး၍ကြည့်နေ၏။ အတန်ကြာတော့မှ သူမက သက်ပြင်းမှုန်းမှုန်းကလေး ချလိုက်သည်။

"ဆရာ ပြောပြမယ် နားထောင်"

သူမသည် မွန်မွန်ဘက်သို့ လှည့်လိုက်၏။

"ဆရာလည်း ညည်းတို့ အရွယ်တုန်းကလိုပေါ့၊ လောကတစ်ခုလုံးကို အကောင်းမြင်တယ်၊ ဒါပေမဲ့ ... နေ့တစ်နေ့မှာ ဆရာက ယောက်ျားတစ်ယောက်ကို တွေ့ဆုံခဲ့တဲ့နေ့ကစပြီး ဘဝတစ်မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့ရတယ်"

✱ ✱ ✱



## အနောက်ရေကန်

အနောက်ရေကန်တွင် နှစ်စဉ်နှစ်တိုင်း လှေလှော်ပြိုင်ပွဲကျင်းပလေ့ရှိ၏။ ထိုအခါ ရပ်ဝေးရပ်နီးမှ နေထိုင်ကြသောလူများသည် မိသားစုနှင့်လည်းကောင်း၊ အပေါင်းအဖော်များနှင့်လည်းကောင်း လာရောက် ကြည့်ရှုကြ၏။

ထိုလူစုများထဲတွင် အသက်ဆယ့်ရှစ်နှစ်ရွယ် ခန့်ချောလှပသော မိန်းကလေးတစ်ယောက်လည်း ပါလာ၏။

သူမ၏အမည်မှာ ချင်းလိန်ဖြစ်သည်။ သူမသည် လှေပြိုင်ပွဲကြည့်ပြီးနောက် အိမ်သို့ပြန်ရန်မှာ အပေါင်းအဖော်များနှင့် ကွဲကွာသွား၏။

ထို့နောက် တစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေစဉ် လူငယ်တစ်စု ရောက်ရှိလာကြ၏။

ထိုလူငယ်များသည် ချင်းလိန်အား အကဲခတ်ကြည့်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိမ်နမှာ တောသူတစ်ယောက်ဖြစ်ပြီး အဖော်နှင့် ကွဲကွာနေကြောင်း အကဲခတ်မိ၏။

ထိုလူငယ်များသည် အချင်းချင်း တိုင်ပင်ပြီးမှ တစ်ယောက်က ချင်းလိမ်နထံ ချဉ်းကပ်လာ၏။

"ညီမက အဖော်နဲ့ ကွဲသွားတယ်ထင်တယ်"

ချင်းလိမ်နက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"ဟုတ် ... ဟုတ်ကဲ့"

လူငယ်က ...

"ဟုတ်ပြီ၊ ကျုပ် ထင်လိုက်သားပဲ"

သူကပင် စကားဆက်လိုက်၏။

"ခုနတုန်းက လူတစ်စုက ညီမကို လိုက်ရှာနေတာ တွေ့တယ်၊ ပျာယာခတ်နေတာပဲ၊ နောက်ပြီး ကျုပ်တို့ကိုလည်း ဝိုင်းရှာပေးဖို့ အကူအညီတောင်းတယ်"

ထိုအခါ ...

ချင်းလိမ်န ဝမ်းသာအားရဖြစ်သွားပြီး ...

"သူတို့ အခုဘယ်မှာလဲဟင်"

လူငယ်က ...



"မြို့ပြင်မှာစောင့်နေတယ်ဗျ"

"မြို့ပြင်မှာ ဟုတ်လား"

"ဟုတ်တယ်၊ ကဲ ညီမလေး ... သွားပေတော့၊ သူတို့က စိတ်ပူနေကြပြီ"

သူက ယင်းသို့ပြောပြီး ဟန်ဆောင်၍ ပြန်လှည့်လိုက်၏။

"နေပါဦး အစ်ကိုကြီး"

ချင်းလိမ်နက အားကိုးတကြီးဖြင့် ခေါ်လိုက်၏။

လူငယ်က ပြန်လှည့်လိုက်သည်။ မျက်နှာတည်တည်ဖြင့်

"ဘာလုပ်မလို့လဲ ညီမ"

"ဟို ... ဟို ကျွန်မကို သူတို့ဆီ လိုက်ပို့ပေးပါလား"

လူငယ်က မျက်မှောင်ကြုတ်သွား၏။

"ညီမ မသွားတတ်လို့လား"

"ဟုတ်ပါတယ်ရှင်၊ ကျေးဇူးပြုပြီး လိုက်ပို့ပေးပါ"

လူငယ်က အနည်းငယ်ဟန်ဆောင်ပြီးမှ ...

"အစ်ကို့မှာလည်း အလုပ်ရှိနေလို့၊ အေးလေ ... လိုက်ပို့ပေးပါ့မယ်"

လူငယ်သည် အကူအညီပေးဟန်ဖြင့် ... ချင်းလိမ်နအား

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်သွားလေတော့၏။

ချင်းလိန်သည် နုနယ်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ရိုးရိုးစင်းစင်းရှိပြီး ဘဝအတွေ့အကြုံအလွန်နုသည်။

ထို့ကြောင့် လူငယ်၏ကောက်ကျစ်စဉ်းလဲသော အကြံကို လုံးဝမသိဘဲ ယုံကြည်စွာ လိုက်သွား၏။

မြို့ပြင် လူသူခေါင်လွင်သောနေရာသို့ ရောက်ရှိလာသော အခါ ဘီလူးရုပ်ပေါ်လာလေ၏။ သူ့နောက်သို့ လိုက်ပါလာကြသော လူငယ်တို့က ချင်းလိန်အား ဝိုင်းရံထားကြလေ၏။

သူတို့သည် ယုန်သူငယ်ကို ဝါးမည့် စားမည့်အသွင်မျိုးဖြင့် ချင်းလိန်အား ဝိုင်းရံထားကြခြင်း ဖြစ်၏။

ချင်းလိန်သည် အလိမ်ခံလိုက်ရမှန်း သိလိုက်ရပေမယ့် အချိန်နှောင်းသွားပြီဖြစ်၏။ သူမသည် ရေတိမ်နစ်မည့်ဆဲဆဲမှာ ကယ်တင်ရှင်တစ်ယောက် မမျှော်လင့်ဘဲရောက်လာ၏။

ကယ်တင်ရှင်မှာ ရုပ်ရည်ချောမောသော လူငယ်တစ်ယောက်ဖြစ်သည်။ သူသည် တစ်ယောက်နှင့်ဆယ်ယောက်ခန့် ယှဉ်ပြိုင်တိုက်ခိုက်သော်လည်း ချွေးများပင်မထွက်။ ပြိုင်ဘက်လူငယ်ဆယ်ယောက်အား ဆုံးမနိုင်ခဲ့သည်။



ထိုဆိုးသွမ်းသောလူငယ်များသည် အခြေအနေမဟန်မှန်း သိ၍ ထွက်ပြေးတိမ်းရှောင်ကြကုန်၏။

"ညီမ ဘာဖြစ်သွားသေးလဲ"

ကယ်တင်ရှင်က မေးလိုက်ခြင်းဖြစ်၏။ အလွန်ရိုးသားတည်ကြည်သောအသံဖြစ်သည်။

"ဟုတ် … ဟုတ်ကဲ့ ဘာမှမဖြစ်ပါဘူးရှင်"

ကယ်တင်ရှင်က …

"ညီမက တယ်ခက်တာကိုး၊ တစ်ယောက်တည်း ထွက်လာရသလား"

ချင်းလိန်က …

"အဖော်ပါ ပါတယ်၊ လူချင်းကွဲသွားလို့ပါ"

ကယ်တင်ရှင်က …

"သူတို့နဲ့ ဘယ်လိုလုပ်တွေ့ကြတာလဲ"

ချင်းလိန်က …

"သူတို့က အဖော်ဆီကို လိုက်ပို့ပေးမယ်လို့ လိမ်ခေါ်လာတာ"

ကယ်တင်ရှင်က ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမက ယုံလွယ်တာကိုး"

သူသည် ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးလိုက်သည်။

"ကိုယ့်နာမည်က ချူးဝမ်ကျိုးပါ။ ညီမနာမည်ရော"

ချင်းလိန်က ...

"ချင်းလိန်လို့ခေါ်ပါတယ်"

ချူးဝမ်ကျိုးက ...

"နာမည်လည်း လှတယ်၊ ညီမလည်း သိပ်လှတာကိုး"

ချင်းလိန်၏ရင်ထဲတွင် ချိုလွင်သောအရသာတစ်ခု ခံစားလိုက်ရလေ၏။ ချူးဝမ်ကျိုးက ...

"ဒါနဲ့ ညီမလေး ဘယ်မှာနေတာလဲ"

ချင်းလိန်က ...

"ကုန်ကြီးရွာမှာ နေပါတယ်ရှင်"

ချူးဝမ်ကျိုးက ...

"ညီမလေးတစ်ယောက်တည်း ပြန်လို့မဖြစ်ဘူး၊ ကိုယ် လိုက်ပို့ပေးမယ်"

ချင်းလိန်က ဝမ်းသာသွား၏။

"ကျေးဇူးတင်လှပါတယ်ရှင်"



ဤသို့ဖြင့် ချူးဝမ်ကျိုးသည် ချင်းလိန်အား ကုန်းကြီးရွာအထိ လိုက်ပို့ရလေ၏။

မိုးချုပ်လာပြီဖြစ်၏။

ချင်းလိန်၏မိဘများသည် လိုက်ပါသွားသောအဖော်များပြန်လည်ရောက်ရှိလာကြပြီး ချင်းလိန် ပြန်မရောက်လာသည်ကို သိလိုက်သဖြင့် စိုးရိမ်ပူပန်လာကြသည်။

သူတို့သည် လူလွှတ်၍ ချင်းလိန်ကို လိုက်လံရှာဖွေစေသည်။ မိုးချုပ်သည့်တိုင်အောင် ချင်းလိန်အား မတွေ့ရသေးသဖြင့် သူတို့သည် ဒယ်အိုးပူထဲသို့ ရောက်ရှိနေကြသော ပုရွက်ဆိတ်ပမာ လူးလွန့်နေလေတော့သည်။

ယင်းအချိန်မှာပင် ချင်းလိန်က ရောက်ရှိလာလေသည်။

မိဘဆွေမျိုးများက ဝမ်းသာပီတိဖြင့် ချင်းလိန်အား ဝိုင်းရံထားပြီး တစ်ယောက်တစ်ခွန်း မေးနေကြ၏။

ချင်းလိန်သည် မိဘနှင့် ပြန်လည်ဆုံတွေ့လိုက်ရသောအခါ ဝမ်းသာပီတိဖြစ်နေသောကြောင့် ရပ်နေသော ချူးဝမ်ကျိုးအား သတိမထားမိပါ။ မိဘများက မေးမြန်းလာတော့မှ သတိရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဖေဖေနဲ့မေမေတို့ကို ပြောပြရဦးမယ်"

သူက ချူးဝမ်ကျုံးအား မိတ်ဆက်ပေးလိုက်သည်။

"သူ့နာမည်က ချူးဝမ်ကျုံးပါ၊ သမီးကို လူရမ်းကားတစ်သိုက်ရဲ့လက်ထဲက ကယ်တင်ခဲ့တဲ့ကျေးဇူးရှင်ပါ"

ဖခင်နှင့်မိခင်ဖြစ်သူတို့ ချူးဝမ်ကျုံးအား လိုက်လိုက်လှဲလှဲ နှုတ်ဆက်ကြပြီး ကျေးဇူးတင်စကား ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်"

ချင်းလိန်၏မိဘများမှာ သမီး၏ကျေးဇူးရှင်ဖြစ်သော ချူးဝမ်ကျုံးအား လိုက်လှဲစွာ ကြိုဆိုဧည့်ခံ၏။ ချူးဝမ်ကျုံးက ချင်းလိန်အိမ်၌ သုံးရက်ခန့်နေထိုင်ပြီးမှ ထွက်ခွာသွား၏။

သို့သော် တိုတောင်းလှသော သုံးရက်အချိန်တွင်းမှာပင် ချူးဝမ်ကျုံးနှင့်ချင်းလိန်တို့သည် တစ်ယောက်နှင့်တစ်ယောက် မေတ္တာနှောင်ကြိုးတွယ်ခဲ့ကြ၏။

ထို့နောက် ချူးဝမ်ကျုံးက ချင်းလိန်ထံသို့ မကြာမကြာ ရောက်ရှိလာ၏။

သူတို့သည် ချစ်သူဘဝမကဘဲ အိမ်ထောင်သည်ဘဝလည်း မရောက်တဲ့ဘဝအခြေအနေသို့ ရောက်ရှိလာကြ၏။



ချင်းလိန်၏မိဘများကလည်း ကန့်ကွက်ခြင်းမရှိဘဲ သဘောတူကြ၏။ တစ်နေ့ ချူးဝမ်ကျုံးသည် မိမိဌာနေသို့ အရေးကြီးသော ကိစ္စတစ်ခုနှင့် ပြန်ရမည်ဖြစ်ကြောင်း ချင်းလိန်အား ပြောပြ၏။

သူက မိဘထံဖွင့်ဟပြောပြီး လက်ထပ်ခွင့်တောင်းမည်ဟု ပြော၏။ ချင်းလိန်က ဝမ်းသာ ဝမ်းနည်းဖြင့် ချူးဝမ်ကျုံးအား ရွာလမ်းအထိ လိုက်လံပို့ဆောင်ပြီး မျက်ရည်စက်လက်ဖြင့် ပြန်လာ၏။

✸

အချိန်က တရွေ့ရွေ့ ကုန်ဆုံးသွား၏။

ချူးဝမ်ကျုံးမှာ ချင်းလိန်ထံမှ ခွဲခွာသွားသည်မှာ တစ်လပင် ရှိပြီဖြစ်သည်။ ယနေ့တိုင် ပြန်ရောက်လာခြင်းမရှိပါ။

တစ်လ၊ နှစ်လ၊ တစ်နှစ်။

ချင်းလိန်သည် ချူးဝမ်ကျုံး ပြန်လာမည့်ရက်ကို မျှော်လင့်စောင့်စားရင်း တစ်နှစ်ပင် ကြာခဲ့ပြီဖြစ်၏။ သူမက မျှော်လင့်ရာမှ ကြောက်ရွံ့သောစိတ်၊ စိုးရိမ်သောစိတ်များ ဖြစ်ပေါ်လာ၏။

ထို့နောက် ... စိတ်ဓာတ်ကျလာ၏။ မျှော်လင့်ခြင်းကင်း

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ခံပြင်းလာ၏။ ဒေါသထွက်လာသည်။

မည်သို့မှစောင့်၍မရသည့်နောက်ဆုံး သူမသည် ချူးဝမ်ကျုံးအား ရှာပုံတော်ဖွင့်ရ၏။ သူမက မိဘများ အတန်တန်တားသည့်ကြားမှ ဖွတ်ထွက်သွား၏။

သူမသည် တစ်နှစ်အချိန်ကုန်ခံပြီး ဒုက္ခအမျိုးမျိုးရောက်ကာ ချူးဝမ်ကျုံးနေထိုင်သောအိမ်ကြီးဆီသို့ ရောက်ရှိသွားသည်။

သို့သော် သူမမှာ အလာကောင်းပေမယ့် အခါနှောင်းသွားပြီဖြစ်၏။ ချူးဝမ်ကျုံးက မိမိနှင့်ဂုဏ်ရည်တူသော အမျိုးသမီးတစ်ဦးနှင့် လက်ထပ်လိုက်ကြောင်း သိရ၏။

ချင်းလိန်မှာ ဝမ်းနည်းပက်လက်ဖြစ်ရှာ၏။ ချူးဝမ်ကျုံးက မိမိ ယခုလိုဖြစ်ရခြင်းမှာ မိဘစကားကို မလွန်ဆန်နိုင်ခြင်းကြောင့်ဖြစ်သည်ဟု ရှင်းပြသည်။

ချင်းလိန်မှာ ဝမ်းနည်းပက်လက်ဖြင့် ချူးဝမ်ကျုံးထံမှ ထွက်လာပြီးနောက် မိမိမှာ လောက၌ ဆက်လက်နေထိုင်ရန် မသင့်တော်ဟုယူဆကာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရန် မြစ်ကမ်းပါးတစ်ခုသို့ ရောက်ရှိလာ၏။

သူမက ကမ်းပါးတွင်ရပ်၍ လက်အုပ်ချီကာ မိမိလာမည့်



ဘဝ ဤကဲ့သို့ အဖြစ်ဆိုး မကြုံတွေ့ရပါစေနဲ့ဟု ဆုတောင်းလိုက်၏။

ထို့နောက် ရေထဲသို့ခုန်ချရန် ဟန်ပြင်နေစဉ် သူမ၏လက်ကို တစ်စုံတစ်ယောက်က ဆွဲထားလေ၏။

သူမက လှည့်ကြည့်လိုက်၏။ အသက် (၃၀) ကျော်ခန့်ရှိသော လူတစ်ယောက်က တားခြင်းဖြစ်သည်ကို တွေ့လိုက်ရ၏။

"လွှတ်ပါရှင် ... ကျွန်မ သေပါရစေ"

သူမက ရုန်းသော်လည်း ထိုလူလက်မှ မလွတ်ဘဲဖြစ်နေ၏။

"နင်က ဘာဖြစ်လို့ သေကြောင်းကြံချင်ရတာလဲ"

ချင်းလိန်က ...

"ကျွန်မ သေချင်လို့ပါ"

ထိုလူက ...

"အသက်တစ်ချောင်း ဖြစ်ခဲလှပါဘိနဲ့၊ မကြံကောင်းမစည်ရာကို မလုပ်ချင်စမ်းပါနဲ့"

သူက ချင်းလိန်အား ဆွဲယူလိုက်၏။

"ကဲ ... ဒါတွေထားလိုက်၊ အိမ်ကိုလိုက်ခဲ့၊ ဘာအခက်အခဲရှိတယ်ဆိုတာ ကျုပ်ကိုပြောပြ၊ ကျုပ် အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ချင်းလိန်သည် ရုန်းမလွှတ်နိုင်သဖြင့် ထိုလူနောက်သို့

www.burmeseclassic.com

www.burmeseclassic.com



ပါသွားလေသည်။ ထိုလူ၏အမည်မှာ စီးပေယံဖြစ်၏။

သူသည် ချင်းလိန်အား အိမ်ခေါ်သွားပြီး ပြုစုစောင့်ရှောက်ထား၏။ သူမသည် စိတ်လေပြီး အိမ်မပြန်လိုသေးသဖြင့် ထိုအိမ်မှာပင် နားခိုနေ၏။

ဤသို့ဖြင့် သုံးရက်ကြာသွားသောအခါ မိုးသက်မုန်တိုင်းကျရောက်သောညတစ်ညမှာ စီးပေယံဆိုသူသည် သူမ၏အပျိုရည်ကို ဖျက်ဆီးလိုက်၏။

ချင်းလိန်က ယူကျုံးမရဖြစ်ရရှာ၏။ သူမသည် စီးပေယံအလစ်တွင် အိမ်မှထွက်ပြေးခဲ့ပြန်၏။ သူမသည် လူသူကင်းမဲ့သောနေရာသို့ရောက်ရှိပြီး ဖြစ်ခဲ့သမျှကို စဉ်းစားဆင်ခြင်လိုက်၏။

သူမသည် သေသေချာချာတွေးပြီးနောက် သေကြောင်းမကြံတော့ပါ။ မျက်ရည်ပင် မကျတော့ပါ။ ယခုကဲ့သို့ ကံကြမ္မာဆိုးနှင့်ရင်ဆိုင်ရခြင်းမှာ ကျူးဝမ်ကျုံးတို့ကို တရားခံဟု မှတ်ချက်ချလိုက်၏။

သူမသည် ချူးဝမ်ကျုံးတို့ဇနီးမောင်နှံအား လက်စားချေရန်ဆုံးဖြတ်လိုက်၏။ သူမသည် လက်စားချေနိုင်ရန်အတွက် သိုင်းပညာသင်ကြားမှဖြစ်မည်ဟု နားလည်လိုက်၏။

ထို့ကြောင့် မိဘအိမ်သို့ ပြန်လည်ရောက်ရှိလာ၏။



သူမသည် ချူးဝမ်ကျုံး သစ္စာဖောက်သွားသည့်အကြောင်းများ ပြောပြ၏။ မိဘတို့ကလည်း သူမကို အားပေးစကား ပြောသည်။ သူမသည် သိုင်းဆရာတစ်ယောက် ငှားရမ်းပြီး နေ့စဉ် သိုင်းပညာ ပုံမှန်လေ့ကျင့်ရ၏။

သူမသည် လက်စားချေရန်စိတ်များ ပြင်းထန်နေသဖြင့် သိုင်းပညာရပ်များကို နေ့ညမလပ်လေ့ကျင့်ခဲ့ရာ တစ်နှစ်ပြည့်လာသောအခါ သူမ၏သိုင်းပညာသည် အလွန်တိုးတက်လာသည်ကို တွေ့ရ၏။

သူမ၏သိုင်းပညာသင်ကြားပေးသော သိုင်းဆရာသည် သူမ၏ပညာများကို အိတ်သွန်ဖာမှောက် သင်ကြားပြီးဖြစ်ရာ နှုတ်ဆက်ကာ ပြန်သွား၏။

ချင်းလိန်သည် နောက်ထပ်သုံးလခန့် လေ့ကျင့်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချတော့မှ ချူးဝမ်ကျုံးအား လက်စားချေရန်ဆုံးဖြတ်လိုက်လေ၏။

✳

www.burmeseclassic.com

www.burmeseclassic.com



လောကပေါ်၌ အရာရာများတို့သည် အချိန်ရွေ့လျားသည်နှင့်အမျှ ပြောင်းလဲတတ်သည့်သဘော ရှိ၏။ ချူးဝမ်ကျုံးသည် တဖြည်းဖြည်းဖြင့် သိုင်းလောကတွင် ကျော်ကြားလာ၏။

လှျပ်စစ်ဓား ချူးဝမ်ကျုံးဟူသောအမည်သည် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့၏။ တစ်နေ့တခြားလည်း ကြီးပွားချမ်းသာလာ၏။ လျှပ်စစ်ဓားဂေဟာသည်လည်း အလွန်ခန့်ညားထည်ဝါလှပေ၏။

ချင်းလိန်သည် လျှပ်စစ်ဓားဂေဟာအနီးသို့ ရောက်ရှိလာသောအခါ အလိုလို ကြောက်ရွံ့လာ၏။ အဆောက်အအုံတစ်ခုလုံးမှာ မီးရောင်များ ထိန်လင်းနေ၏။ လက်နက်များနှင့်ကင်းလှည့်နေသော အစောင့်များမှာလည်း မနည်းလှပေ။

သူမသည် နောက်ပြန်လှည့်လိုသောစိတ်များ ပေါ်ပေါက်လာ၏။ နောက်ဆုံး သူမသည် သေမထူး ရှင်မထူးဟူသော စိတ်ဓာတ်ဖြင့် အဆောက်အအုံရှိရာသို့ ချဉ်းကပ်သွား၏။

ထို့နောက် နံရံပေါ် လွှားခနဲ ခုန်တက်၏။ သူမသည် နံရံအတွင်းဘက်သို့ အကဲခတ်ကြည့်လိုက်၏။ ကင်းသမားနှစ်ယောက်က ပခုံးချင်းယှဉ်၍ ကင်းလှည့်လာနေသည်ကို တွေ့မြင်ရ၏။



သူမသည် နံရံပေါ်မှောက်လျက် ရှောင်တိမ်း၏။ ကင်းသမားတို့ ကျော်သွားမှ အောက်သို့ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ထို့နောက် ချူးဝမ်ကျုံး၏အိပ်ခန်းရှိရာသို့ ပြေးဝင်သွားသည်။ သူမသည် ချူးဝမ်ကျုံး၏အိပ်ခန်းရှိရာသို့ လိုက်လံရှာဖွေသောအခါ အခန်းပေါင်းအများအပြား ရှိနေသဖြင့် မည်သည့်အခန်းသို့ဝင်ရမည်ကို မသိဘဲဖြစ်နေ၏။

သူမသည် အကြံအိုက်နေစဉ် သူမရပ်နေသော အခန်းထဲမှ လူတစ်ယောက်၏အသံ ကြားလိုက်ရ၏။

"ဘယ်သူလဲဟေ့"

ထိုအသံသည် ချူးဝမ်ကျုံး၏အသံ ဖြစ်၏။

သူမက အခန်းဝသို့ ချဉ်းကပ်သွား၏။

"ကျွန်မ"

အခန်းထဲမှ အသံထွက်ပေါ်လာ၏။

"ကျွန်မဆိုတာ ဘယ်သူလဲ"

"ချင်းလိန်"

အခန်းထဲမှအသံ ပျောက်သွား၏။ တစ်ခဏအကြာမှ အခန်းတံခါး ရုတ်တရက် ပွင့်သွားသည်။ ချူးဝမ်ကျုံးက ရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူမအား မြင်တွေ့လိုက်ရသောအခါ အံ့အားသင့်သွား၏။

"ဟင် ... မင်းကိုး"

သူမက မဲ့ပြုံး ပြုံး၏။

"ဟုတ်ပါတယ် ကျွန်မပါရှင်"

ချူးဝမ်ကျုံးက ...

"မင်း ဘယ်လိုလုပ်ဝင်လာတာလဲ"

သူမက ...

"ကင်းသမားများက ကျွန်မကို ဟန့်တားလို့မရပါဘူး"

ချူးဝမ်ကျုံးက မျက်မှောင်ကြုတ်သွား၏။

"မင်း ဘာလာလုပ်ဦးမလို့လဲ"

သူမက ...

"လက်စားချေမလို့"

ချူးဝမ်ကျုံးက ...

"မင်း အေးအေးဆေးဆေး ပြန်သွားပါကွာ၊ ငါ မင်းကို မသတ်ချင်ဘူး"

သူမက ...



"ရှင်က ကျွန်မကို မသတ်ချင်ပေမယ့် ကျွန်မက ရှင့်ကို သတ်ချင်တယ်"

သူမသည် ဓားကိုဆွဲထုတ်လိုက်၏။ ချူးဝမ်ကျုံးက ...

"မင်း တော်တော်ခက်ပါလား ချင်းလိန်၊ ဘာဖြစ်လို့ ဒါလောက်တောင် မိုက်ချင်ရတာလဲ"

သူမသည် ဒေါသကြီးစွာဖြင့် ...

"စကားမရှည်နဲ့၊ ဓားယူခဲ့"

ချူးဝမ်ကျုံးက ...

"မင်းကို ငါမသတ်ချင်ဘူး၊ မြန်မြန်ပြန်သွားစမ်း"

သူမက ဓားကို ဝှေ့ယမ်းလိုက်၏။

"ဓားမထုတ်ရင် ကျွန်မ အဆိုးမဆိုနဲ့"

သူမက စတင်တိုက်ခိုက်၏။ ချူးဝမ်ကျုံးက ရှောင်တိမ်းလိုက်၏။ သို့သော် သူသည် သူမအပေါ် အထင်သေးလိုက်သဖြင့် သူမ၏ဓားသည် သူ၏အင်္ကျီများကိုဖြတ်၍ ထိုးဖောက်လိုက်သည်။

သူမက ရပ်မနေဘဲ ဆက်လက်ဖိ၍ တိုက်ခိုက်လိုက်ရာ သူ၏လက်မောင်းတွင် ဓားရှထိသွားသဖြင့် သွေးများ ဖြာထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက ဆက်၍တိုက်ခိုက်လိုက်ရာ သူက နောက်ဆုတ်သွား ရ၏။ ထိုအချိန် ချူးဝမ်ကျုံး၏ဇနီးဖြစ်သူ စုကျင်းက ဓားဖြင့် ခံပေး လိုက်၏။

"ညည်း လွန်လွန်းပြီထင်တယ်"

စုကျင်း၏မျက်နှာ ဒေါသထွက်လွန်း၍ နီရဲသွား၏။

အသံဗလံများကြားလိုက်ရသဖြင့် အစောင့်များ ရောက်လာ ကြ၏။ သူတို့သည် ဓားကိုယ်စီဖြင့် သူမအား ဝိုင်းရံတိုက်ခိုက်ရန် ချဉ်းကပ်သွား၏။ ချူးဝမ်ကျုံးက ဟန့်တားသည်။

"မင်းတို့ နောက်ဆုတ်ကြ"

အစောင့်များက နောက်ဆုတ်သွားကြ၏။ ချူးဝမ်ကျုံးက

"မင်းတို့ကိစ္စ မဟုတ်ဘူး၊ အားလုံး ကိုယ့်နေရာကိုယ် ပြန် သွားကြ"

အစောင့်များသည် ကြောင်အမ်းအမ်းဖြင့် အသီးသီး ပြန် ထွက်သွားကြလေသည်။

✷



စုကျင်းနှင့်ချင်းလိန်တို့သည် ပြင်းပြင်းထန်ထန်တိုက်ခိုက်နေ ၏။ ချူးဝမ်ကျုံးက အခက်ကြုံရ၏။ သူသည် ဟန့်တားရန်မှာလည်း မလွယ်မှန်းသိ၏။ ထို့ကြောင့် ငေးမော၍ကြည့်နေရသည်မှတစ်ပါး မည်သို့မှ မတတ်နိုင်ဘဲ ဖြစ်နေ၏။

သူမတို့နှစ်ယောက်မှာ အတန်ကြာတိုက်ခိုက်လာရာ စုကျင်းသည် ချင်းလိန်အား အထင်သေးမိ၍ ပေါ့ဆလိုက်သဖြင့် ချင်း လိန်၏ဓားသည် စုကျင်း၏ဝမ်းဗိုက်သို့ ထိုးသွင်းလာလေသည်။

ချူးဝမ်ကျုံးက အခြေအနေမဟန်မှန်း သိလိုက်သဖြင့် ...

"သတိထား စုကျင်း"

သူက အော်ဟစ်သတိပေးရင်း ချင်းလိန်အား လက်သီးတစ် လုံး ပစ်သွင်းလိုက်၏။

ချင်းလိန်က ရှောင်တိမ်းလိုက်သည်။ ထိုအချိန်မှာပင် ဒေါသ ထွက်နေသော စုကျင်းက ဓားနှင့်လွှဲခုတ်လိုက်ရာ ချင်းလိန်၏ညာ ဘက်လက်တစ်ဖက် တိခနဲပြတ်သွား၏။

"အား"

ချင်းလိန်က ဓားကိုလွှတ်ချလိုက်ပြီး စူးရှစွာ အော်ဟစ်အော် ဟစ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုကျင်းက ထပ်မံတိုက်ခိုက်ရန် ရှေ့သို့တိုးလာ၏။

ချူးဝမ်ကျုံးက စုကျင်းအား ဟန့်တားလိုက်သည်။

"မလုပ်နဲ့ စုကျင်း"

ချင်းလိန်သည် ပြတ်နေသောလက်တစ်ဖက်အား ကျန်ရှိသော လက်တစ်ဖက်နှင့် ဆုပ်ကိုင်ထားပြီး ပြေးလွှားထွက်ခွာသွားလေသည်။ ချူးဝမ်ကျုံးက စိတ်မကောင်းစွာနှင့် ကျန်ရစ်ခဲ့လေသည်။

✷

ချင်းလိန်က ...

"တပည့်တော်လက်က ဒဏ်ရာလည်း ဆရာလေး ကုပေးသလား"

သီလရှင်က ...

"ဟုတ်တယ်"

သူမက ဦးတိုက်၍ရှိခိုးလိုက်၏။

"ဆရာလေးရဲ့ကျေးဇူး ကြီးလှပါပေတယ်"

သီလရှင်က ကျောက်တုံးတစ်တုံးပေါ်၌ ထိုင်ချလိုက်၏။



သူမသည် ချင်းလိန်အား စိုက်ကြည့်ပြီး ...

"ညည်းနာမည် ဘယ်လိုခေါ်သလဲ"

ချင်းလိန်က ...

"ချင်းလိန်ပါ ဆရာလေး"

သီလရှင်က ...

"ညည်းလက်ကို ဘယ်သူက ဖြတ်လိုက်တာလဲ"

"ချူးဝမ်ကျုံးရဲ့ မိန်းမ စုကျင်းပါ"

သီလရှင်က ...

"လှျပ်စစ်ဓား ချူးဝမ်ကျုံး မဟုတ်လား"

ချင်းလိန်က ...

"ဟုတ်ပါတယ် ဆရာလေး"

သီလရှင်က ...

"ချူးဝမ်ကျုံးဟာ နာမည်ပျက်မရှိပါဘူး။ ညည်းလက်ကို ဖြတ်လောက်အောင် ဘယ်လိုရန်ငြိုးရှိလို့လဲ"

ချင်းလိန်က ...

"ကျွန်မနဲ့သူနဲ့ ဟောရန်ငြိုးရှိခဲ့ပါတယ် ဆရာလေး"

သီလရှင်က စိတ်ဝင်စားလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းက မိန်းကလေးတစ်ယောက်ပါ၊ ချူးဝမ်ကျုံးလို လျှမ်းလျှမ်းတောက်ပုဂ္ဂိုလ်ကြီးနှင့် ဘယ်လိုရန်ငြိုးရှိခဲ့တယ်ဆိုတာ ပြောပြနိုင်ရင် ကောင်းမယ်"

ချင်းလိန်က ...

"ဟုတ်ကဲ့ ပြောပြနိုင်ပါတယ်"

သူမသည် သက်သောင့်သက်သာစွာထိုင်ချလိုက်ပြီးမှ ဖြစ်ကြောင်းများကို စုံလင်စွာ ပြောပြလိုက်၏။

လိုဏ်ဂူထဲ၌ ပကတိတိတ်ဆိတ်နေ၏။ အတန်ကြာတော့မှ သီလရှင်က သက်ပြင်းချသံကြားလိုက်ရသည်။

"ညည်းရဲ့အဖြစ်အပျက်ကို ကြားလိုက်ရတာ ဆရာလေး အတော်စိတ်ထိခိုက်သွားပါတယ်"

သီလရှင်က စကားဆက်လိုက်၏။

"ဆရာလေး အခုလို ဒီလိုဏ်ဂူထဲရောက်ရတာလည်း ယောကျ်ားမကောင်းလို့၊ အေးအေ ညည်းနဲ့ငါနဲ့ဟာ ကံတူအကျိုး ပေးလို့ ဆိုရမှာပဲ"

သီလရှင်သည် ချင်းလိန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။



"အခု ညည်း ဘာဆက်လုပ်ဖို့ စိတ်ကူးထားသလဲ"

ချင်းလိန်က ငိုကြွေးလေတော့၏။ သီလရှင်က မျက်မှောင်ကြုတ်သွား၏။

"ညည်း ဘာဖြစ်လို့ ငိုနေရတာလဲ"

ချင်းလိန်က ...

"တပည့်တော်မကတော့ ချူးဝမ်ကျုံးတို့လင်မယားကို လက်စားချေချင်ပါတယ်၊ ဒါပေမဲ့"

သူမသည် သူမ၏လက်ပြတ်အားကြည့်၍ ဝမ်းနည်းပက်လက် ငိုကြွေးပြန်၏။

"ဒါပေမဲ့ ကျွန်မ အခုတော့ ဒုက္ခိတဖြစ်ပြီး တပည့်တော်မ သေလိုက်ချင်ပါတယ်"

သီလရှင်က ...

"လက်တစ်ဖက်ပြတ်တာလည်း သိုင်းပညာဆက်ပြီး သင်ကြားနိုင်ပါတယ်၊ ဘာကြောင့် စိတ်ပျက်ရတာလဲ"

ချင်းလိန်က အငိုရပ်တန့်သွား၏။

"တကယ်ပြောနေတာလား ဆရာလေး"

သီလရှင်က ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"လောကပေါ်မှာ ခက်ခဲတဲ့ကိစ္စရယ်လို့ မရှိပါဘူး။ ကြိုးစားအားထုတ်ရင် ရနိုင်တယ်လို့ အဆိုရှိတယ် မဟုတ်လား။ ဒကာမလေးက ဒုက္ခဆင်းရဲဒဏ်ကို ခံနိုင်မယ်ဆိုရင် ဆရာလေး သင်ပေးပါ့မယ်"

ချင်းလိန်က ဝမ်းသာသွားသည်။

"တပည့်တော်မကို သိုင်းပညာသင်ပေးပါ ဆရာ"

သူမသည် ဒူးထောက်၍ လှိုက်လှဲစွာ ရှိခိုးဦးချလိုက်လေသည်။ သီလရှင်ကလည်း ဝမ်းသာသွား၏။

"ငါတို့ဆရာတပည့်ဟာ အခုလို မမျှော်လင့်ဘဲ လာဆုံကြရတာ ရေစက်ရှိလို့ပဲလို့ သဘောထားရမှာပဲ"

သီလရှင်သည် ချင်းလိန်အား တွဲထူလိုက်၏။

"ထပါ တပည့်မ၊ တစ်နှစ်အတွင်း ငါ့တပည့်ကို သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်စေရမယ်"

✷

(၇) ရက်။ (၇) ရက်ကျော်လာပြီးနောက် ချင်းလိန်၏



ဒဏ်ရာမှာ လုံးဝပျောက်ကင်းသွား၏။ သီလရှင်သည် ဆိတ်အရေပြားဖြင့် ပြုလုပ်ထားသော စာအုပ်တစ်အုပ် သူမအား ပေးလိုက်၏။

"အဲဒါက မြွေဟောက်သိုင်းကျမ်းလို့ ခေါ်တယ်"

ချင်းလိန်သည် မြွေဟောက်သိုင်းကျမ်းဟူ၍ တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးပေ။

"ရှင် ... မြွေဟောက်သိုင်းကျမ်း ... ဟုတ်လား ဆရာ"

သီလရှင်က ...

"ဟုတ်တယ်၊ ဆရာလည်း ညည်းလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ခဲ့ရလို့ ခြေဦးတည့်ရာလေလွင့်ရင်း ဒီကိုတိုက်တိုက်ဆိုင်ဆိုင်ရောက်လာတယ်၊ ဆရာ ဒီလိုဏ်ဂူထဲရောက်တဲ့အခါမှာ သေလုဆဲဆဲ အဘွားအိုတစ်ယောက်နဲ့တွေ့လို့ သူက ဒီကျမ်းစာကိုပေးခဲ့တယ်၊ ငါ့ကိုလည်း ဒီသိုင်းကျမ်းကို လေ့လာလိုက်ရင် ဘယ်သူကမှ မဖော်ကားနိုင်ဘူးလို့ ပြောတယ်၊ နောက်ပြီး ငါသေသွားရင် တပည့်တစ်ယောက်ကိုရှာပြီး ဒီပညာကို လက်ဆင့်ကမ်းပေးရမယ်လို့ မှာကြားသွားတယ်၊ ဆရာလည်း သင့်တော်မည့်တပည့်တစ်ယောက်ကို လိုက်ရှာနေတာ မတွေ့သေးဘူး၊ အခုတော့ ညည်းနဲ့ လာတွေ့တော့ ဆရာရဲ့ဆန္ဒ ပြည့်ဝသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိန်က ...

"ကျွန်မလည်း ဆရာနဲ့လာပွေ့ရတာ သိပ်ကိုက်ကောင်းပါတယ်ရှင်"

သီလရှင်က ...

"ဒီကျမ်းကို ညည်း သဘောပေါက်အောင် ဖတ်ထား၊ ဆယ်ရက်ကြာပြီးတာနဲ့ လက်တွေ့သင်ပေးမယ်"

ချင်းလိန်က ... ဦးညွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ် ဆရာ"

*

ထိုနေ့မှစပြီး ချင်းလိန်သည် မြွေဟောက်လိုဏ်ဂူတွင် သိုင်းပညာသင်ကြားရလေသည်။ ဘဝဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့သည်။ ဒုက္ခဆင်းရဲအမျိုးမျိုး ခံစားရသောချင်းလိန်သည် မြွေဟောက်သိုင်းကျမ်းအား ထမင်းမေ့ဟင်းမေ့ ဖွဲ့နှင့်လေ့ကျင့်ခဲ့သည်။

မြွေဟောက်သိုင်းကျမ်းဟူသည် လက်တစ်ဖက်သာရှိသော ချင်းလိန်အဖို့ အလွန်ကိုက်ညီနေ၏။



ထို့ကြောင့် တိုကောင်းလှသော တစ်နှစ်အတွင်း ချင်းလိန်သည် မြွေဟောက်သိုင်းကျမ်းပါ သိုင်းပညာရပ်များကို ကောင်းစွာကျွမ်းကျင်တတ်မြောက်ခဲ့သည်။

တစ်နေ့ ဆောင်းရာသီနံနက်ခင်းတစ်ခုဖြစ်သည်။ ချင်းလိန်က သိုင်းလေ့ကျင့်နေရာမှ လိုဏ်ဂူထဲသို့ ပြန်ဝင်ရောက်လာ၏။ သူမသည် မမျှော်လင့်ဘဲ သီလရှင် တင်ပျဉ်ခွေ ထိုင်နေသည်ကို မြင်ရ၏။

သူမ၏ဆရာသည် ယင်းကဲ့သို့ တင်ပျဉ်ခွေထိုင်သည့်အလေ့အထမရှိခဲ့ပါ။ ထို့ကြောင့် သူမ အံ့အားသင့်သွား၏။

"ဆရာ"

သူမက ချဉ်းကပ်သွား၍ ဒူးထောက်ပြီး ခေါ်လိုက်၏။

သီလရှင်က ...

"ညည်း လာတာအတော်ပဲ၊ ညည်းကို မှာစရာတွေရှိတယ်"

ချင်းလိန်၏ရင်ထဲ၌ ထိတ်ခနဲ ခံစားလိုက်ရ၏။

"ဆရာ နေကောင်းရဲ့လား"

သီလရှင်က မဖြေဘဲ မေးလိုက်၏။

"ညည်းရဲ့ မြွေဟောက်သိုင်း အတော်လေး ကျွမ်းကျင်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိန်က ...

"ဟုတ်ကဲ့ပါ ဆရာ"

သီလရှင်က ...

"ဒါဖြင့် အပြင်သွားကြမယ် ... ငါ့ကို အစကအဆုံး လေ့ကျင့်ပြပါ"

ချင်းလိန်က ...

"ဟုတ်ကဲ့ပါ ဆရာ"

သူမက သီလရှင်နှင့်အတူ လိုဏ်ဂူထဲမှ ထွက်လာ၏။

သူတို့သည် သိုင်းလေ့ကျင့်ရသော မြေကွက်လပ်ရှိရာသို့ ရောက်လာကြ၏။

ချင်းလိန်က သီလရှင်အား ဂါရဝပြုပြီးနောက် မြွေဟောက်သိုင်း လေးဆယ့်ရှက်ကွက်အား စတင်သရုပ်ပြလေ့ကျင့်လေသည်။

သိုင်းကွက် (၄၈) ကွက် ကုန်ဆုံးသွားသောအခါ သီလရှင်၏ မျက်နှာပေါ်တွင် ချီးကျူးသည့်ဟန်မူရာများ ပေါ်လွင်လာ၏။

"ကျွန်မလေ့ကျင့်တာ သဘောကျရဲ့လားဆရာ"

သီလရှင်က ခေါင်းညိတ်၏။

"အမှန်အတိုင်း ပြောရမယ်ဆိုရင် မြွေဟောက်သိုင်းကျမ်း



(၄၈) ကွက်စလုံး တတ်မြောက်ဖို့ဟာ သုံးနှစ်သုံးမိုးလောက် အချိန်ယူရတယ်၊ ဆရာကိုယ်တိုင်တောင်မှ (၂) နှစ်တိတိ အချိန်ကုန်ခဲ့ရတယ်၊ အခု ... ညည်းက တစ်နှစ်အချိန်မှာ အခုလိုအခြေအနေရောက်နိုင်တာဟာ ညည်းရဲ့နာကြည်းတဲ့စိတ်ကြောင့် ဖြစ်တယ်လို့ ငါ ယုံကြည်တယ်"

သူမသည် ပြောနေရင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ဆရာ့မှာ ဝေဒနာတစ်ခုကြောင့် လူ့လောကမှာ ကြာကြာနေနိုင်မှာမဟုတ်ဘူး"

ချင်းလိန်မှာ သီလရှင်နှင့် အတူတကွနေထိုင်လာခဲ့ရာ သီလရှင်အပေါ် သံယောဇဉ်ကြီးသွယ်မိနေ၏။

ထို့ကြောင့် သီလရှင်၏စကား မမျှော်လင့်ဘဲကြားရသောအခါ ရင်ထိတ်သွား၏။

"ဆရာ့မှာ ဘာဝေဒနာရှိလို့လဲ"

သီလရှင်က ...

"ဆရာ အတွင်းအားလေ့ကျင့်ခဲ့တုန်းက အောင်မြင်ခါနီးမှ လူဆိုးတစ်စု လိုဏ်ဂူထဲဝင်လာတယ်၊ သူတို့ကို ပြန်တိုက်ထုတ်နိုင်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ဆရာလည်း ဝေဒနာတစ်ရပ်ရခဲ့တယ်”

ချင်းလိန်က ...

“ဝေဒနာကို ဆရာမကုဘူးလား”

သီလရှင်က မချိုပြုံး ပြုံး၏။

“ဒီဝေဒနာမျိုးဟာ ကုလို့ရတဲ့ ဝေဒနာမျိုးမှ မဟုတ်ဘဲ”

သူမက စကားဆက်လိုက်၏။

“ဆရာက ဝေဒနာကို အတွင်းအားနဲ့ တစ်နေရာကိုပို့ထားခဲ့တယ်၊ ဒါပေမဲ့ ... အခုအခါမှာ ဝေဒနာက အစိုင်အခဲဖြစ်လာပြီး သူ့ကို ထိန်းနိုင်စွမ်း မရှိတော့ဘူး။ ဒါကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန် ဒီဝေဒနာဟာ ထကြွပေါက်ကွဲလာမှာ သေချာတယ်၊ ပေါက်ကွဲမယ့်အချိန်လည်း မဝေးတော့လို့ ...”

သူမက သက်ပြင်းလေးတစ်ချက် ချပြီး ...

“ငါမသေခင် ငါ့မှာရှိတဲ့တန်ခိုးတွေ ညည်းကို ပေးထားရမယ်”

ချင်းလိန်က မျက်ရည်ကျလာ၏။

“ဆရာ ... ဆရာ့ဝေဒနာကို သမားတော်ကောင်းကောင်းနဲ့ ပြလိုက်ရင် မကောင်းဘူးလား”



သီလရှင်က ...

“ငါ ကြိုးစားပြီး ကုသခဲ့ပါသေးတယ်၊ မရတော့ပါဘူး”

သူမက ချာခနဲ လှည့်လိုက်၏။

“ကဲ ... ဆရာ့နောက်လိုက်ခဲ့”

✱

ချင်းလိန်နှင့်သီလရှင်တို့သည် လိုဏ်ဂူထဲသို့ ပြန်လည်ရောက်ရှိသွားကြ၏။

သီလရှင်က အဝတ်အစားအသစ်တစ်စုံ လဲလိုက်၏။ ထို့နောက် တင်ပျဉ်ခွေထိုင်ချလိုက်သည်။

“ထိုင်ပါဦး ချင်းလိန်”

ချင်းလိန်က သီလရှင်ရှေ့တွင် ဒူးထောက်ထိုင်ချလိုက်၏။

သီလရှင်က ...

“ဒူးတုပ်မထိုင်နဲ့၊ ဆရာ့လို တင်ပျဉ်ခွေထိုင်ပါ”

ချင်းလိန်က တင်ပျဉ်ခွေထိုင်လိုက်၏။

သီလရှင်က လေးနက်သောအသံဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့တပည့်ကို အထူးမှာကြားမယ့် ကိစ္စတစ်ခုကို မှာကြားထားမယ်၊ ဒါကို ညည်းက တစ်သဝေမတိမ်းလိုက်နာရပါလိမ့်မယ်"

ချင်းလိနိသည် ယနေ့ ဆရာဖြစ်သူ၏ဟန်အမူအရာတစ်မျိုးဖြစ်နေသည်ကို သတိပြုမိသည်။ ပြောသည့်စကားများမှာလည်း တစ်စုံတစ်ခုနှင့် ကြုံတွေ့ရသဖြင့် မှာကြားနေသောဟန်မျိုးဖြစ်၏။

သူမက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဆရာ"

"ငါသေသွားရင် ဒီသိုင်းကျမ်းကို ညည်းကို အမွေပေးခဲ့နိုင်လို့ ငါတို့ မြွေဟောက်သိုင်းပညာဟာ ကွယ်ပျောက်မသွားနိုင်တော့ဘူး၊ တိမ်ကောမသွားနိုင်တော့ဘူး၊ အဲဒီလို ညည်းလက်ထဲရောက်တဲ့အခါမှာလည်း တပည့်မတစ်ယောက်ကို တစ်သဝေမတိမ်း အမွေပေးခဲ့ရမယ့်တာဝန် ရှိတယ်"

ချင်းလိနိက ...

"တပည့်တော်မ နားလည်ပါတယ် ဆရာ"

သီလရှင်က ...

"ကောင်းပြီ၊ နောက်ပြီး ဆရာ့ဆန္ဒတစ်ခုကို ပြောပြရဦးမယ်"



ချင်းလိနိက ...

"ဟုတ်ကဲ့"

သီလရှင်က ...

"လက်ရှိ သိုင်းလောကခေတ်အဆက်ဆက်မှာ ယောကျ်ားများကသာ ဗိုလ်ကျအုပ်စိုးနေခဲ့တယ်ဆိုတာ ငါ့တပည့်လည်း သိပါတယ်လေ"

ချင်းလိနိက ...

"ဟုတ်ပါတယ် ဆရာ"

သီလရှင်က ...

"ဆရာ့ရဲ့ဆန္ဒက ဒီအစဉ်အလာကို ဖယ်ရှားချင်တယ်၊ မိန်းမတွေမှာလည်း သူတို့လို သိုင်းလောကတစ်ခုလုံး အုပ်ချုပ်ဗိုလ်လုပ်နိုင်တယ်ဆိုတာ ပြချင်တယ်"

ချင်းလိနိက အားတက်သွား၏။

"ဟုတ်ကဲ့ ... တပည့်တော်လည်း ဒီစိတ်ဆန္ဒမျိုးရှိပါတယ်"

သီလရှင်က ဝမ်းသာသွား၏။

"ငါ့တပည့်က ယောကျ်ားများကို မုန်းတီးတဲ့စိတ်ရှိတယ်ဆိုတာ ဆရာသိထားပါတယ်၊ ဒါကြောင့် ... ဒီလိုဆန္ဒမျိုးကိုပဲ အကောင်

www.burmeseclassic.com

www.burmeseclassic.com



အထည်ဖော်နိုင်အောင် ဆရာက ကူညီပေးပါ့မယ်"

သူမက ဆက်၍ ...

"အခု ... ငါ့တပည့်မျက်လုံးမှိတ်ထားလိုက်ပါ၊ အာရုံကို စုစည်းလိုက်ပါ"

ချင်းလိန်သည် သီလရှင်ပြောသည့်အတိုင်း မျက်လုံးများကို မှိတ်ထားလိုက်၏။ အာရုံများကို စုစည်းလိုက်၏။ တစ်ခဏကြာသွားသောအခါ သီလရှင်၏အသံကြားလိုက်ရ၏။

"မျက်လုံးဖွင့်လိုက်"

ချင်းလိန်က မျက်လုံးဖွင့်လိုက်၏။

သီလရှင်က ...

"ဆရာ့မျက်လုံးကို စိုက်ကြည့်"

ချင်းလိန်က သီလရှင်၏မျက်လုံးအစုံအား မျက်တောင်မခတ် စိုက်ကြည့်လိုက်၏။

သီလရှင်၏မျက်လုံးအစုံသည် တဖြည်းဖြည်း ဝင်းလက်တောက်ပလာ၏။ ပထမတွင် လိမ္မော်ရောင်ဖြစ်၏။

တဖြည်းဖြည်းနဲ့ အနီရောင်သို့ ပြောင်းသွား၏။

ထို့နောက် စိမ်းဖန့်ဖန့်အရောင်သို့ ကူးပြောင်းသွား၏။



ထိုစိမ်းဖန့်ဖန့်အရောင် ကူးပြောင်းလိုက်သောအခါ လူသား၏မျက်လုံးကဲ့သို့မဟုတ်ဘဲ အလွန်ရက်စက်ကြမ်းတမ်းသော တောင်ဝံပုလွေ(?)တစ်ကောင်၏မျက်လုံးကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းလှ၏။

ချင်းလိန်က ကြည့်ရင်း တစ်ကိုယ်လုံး အေးစိမ့်သွား၏။

ထို့နောက် ရင်ထဲမှာ အပူငွေ့တစ်မျှင်သည် တဖြည်းဖြည်း ပွံ့နှံ့သွားပြီး တစ်ကိုယ်လုံးသို့ ရွေ့လျားလည်ပတ်သွား၏။

ထိုအပူငွေ့သည် ဦးခေါင်းသို့ ရွေ့လျားရောက်ရှိလာသောအခါ သူ၏မျက်လုံးအစုံသည် အလွန်အေးစိမ့်လာသည်ကို ခံစားလိုက်ရ၏။

ထို့နောက် အငွေ့တစ်ခုသည် သွေးကြောအတိုင်း တစ်ကိုယ်လုံးသို့ လည်ပတ်သွားရာ ခန္ဓာကိုယ်တစ်ခုလုံးသည် ရေခဲပြင်သို့ ရောက်ရှိနေသည့်အလား ဝုန်တုန်ယင်ယင်ဖြစ်လာ၏။

ချင်းလိန်သည် အအေးဒဏ်ကို အံကြိတ်၍ ကြံ့ကြံ့ခံနေ၏။ သို့သော် အေးစိမ့်သောဒဏ်ကို အချိန်ကြာကာ မခံမရပ်ဖြစ်လာ၏။

ထိုအချိန်မှာ အအေးဒဏ်များ ရုတ်ချင်းကွယ်ပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ချင်းလိမ် သက်သာရာရသွား၏။

နောက်ထပ် အတန်ကြာတော့မှ ချင်းလိမ်က မျက်လုံးဖွင့်ကြည့်လိုက်၏။ သီလရှင်၏တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ကျနေ၏။

"ဆရာ"

သူမက ခေါင်းရင်း ချွေးများ သုတ်ပေး၏။

သူမ၏လက်ဖဝါးသည် သီလရှင်မျက်နှာနှင့် ထိတွေ့လိုက်သောအခါ သီလရှင်၏မျက်နှာမှာ အေးစိမ့်နေသည်ကို တွေ့ရှိရသည်။

သူမက ရင်ထိတ်သွားသည်။ သေသေချာချာကြည့်လိုက်ရာ သီလရှင်မှာ အသက်မရှိတော့သည်ကို တွေ့ရှိရသည်။

သူမသည် သီလရှင်အား သိုင်းဖက်၍ လှိုက်လှဲစွာ ငိုချလိုက်၏။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# ဝဏ္ဏအောင်

## ချစ်မုန်းမာန်ခွယ်

(ဒု-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## မြွေဟောက်၏အမွေအနှစ်

လိုဏ်ဂူနှင့်ယှဉ်၍ မြေပုံသစ်တစ်ခုပေါ်လာသည်။

မြေပုံရှေ့တွင် ချင်းလိန်က ဒူးတုပ်၍ ထိုင်နေ၏။ သူမသည် ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးနေ၏။

သူမသည် သီလရှင်နှင့် ဆွေမတော် မျိုးမစပ်သော်လည်း အတူတကွ နေထိုင်ခဲ့သည်မှာ ကစ်နှစ်ကျော်ခန့် ရှိခဲ့သည်။ သံယောဇဉ်များ သွယ်မိလေ၏။

ယခုကဲ့သို့ မိမိအား ခွဲခွာသွားသည်ကို ယူကျုံးမရဖြစ်နေ၏။

သူမသည် သီလရှင်၏ကိစ္စအဝဝ ဆောင်ရွက်ပြီးနောက် ပထမဆုံး သူမ၏ခေါင်းထဲသို့ ရောက်ရှိလာသည့်အတွေးမှာ ချူးဝမ်ကျုံးထံသို့ သွားရောက်လက်စားချေရန်ပင်ဖြစ်၏။

ချူးဝမ်ကျုံးအား လက်စားချေပြီးလျှင် မြွေဟောက်ကျမ်း အမွေခံရန် တပည့်တစ်ယောက် အမြန်ဆုံး ရှာဖွေရန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ...

ဆရာသီလရှင်၏ဆန္ဒကို အကောင်အထည်ဖော်နိုင်ရန် မြေဟောက်ဂိုဏ်းတစ်ခု တည်ဆောက်လိုက်၏။

✷



မွန်မွန်သည် ချင်းလိနဲ၏နာကြည်းဖွယ်ရာအဖြစ်မှန်ကို စိတ်ထိခိုက်စွာ နားထောင်နေ၏။

ချင်းလိနဲ၏စကားဆုံးသွားတော့မှ သူမက သက်ပြင်းရှည်တစ်ချက်ချလိုက်၏။

ချင်းလိနဲက အဘယ်ကြောင့် ယောကျ်ားများအပေါ် တစ်ဖက်စွန်း မုန်းတီးနေသည့်အဖြစ်ကိုလည်း နားလည်လိုက်သည်။

ချင်းလိနဲသည် ယောကျ်ားများနှင့်အံတုလျက် သိုင်းလောကတစ်ခုလုံး စိုးမိုးအုပ်ချုပ်ရန် ကြိုးစားနေသည့်အကြောင်းကို ကောင်းစွာ သဘောပေါက်နားလည်လိုက်သည်။

ချင်းလိနဲ၏ယူဆချက် မှန်ကန်နေမည်လော။

သူမသည် ချူးပင်အား အလိုလိုသတိရလာ၏။

ချူးပင်သည် ကျေးဟုန်အမည်ရှိသော မိန်းကလေးနှင့် ပတ်သက်နေသည်ကိုလည်း သတိရလာ၏။

ချင်းလိနဲက စိတ်ကိုထိန်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာပြောတာ ငါ့တပည့်က သဘောပေါက်သလား"

မွန်မွန်က ...

"ဟုတ်ကဲ့ ... သဘောပေါက်ပါတယ်"

ချင်းလိန်က ...

"မြဲမြဲမှတ်ထား၊ ယောကျ်ားကို ဘယ်တော့မှ အခွင့်အရေး မပေးနဲ့"

မွန်မွန်က ...

"ဟုတ်ကဲ့ပါ ဆရာ"

ချင်းလိန်က ...

"ကဲ ... အနားယူတော့၊ ငါလည်း အိပ်တော့မယ်"

မွန်မွန်သည် ချင်းလိန်အား ဂါရဝပြုပြီး မိမိအခန်းရှိရာသို့ ပြန်သွား၏။

✸



မိုးလင်းခါနီး မိုးမလင်းသေးသောအချိန်သည် အလွန်မှောင်မည်းသောအချိန်ဖြစ်၏။

ထိုအချိန်မှာ လူရိပ်တစ်ခုသည် မြွေဟောက်ဂိုဏ်း၏မြေအောက်ခန်းရှိရာသို့ ချဉ်းကပ်နေ၏။

ထိုလူရိပ်သည် နယ်မြေကို ကျွမ်းကျင်ပုံရ၏။ ကင်းစောင့်သမားအား ရှောင်တိမ်းလျက် မြေအောက်ခန်းသို့ ဆင်းသက်လိုက်၏။

မြေအောက်အကျဉ်းခန်းရှေ့တွင် သံတံခါးတစ်ချပ်ပိတ်ထား၏။ အစောင့်နှစ်ယောက်သည် ထိုင်၍အိပ်ငိုက်နေ၏။

ထိုလူရိပ်သည် ရုတ်တရက်ဝင်ရောက်သွားပြီး ထိုလူနှစ်ယောက်က မည်သို့မျှ မလှုပ်ရှားနိုင်မီ သူက ထိုလူနှစ်ယောက်၏ သွေးကြောအား ပိတ်လိုက်၏။

ထို့နောက် အသင့်ပါလာသော သွပ်ကြိုးတစ်ချောင်းဖြင့်သံတံခါးပေါ်၌ ခတ်ထားသော သော့ခလောက်အား ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သံတံခါးအား ဖွင့်၏။

မြေအောက်ခန်း၏နံရံပေါ်၌ ဝါကျင့်ကျင့်မီးရောင်လင်းနေ၏။

အကျဉ်းချခြင်းခံရသော ချူးပင်သည် အိပ်မောကျနေရာမှ သံတံခါးဖွင့်သံကြားလိုက်ရသောအခါ ဆတ်ခနဲ နိုးလာသည်။

အနက်ရောင်အင်္ကျီ၊ အနက်ရောင်ဘောင်းဘီနှင့် မျက်နှာဖုံး စွပ်ထားသော လူတစ်ယောက်ဝင်လာသည်ကို အံ့သြစွာ တွေ့မြင်ရသည်။

ထိုလူသည် မိမိအနားသို့ ချဉ်းကပ်လာပြီး နံရံမှာချိန်ထားသော သံကြိုးအား ဖြုတ်ပေး၏။

ထို့နောက် မိမိအား ထွက်သွားရန် ခြေဟန်လက်ဟန်ပြ၍ ထွက်သွား၏။

ချူးပင်သည် ရုတ်တရက် ငေးငိုင်နေ၏။

ထိုလူထွက်သွားတော့မှ သတိရလာကာ ကမန်းကတန်း မြေအောက်ခန်းမှ ပြေးထွက်သွား၏။

သူသည် အပေါ်သို့ရောက်ရှိသောအခါ ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည်ကို တွေ့ရ၏။



ထိုအချိန် အဝေးမှ မီးရောင်တစ်ချက်ပေါ်လာပြီးမှ ပြန်ငြိမ်းသွား၏။

မိမိအား လာရောက်ကယ်တင်သောလူ၏လမ်းပြချက်ဖြစ်သည်ဟု သူ နားလည်၏။

သူသည် မိမိအား ကယ်တင်သည့်သူမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရသော်လည်း ယုံယုံကြည်ကြည်ဖြင့် လိုက်သွားသည်။

မီးရောင်သုံးကြိမ်တိတိပြသည့်အတိုင်း လိုက်သွားရာ မြေအောက်ခန်းမှ လွတ်မြောက်သွား၏။

ထိုအချိန် ကောင်းကင်ပေါ်၌ အလင်းရောင်ထွက်ပေါ်လာပြီဖြစ်ရာ ချူးပင်သည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားနိုင်ခဲ့လေသည်။

❋

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက် ဒေါက်"

တံခါးခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာ၏။

မွန်မွန်သည် အိပ်ချင်မူးတူးနှင့် အခန်းတံခါး ထဖွင့်လိုက်သည်။

ချင်းလိန်တစ်ယောက် အခန်းဝ၌ရပ်လျက်ရှိပြီး မျက်နှာထား သုန်မှုန်စွာဖြင့် ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဆရာ … စောစောစီးစီး ဘာများအရေးကြီးတဲ့ကိစ္စ ပေါ်လို့လဲ"

သူမက အံ့ဩထိတ်လန့်စွာဖြင့် မေး၏။

ချင်းလိန်က သူမအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ပြီးမှ …

"ချူးပင် ထွက်ပြေးသွားပြီ"

ဟု တစ်လုံးချင်း ပြောချလိုက်၏။

"ရှင်"



မွန်မွန်က အကြီးအကျယ်အံ့ဩသွား၏။

"သူ့ကို ကျွန်မက သံကြိုးနဲ့ နံရံမှာ သေသေချာချာခတ်ထားတာ၊ သူက သံကြိုးကို ရုန်းထွက်သွားလို့လား ဆရာ"

ချင်းလိန်က ခေါင်းအသာအယာ ခါပြ၏။

"မဟုတ်ဘူး၊ လူတစ်ယောက်က သူ့ကို ကယ်ထုတ်သွားတာ"

"ရှင် … လူတစ်ယောက်က သူ့ကို ကယ်ထုတ်သွားတာဟုတ်လား"

သူမက တအံ့တဩဖြစ်နေ၏။

ချင်းလိန်က အေးတိအေးစက်ဖြင့် ခေါင်းညိတ်ပြ၏။

"ဟုတ်တယ်၊ ဒီလူကလည်း ငါတို့ မြွေဟောက်ဂိုဏ်းထဲက လူ ဖြစ်ရမယ်"

သူမ၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။

"ကျွန်မတို့ဂိုဏ်းထဲက ဟုတ်လား ဆရာ"

ချင်းလိန်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ အပြင်လူဆိုရင် ကင်းသမားများကို အလိုလို ဖြတ်ကျော်သွားနိုင်မှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က ...

"ဘယ်သူ့ကို သံသယဖြစ်သလဲ ဆရာ"

ချင်းလိန်က ...

"လောလောဆယ်တော့ မသိသေးဘူး၊ ဒါပေမဲ့ ... တစ်နေ့တော့ ပေါ်လာမှာပေါ့ မွန်မွန်"

မွန်မွန်က ...

"ကျွန်မ သူ့နောက်ကိုလိုက်ရှာရမလား ဆရာ"

ချင်းလိန်က ...

"မလိုပါဘူး၊ သူ့ကို ရှာဖွေဖို့ဆိုတာ မလွယ်ပါဘူး"

သူမက မဲ့ပြုံးပြုံးပြီး ...

"တစ်နေ့တော့ ငါ့လက်ထဲ ပြန်ရောက်လာမှာပါ"

* * *



## ထင်းစန်းတောင်

ချူးပင်မှာ သုံးညနှင့်သုံးရက်တိုင်တိုင် ခရီးပြင်းနှင်လာခဲ့ရာ တတိယနေ့ညနေအချိန်တွင် ထင်းစန်းတောင်သို့ရောက်ရှိလာ၏။

လက်ထောက်ဂိုဏ်းချုပ် ထိုက်ဘိလျှူက လက်ခံတွေ့ဆုံလေသည်။

"ကျွန်တော် ချူးပင်ပါ၊ တစ်ချိန်တုန်းက အဘွားကြီးဂိုဏ်းကိုယ်စား သိုင်းကျမ်းစာအုပ် လာပို့ခဲ့ဖူးပါတယ်"

ထိုက်ဘိလျှူက မျက်မှောင်ကြုတ်၍စဉ်းစားပြီး ...

"ဩော် ... ဟုတ်ပြီ၊ ကျုပ် သတိရလာပြီ၊ ဒါနဲ့ ... အခုလို တကူးတက ကျုပ်တို့ဆီလာခဲ့တာ အကြောင်းကြီးငယ် ရှိလို့လား"

ချူးပင်က ...

"ဟုတ်ကဲ့ ... အရင်တစ်ခေါက်လာတုန်းက ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ခဲ့ပါတယ်၊ တစ်နေ့ လိုအပ်ရင် သိုင်းကျမ်းကို ဖတ်ခွင့်ပေးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့ပါတယ်"

ထိုက်ဘိလျူက အခက်ကြုံသွားလေသည်။

"ဂိုဏ်းချုပ်ကြီးက ခရီးထွက်သွားပါတယ်၊ ဒါကြောင့် ... ကျမ်းစာကို ပေးပိုင်ခွင့်မရှိပါဘူး"

သူက စကားဆက်သည်။

"ဒါပေမဲ့ ... ခင်ဗျားကိုတော့ အခွင့်အရေးသီးခြားပေးဖို့ သင့်တယ်လို့ ယူဆပါတယ်၊ တကယ်လို့ ခင်ဗျားက ဒီမှာပဲ ဖတ်မယ်ဆိုရင် ကျုပ်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ တိုင်ပင်ပြီး သူတို့ရဲ့ သဘောတူညီမှုရရင် ဖတ်နိုင်ပါတယ်"

ချူးပင် ဝမ်းသာသွား၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုက်ဘိလျူက ရသေ့တစ်ပါးအား ခေါ်လိုက်သည်။

"ဧည့်သည် ဒီမှာအကြာကြီးနေလိမ့်မယ်၊ သူ့အတွက် နေရာထိုင်ခင်းနဲ့ အစားအသောက်များ စီစဉ်ပေးပါ"

ရသေ့က ဦးညွတ်၍ ...

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်"

ထိုက်ဘိလျူက ချူးပင်အား ...



"သူ့နောက်လိုက်သွားပါ၊ သိုင်းကျမ်းကိစ္စ ဆွေးနွေးပြီးတာနဲ့ အကြောင်းပြန်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်"

ချူးပင်သည် လက်အုပ်ချီ၍ ထိုက်ဘိလျူအား အရိုအသေပြုပြီး ရသေ့နောက်သို့ လိုက်သွားလေသည်။

✱

www.burmeseclassic.com

www.burmeseclassic.com



ထင်းစန်းတောင်ဂိုဏ်း၏အရေးပေါ် အစည်းအဝေးတစ်ခု ကျင်းပလေသည်။

ထိုအစည်းအဝေးသို့တက်ရောက်ကြသော ပုဂ္ဂိုလ်များသည် ချူးပင်မှာ ထင်းစန်းတောင်ဂိုဏ်းအတွက် အလွန်တန်ဖိုးကြီးလှသော သိုင်းကျမ်းပြန်လည်ရရှိထားသည့်ကျေးဇူးကိုထောက်၍ ချူးပင်အား ခြောက်လအတွင်း ထင်းစန်းတောင်၌နေထိုင်ပြီး ဖတ်ရှုခွင့်ပြု၏။ လေ့ကျင့်ခွင့်ပြု၏။ လိုအပ်သည်ကို သင်ကြားပေးမည်ဟု ဆုံးဖြတ်လိုက်လေသည်။

ထို့ကြောင့် ချူးပင်သည် ထင်းစန်းတောင်ပေါ်၌ နေထိုင်ပြီး သိုင်းပညာကို လေ့ကျင့်ရလေသည်။

✱ ✱ ✱



## မြွေဟောက်မယ်ရန်စွယ်

ဘုန်းပေစန်းတောင်။ ဤတောင်တန်းသည် ဘုန်းပေဂိုဏ်း၏ဌာနချုပ်တည်ရာ နေရာဖြစ်သည်။

ဘုန်းပေဂိုဏ်းမှာ သိုင်းလောက၌ ကျော်ကြားပြီး တရားမျှတသော ဂိုဏ်းရှစ်ဂိုဏ်းအနက် တစ်ဂိုဏ်းပါဝင်နေ၏။

ဘုန်းပေစန်းဂိုဏ်း၏ဂိုဏ်းသားများတို့သည် ရသေ့ အများဆုံး ပါဝင်သည်။ သူတို့မှာ ဆေးပညာထူးချွန်ကြသူများ ဖြစ်ကြသည်။

သို့သော် သူတို့သည် သိုင်းလောကသို့ အရောက်အပေါက်နည်းသည်။ မည်သည့်ဂိုဏ်း မည်သည့်ပုဂ္ဂိုလ်နှင့်မှ ရန်ငြိုးမရှိခဲ့ပါ။

ထို့ကြောင့် ဘုန်းပေစန်းတောင်သည် ထာဝရအေးချမ်းပြီး ကြည်နူးဖွယ်ရာကောင်းသော နေရာတစ်ခုဖြစ်လေသည်။

သို့သော် ...

✱

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နံနက် ရသေ့ငယ်တစ်ပါးသည် ထုံးစံအတိုင်းအိပ်ရာမှ နိုးလာသောအခါ ဘုရားကျောင်းရှေ့တွင် တံမြက်စည်းလှည်းကျင်းရန် ထွက်လာခဲ့၏။

သူသည် တံခါးမကြီးအား ဖွင့်လိုက်သောအခါ အစိမ်းရောင်စာရွက်တစ်ရွက် လွင့်စဉ်ကျသွားသည်ကို တွေ့မြင်လိုက်သည်။

သူက ကောက်၍ကြည့်လိုက်၏။ ဖိတ်စာတစ်စောင်ဖြစ်နေသည်ကို တွေ့ရ၏။

သို့သော် သူက စာမတတ်ပါ။ ဖိတ်စာပေါ်တွင် မြွေဟောက်တစ်ကောင် ရေးဆွဲထားသည်ကိုပါ တွေ့ရ၏။ ဖိတ်စာပေါ်၌ မည်သို့ရေးထားသည် မသိပါ။

သူက ဖိတ်စာကိုင်လျက် မည်သည့်အဖွဲ့အစည်းမှ ဖိတ်စာဖြစ်သည်ကို တွေးတောနေစဉ် သူ၏မျက်လုံးအစုံသည် အမှတ်မထင် နံရံပေါ်သို့ရောက်သွား၏။ နံရံပေါ်၌ မြွေဟောက်နှစ်ကောင်ရေးဆွဲထားသည်ကို တွေ့ရ၏။



ထိုမြွေဟောက်ရုပ်သည် ဖိတ်စာပေါ်မှပါရှိသော မြွေဟောက်မျိုးဖြစ်၏။ ခြားနားသည်မှာ နံရံပေါ်၌ မြွေဟောက်နှစ်ကောင်မှာ တစ်ကောင်က အကြီး၊ တစ်ကောင်က အသေးဖြစ်၏။

သူသည် တံမြက်စည်းကို မလှည်းနိုင်တော့ဘဲ ဧည့်ခန်းတာဝန်ခံ ရသေ့ထံမှ သတင်းပို့လေ၏။

ရသေ့ကြီးသည် ဖိတ်စာကို ဖတ်လိုက်ရင်း မျက်နှာကွက်ခနဲပျက်သွားလေ၏။

"မင်း ... ဒီဖိတ်စာ ဘယ်ကရတာလဲ"

ရသေ့ငယ်က ...

"ကျွန်တော် တံခါးဖွင့်လိုက်တဲ့အခါမှ လွင့်မျောကျလာတာ ဖြစ်ရမယ်"

သူက စကားဆက်လိုက်၏။

"နံရံမှာလည်း မြွေဟောက်ရုပ်နှစ်ကောင် ရေးထားတယ်ဗျ"

ရသေ့ကြီးက အပြင်သို့ ကပျာကယာ လိုက်လာလေ၏။

ရသေ့ငယ်က အပြင်သို့ ကပျာကယာ လိုက်လာလေ၏။

ရသေ့ငယ်က နံရံပေါ်မှ မြွေဟောက်ရုပ်နှစ်ကောင်အား

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်၏။

"ဟိုမှာ ရသေ့ကြီး"

ရသေ့ကြီးက သေချာစွာ ကြည့်လိုက်၏။

နံရံပေါ်၌ မင်ပြာဖြင့် မြွေဟောက်နှစ်ကောင်က ပါးပျဉ်းထောင်နေသည်ကို တွေ့ရလေ၏။

ဂိုဏ်းချုပ်ဖြစ်သူ မုကျင်းကျူးသည် ဖိတ်စာအား ဖတ်ရှုလိုက်သောအခါ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်ပြီးမှ ဒေါသရောင်သန်းလာလေ၏။

ဘုန်းပေစန်းဂိုဏ်းချုပ် မုကျင်းကျူးသိစေရန် ...

ဤဖိတ်စာကိုရရှိပြီး ခုနစ်ရက်အတွင်း မြွေဟောက်ဂိုဏ်း တည်နေရာသို့ကြွပါ။ ယင်းကဲ့သို့ ကြွရောက်လာပါက ကျွန်ုပ်တို့ဂိုဏ်း အပေါ် သစ္စာခံသည်ဟု ယူဆပါ၏။ သို့မဟုတ်ပါက သိုင်းလောကမှာ ဘုန်းပေစန်းဂိုဏ်းဟူ၍ ရှိတော့မည် မဟုတ်ပါ။

ပုံ–မြွေဟောက်မယ်

မုကျင်းကျူးက ဒေါသထွက်လွန်း၍ ဖိတ်စာအား ဆွဲဖြဲလိုက်သည်။



"မြွေဟောက်မယ်ဆိုတာ ဘယ်တုန်းက ပေါ်လာတာလဲ၊ ဘာကြောင့် ဒါလောက် မိုက်ရိုင်းရတာလဲ"

ရသေ့ကြီးက ...

"မြွေဟောက်မယ်ဆိုတာ လက်တစ်ဖက်ပြတ်နေတဲ့ အမျိုးသမီးတစ်ယောက်လို့ ပြောပါတယ်၊ အရင်တုန်းကဆိုရင် တစ်ယောက်တည်းပဲရှိတယ်၊ အခုတော့ အင်အား တော်တော်များနေပြီ"

မုကျင်းကျူးက ...

"ကနေ့ည အရေးပေါ် အစည်းအဝေးတစ်ခု လုပ်ရလိမ့်မယ်၊ ဒါတွေကို ရသေ့ကြီးကပဲ စီစဉ်လိုက်ပါ"

ရသေ့ကြီးက ဦးညွှတ်လိုက်၏။

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

✷

www.burmeseclassic.com

www.burmeseclassic.com



ကနေ့ည …။

ဘုန်းပေစန်းတောင်ဂိုဏ်း၏ခန်းမထဲ၌ မီးရောင်များ ထိန်ထိန်လင်းနေသည်။

ဘုန်းပေစန်းတောင်၏ဂိုဏ်းခန်းမသည် ယခုကဲ့သို့ အစည်းအဝေးမထိုင်ခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာပြီဖြစ်၏။

ခါတိုင်းဆိုလျှင် အထွေထွေကိစ္စ ပေါ်ပေါက်လာလျှင် ဂိုဏ်းချုပ်ကြီး၏အခန်း၌သာ ဆွေးနွေးကြ၏။

ယခုမှာမူ …

ခန်းမကြီး၌ အရေးပေါ်အစည်းအဝေး ခေါ်လိုက်သောကြောင့် အဖွဲ့ဝင်အားလုံး၏စိတ်ထဲတွင် သို့လော … သို့လော ဖြစ်ကုန်ကြလေ၏။

အထူးသဖြင့် ယနေ့ခေါ်ယူလိုက်သော အစည်းအဝေးမှာ အနားယူနေသော အမှုဆောင်ဟောင်းများပါ ဖိတ်ခေါ်ထားခြင်းဖြစ်၏။



ဖိတ်ကြားခြင်းခံရသော ပုဂ္ဂိုလ်များ၏စိတ်ထဲတွင် အလွန်အရေးကြီးသော အစည်းအဝေးတစ်ခု ဖြစ်ရမည်ကို မှန်းဆယုံကြည်ကြလေ၏။

ထို့ကြောင့် ဖိတ်ကြားခြင်းခံရသော ပုဂ္ဂိုလ်များတို့သည် ရင်တဖိုဖိုဖြင့် အစည်းအဝေးခန်းမသို့ ရောက်ရှိလာကြလေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



ခန်းမကြီးထဲသို့ လူစုလူဝေးပြည့်စုံစွာ ရောက်ရှိပြီးသည်နှင့် မုကျင်းကျူက လေးနက်သောမျက်နှာထားဖြင့် ကြွရောက်လာကြသော အမှုဆောင်များအား တစ်ချက်ဝေ့ကြည့်လိုက်သည်။

ခန်းမတစ်ခုလုံးတွင် လူသုံးဆယ်ခန့်ရှိသော်လည်း အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေ၏။ အတန်ကြာတော့မှ မုကျင်းကျူက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကြွရောက်လာကြတဲ့ အမှုဆောင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များကို အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင်ဆွေးနွေးချင်လို့ အခုလို အရေးပေါ်အစည်းအဝေး ခေါ်လိုက်ရပါတယ်"

သူက ခေတ္တရပ်လိုက်ပြီးမှ ဆက်လိုက်သည်။

"ကျုပ်တို့ကို မြွေဟောက်မယ်ဆိုတဲ့အမျိုးသမီးက ခြိမ်းခြောက်လာပါတယ်၊ ခုနစ်ရက်အတွင်း သူတို့ဆီ သစ္စာခံဖို့ အရောက်သွားရမယ်၊ ခုနစ်ရက်ပြည့်မှရောက်မသွားရင် သိုင်းလောကမှာ ငါတို့ဘုန်းပေဂိုဏ်းပျောက်သွားရမယ်လို့ တလာပေးသွားပါတယ်"



ထိုစကားများ ကြားလိုက်ရသောအခါ အားလုံးက ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြ၏။

ခံပြင်းလာကြသဖြင့် တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုလာကြလေသည်။

"မြွေဟောက်မယ်က ဘယ်သူလဲ ဘာကြောင့် ဒါလောက်ရမ်းကားရတာလဲ"

"အို ... လာစမ်းပါစေ မြွေဟောက်ခေါင်းဖြတ်ပစ်မယ်"

"သူလာတာကို စောင့်မနေနဲ့ ကျုပ်တို့အရင် သွားတိုက်ပစ်မယ်"

ဂိုဏ်းချုပ်ကြီး မုကျင်းကျူက လက်မြှောက်ပြလိုက်ပြီး ဆူဆူညံညံဖြစ်ပေါ်လာသော အသံများအား ဟန့်တားလိုက်သည်။

မခံမရပ်နိုင်ဖြစ်နေကြသော ရသေ့ငယ်များကိုလည်း ထိန်းချုပ်လိုက်လေသည်။

"အားလုံးငြိမ်ငြိမ်နေကြပါ၊ ခင်ဗျားတို့အားလုံး စိတ်ထဲမှာ ဘယ်လောက်ခံပြင်းနေကြမယ်ဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါပေမဲ့ ... ဒီလိုတစ်ယောက်တစ်ပေါက် ပြောနေလို့ ဘာမှဖြစ်လာမှာမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝိုက်းချုပ်ကြီး မုကျင်းကျူး၏စကား ကြားလိုက်ရသောအခါ အားလုံးက တိတ်ဆိတ်နေကြကုန်၏။

မုကျင်းကျူးက ...

"ပထမဆုံး ဒီကိစ္စနဲ့ပတ်သက်ပြီး အဖွဲ့ဝင်အားလုံးရဲ့ဆန္ဒကို သိချင်ပါတယ်"

သူက အသံအေးအေးဖြင့် ...

"မြွေဟောက်မယ်ရဲ့အကျုပ်ကိုင်တာကို အဖွဲ့အားလုံးက သူ့ရဲ့ဩဇာကို ခံကြမလား"

"မခံဘူး"

"သေတောင်မခံဘူး"

တစ်ယောက်တစ်ခွန်း အော်ဟစ်ပြန်လေ၏။

မုကျင်းကျူးက လက်မြှောက်လိုက်ရာ အားလုံးငြိမ်သက်သွားကြပြန်သည်။

မုကျင်းကျူးက ...

"ကျုပ်တို့က သူတို့ကို သစ္စာမခံရင် သူတို့ကတော့ လာပြီး ဒုက္ခပေးလိမ့်မယ်၊ အားလုံးက ဘာလုပ်ကြမလဲ"

အဖွဲ့သားများက တခဲနက်အော်လိုက်သည်။



"အသက်သေချင်သေပါစေ၊ သူသေကိုယ်သေ တိုက်မယ်"

မုကျင်းကျူးက ...

"ကောင်းတယ်၊ ငါတို့ဟာ ဘုန်းပေစန်းဂိုဏ်းအတွက် အသက်စွန့်ပြီး ကာကွယ်ရမယ့်အချိန် ရောက်လာပါပြီ၊ ရန်သူမှန် သမျှကို သတ္တိရှိရှိ ချေမှုန်းကြမယ်လို့ ဆုံးဖြတ်လိုက်တယ်"

သူက ယင်းသို့ပြောပြီး အမှုဆောင်များဘက်သို့ လှည့်လိုက်သည်။

"ခုနစ်ရက်ဆိုတဲ့အချိန်ဟာ တိုတောင်းလှတယ်၊ ဒါကြောင့် ... မြွေဟောက်ရန်စွယ်ကို ခုခံဖို့ အခုကတည်းက ကြိုတင်စီစဉ်ရပါ လိမ့်မယ်၊ ဒါဆို ရသေ့ကြီးတို့ တိုင်ပင်ပါ၊ တာဝန်ခွဲပြီး ဆက်လက် ဆောင်ရွက်ကြပါ"

အစည်းအဝေးသည် ဤသို့ဆုံးဖြတ်ပြီး လူစုခွဲကြလေသည်။

❋

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည် တဖြည်းဖြည်းကုန်ဆုံးသွားလေသည်။

ခုနစ်ရက်ဟူသောအချိန်သည်လည်း ကုန်ဆုံးသွားပြီဖြစ်လေသည်။

ယနေ့ညသည် နောက်ဆုံးညဖြစ်သည်။

ဘုန်းပေဂိုဏ်းတစ်ခုလုံးသည် မြွေဟောက်ရန်စွယ် ကာကွယ်ခုခံရန် ပြင်ဆင်ထားသည်မှာ ခုနစ်ညတိုင်တိုင်ရှိပြီဖြစ်သည်။

ဘုန်းပေစန်းဌာနချုပ် အဆောက်အအုံတစ်ခုလုံးကိုလည်း ယင်တစ်ကောင်ပင် မဝင်နိုင်အောင် ကင်းအထပ်ထပ်ချထားပြီးဖြစ်သည်။

သိုင်းပညာထက်မြက်သော ရသေ့ကြီးဆယ်ပါးတို့သည် အဆောက်အအုံ၏အပြင်ဘက် လေးဖက်လေးတန်တွင် နေရာယူ၍ စောင့်ကြပ်နေကြ၏။

အတွင်းဘက်ခန်းမထဲ၌ ဂိုဏ်းချုပ် မုကျင်းကျူကိုယ်တိုင် ထိုင်၍ အဆင့်မြင့်ရသေ့ခုနစ်ပါးနှင့်အတူ စောင့်ကြပ်နေ၏။



ဘုန်းပေစန်းဂိုဏ်း အဆောက်အအုံတစ်ခုလုံးမှာ ရဲတိုက်သဖွယ် ခိုင်ခံ့လှပေသည်။

ယနေ့ညသည် မြွေဟောက်မယ်၏ ရာဇသံပေးထားသော နောက်ဆုံးညဖြစ်၍ အားလုံးက ဝိုင်း၍ဂရုစိုက်ကြလေသည်။

'ဒေါင်'

အုန်းမောင်းခေါက်သံတစ်ချက် ထွက်ပေါ်လာသည်။

ဘုန်းပေဂိုဏ်းသားများတို့သည် လှုပ်လှုပ်ရှရှဖြစ်လာကြလေသည်။

ရန်သူလာမည့်လမ်းကို အထူးဂရုစိုက် စောင့်ကြပ်ကြလေသည်။ သို့သော် ရန်သူက ပေါ်မလာသေးပါ။

မကြာမီ အုန်းမောင်းခေါက်သံ ထပ်မံထွက်ပေါ်လာသည်။

'ဒေါင် ... ဒေါင်'

အုန်းမောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာပြန်သည်။

ရန်သူ၏အရိပ်အယောင်ပင် မတွေ့ရသေးပါ။

'ဒေါင် ... ဒေါင် ... ဒေါင်'

အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာလေပြီး ရန်သူက လုံးဝပေါ်မလာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားအားလုံးက စိတ်သက်သာရာရသွားကြသည်။

မြွေဟောက်မယ်က သက်သက်မဲ့ ခြိမ်းခြောက်ခြင်း ဖြစ်သည်ဟု ယူဆကြကုန်သည်။

အချို့ကလည်း အိပ်ငိုက်လာကြသည်။

အချို့က ပေါ့ပေါ့ဆဆဖြစ်လာကုန်ကြသည်။

ဤသို့ဖြင့် အုန်းမောင်းခေါက်သံ လေးချက်တိတိ ထွက်ပေါ်လာပြန်၏။

'ခေါင် ... ခေါင် ... ခေါင် ... ခေါင်'

မိုးလင်းတော့မည် ဖြစ်သည်။

အားလုံးက စိတ်များလျှော့ချလိုက်သောအခါ အေးစက်သောရယ်မောသံတစ်သံ ကြားလိုက်ရ၏။

"ဟား ... ဟား ... ဟား"

ရုတ်တရက် ထွက်ပေါ်လာသော ရယ်မောသံကြောင့် ဘုန်းပေစန်းဂိုဏ်းသားအားလုံးတို့သည် ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြသည်။

လက်နက်များဆုပ်ကိုင်၍ အသင့်ပြင်ထားကြ၏။

ခန်းမထဲ၌ထိုင်နေသည့် မကျင်းကျူးက ဆတ်ခနဲထရပ်လိုက်သည်။



သူသည် ရသေ့ခုနစ်ပါးခြံရံလျက် ခြေလှမ်းကျဲကျဲဖြင့် ထွက်လာကြ၏။

အဖွဲ့သားများက အသင့်ပါလာသော မီးတုတ်များ တစ်ပြိုင်တည်း ထွန်းညှိ၏။

အဆောက်အအုံရှေ့ကကွက်လပ်တစ်ခုလုံး ထိန်ထိန်လင်းသွား၏။ မီးရောင်အောက်တွင် လက်တစ်ဖက်ပြတ်နေသော အမျိုးသမီးတစ်ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။

သူမတို့သည် အနက်ရောင်အင်္ကျီနှင့် ဘောင်းဘီဝတ်ဆင်ထားသည်။ သူမတို့၏မျက်နှာပေါ်၌ မျက်လုံးပေါက်နှစ်ပေါက်ဖောက်ထားသည်မှအပ အနက်ရောင်အဝတ်ဖြင့် ဖုံးထား၏။

သူမတို့နောက်တွင် မိုးပြာရောင်အင်္ကျီများ ဆင်တူဝတ်ဆင်ထားသော ဓားသမားဆယ်ယောက်က တန်းစီရပ်နေ၏။

မကျင်းကျူးက ရှေ့သို့လှမ်း၏။ သူသည် လက်တစ်ဖက်ပြတ်အမျိုးသမီးအား လက်ဝါးတစ်ဖက်ထောင်၍ ယဉ်ကျေးမှုအရ ဂါရဝပြု၏။

"ဒကာမတို့က"

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိန်က ...

"မြွေဟောက်မယ် ချင်းလိန်"

မုကျင်းကျူက ...

"ကျုပ်ကတော့ ဘုန်းပေဂိုဏ်းရဲ့ဂိုဏ်းချုပ် မုကျင်းကျူပါ"

ချင်းလိန်က ...

"ကျုပ်သိတယ်"

မုကျင်းကျူက ...

"ဒကာမနဲ့ ဘုန်းပေဂိုဏ်းနဲ့ ရန်ငြိုးရှိခဲ့ဖူးပါသလား"

ချင်းလိန်က ...

"မရှိပါဘူး"

မုကျင်းကျူက ...

"ဒါဖြင့် ဘာကြောင့် ကျုပ်တို့ကို ရန်မူချင်ရတာလဲ"

ချင်းလိန်က ...

"ရန်မူတာမဟုတ်ဘူး၊ နောက်မကြာမီအချိန်မှာ သိုင်းလောကတစ်ခုလုံးကို မင်းလုပ်အုပ်ချုပ်ဖို့ ရည်ရွယ်ထားတယ်၊ ဒါကြောင့် ... ကျုပ်တို့အပေါ် သစ္စာမခံတဲ့ဂိုဏ်းမှန်သမျှ အားလုံးချေမှုန်းပစ်ရမှာပဲ"



မုကျင်းကျူက ...

"သိုင်းလောကတစ်ခုလုံး မင်းလုပ်အုပ်ချုပ်မယ်ဆိုတာ လူအများအတွက် ကောင်းကျိုးပြုရမယ်၊ အများရဲ့ကြည်ညိုလေးစားလာအောင် လုပ်မှရနိုင်ပါတယ်၊ ခင်ဗျားတို့ လုပ်နည်းလုပ်ဟန်တွေက လွဲနေပါတယ်"

"ဟား ဟား ဟား"

သူမက ရယ်မောဏ်။

"သိုင်းလောကတစ်ခုလုံး ဗိုလ်ကျအုပ်ချုပ်နိုင်ဖို့ဟာ ရှင်ပြောသလို မရပါဘူး၊ အင်အားရှိမှ ရပါလိမ့်မယ်၊ နိုင်သူစားတမ်းဆိုတဲ့စကား ရှင် မကြားဖူးဘူးလား"

မုကျင်းကျူက ...

"ဒကာမကြီးရဲ့အယူအဆဟာ လွဲနေပါတယ်၊ နိုင်ထက်စီးနင်း ပြုလုပ်ပြီး လူရမ်းကားလုပ်ရင် ဘယ်တော့မှ အောင်မြင်မှာမဟုတ်တဲ့အပြင် သိုင်းလောကသားတစ်ခုလုံးရဲ့ချေမှုန်းခြင်း ခံရပါလိမ့်မယ်"

သူမက ရယ်မောဏ်။

"ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



သူမက ရယ်မောရာမှ ရပ်တန့်လိုက်၏။

"စကားမရှည်နဲ့၊ ကျွန်မကို ရှင်းရှင်းပဲပြောပါ၊ သစ္စာခံမလား၊ မခံဘူးလား"

မုကျင်းကျူက ...

"ဒကာမကြီး ... စဉ်းစဉ်းစားစားလုပ်စေချင်ပါတယ်"

သူမက ...

"စဉ်းစားစရာမလိုဘူး၊ အခု လမ်းနှစ်လမ်းပဲ ရွေးချယ်စရာလိုတယ်၊ မြွေဟောက်ဂိုဏ်းပေါ် သစ္စာခံမလား၊ မခံဘူးလား၊ ဒါပဲပြောပါ"

မုကျင်းကျူက လက်ပါးတစ်ဖက်ထောင်၍ ...

"ဒကာမကြီး အခုလိုလုပ်နေတာ သိုင်းလောကတစ်ခုလုံးနဲ့ ရင်ဆိုင်ရမယ်ဆိုတာ မသိဘူးလား"

ထိုအခါ ...

သူမက မဲ့ပြုံးပြုံး၏။

"ရသေ့ကြီး တရားဟောနေတာ လာနားထောင်နေတာ မဟုတ်ဘူး၊ ကျွန်မမေးတဲ့မေးခွန်းကို အဖြေပေးပါ"

မုကျင်းကျူက သက်ပြင်းချ၏။



"ဘုန်းပေစန်းဂိုဏ်းတစ်ခုလုံး ပျက်စီးသွားပါစေ၊ ဒကာမကြီးရဲ့လက်အောက်ကို ဘယ်တော့မှမဝင်ဘူး"

ချင်းလိန်က လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။ သူမ၏လက်ထဲတွင် ဓားနှစ်လက်ပါလာ၏။

"ဒါဖြင့် ကိုယ့်အစွမ်းနဲ့ အဆုံးအဖြတ်ယူရမှာပေါ့"

သူမသည် လျှပ်တစ်ပြက် မုကျင်းကျူအား တိုက်ခိုက်လိုက်သည်။

ထိုအချိန် ချင်းလိန်၏ဘက်တော်သားများ ဖြစ်ကြသော မိုးပြာရောင်အကျီ ဝတ်ဆင်ထားသူများက ဘုန်းပေဂိုဏ်းသားများနှင့် အနီးကပ်တိုက်ခိုက်လိုက်လေတော့၏။

တိုက်ပွဲသည် ကမ္ဘာပျက်မတတ် ပွတ်လောရိုက်ခတ်သွားသည်။

မုကျင်းကျူက တိုက်ခိုက်ရင်း ရင်ထိတ်လာ၏။ သူသည် ချင်းလိန်၏သိုင်းပညာကြောင့် ရင်ထိတ်လာခြင်းမဟုတ်ပါ။ သူမ၏ အဆိပ်ကြောင့် ဖြစ်၏။

မိမိတို့ဘက်မှ လဲကျသေဆုံးသွားကြသော အဖွဲ့သားများမှာ သိုင်းပညာညံ့၍မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သိနိုက်ဒဏ်ရာရနေသောသေွးများမှာ ရဲနေသော အရောင်မဟုတ်ဘဲ ညိုမည်းနေသည်ကို တွေ့ရ၏။

မြွေဟောက်ဂိုဏ်းသားများ အသုံးပြုသော လက်နက်များ၌ အဆိပ်ပါ၏။

ထို့ကြောင့် ... ဒဏ်ရာရလိုက်သည်နှင့် အဆိပ်များက ဒဏ်ရာထဲသို့ တိုးဝင်သွားပြီး ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်ပြီး သေဆုံးရခြင်းဖြစ်သည်ကို သူသိလိုက်၏။

သူက ချင်းလိန်နှင့် တိုက်ခိုက်ရင်း သူ့အဖွဲ့သားများ အတုံးအရုံးသေဆုံးနေသည်ကို တွေ့ရသဖြင့် အကယ်၍ ဆက်တိုက်ခိုက်နေပါက ဘုန်းပေဂိုဏ်းတစ်ခုလုံး သိုင်းလောကမှာ ကွယ်ပျောက်သွားလိမ့်မည်ဟု ဆင်ခြင်မိ၏။

ယခုလောလောဆယ် မိမိ၏ဂိုဏ်းသားများ မကျဆုံးစေရန်သာ အဓိကထားရပေမည်ဖြစ်သည်။ နောက်ဖြစ်ပေါ်လာမည့် ပြဿနာများ နောက်မှရှင်းရန်ဟု ဆင်ခြင်မိ၏။

သူသည် တိုက်ပွဲရပ်တန့်ရန် အမိန့်ပေးရမည်ကို လုံးဝမလိုလားပါ။ သို့သော် ဤအတိုင်း တစ်စုံတစ်ခု ဆုံးဖြတ်နိုင်ခြင်း မရှိခဲ့ပါမူ ဘုန်းပေဂိုဏ်းသည် မိမိလက်ထဲ၌ ဆုံးရှုံးပျက်စီးသွားမည်ဖြစ်၏။



သူသည် ကိုယ့်ကိုယ်ကိုယ် အနာခံရမည်။ လိုအပ်လျှင် ဘုန်းပေဂိုဏ်းအတွက် အသက်စွန့်ရမည်။ သို့သော် ဂိုဏ်းသားများ၏ အသက်ကိုမူ သူ အတတ်နိုင်ဆုံး ကာယ်တင်ရမည်ဖြစ်လေသည်။

အချိန်သည် အလွန်အရေးကြီးနေပြီဖြစ်ရာ သူ ယတိပြတ်ဆုံးဖြတ်လိုက်ရ၏။

"ခဏရပ်လိုက်ပါ"

သူက ချင်းလိန်ကို ပြောလိုက်ခြင်းဖြစ်၏။

ချင်းလိန်က တိုက်ခိုက်ရာမှ နောက်သို့ဆုတ်လိုက်သည်။

သူမက မခိုးမခန့်အကြည့်ဖြင့် မုကျင်းကျူအား ကြည့်လိုက်သည်။

"ရှင်က ဘာပြောချင်သေးလို့လဲ"

မုကျင်းကျူက ...

"ခင်ဗျားလူတွေကို ရပ်ခိုင်းလိုက်ပါ"

သူမက မျက်မှောင်ကြုတ်သွားသည်။

"ကျွန်မလူတွေကို ရပ်ခိုင်းလိုက်ရမယ် ဟုတ်လား"

မုကျင်းကျူက ...

"ဟုတ်တယ်၊ အမြန်ဆုံး ရပ်ခိုင်းလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိနံက သူ့ကို တစ်ချက်ကြည့်ပြီး အမိန့်ပေးလိုက်သည်။

"အားလုံးရပ်လိုက်"

တိုက်ခိုက်နေကြသော မိုးပြာရောင်အကျီဝတ်ဆင်ထားသူများသည် ချက်ချင်းပင်ရပ်တန့်ကြပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ကြသည်။

ဘုန်းပေကိုဏ်းသားများတို့သည် မြွေဟောက်ကိုဏ်းသားများမှာ အသာစီးကရနေပြီးမှ အဘယ်ကြောင့် ရပ်သွားကြသည်ကို နားမလည်နိုင်ပဲ ရပ်၍ကြည့်နေ၏။

ချင်းလိနံက မုကျင်းကျူအား ကြည့်လိုက်၏။

"ကဲ ... ရှင်ဘာပြောမလဲ"

မုကျင်းကျူက သူ၏ဓားကို လက်နှစ်ဖက်ဖြင့် လှမ်းပေးလိုက်၏။

ချင်းလိနံက ကြောင်အမ်းအမ်း ဖြစ်သွားသည်။ မုကျင်းကျူမှာ အလွန်ခေါင်းမာသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်ကို သူမက သိရှိထားသည်။

ယခုမှာမူ ...



အရှုံးကြီးရှုံးနေသော အခြေအနေ မရှိသေးပါလျက်နှင့် အဘယ်ကြောင့် အလွယ်တကူ လက်နက်ချလိုက်သည်ကို နားမလည်လိုက်ချေ။

သူမက သဘောကျစွာဖြင့် ရယ်လိုက်သည်။

"ဟား ဟား ဟား"

သူမ၏ရယ်သံများက ဝန်းကျင်တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်။

အတန်ကြာသွားတော့မှ သူမက ရယ်မောရာမှ ရပ်တန့်လိုက်လေသည်။ ထို့နောက် မုကျင်းကျူအား ကြည့်လိုက်လေသည်။

"ရှင့်အကြောင်း ကျွန်မ သိတယ်၊ ရှင်က ကျွန်မကို မရှုံးသေးပါဘူး၊ ဘာကြောင့် အညံ့ခံလိုက်ရတာလဲ"

မုကျင်းကျူက ဟန်မပျက်ရာကင်းမဲ့စွာဖြင့် ...

"ဒါကို ကျုပ်က ရှင်းပြဖို့ လိုလို့လား"

ချင်းလိနံက ...

"မလိုအပ်ပါဘူး"

မုကျင်းကျူက ...

"ဒါဖြင့် ဘာဖြစ်လို့ စကားများနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆက်လိုက်၏။

“ဒီအချိန်ကစပြီး ကျုပ်တို့ ဘုန်းပေဂိုဏ်းဟာ ခင်ဗျားတို့ကို အံမတုနိုင်မချင်း ချင်ဗျားတို့ရဲ့အမိန့်ကို နာခံပါ့မယ်”

ချင်းလိန်က ရယ်မော၏။

“မုကျင်းကျူ … ရှင်လေ တော်တော်ခေါင်းမာတာပဲ၊ အညံ့ခံတာတောင်မှ တစ်နေ့ အံတုမယ်လို့ ကြိမ်းခြောက်လိုက်သေးတယ်”

မုကျင်းကျူက …

“ခင်ဗျား ကြောက်နေလို့လား”

သူမက မဲ့ပြုံးပြုံး၏။

“ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ပြောနေရတာလဲ”

သူမက …

“ကောင်းပြီ … ကျုပ်က ရှင်တို့နဲ့ ညှိနှိုင်းဖို့ ကျွန်မရဲ့ကိုယ်စား တစ်ယောက်ထားခဲ့မယ်”

မုကျင်းကျူက …

“ဘာလဲ … သူက ဒီမှာနေပြီး အုပ်ချုပ်ဖို့ ဟုတ်လား”

သူမက ရယ်မော၏။

“ဘုန်းပေဂိုဏ်းဟာ … သိုင်းလောကရဲ့ ထိပ်သီးဂိုဏ်း



တစ်ဂိုဏ်းပါ၊ ဂိုဏ်းချုပ်ကြီးကလည်း ကတိဖောက်ဖျက်တဲ့လူစားမျိုး မဟုတ်ဘူးဆိုတာ ကျွန်မ ယုံကြည်တယ်”

“ဒါဖြင့်”

သူမက …

“ကျွန်မရဲ့ကိုယ်စားပြုတဲ့လူက ရှင်တို့နဲ့ ဆွေးနွေးပြီး ချက်ချင်းပြန်သွားမှာ”

မုကျင်းကျူ ပါးစပ်ပိတ်ထား၏။ သူမက နောက်သို့ လှည့်လိုက်၏။

“မွန်မွန်”

မွန်မွန်သည် လူကြားထဲက ထွက်လာပြီး ချင်းလိန်ရှေ့သို့ ပြေးလာ၏။ သူမက ချင်းလိန်ရှေ့တွင် ရပ်လိုက်ပြီး အရိုအသေပြု၏။

“လာပါပြီ ဆရာ”

ချင်းလိန်က …

“နင် နေရစ်ခဲ့၊ သူတို့ကို ငါ့စည်းကမ်းတွေ သေသေချာချာ ပြောပြပြီး ပြန်ခဲ့”

မွန်မွန်က …

“ဟုတ်ကဲ့ပါ ဆရာ”

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိန်က ...

"ပြီးတာနဲ့ ဌာနချုပ်ကိုပြန်၊ နောက်အစီအစဉ်အသင့်လုပ်ထား"

"ဟုတ်ကဲ့ပါ ဆရာ"

ချင်းလိန်သည် လက်ဝှေ့ယမ်းပြလိုက်သည်နှင့် သူ၏အဖွဲ့သားများတို့သည် စည်းကမ်းတကျ စုစည်းပြီး ဘိုနေရာမှ စတင်ထွက်ခွာသွားကြ၏။

မုကျင်းကျူက သူတို့၏လှုပ်ရှားမှုအားကြည့်ရင်း သက်ပြင်းလေးနက်စွာချလိုက်၏။

"မြွေဟောက်ဂိုဏ်းကတော့ သိုင်းလောကရဲ့ ရန်စွယ်ဖြစ်လာပြီ"

✱



ဘုန်းပေဂိုဏ်းဖြစ်ပျက်ခဲ့သောသတင်းသည် သိုင်းလောကတစ်ခုလုံးသို့ ပျံ့နှံ့သွား၏။

ဘုန်းပေဂိုဏ်းနှင့် အရင်းနှီးဆုံးအဖွဲ့မှာ ချန်စိန်ဖြစ်လေသည်။

ယင်းဂိုဏ်း၏ဂိုဏ်းချုပ်မှာ လုစန်းကျူဖြစ်၏။

သူသည် အသက်ခြောက်ဆယ်ကျော်ပြီဖြစ်၏။ သိုင်းပညာအဆင့်မြင့်၏။ စဉ်းစားဆင်ခြင်တတ်သော ဉာဏ်ပညာရှိ၏။ စိတ်သဘောထားပြည့်ဝပြီး ငယ်သားများအပေါ် ညှာတာမှုရှိသော ဂိုဏ်းချုပ်တစ်ဦးဖြစ်၏။

ထို့ကြောင့် ချန်စိန်ဂိုဏ်းတစ်ဖွဲ့လုံး၏ ကြည်ညိုလေးစားခြင်းခံရ၏။

ထိုဂိုဏ်းမှာလည်း မြွေဟောက်ဂိုဏ်း၏ရာဇသံပေးတာကို ရရှိထား၏။

ယင်းကိစ္စကို လုစန်းကျူက အလေးအနက်ထားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရှိသော အမှုဆောင်များက အလေးအနက်မထားကြပါ။

ထို့ကြောင့် ဘုန်းပေဂိုဏ်း၏သတင်း ကြားသိလာသောအခါ အားလုံးက ထိတ်လန့်တုန်လှုပ်ကြကုန်လေသည်။ သူတို့၏ဂိုဏ်းချုပ် အမြော်အမြင်ကြီးပုံကိုလည်း ကျိတ်၍လေးစားကြ၏။

ယနေ့သည် ဂိုဏ်းချုပ်ကြီး၏အရေးပေါ် အစည်းအဝေး ခေါ်ထားခြင်းဖြစ်သည်။ အမှုအဆောင်အဖွဲ့ဝင်များတို့သည် ဘုန်းပေဂိုဏ်းကိစ္စနှင့်ပတ်သက်ပြီး အစည်းအဝေးခေါ် ရခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ အားလုံးကလည်း စိတ်ဝင်စားကြ၏။

ထို့ကြောင့် မွန်းတည့်ချိန်ရောက်ရှိသွားသည်နှင့် ဂိုဏ်းချုပ်နှင့်အမှုဆောင်လူကြီးများသည် သီးသန့်စည်းဝေးခန်းမတွင် အစည်းအဝေးကျင်းပ၏။

အဖွဲ့သားများတို့သည် ထိုအစည်းအဝေး၏အဖြေကို သိလိုကြသဖြင့် အပြင်ဘက်၌ စုရုံး၍ သတင်းကို စောင့်မျှော်နေကြသည်။

✸



သီးသန့်ခန်းတစ်ခုလုံးမှာ အမှုဆောင်များ ပြည့်လျှက်နေသည်။

သူတို့၏မျက်နှာပေါ်တွင် လေးနက်တည်ကြည်သော အရိပ်အယောင်များ ပေါ်လွင်နေ၏။

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏။

အတန်ကြာတော့မှ လုစန်းကျူးက ချောင်းတစ်ချက်ဟန့်ပြီး စကားစချီလိုက်၏။

"ကနေ့ အစည်းအဝေး ခေါ်ယူရတဲ့ကိစ္စကို အားလုံးက ကြို တင်မှန်းဆမိလိမ့်မယ်လို့ ယုံကြည်ပါတယ်"

သူသည် အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ စကားပြန်ဆက်၏။

"အားလုံးသိရှိထားတဲ့အတိုင်း ကနေ့ အစည်းအဝေးဟာ ကျုပ်တို့ ချုန်စိန်ဂိုဏ်းရဲ့ သေရေးရှင်ရေးနဲ့ပတ်သက်တဲ့ အစည်းအဝေး ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အမှုဆောင်များက အနည်းငယ် လှုပ်လှုပ်ရှရှဖြစ်လာလေသည်။ လူစန်းကျူက ...

"မြွေဟောက်ဂိုဏ်းရဲ့ရန်ဟာ ပေါ့ပေါ့တန်တန်ထားလို့မရဘူးဆိုတာ ဘုန်းပေဂိုဏ်းရဲ့ဝမ်းနည်းစရာဖြစ်ရပ်က သက်သေပြနေပါတယ်"

အားလုံးက တိတ်ဆိတ်၍နားထောင်နေကြ၏။

အခန်းတစ်ခုလုံးမှာ အပ်ကျသံပင် ကြားနိုင်၏။

လူစန်းကျူက ...

"မြွေဟောက်ဂိုဏ်းဟာ သူ့ရဲ့ခြေလှမ်းကို တစ်လှမ်းချင်းဆက်လှမ်းနေမယ်ဆိုတာ သေချာတယ်၊ ဘာဖြစ်လို့လဲဆိုရင် သူက ဘုန်းပေဂိုဏ်းကို ထင်ထားတာထက်ပိုပြီး လွယ်လွယ်ကူကူ အနိုင်ရသွားလို့ပါပဲ"

သူ၏အယူအဆကို အားလုံးက လက်ခံကြသည်။ သူက စကားဆက်၏။

"မြွေဟောက်ဂိုဏ်းရဲ့ဒုတိယခြေလှမ်းဟာ ဘယ်လိုလှမ်းမယ်ဆိုတာ ကျုပ်တို့အခုလို အစည်းအဝေးခေါ်ပြီး တိုင်ပင်ဆွေးနွေးနေသလို တခြားဂိုဏ်းများကလည်း ဆွေးနွေးတိုင်ပင်နေကြမှာပဲ"



အမှုဆောင်အားလုံးက ဤစကားကို လက်ခံကြလေ၏။

လူစန်းကျူက ...

"တကယ်လို့ မြွေဟောက်ဂိုဏ်းရဲ့ ဒုတိယခြေလှမ်းဟာ ငါတို့ဂိုဏ်းဖြစ်ရင် ကျုပ်တို့ဘာလုပ်ကြမလဲ"

ဂိုဏ်းချုပ်ကြီးက လိုရင်းကို ဖွင့်ပြောလိုက်လေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေသော အခန်းတစ်ခုလုံးမှာ လှုပ်လှုပ်ရှရှဖြစ်လာကြ၏။

ကိုယ့်အယူအဆ၊ ကိုယ့်ထင်မြင်ချက်များကို ရင်းနှီးရာရင်းနှီးသော အဖော်များအချင်းချင်း ဆွေးနွေးလာကြသည်။

လုစန်းကျူက မျက်လွှာချထား၏။

အတန်ကြာတော့မှ အမှုဆောင်ရသေ့တစ်ပါးက သူ၏အကြံပြုချက်ကို တင်ပြလာ၏။

"ဂိုဏ်းချုပ်ကြီးခင်ဗျာ ... မြွေဟောက်ဂိုဏ်းဟာ ခြေလှမ်းများ တစ်လှမ်းပြီးတစ်လှမ်း လှမ်းသွားမယ်ဆိုတာ သေချာပါတယ်၊ ကျုပ်တို့ ချန်စိန်ဂိုဏ်းကို တစ်နေ့မဟုတ်တစ်နေ့ ရောက်လာမှာတော့ သေချာပါတယ်"

လုစန်းကျူက မျက်လွှာပင့်၍ကြည့်၏။ အကြံပြုသူမှာ အမှုဆောင်ဖုံးစန်းကျူဖြစ်နေ၏။

သူက ခေါင်းညိတ်လိုက်၏။



"ဒါ သေချာပါတယ်၊ သူတို့ရောက်လာရင် ငါတို့ ဘာလုပ်မလဲ"

ဖုံးစန်းကျူက ...

"နောက်ဆုံး တစ်ယောက်ကျန်တဲ့အထိ ချန်စိန်ဂိုဏ်းရဲ့ဂုဏ်သိက္ခာကို ထိန်းသွားမယ်"

လုစန်းကျူက ...

"မှန်တယ်"

သူက စကားဆက်၏။

"ဘုန်းပေဂိုဏ်းလည်း ဒီအတိုင်းကျင့်သုံးခဲ့ပါတယ်၊ ဒါပေမဲ့ နောက်ဆုံး သူဟာ ဘာကြောင့် အညံ့ခံလိုက်ရတာလဲ"

ဖုံးစန်းကျူက ...

"အားအင်မမျှလို့ဖြစ်မယ်"

လုစန်းကျူက ...

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... သူ့ထက် လေးနက်တဲ့အဓိပ္ပာယ်ရှိသေးတယ်"

ဖုံးစန်းကျူက ...

"ဘာများလဲ ဂိုဏ်းချုပ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



လုစန်းကျူက …

"တကယ်လို့ ဘုန်းပေဂိုဏ်းဟာ အားအင်မမျှဘဲ စွတ်ပြီး အသေခံတိုက်ခိုက်ရင်း ဘုန်းပေဂိုဏ်းရဲ့နှစ်ပေါင်းတစ်ရာကျော်တည်ထောင်ခဲ့တဲ့ အဖွဲ့အစည်းဟာ သိုင်းလောကက ကွယ်ပျောက်သွားမှာကို မလိုလားလို့ အညှံ့ခံလိုက်ရတာဖြစ်မယ်လို့ ယူဆမိတယ်"

ဖုံးစန်းကျူက ခေါင်းညိတ်လိုက်သည်။

"ဒါလည်း မှန်ပါတယ် ဂိုဏ်းချုပ်ကြီး"

လုစန်းကျူက …

"တကယ်လို့ ငါတို့ ချန်စိန်ဂိုဏ်းက တစ်ယောက်မကျန် ခုခံတိုက်ခိုက်ခဲ့ရင် ဘယ်သူက ချန်စိန်ဂိုဏ်းကို ပြန်ပြီးတည်ထောင်မှာလဲ၊ တည်ထောင်ဖို့လည်း လွယ်ပါ့မလားဆိုတာ စဉ်းစားရမယ်"

ဖုံးစန်းကျူက ခေါင်းငုံ့၍ ပြန်လည်ထိုင်ချလိုက်၏။

အမှုဆောင် ရသေ့တစ်ပါးက …

"ကျုပ်တို့က တခြားအဖွဲ့အစည်းနဲ့ ပူးပေါင်းပြီး မြွေဟောက်ဂိုဏ်းမလာခင် သွားပြီးချေမှုန်းပစ်ရင် မကောင်းဘူးလား ဂိုဏ်းချုပ်ကြီး"

လုစန်းကျူက ချီးကျူးသောအကြည့်ဖြင့် ထိုရသေ့အား



ကြည့်လိုက်၏။ ထိုအမှုဆောင်ရသေ့မှာ ပေစန်းကျူဖြစ်နေ၏။

"ပေစန်းကျူရဲ့ အကြံသာ အကောင်းဆုံးနဲ့ အသင့်တော်ဆုံး အကြံပါပဲ၊ ဒါပေမဲ့"

သူက စကားဆက်လိုက်၏။

"ကျုပ်တို့သိထားသလို မြွေဟောက်မယ်လည်း သိတယ်၊ ဒါကြောင့် … ဂိုဏ်းအချင်းချင်း ပူးပေါင်းဖို့ အချိန်မရအောင် အခုလို အချိန်မစောင့်ဘဲ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ချေမှုန်းသိမ်းသွင်းနေတာ"

အခြားအမှုဆောင်တစ်ယောက်က …

"ကျုပ်တို့က အဖွဲ့အားလုံးနဲ့ ပူးပေါင်းဖို့ အချိန်မရရင် နီးစပ်ရာအဖွဲ့နဲ့ပေါင်းရင် အင်အားများလာမယ် ထင်ပါတယ်"

လုစန်းကျူက ..

"ချူးစန်းကျူရဲ့ အကြံ ကောင်းပါတယ်၊ ဒါပေမဲ့ … အဒီ အခွင့်အရေးကို မြွေဟောက်မယ် မပေးပါဘူး"

ချင်စန်းကျူက …

"သူက အဖွဲ့အားလုံးရဲ့ ဆက်သွယ်မယ့် လမ်းကြောင်းတွေကို တပည့် မြွေဟောက်လေး မွန်မွန်ဆိုတဲ့ မိန်းကလေးကို ဦးစီးပြီး ဖြတ်တောက်ထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆက်လိုက်၏။

"ဘုန်းပေဂိုဏ်းရဲ့ ဂိုဏ်းချုပ် မုကျင်းကျူက အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါပဲ၊ သူက ကျုပ်တို့ဆီကို ပူးပေါင်းကာကွယ်ဖို့ ဆက်သားတစ်ယောက် လွှတ်လိုက်ပါသေးတယ်၊ ဒါပေမဲ့ ... လမ်းမှာ သေဆုံးသွားတာကို ကျုပ်တို့က နောက်မှ သိရပါတယ်"

ချင်စန်းကျူက မျက်နှာကွက်ခနဲပျက်သွားသည်။

"သူတို့က ဒါလောက်ပဲ ကြောက်စရာကောင်းသလား၊ ကျုပ်တို့က ထိပ်တန်းသိုင်းပညာရှိတဲ့ ပုဂ္ဂိုလ်လွှတ်ရင်ရော မဖြစ်ဘူးလား"

လုစန်းကျူက ...

"ဘုန်းပေဂိုဏ်းရဲ့ ဂိုဏ်းချုပ် မုကျင်းကျူက မြွေဟောက်မယ်ထက် ပညာမညံ့ပါဘူး၊ ဒါပေမဲ့ ... အညံ့ခံလိုက်ရတယ်၊ အဲဒါဘာလဲဆိုရင် မြွေဟောက်မယ်တို့အဖွဲ့ အခုလို သောင်းကျန်းနိုင်တာ ... သိုင်းပညာကြောင့်မဟုတ်ဘူး၊ အဆိပ်ကို အားကိုးရှိလို့ ဖြစ်ပါတယ်"

အခြားအမှုဆောင်တစ်ဦးဖြစ်သော ခုန်စန်းကျူက အကြံပြုလိုက်ပြန်လေ၏။



"အခုအခြေအနေအရ ထွက်ပေါက်လုံးဝမရှိဘဲ ဖြစ်နေပါတယ်၊ ဒါပေမဲ့ ... ကျုပ်တို့က ကြိုးစားနိုင်သမျှကိုတော့ ကြိုးစားချင်သေးတယ် ဂိုဏ်းချုပ်ကြီး"

လုစန်းကျူက ...

"ပြောပါ"

ခုန်စန်းကျူက ...

"ကျုပ်တို့နဲ့ အနီးဆုံးအဖွဲ့ဟာ ဟိုင်နန်အဖွဲ့ဖြစ်ပါတယ်၊ ရှက်လေ့နှင့်ဆိုရင် တစ်ညခရီးပဲဝေးပါတယ်၊ ရေမြေခြားတဲ့အတွက် မြွေဟောက်မယ်တို့က သတိပြုမိမှာမဟုတ်ဘူး၊ ဒါကြောင့် ... ဟိုင်နန်ဂိုဏ်းဆီကို အမြန်ဆုံးသွားပြီး အကူအညီတောင်းရင် မကောင်းဘူးလား ဂိုဏ်းချုပ်ကြီး"

လုစန်းကျူက အနည်းငယ်စဉ်းစားပြီးမှ ခေါင်းညိတ်၏။

"ဒါဟာ နောက်ဆုံးမျှော်လင့်ချက်ဖြစ်မယ်၊ ဟိုင်နန်ဂိုဏ်းဟာ ကျွန်းကလေးမှာမို့ မြွေဟောက်မယ်တို့က သူတို့ကို သိပ်အရေးထားမှာမဟုတ်ဘူး"

သူက အဖွဲ့သားအားလုံးတို့အား တစ်ချက်ဝေ့ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးရဲ့သဘောက ဘယ်လိုရှိကြသလဲ"

အမှုဆောင်အားလုံးတို့မှာ ခုနစ်စန်းကျူး၏အကြံကို ထောက်ခံကြ၏။

လုစန်းကျူးက ...

"ကောင်းပြီ ... ဟိုင်နန်ကျွန်းသွားဖို့ ဘယ်သူက တာဝန်ယူမလဲ"

ခုနစ်စန်းကျူးက ...

"ကျုပ်ပဲ တာဝန်ယူပါ့မယ်"

လုစန်းကျူးက ...

"ကောင်းပြီလေ၊ သတိဝီရိယနဲ့သွားပါ။ အမြန်ဆုံးလည်း သွားဖို့စီစဉ်ပါ"

ခုနစ်စန်းကျူးက ...

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

လုစန်းကျူးက ...

"နောက်ဆုံးအစီအစဉ်တစ်ခု ကျုပ်ပြုလုပ်ထားပြီးပါပြီ၊ အမှုဆောင်များက အဖွဲ့ဝင်အားလုံးကို အဖွဲ့တစ်ဖွဲ့စီဖွဲ့ပြီး တာဝန်ယူရပါမယ် ...၊



ဥပမာ ... ငါတို့အမှုဆောင်ဆယ်ယောက် ရှိတယ်၊ ဒါကြောင့် အဖွဲ့ဝင်အားလုံး ဆယ်ဖွဲ့ဖွဲ့လိုက်ပါ၊ အမှုဆောင်တစ်ယောက်က အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ရပါမယ်၊ မြွေဟောက်မယ်တို့ရောက်လာရင် ခုခံမယ်၊ မဟာန်မုန်းသိတာနဲ့ ဆက်ပြီးမတိုက်နဲ့၊ သူတို့ကို လမ်းကြောင်းဆယ်ကြောင်းကနေ အရိုးကုန်းလိုဏ်ဂူကို ဦးဆောင်ခေါ်သွားပါ"

ထိုစကားကို ကြားရသောအခါ အားလုံးထိတ်လန့်အံ့ဩသွားကြ၏။

မေစန်းကျူးက ...

"ဖြစ်ပါ့မလား ဂိုဏ်းချုပ်ကြီး၊ အရိုးကုန်းလိုဏ်ဂူဟာ ချန်စိန်ဂိုဏ်းနဲ့ရှေ့ဂိုဏ်းချုပ်များ မြှုပ်နှံထားတဲ့နေရာဖြစ်ပါတယ်၊ ခေတ်အဆက်ဆက်က ဘယ်သူကမှ မဝင်ရဘူးလို့ တားမြစ်ထားပါတယ်"

လုစန်းကျူးက ...

"တားမြစ်တယ်ဆိုတာ သူ့အခြေအနေနဲ့ ကိုက်ညီအောင် လုပ်တာပါ၊ အခုအခြေအနေဟာ ငါတို့ ချန်စိန်ဂိုဏ်းရဲ့အသက်တစ်ထောင်ကျော်အတွက် ဘေးရန်ကင်းဖို့လုပ်တယ်၊ ဘယ်သူကမှ အခြေ မှ့ပြောနိုင်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ချင်မေကျူက ...

"အဲဒီအစီအစဉ်ကောင်းပါတယ်"

လုစန်းကျူက ...

"ကဲ ... အားလုံးက အစီအစဉ်အတိုင်းလုပ်ကြပါ။ အရိုးကုန်းလိုဏ်ဂူထဲကိုလည်း သုံးလစာအတွက် ရိက္ခာနဲ့သောက်သုံးရေများ စုဆောင်းဖို့ အမြန်ဆုံးလုပ်ကြပါ"

အစည်းအဝေးပြီးဆုံးသွားသောအခါ အမှုဆောင်များလည်း အစီအစဉ်အတိုင်း အလုပ်များကုန်ကြလေသည်။

* * *



## ရှောင်လင်ကျောင်း

ရှောင်လင်ကျောင်း၏လက်ရှိကျောင်းထိုင်မှာ ဆရာတော်ရှမ်းမင်းဖြစ်သည်။

ရှမ်းမင်းသည် ဝါတော်ငါးဆယ်ကျော်ပြီဖြစ်၏။

အတွင်းအားနှင့် ချိကုန်းပညာမှာ အထွတ်အထိပ်ရောက်နေပြီဟု ဆိုကြသည်။

သို့သော် မည်သူကမှ တိတိကျကျမသိကြပါ။

မြွေဟောက်မယ်အား တွန်းလှန်ချေမှုန်းနိုင်မည်ဟု အားလုံးက ယုံကြည်ကြ၏။

ထို့ကြောင့် ရှောင်လင်ကျောင်းက မြွေဟောက်မယ်၏ရာဇသံကို ရရှိထားသော်လည်း အေးအေးဆေးဆေးနေကြသည်။

သူတို့သည် အရေးပေါ်အစည်းအဝေးတစ်ခု ပြုလုပ်ပြီးနောက် ရှောင်လင်ကျောင်းအား နောက်ဆုံးပစ်မှတ်တစ်ခုအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စီစဥ္ထားလိမ့္မည္ဟု ယုံၾကည္ၾက၏။

အထူးသျဖင့္ ေက်ာင္းထိုင္ရွမ္းမင္း၏လက္ဝဲရံျဖစ္ေသာ ဘုန္းေတာ္ႀကီးက်ဳင္းခုန္းက ေျမြေဟာက္မယ္၏ေျခလွမ္းကို ခန္႔မွန္း ေျပာဆိုခဲ့ေလ၏။

"ေျမြေဟာက္မယ္ဟာ ဉာဏ္ရွိတယ္၊ ဒါေၾကာင့္ ... သိုင္းေလာကမွာ အင္အားအႀကီးဆုံးျဖစ္တဲ့ ေရွာင္လင္နဲ႔ဝူတန္ကို ေနာက္ဆုံးမွာထားၿပီး တိုက္လိမ့္မယ္"

အခ်ိဳ႕က ေမးသည္။

"ဒီလိုဆိုရင္ ေျမြေဟာက္မယ္က ဘယ္အဖြဲ႔ကို ပထမဆုံး တိုက္ခိုက္လိမ့္မယ္လို႔ ထင္သလဲ"

က်ဳင္းခုန္းက ...

"က်ဳပ္အျမင္နဲ႔ ေျပာရမယ္ဆိုရင္ သူတို႔က ဘုန္းေပဂိုဏ္းကို ပထမဆုံးတိုက္လိမ့္မယ္"

အခ်ိဳ႕က ေမးသည္။

"ဘာျဖစ္လို႔လဲ"

က်ဳင္းခုန္းက ...

"ပထမလွမ္းမယ့္ေျခလွမ္းဟာ ေသခ်ာမွျဖစ္မယ္၊ ပထမ ေျခလွမ္းေအာင္ျမင္ခဲ့ရင္ သူတို႔အဖြဲ႔သားေတြ စိတ္ဓာတ္တက္လာမယ္၊ ေျမြေဟာက္မယ္ကို ယုံၾကည္လာမယ္၊ အျခားအဖြဲ႔လည္း တုန္လႈပ္သြားၾကမယ္"



က်ဳင္းခုန္း ဤကဲ့သို႔ ႀကိဳတင္ခန္႔မွန္းထားသည္ကို ေျမြေဟာက္မယ္က စတင္အေကာင္အထည္ေဖာ္လိုက္သည္။

မၾကာခင္မွာပင္ ေျမြေဟာက္မယ္တို႔က ဘုန္းေပဂိုဏ္းအား ေအာင္ျမင္စြာ သိမ္းသြင္းႏိုင္ခဲ့သည္။

လက္ေတြ႔အမွန္တကယ္ ျဖစ္ေပၚလာေသာအခါ က်ဳင္းခုန္းအေပၚ အားလုံးက အထင္ႀကီးလာၾကသည္။

ထို႔ေၾကာင့္ ေက်ာင္းထိုင္ဆရာေတာ္ ရွမ္းမင္းက ထပ္မံေပးလိုက္ေလသည္။

"ေျမြေဟာက္ဂိုဏ္းရဲ႕ဒုတိယေျခလွမ္းက ဘယ္အဖြဲ႔ျဖစ္မလဲ"

က်ဳင္းခုန္းက စဥ္းစားျခင္းပင္မျပဳေတာ့ဘဲ ...

"ခ်င္စိန္ဂိုဏ္းျဖစ္ရမယ္"

ရွမ္းမင္းက ...

"ဘုန္းေတာ္ႀကီးက ေသခ်ာပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းခုန်းက ...

"သေချာလိမ့်မယ်လို့ ထင်လို့ပါ"

သူက ယင်းကဲ့သို့ ကြို့တင်ခန့်မှန်းပြောဆိုပြီး ဆယ်ရက်ခန့် အကြာတွင် ခုနစ်စန်းကျူးက ဟိုင်နန်ကျွန်းမှ အပြန်ဖြစ်သည်။

✱



ခုနစ်စန်းကျူးက ဟိုင်နန်ကျွန်းမှ ပြန်လည်ရောက်ရှိလာလေသည်။

သူသည် တောင်ပေါ်သို့ တက်လိုက်သည်နှင့် ရင်ထဲ၌ တစ်မျိုးကြီး ခံစားလိုက်ရလေ၏။

ခါတိုင်းဆိုလျှင် ယခုကဲ့သို့အချိန်မျိုးမှ ညနေ ရသေ့များ ကျမ်းစာများ ရွတ်ဖတ်နေသောအသံများ ငြိမ့်ညောင်းသာယာစွာဖြင့် အဝေးသို့ တိုင်ကြားနိုင်ပေသည်။

ကြည်လင်သော ခေါင်းလောင်းသံများမှာလည်း လေနှင့်အတူ မျောတတ်၏။

ယခုမှာမူ မည်သည့်အသံမျှမပင် မကြားရဘဲ တိတ်ဆိတ်လျက်နေ၏။

သူ၏ရင်ထဲ၌ အလိုလို လေးလံလာသည်။

ခြေလှမ်းကိုလည်း မြန်မြန်လှမ်းလိုက်သည်။

မကြာမီ သူသည် ပထမကင်းစခန်းသို့ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေလှမ်း ရုတ်တရက် ရပ်တန့်သွားသည်။ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လာသည်။

အကြောင်းမှာ ကင်းစခန်းတွင် ရှသေ့အလောင်းသုံးလောင်း အကျည်းတန်စွာ လဲလျောင်းနေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

ကြောက်ရွံ့သောစိတ်၊ စိုးရိမ်သောစိတ်၊ ခံပြင်းသောစိတ်များ တစ်မုဟုတ်ချင်း ဖြစ်ပေါ်ခံစားလိုက်ရလေသည်။

သူသည် လျင်မြန်စွာတောင်ပေါ်သို့ ပြေးတက်သွား၏။

တောင်ခါးလယ်သို့ ရောက်လာသောအခါ သွေးအိုင်ထဲ၌ ရှသေ့အလောင်း ခုနစ်လောင်းကို ထပ်မံတွေ့ရှိလိုက်ရပြန်လေ၏။

"မြွေဟောက်မယ်ဂိုဏ်း ရောက်လာပြီ"

သူက မှုချသိလိုက်သည်။

'ရွှမ်း'

ဓားကို အသင့်ဆွဲထုတ်ထားပြီး အပေါ်သို့ ဆက်၍ပြေးတက်သွားသည်။

တိုလမ်းတစ်လျှောက်လုံးမှာ အလောင်းများ ပြန့်ကြဲနေလေ၏။



ခိုးပြာရောင် အကျီုဝတ်ဆင်ထားသော ရန်သူများ၏အလောင်းနှင့် ချန်စိန်ဂိုဏ်းမှ ရှသေ့များ၏အလောင်းများ ရောယှက်နေသည်ကို တွေ့ရလေသည်။

မြွေဟောက်မယ်ဂိုဏ်းနှင့် ချန်စိန်ဂိုဏ်းသည် မည်မျှ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သည်ကို မပြောဘဲ သိနိုင်၏။

ထူးခြားသည်မှာ တိုက်ခိုက်သောအသံများ လုံးဝမကြားရဘဲ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေခြင်း ဖြစ်၏။

ခုန်စန်းကျူက တောင်ထိပ်သို့ နောက်ဆုံးရောက်ရှိလာပြီးဖြစ်သည်။ သို့သော် သူသည် မိမိ၏မျက်လုံးများကိုပင် ယုံရခက်ခက်ဖြစ်နေ၏။

မူလနေရာတွင် အလွန်ကြီးမားထည်ဝါသော ချန်စိန်ဂိုဏ်း၏ခန်းမကြီးအား မတွေ့ရတော့ပါ။

၎င်းနေရာတွင် မီးလောင်ကျွမ်းထားသည့် ပြာပုံများကိုသာ တွေ့ရှိရလေသည်။

အခြား၊ အခြားသော အဆောင်များ၊ ဘုရားကျောင်းများ၊ ထမင်းစားခန်းများ၊ အဖွဲ့သားများနေထိုင်သောတန်းလျားတို့သည် အားလုံး မီးပြင်းပေါ်မှ လုံးဝပျောက်ကွယ်သွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာအနီးတစ်ဝိုက်မှာလည်း အလောင်းများ ကြည့်မကောင်း ရှုမကောင်းစွာဖြင့် ပြန့်ကြဲနေ၏။

ဤမှုကြီးမားကျယ်ပြန့်သော တောင်ထိပ်တစ်ခုလုံးမှာ ဖုန်းစန်းကျူကလွဲ၍ သက်ရှိသတ္တဝါများသည် တစ်စုံတစ်ယောက်မှ မတွေ့ရတော့ပေ။

ခုန်စန်းကျူ၏ရင်တဲ၌ ဆို့နင့်လာသည်။

စိတ်ထိခိုက်လွန်း၍ သူက မျက်ရည်မကျမိပါ။

ထိုနေရာတွင် ထိုင်ချလိုက်သည်။ သူ၏ဦးခေါင်းတစ်ခုလုံး ဟာလာဟင်းလင်းဖြစ်နေ၏။

နေလုံးကြီးသည် မြေပြင်မှငုပ်လျှိုး ကွယ်ပျောက်သွား၏။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက ချဉ်းနင်းဝင်ရောက်လာလေ၏။

သူသည် ထိုနေရာတွင် ထိုင်လျက် အိပ်စက်သွားသည်။

✷



မည်မျှအချိန်ကြာသွားမှန်းမသိ။

တစ်စုံတစ်ယောက်၏ခေါ်သံကြောင့် သူက လန့်နိုးလာသည်။ မျက်လုံးဖွင့်ကြည့်လိုက်ရာ မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်အား တွေ့မြင်လိုက်ရ၏။

လခြမ်းကလေး၏အလင်းရောင်အောက်တွင် ထိုလူ၏ပုံပန်းသဏ္ဌာန်မှာ မိန်းကလေးတစ်ယောက်ဟု ထင်မိလေသည်။

သူက ရင်ထိတ်သွားပြီး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

'ချွမ်း'

ကျောပေါ်မှ ဆောင်ဓားကိုလည်း ဆွဲထုတ်လိုက်၏။

"မင်း ဘယ်သူလဲ၊ ငါတို့ချန်စိန်ဂိုဏ်းကို ဖျက်ဆီးသွားတဲ့ မြွေဟောက်ဂိုဏ်းက မဟုတ်လား"

ထိုလူက စကားမပြောဘဲ သူ့အား လိုက်ခဲ့ရန် သင်္ကေတ ခြေဟန်ဖြင့် ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုန်စန်းကျူက ကြောင်အမ်းအမ်းဖြစ်သွား၏။ ထိုလူ၏ဟန်မူရာမှာ မိမိအပေါ် ရန်မူသည့်အသွင် မတွေ့ရပေ။ မိမိကို တစ်စုံတစ်ခုလိုက်ကြည့်ရန် ခေါ်နေခြင်းဖြစ်သည်။

"ကျုပ်ကို တစ်ခုခုပြမလို့လား"

ထိုလူက ခေါင်းညိတ်ပြသည်။ ရှေ့သို့ ခြေလှမ်းလှမ်း၍ လျှောက်သွားသည်။ ထို့နောက် သူ့ကိုလှမ်း၍ လက်ယပ်ခေါ်နေ၏။

ခုန်စန်းကျူက စုံစမ်းလိုသောစိတ် ပြင်းပြလာသဖြင့် ထိုလူခေါ်ရာနောက်သို့ လိုက်သွားသည်။

* * *



## လူဆိုးလော လူကောင်းလော

ထိုလူရိပ်က ရှေ့မှပြေးလွှားသွားသည်။

ခုန်စန်းကျူက သူ့နောက်မှလိုက်နေ၏။

အတန်ကြာပြေးလွှားလာမိသောအခါ ထိုလူက ခြေလှမ်းရပ်တန့်လိုက်၏။

ခုန်စန်းကျူကလည်း ခြေလှမ်းရပ်တန့်သွားသည်။

ထိုလူက နေရာတစ်ခုကို လက်ညှိုးထိုးပြသည်။

ခုန်စန်းကျူက ကြည့်လိုက်ရာ ထိုလူပြနေသောနေရာမှာ အလွန်ကြီးမားသည့်အုတ်ဂူတစ်ခုဖြစ်သည်။

ယခု သူက ရုတ်တရက် သတိရလာသည်။

ထိုအုတ်ဂူမှာ အရိုးကုန်းပင် ဖြစ်၏။ ချွန်စိန်ဂိုဏ်း[illegible] အဆက်ဆက်က ဂိုဏ်းချုပ်များ သင်္ဂြိုဟ်ထားသောနေရာ[illegible] အုတ်ဂူမှာ အမှန်တော့ လိုဏ်ဂူတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် သူသည် ဟိုင်နန်သို့မထွက်ခွာမီ အရေးကြီး လျှင် အရိုးကုန်းလိုဏ်ဂူသို့ ဝင်ရောက်ပုန်းအောင်းရန် လုစန်းကျူး၏ စကားကို သတိရလာသည်။

သူက ထိုလူအား လှည့်ကြည့်လိုက်သောအခါ ထိုလူက မရှိ တော့ပါ။

သူက ကမန်းကတန်း အုတ်ဂူထဲသို့ ပြေးလွှားသွားလေ သည်။

အုတ်ဂူ၏ကျောက်ပြားအား အတွင်းအားဖြင့် သုံးချက်တွန်း လိုက်ရာ ကျောက်ပြားအလိုလို အောက်သို့ပြုတ်ကျသွားပြီး ဝင် ပေါက်တစ်ခု ပေါ်လာသည်။

သူက လှမ်းဝင်လိုက်ပြီး လှေကားထစ်အတိုင်း အောက်သို့ ဆင်းလာသည်။

ဤနေရာသည် ဝင်မိသူ သေဒဏ်ဟု အမိန့်ထုတ်ထား သည်။

ထို့ကြောင့် မည်သူမျှ မရောက်ဖူးပါ။ ခုန်စန်းကျူးလည်း မရောက်ဖူးပါ။ သူသည် အရဲစွန့်ပြီး ဝင်ရောကသည်ဖြစ်သော်လည်း ရင်ထဲ၌ စိုးရိမ်မှုက ပိုနေ၏။



လှေကားထစ်ဆုံးသွားသည်နှင့် စကြ်ံလမ်းတစ်ခုပေါ်သို့ ရောက်နေပြန်၏။

သူက ဆက်၍လျှောက်သွားပြီး သုံးကွေ့မျှ ကွေ့လိုက်သည် နှင့် အလွန်ကျယ်ဝန်းသော ခန်းမကြီးတစ်ခုအားမြင်ရသည်။

ခန်းမတစ်ခုလုံးမှာလည်း လူများပြည့်နေ၏။

ချင်စန်းကျူးက သူ့အား ပထမဆုံး မြင်လိုက်၏။

"ဟော ... ခုန်စန်းကျူး ပြန်လာပြီ"

သူ၏စကားကြောင့် အားလုံး ရုတ်ရုတ်လွဲလွဲဖြစ်ကုန်ကြပြီး သူ့အား ဝိုင်းကြည့်ကြသည်။

ခုန်စန်းကျူးက ...

"ဘယ်လိုဖြစ်ကုန်ကြတာလဲဗျာ"

ချင်စန်းကျူးက ...

"ငါတို့ဘက်က အကျအဆုံး တော်တော်များတယ်၊ ဟုတ် လား"

ချင်စန်းကျူးက ...

"ဟုတ်တယ်၊ အဖွဲ့ဝင်သုံးရာကျော်နဲ့ အမှုဆောင်နှင့် ယောက်"

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်စန်းကျူမှာ မျက်နှာကွက်ခနဲပျက်သွား၏။

"သုံးရာတောင် ကျဆုံးတယ်၊ အမှုဆောင်နှစ်ယောက်က ဘယ်သူတွေလဲ"

ချင်စန်းကျူက ...

"ပေစန်းကျူနဲ့ ဖုံးစန်းကျူတို့ပါ"

ခုနစ်စန်းကျူရင်ထဲ ဆို့နင့်သွားသည်။

"ငါ ဒီတိုက်ပွဲမှာ မရှိလိုက်တာ နာတယ်"

ချင်စန်းကျူက ...

"မင်းရှိလည်း သေချင်သေမယ်၊ နို့မဟုတ်ရင် ဂိုဏ်းချုပ်ကြီးလို ဒဏ်ရာရသွားမှာပေါ့"

သူက စကားဆက်လိုက်သည်။

"ငါက အခြေအနေမဟန်လို့ ဂိုဏ်းချုပ်က ဒီလိုဏ်ဂူမှာ တာဝန်ယူခိုင်းလိုက်လို့ အသက်မသေတာ"

ခုနစ်စန်းကျူက ...

"ဂိုဏ်းချုပ်ကြီး ဒဏ်ရာရသွားတယ် ဟုတ်လား၊ အတော်ပြင်းသလားဗျ"

ချင်စန်းကျူ သက်ပြင်းချလိုက်၏။



"သူ ရထားတဲ့ဒဏ်ရာဟာ အနည်းဆုံး တစ်နှစ်လောက် အနားယူပြီး ကုရလိမ့်မယ်"

ခုနစ်စန်းကျူက ...

"အခု ... သူ ဘယ်မှာလဲ"

ချင်စန်းကျူက ...

"သူ အတွင်းခန်းထဲမှာ၊ ငါနောက်လိုက်ခဲ့"

✸

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး လုစန်းကျူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိ၊ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

သူက ခုန်စန်းကျူကို တွေ့မြင်လိုက်သည်နှင့် ...

"မင်း ပြန်လာပြီလား၊ လမ်းမှာ မြွေဟောက်မယ်တို့အဖွဲ့နဲ့ မတွေ့ခဲ့ဘူးလား"

ခုန်စန်းကျူက ဂါရဝပြုလိုက်၏။

"မတွေ့ခဲ့ပါဘူး ဂိုဏ်းချုပ်ကြီး"

လုစန်းကျူက ...

"မင်း သိပ်ကံကောင်းတယ်၊ ငါကလည်း မဆုံမိပါစေနဲ့လို့ ဆုတောင်းနေတာ"

ခုန်စန်းကျူက ...

"ဂိုဏ်းချုပ်ကြီးရဲ့ဒဏ်ရာ တော်တော်များလား"

လုစန်းကျူက ...

"များတော့ မများဘူး၊ အဆိပ်ကြောင့် ငါ ခံရခက်နေတာ"



ခုန်စန်းကျူက ...

"အဆိပ်ဖြေဆေးမသောက်ဘူးလား ဂိုဏ်းချုပ်ကြီး"

လုစန်းကျူက ...

"သောက်ပါတယ်၊ ဒါပေမဲ့ ... နည်းနည်းပဲ သက်သာသေးတယ်"

သူက စကားဆက်လိုက်သည်။

"ဟိုင်နန်ကျွန်းအကြောင်းက ဘယ်လိုလဲ"

ခုန်စန်းကျူက ...

"သူတို့ဆီ မြွေဟောက်မယ်က မသွားဘူးလို့ ပြောတယ်"

လုစန်းကျူက မျက်မှောင်ကြုတ်သွားရင်း ...

"အင်း ... ဟိုင်နန်ဂိုဏ်းချုပ် ဖုံလှိုင်ကျွန်းရှပ်ဟာ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးအထင်ကြီးတယ်၊ သူတို့က ကျွန်းကလေးမှာဆိုတော့ မြွေဟောက်မယ်မလာနိုင်ဘူးလို့ထင်ရင် မှားမှာပေါ့"

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

"ငါ့ရဲ့ထင်မြင်ချက် မမှားဘူးဆိုရင် တစ်ရက်နှစ်ရက်အတွင်း မြွေဟောက်မယ်က ဟိုင်နန်ကျွန်းကို ရောက်လိမ့်မယ်"

ခုန်စန်းကျူ ရင်ထိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ ဖုံလှိုင်ကျွန်းရုပ်က အခုလိုပေါ့ပေါ့ဆဆနေရင် ဒုက္ခတော့ ရောက်ကုန်တော့မှာပဲ"

လုံစန်းကျူးက သက်ပြင်းချလိုက်သည်။

"အခုလိုအချိန်မျိုးမှာ ကျုပ်တို့သွားပြီး ကူညီချင်တာတော့ စိတ်ပဲရှိတော့တယ်"

ခုန်စန်းကျူးသည် တစ်စုံတစ်ခုအား သတိရလာ၏။

"ဒါနဲ့ ကျုပ်ပြန်ရောက်လာတဲ့အခါမှာ အဆောက်အအုံပြာပုံဖြစ်နေတာတွေ့လိုက်ရလို့ စိတ်ထိခိုက်ပြီး ငေးနေစဉ်တုန်းက မျက်နှာဖုံးနဲ့လူတစ်ယောက်ကလာပြီး ကျုပ်ကို လမ်းပြခေါ်လာတယ်၊ သူက ဘယ်သူလဲ ဂိုဏ်းချုပ်ကြီး"

လုစန်းကျူး မျက်မှောင်ကြုတ်ရင်း ...

"ကျုပ်လည်း မသိပါလား"

ခုန်စန်းကျူးက ...

"ဂိုဏ်းချုပ်က လွှတ်ထားတဲ့ ဆက်သားများ ဖြစ်နေမလား"

လုစန်းကျူးက ခေါင်းယမ်းရင်း ...

"ကျုပ်က ဘာဆက်သားမှမလွှတ်မိပါလား"

ခုန်စန်းကျူးက နားမလည်နိုင်အောင်ဖြစ်သွား၏။



"သူ့မှာ မျက်နှာဖုံးစွပ်ထားလို့ ဘယ်သူဘယ်ဝါဆိုတာ မသိနိုင်ပေမယ့် ... မိန်းကလေးတစ်ယောက်ဖြစ်တယ်ဆိုတာ သိသာတယ်"

လုစန်းကျူးက ခေါင်းယမ်းလိုက်သည်။

"ဒါဖြင့် ငါတို့လူမဟုတ်ဘူးဆိုတာ ထင်ရှားတယ်"

ချင်စန်းကျူးက ...

"မိမ္မိဂိုဏ်းကများ ဖြစ်နေမလား"

လုစန်းကျူးက ...

"မဖြစ်နိုင်ဘူး၊ ကျုပ်တို့ လိုဏ်ဂူထဲရောက်နေတယ်ဆိုတာ ဘယ်သူကမှမသိဘဲ"

ခုန်စန်းကျူးက ...

"ဒါဖြင့် ဂိုဏ်းချုပ်တို့က ဒီကိုလူမသိအောင်ဆုတ်လာတာ ဘယ်လိုလုပ်ဆုတ်လာတာလဲ"

လုစန်းကျူးက ...

"ကျုပ်တို့က မြေအောက်လှိုဏ်ဂူလမ်းကနေ ဆုတ်လာတာ"

ခုန်စန်းကျူးက ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဒီလူက ရန်သူများဖြစ်ရင် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ် ထင်တယ်"

လုစန်းကျူက …

"ရန်သူတော့ မဖြစ်နိုင်ဘူး"

ခုန်စန်းကျူက …

"ဘာဖြစ်လို့လဲ ဝိုက်အားချုပ်"

လုစန်းကျူက သက်ပြင်းချလိုက်သည်။

"သူကသာ ရန်သူဖြစ်တယ်ဆိုရင် ငါတို့ အခုလို အေးအေးဆေးဆေး စကားပြောနိုင်ကြမှာ မဟုတ်ဘူး"

✷



ခုန်စန်းကျူအား လမ်းပြခဲ့သော မျက်နှာဖုံးရှင်က မည်သူနည်း။ သူက အဘယ်ကြောင့် ခုန်စန်းကျူအား လျှို့ဝှက်စွာ အကူအညီ ပေးရသနည်း။

အမှန်တော့ ထိုမျက်နှာဖုံးရှင်မှာ မြွေဟောက်မယ်ချင်းလိန်၏တပည့်မ မွန်မွန်ပင် ဖြစ်သည်။

မွန်မွန်သည် တရားမျှတသော စိတ်ဓာတ်ရှိသည်။ အများအပေါ် ဒုက္ခပေးသည်ကို မလိုလားပေ။ ပထမတွင် သူမက အသက်အရွယ် နုနယ်သည်။ အတွေ့အကြုံမရှိ။

ထို့ကြောင့် ချင်းလိန်၏လုပ်ရပ်ကို ကောင်းသည်၊ ဆိုးသည်၊ တရားသည်၊ မတရားသည်ကို မခွဲခြားနိုင်ဘဲ ချင်းလိန်ခိုင်းသမျှ လုပ်ပေးနေရ၏။

နောက်ပိုင်းတွင် အသက်အရွယ်က ရလာ၏။ အတွေ့အကြုံ အနည်းငယ် ရှိလာ၏။ အကောင်းအဆိုးများကိုလည်း ခွဲခြားတတ်လာပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိန်၏လုပ်ရပ် မှားယွင်းသည့်ကို သိရှိနားလည်လာ၏။

သူမသည် တစ်ခါတစ်ရံ ယင်းကဲ့သို့ မပြုလုပ်သင့်ကြောင်း စကားစခဲ့သည်။

သို့သော် ချင်းလိန်၏တစ်ယူသန် တွေးခေါ်မှုကြောင့် သူမက လက်လျှော့ခဲ့ရလေ၏။

သို့သော် သူမသည် လူငယ်ပီပီ စိတ်ကောင်းနှလုံးကောင်းရှိ၏။

အများအတွက် ကူညီလိုသော စိတ်ဆန္ဒက ပြင်းပျနေသဖြင့် လူများအား အတတ်နိုင်ဆုံး ကူညီရန် နည်းလမ်းကြံဆခဲ့၏။

နောက်ဆုံး သူမသည် အနက်ရောင်ဝတ်စုံများဝတ်၍ မျက်နှာဖုံးစွပ်ကာ ဒုက္ခရောက်နေသောလူများအား လျှို့ဝှက်စွာ ကူညီနေလေ၏။

✱ ✱ ✱



## သတိပေးသူ

ဟိုင်နန်ကျွန်း၏ညသည် သာယာလှ၏။

ကျွန်းသူကျွန်းသားများတို့သည် အေးချမ်းစွာ အိပ်ပျော်ကြ၏။

ဝိုက်အီးချူပ် ဖုံလှိုင်ကျွန်းရှပ်မှာမူ အိပ်၍မပျော်သေးပါ။

သူမ၏အမှုဆောင်အဖွဲ့များလည်း မအိပ်ကြသေးပါ။

သူမတို့သည် မနေ့ညမှ မျက်နှာဖုံးရှင်တစ်ယောက် လာရောက်ပြီး သတိပေးသော စာတစ်စောင်အား လေ့လာနေကြသည်။

ဖုံလှိုင်ကျွန်းရှပ်က လက်ထဲမှ စာတစ်စောင်အား အမှုဆောင်အမျိုးသမီးတစ်ယောက်လက်သို့ ပေးလိုက်၏။

"အားလုံးကြားအောင် ဖတ်ပြလိုက်ပါ"

အမျိုးသမီးက စာကိုလှမ်းယူပြီး အသံကျယ်ကျယ်စွာ ဖတ်ပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်နန်ကျွန်းရှင်သို့ ...

သုံးရက်အတွင်း မြွေဟောက်မယ်ရောက်လာ လိမ့်မယ်၊ သတိထားပါ။

ပုံ-မျက်နှာဖုံးရှင်

အမှုဆောင်များသည် တစ်ယောက်နှင့်တစ်ယောက် တီးတိုးဝေဖန်ပြောဆိုကြ၏။

ဖုလိုင်ကျွန်းရှပ်က ...

“ဒီသတိပေးစာကို ဘယ်လိုယူဆကြသလဲ၊ ပြောကြပါ”

အမှုဆောင်တစ်ဦးက ...

“ဒီသတိပေးစာကို လေးလေးနက်နက် စဉ်းစားသင့်ပါတယ်”

အခြားအမှုဆောင်တစ်ယောက်က ...

“ဟုတ်တယ်၊ သတိပေးတဲ့လူက ဘယ်လိုအကြောင်းကြောင့် သတိပေးတယ်ပဲထားထား၊ သတိကိုထားရမယ်လို့ ယူဆပါတယ်”

အခြားအမှုဆောင်တစ်ယောက်က ...



“မြွေဟောက်မယ်က ကျုပ်တို့ကို ဘာရာဇသံမှမပေးဘဲ လာလိမ့်မယ်တော့ မထင်ဘူး၊ ဒီမျက်နှာဖုံးရှင်က ကျုပ်တို့ မြွေဟောက်မယ်နှင့် ရန်တိုက်ပေးတာဖြစ်ချင်ဖြစ်လိမ့်မယ်”

အမှုဆောင်များသည် တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုကြသည်ကို ဖုလိုင်ကျွန်းရှပ်က တားလိုက်၏။

“အားလုံး ငြင်းခုံမနေပါနဲ့၊ ကျုပ်သဘောနဲ့ ပြောရမယ်ဆိုရင် သတိဆိုတာ လိုတယ်လို့မရှိပါဘူး၊ ဒါကြောင့် ... တကယ်လို့ မြွေဟောက်မယ်တို့က ရောက်လာရင် ငါတို့ ဘာလုပ်ကြမယ်ဆိုတာ အကြံပေးကြပါ”

အမှုဆောင်များသည် တစ်ယောက်တစ်မျိုး အကြံပေးကြသည်။

သူသည် မိုးစင်စင်လင်းသွားသည့်တိုင်အောင် တိကျသော အစီအစဉ်တစ်ခုမှ မချနိုင်ဘဲ အစည်းအဝေးကို ရုပ်သိမ်းလိုက်လေ၏။

✻

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ည ...။

ဖုံလှိုင်ကျွန်းရုပ်နှင့်အမှုဆောင်များသည် ဆက်လက်ရှာဖွေနေကြပြန်၏။ သို့သော် သူတို့သည် ညဉ့်နက်သန်းခေါင်အထိ ရှာဖွေ၍ မပြီးသေးပါ။

ထိုအချိန်မှာပင် ရွက်လှေကြီးသုံးစင်းသည် ဟိုင်နန်ကျွန်းသို့ ဦးတည်လာနေကြသည်ကို သူတို့က မသိလိုက်ပါ။

ထိုရွက်လှေကြီးသုံးစင်းသည် ရွက်ကုန်ဖွင့်၍ လျင်မြန်စွာ ချဉ်းကပ်လာကြ၏။

ရေပိုက်နက်ထဲသို့ ဝင်ရောက်လာတော့မှ မျှော်စင်မှ ကင်းသမားက မြင်တွေ့လိုက်ရ၏။

သူသည် ပထမတွန်းက ထိုရွက်လှေသုံးစင်းမှာ ကုန်သည်ရွက်လှေများဖြစ်သည်ဟု ယူဆကြ၏။

ညဉ့်နက်နေသဖြင့် ခိုအောင်းဝင်ရောက်နားခိုခြင်းဖြစ်သည်ဟု ထင်မှတ်ကြ၏။



ရွက်လှေများ တဖြည်းဖြည်းနီးကပ်လာပြီး ရွက်တိုင်ထိပ်တွင် မြွေဟောက်ရုပ်ပါသောအလံများကို တွေ့မြင်လိုက်တော့မှ ထိတ်လန့်တုန်လှုပ်သွားကြ၏။

သူတို့သည် အရေးပေါ်ခေါင်းလောင်းများ ကမန်းကတန်း ထိုးကြရ၏။

'ဒေါင် ဒေါင် ဒေါင် ဒေါင်'

အရေးပေါ် ခေါင်းလောင်းသံများ ဆူဆူညံညံထွက်ပေါ်လာ၏။

ဟိုင်နန်အဖွဲ့သားများတို့သည် ရုတ်ရုတ်သဲသဲဖြစ်လာကြသည်။

ထိုခေါင်းလောင်းသံမှာ ရန်သူဝင်ရောက်လာကြောင်း သတိပေးသော ခေါင်းလောင်းသံများဖြစ်သည်ကို အဖွဲ့သားအားလုံးက သိထားကြ၏။

ရန်သူလာလျှင် မည်ကဲ့သို့ ကာကွယ်တိုက်ခိုက်ရမည်ကို အားလုံးက ကြို၍လေ့ကျင့်ခဲ့ပြီးဖြစ်ရာ အဖွဲ့သားများတို့သည် ရရာလက်နက်များကိုဆွဲကိုင်လျက် မိမိအား ကြိုတင်သတ်မှတ်ထားသော နေရာသို့ ပြေးသွားသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟိုင်နန်ဂိုဏ်းချုပ်ကလည်း သူ၏လူများ ရန်သူနှင့်ရင်ဆိုင်ရန် ကမန်းကတန်း စီမံနေရ၏။

သူတို့သည် မြွေဟောက်မယ်တို့ လာမည်မဟုတ်ဟု ယုံကြည်ထားသဖြင့် ပေါ့ပေါ့တန်တန်နေခဲ့သောကြောင့် အရေးပေါ်လာသောအခါ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လာလေသည်။

သူတို့သည် ယင်းကဲ့သို့ အရေးပေါ်စီစဉ်နေသည့်အချိန်တွင် မြွေဟောက်မယ်တို့လူများသည် စတင်တိုက်ခိုက်လာလေသည်။

လှေများသည် ကျွန်းသို့ကပ်လာသည်နှင့် မိုးပြာရောင် အင်္ကျီဝတ်ဆင်ထားကြသောလူများသည် ကျွန်းပေါ်သို့ ကြိုးများဖြင့် တွဲလောင်းခိုကာ ခုန်ပျံ၍တိုက်ခိုက်၏။

ဟိုင်နန်ကျွန်းသားများတို့သည် ရှပ်ရှပ်ချွံချွံခုခံတိုက်ခိုက်ကြ၏။ ဟိုင်နန်ဂိုဏ်းချုပ်သည် တစ်ဖက်ရန်သူ၏အရှိန်အဟုန်မှာ ပြင်းထန်လွန်း၍ မိမိဘက်တော်သားများ အထိနာလာမည်ဟု ခန့်မှန်းမိ၏။ ထို့ကြောင့် သူက လက်ကိုမြှောက်၍ ဟန့်တား၏။

"မြွေဟောက်မယ် ... ကျုပ် ပြောစရာရှိတယ်၊ ခင်ဗျားလူတွေကို ခဏရပ်ခိုင်းပါဦး"

ချင်းလိန်က ရယ်မော၏။



"ရှင်က ဘာအကြံထုတ်ဦးမလို့လဲ၊ ရပါတယ်"

သူမက လက်တစ်ဖက်မြှောက်၍ ...

"အားလုံးရပ်လိုက်၊ နောက်ဆုတ်"

သူမ၏အဖွဲ့သားများတို့သည် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်ပြီး နောက်သို့ ခြေလှမ်းငါးလှမ်းခန့် ဆုတ်သွားကြလေသည်။

ချင်းလိန်က ...

"ကဲ ... ဂိုဏ်းချုပ်ကြီးက ဘာပြောမလို့လဲ၊ ကျွန်မ နားထောင်နေပါတယ်"

ဟိုင်နန်ဂိုဏ်းချုပ်က ...

"ခင်ဗျား အခုလို သိုင်းလောကမှာရှိတဲ့ ထိပ်သီးဂိုဏ်းများကို လိုက်ပြီးစိန်ခေါ်တာ သိုင်းပညာတော့ အဆင့်မနိမ့်ဘူးလို့ ယုံကြည်ပါတယ်"

သူမက ...

"ရှင်ပြောမယ့်စကားကို လိုရင်းပြောပါ၊ ကျွန်မ စကားရှည်ရှည် နားထောင်ဖို့လာတာ မဟုတ်ဘူး"

ဂိုဏ်းချုပ်က ...

"ကောင်းပါပြီဗျာ၊ ကျုပ်ပြောပါ့မယ်၊ အခုလို တစ်ဖက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် တိုက်ခိုက်ပြီး အနိုင်ယူမယ့်အစား သူတို့ကို လုံးဝမတိုက်နိုက်စေဘဲ ကျုပ်နဲ့ခင်ဗျား သိုင်းပညာယှဉ်ပြီး အဆုံးအဖြတ်ပေးရင် မကောင်းဘူးလား"

သူမက မဲ့ပြုံးပြုံး၏။

"ရှင့်သဘောကို ကျွန်မသိပြီ၊ ရှင်နဲ့ကျွန်မနဲ့ တစ်ယောက်ချင်းပဲ ပြိုင်မယ်၊ ကျွန်မနိုင်ရင် ရှင်က အညံ့ခံမယ်ဆိုပါတော့"

ဂိုဏ်းချုပ်က ...

"ဒီသဘောပဲ၊ ခင်ဗျား ရှုံးသွားရင်ကော"

သူမက ရယ်မော၏။

"ကျွန်မ ရှုံးသွားရင် ပြန်မယ်၊ ဘယ်တော့မှ ဟိုင်နန်ကျွန်းထိ မလာတော့ဘူး"

ဂိုဏ်းချုပ်က ...

"ခင်ဗျားစကား တည်စေနော်"

သူမက ...

"စိတ်ချ၊ ဒါနဲ့ ဘယ်လိုယှဉ်မှာလဲ"

ဟိုင်နန်ဂိုဏ်းချုပ်က အနည်းငယ်စဉ်းစား၏။

"ကျုပ်က ဓားဘက်မှာ ကျွမ်းတယ်၊ ဓားချင်းပဲ ယှဉ်မယ်"



သူမက မဲ့ပြုံးပြုံး၏။

"ရတယ်"

ဂိုဏ်းချုပ်က ...

"ဒါပေမဲ့ ... ခင်ဗျားက ကတိတစ်ခုပေးရလိမ့်မယ်"

သူမက ...

"ဘာကိုလဲ"

ဂိုဏ်းချုပ်က ...

"ခင်ဗျား အဆိပ်မသုံးရဘူး"

သူမက ရယ်မော၏။

"စိတ်ချ ... ကျွန်မက အဆိပ်ကိုအသုံးပြုပြီးမှ အနိုင်ရမယ့် လူစားမျိုးမဟုတ်ဘူး၊ သိုင်းပညာနဲ့လည်း အနိုင်ရမှာပဲ"

ဟိုင်နန်ဂိုဏ်းချုပ်က လက်ဆန့်လိုက်၏။

ဓားကိုင်သော လူငယ်တစ်ယောက်က ဓားတစ်လက်ကို လက်နှစ်ဖက်ဖြင့်ယူ၍ ဟိုင်နန်ဂိုဏ်းချုပ်လက်သို့ ပေးအပ်လိုက်သည်။

ဂိုဏ်းချုပ်က ဓားတစ်ချက်ဝှေ့ယမ်းလိုက်ပြီး တိုက်ခိုက်ရန် အနေအထားဖြင့် အသင့်ပြင်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက ...

"ဒါနဲ့ သိုင်းကွက်ဘယ်နှစ်ကွက် ယှဉ်ပြိုင်မှာလဲ၊ ဒါမှမဟုတ် တစ်ဖက်ရှုံးသွားတဲ့အထိ ယှဉ်ပြိုင်ရမှာလား"

ဝိုဏ်းချုပ်က အနည်းငယ်စဉ်းစား၏။

"သိုင်းကွက်တစ်ရာဆို လုံလောက်ပါပြီ"

သူမက ပြုံး၏။

"ကောင်းပြီ ... သတိထားပေတော့"

သူမသည် လက်နှစ်ဖက် တစ်ချက်ဝှေ့ယမ်းလိုက်ရာ ထက်မြက်ပြီး အရောင်တဝင်းဝင်းနှင့် ဓားနှစ်လက်ပါလာလေသည်။

ဟိုင်နန်ဝိုဏ်းချုပ်က ချင်းလိန်အပေါ် အထင်မသေးဝံ့ပေ။ သူသည် ဓားကို ရှေ့သို့ချိန်ရွယ်ပြီး လက်တစ်ဖက်က လက်ညှိုးနှစ်ချောင်းပူး၍ လက်ကွေးပြီး ခေါင်းပေါ်သို့ ထားလိုက်လေ၏။

လက်တစ်ဖက်က ဓားသည် ချင်းလိန်၏ရင်ဝသို့ ထိုးသွင်းလာ၏။ သူမက တစ်ချက်ပြုံး၏။

"မရဘူး"

သူမသည် ခန္ဓာကိုယ်တစ်ချက်လှည့်လိုက်ပြီး သူ၏တိုက်ခိုက်မှုအား ရှောင်တိမ်းလိုက်၏။



တစ်ဆက်တည်း သူမ၏ဓားနှစ်လက်သည် မြွေဟောက်၏ လျှာနှစ်ခွပမာ သူ၏နားထင်နေရာသို့ တိုက်ခိုက်လိုက်လေသည်။

ဝိုဏ်းချုပ်၏ခန္ဓာကိုယ်သည် ဓားသွားရာနောက်သို့ ရှေ့သွားပြီး ရှောင်တိမ်းလိုက်၏။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ထိပ်တန်းသိုင်းပညာရပ်များကို အသုံးပြု၍ တိုက်ခိုက်နေကြ၏။

မွန်မွန်က အနီးတွင်ရပ်၍ ရေတွက်ပေးနေ၏။

"တစ်ကွက်၊ နှစ်ကွက်၊ သုံးကွက်၊ ဆယ်ကွက်၊ နှစ်ဆယ်ကွက်၊ လေးဆယ်ကွက်"

သူတို့သည် သိုင်းကွက်လေးဆယ်ကျော် ယှဉ်ပြိုင်လာသည့်တိုင်အောင် အရှုံးအနိုင်မရှိပါ။

မွန်မွန်က ရေတွက်နေ၏။

"သိုင်းကွက် ခုနစ်ဆယ်၊ သိုင်းကွက် ရှစ်ဆယ်၊ သိုင်းကွက် ကိုးဆယ်၊ သိုင်းကွက် တစ်ရာ"

သူမက သိုင်းကွက် တစ်ရာဟု အော်လိုက်သည်နှင့် သူတို့သည် ရပ်တန့်လိုက်ရ၏။

ချင်းလိန်က အံ့သြစွာဖြင့် သူမအား ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မွန်မွန် ... သိုင်းကွက်တစ်ရာ ပြည့်လို့လား"

သူမက ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့ ... ပြည့်ပါပြီ ဆရာ"

ဟိုင်နန်ဂိုဏ်းချုပ် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် သိုင်းကွက်ရှစ်ဆယ်ပင်မပြည့်သေးဟု မှတ်မိထားသည်။ မြွေဟောက်မယ်၏တပည့်မက အဘယ်ကြောင့် သိုင်းကွက်တစ်ရာပြည့်ပြီဟု ဆိုပါသနည်း။

သူမက အကွက်မှားသည်လား။ ချင်းလိန်က ဘဝင်မကျဘဲ ဂိုဏ်းချုပ်အား ...

"ရှင်က ကောင်းတယ်လို့သာမှတ်"

သူက မွန်မွန်အား လက်ဝှေ့ယမ်းပြလိုက်၏။

"အားလုံးပြန်ကြမယ်လို့ အမိန့်ပေးလိုက်ပါ"

မွန်မွန်သည် ဟိုင်နန်ဂိုဏ်းချုပ်အား မသိမသာ တစ်ချက်ကြည့်လိုက်ပြီးနောက် လက်တစ်ချက်ဝှေ့ယမ်းပြ၏။

"အားလုံးပြန်ကြမယ်"

မိုးပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသောသူများသည် ရွက်လှေပေါ်သို့ အသီးသီးတက်ကြ၏။



တစ်ခဏအကြာတွင် ရွက်လှေများသည် ဟိုင်နန်ကျွန်းမှ ထွက်ခွာသွားကြလေသည်။

ချင်းလိန် အဝေးသို့ လှမ်းကြည့်နေ၏။

သူ့ရင်ထဲ၌ မွန်မွန်ပါရှိသောတိုက်ပွဲများ၌ မိမိအဖို့ ပြည့်ပြည့်ဝဝအောင်မြင်ခြင်းမရှိသည်ကို ပြန်လည်စမ်းစစ်မိလေသည်။

မိမိက စိတ်ထင်ထား၍လော၊ သို့မဟုတ် တိုက်ဆိုင်မှုမျှသာ ဖြစ်သည်လော။

သို့သော် ဤမေးခွန်းသည် မကြာမီမှာပင် အဖြေပေါ်လာလိမ့်မည်ဟု သူမက ယုံကြည်ထားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ချူးပင်

ချူးပင်သည် ထင်းစန်းတောင်ပေါ်မှ ဆင်းလာပြီ ဖြစ်သည်။

ထင်းစန်းဂိုဏ်းချုပ်၏ခွင့်ပြုချက်ကြောင့် သူသည် သိုင်းကျမ်းအား လပေါင်းများစွာ လေ့လာခဲ့ရာ သူ၏သိုင်းပညာများသည် အတော်ထူးထူးခြားခြား တိုးတက်လာ၏။

ထင်းစန်းတောင်ပေါ်မှဆင်းလာပြီး ရက်အနည်းငယ်အတွင်းမှာ တည်းခိုခန်း၊ စားသောက်ဆိုင်များ စသည့်နေရာများတွင် မြွေဟောက်မယ်အဖွဲ့ အလွန်သောင်းကျန်းလာနေကြောင်း ဘုန်းပေနှင့် ချန်စိန်ဂိုဏ်းတို့နှင့် အခြားအဖွဲ့အစည်းအတော်များများ သူမလက်အောက်သို့ရောက်ရှိနေသည်ကိုလည်း ကြားသိခဲ့ရသည်။

သူသည် အလွန်စံပြင်းလာ၏။

ထို့ကြောင့် ... လမ်းကြောင်းပြောင်း၍ မြွေဟောက်မယ်



ဌာနချုပ်တည်နေရာသို့ ဦးတည်လျှောက်သွားလေသည်။

တစ်နေ့ သူသည် ဂူးပေနယ်သို့ ရောက်ရှိလာ၏။ လမ်းဆုံလမ်းခွရှိ ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်တည်းခိုရာမှ အဘွားကြီးဂိုဏ်းကို သတိရလာသည်။

"ငါ တော်တော် သတိမေ့တတ်ပါလား၊ ငါ့ရဲဘော်တွေ ငါ့ညီအစ်ကိုတွေ ငါ့ကို စောင့်မျှော်နေရှာမယ်၊ ငါ တစ်ယောက်တည်း မသွားသင့်ဘူး၊ သူတို့နဲ့ စုပေါင်းပြီးမှ လှုပ်ရှားတာတ် အကောင်းဆုံးပါပဲ"

သူသည် ယင်းသို့ သတိတရားရရှိလာသည်နှင့် အဘွားကြီးဂိုဏ်းတည်နေရာသို့ လမ်းကြောင်းပြောင်းသွားရလေသည်။

✵

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်သည် မိမိ၏မျက်လုံးများကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရသည်။

တစ်ချိန်တုန်းက ခြိမ့်ခြိမ့်သဲ စည်ကားခဲ့သော အဘွားကြီးဂိုဏ်းဌာနချုပ်တစ်ခုလုံးမှာ လူဆယ်ယောက်ပင် မပြည့်သည်ကို အံ့သြစွာ တွေ့မြင်လိုက်ရလေသည်။

တန်လီသည် တစ်ခဏမျှကြာကြာငေးကြည့်ပြီးမှ ချူးပင်ကို တအံ့တသြနှင့် မေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီး ပြန်လာတာလား"

ချူးပင်က ...

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့ မေးတာလဲ"

တန်လီက သက်ပြင်းချရင်း ...

"အဘွားကြီးဂိုဏ်းထဲမှာရှိနေကြတဲ့ ဂိုဏ်းသားတွေဟာ ထွက်သွားလိုက်ကြတာ အခု လက်ကျန်ဆယ်ယောက်တောင် မရှိချင်တော့ဘူး"



သူက စကားဆက်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးသာရောက်မလာရင် ဒီနေ့နဲ့မနက်ဖြန် တစ်ယောက်မှ ကျန်မှာမဟုတ်တော့ဘူး"

ထိုအချိန်တွင် ကျန်ရှိသောအဖွဲ့သားများက လာရောက်ဂါရဝပြုကြ၏။

ချူးပင်က သူတို့အား အလွန်လေးစားသွား၏။

"ခင်ဗျားတို့ အခုထို တာဝန်ခံထားတာကို လေးစားပါတယ်"

သူသည် ၎င်းလူများ၏အမည်စာရင်းအား မှတ်တမ်းတင်လိုက်လေသည်။

တန်လီမှလွဲ၍ သူတို့၏အမည်ကား ...

၁။ ထိုလွေ

၂။ တာယူ

၃။ စန်းကျား

၄။ ဝူဟူ

၅။ ဝူဟာန်

၆။ လူကွဲ

၇။ ချင်ဟုန်

www.burmeseclassic.com

www.burmeseclassic.com



၈။ ပုကြူး

၉။ ကြူတာလျှံတို့ ဖြစ်လေသည်။

ချူးပင်သည် ထိုလူကိုးယောက်အား အမာခံအဖွဲ့ဝင်ခေါင်းဆောင်အဖြစ် ခန့်အပ်လိုက်သည်။

တန်လီကိုမူ ထိုအဖွဲ့ကိုးယောက်၏အကြီးအကဲအဖြစ် ခန့်အပ်လိုက်လေသည်။

ထို့နောက် သူတို့သည် အဖွဲ့ဝင်ဟောင်းများကို ပြန်လည်ခေါ်ယူ၍ အဖွဲ့သားအသစ်များလည်း စုဆောင်းကြ၏။

ဤသို့ဖြင့် သုံးလအတွင်း သူတို့၏ဆိုင်းအားသည် သုံးရာကျော်ခန့်အထိ တိုးပွားလာသည်။

ထိုအခါ ချူးပင်သည် မြွေဟောက်မယ်အား မည်ကဲ့သို့တွန်းလှန်ရမည်ကို စဉ်းစားအကြံထုတ်နေလိုက်သည်။

ထိုအချိန် ထိုအခါ မြွေဟောက်မယ်သည် သိုင်းလောကမှာ ထိပ်သီးဂိုဏ်းရှစ်ဂိုဏ်းအနက် ခြောက်ဂိုဏ်းအား ဖြိုခွင်းဖျက်ဆီးနိုင်ခဲ့ပြီဖြစ်၏။

သူမ၏ခြေလှမ်းမှာ ဝူတန်နှင့်ရှောင်လင်မျှသာ ကျန်တော့သည်။



ထို့ကြောင့် မြွေဟောက်မယ်၏ခြေလှမ်းသည် ရှောင်လင်သို့ အရင်ဝင်တိုက်မည်လော၊ ဝူတန်ဂိုဏ်းအား အရင်တိုက်မည်လော ဟူသော အတွေးများသည် သိုင်းလောကသားများ အလွန်စိတ်ဝင်စားသော မေးခွန်းနှစ်ခုဖြစ်နေလေသည်။

ချူးပင်သည် မြွေဟောက်မယ်က ဝူတန်ဝူတန်အား အလျင်ဝင်ရောက်တိုက်ခိုက်လိမ့်မည်ဟု ယုံကြည်ထား၏။

ထို့ကြောင့် သူသည် ဝူတန်ဂိုဏ်းထဲသို့ သွားရောက်ပြီး ပူးပေါင်းတိုက်ခိုက်ရန် အကြံရလာလေ၏။

❋

www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်မယ်သည် ရှောင်လင်နှင့် ဝူတန်ဂိုဏ်း မည်သည့်ဂိုဏ်းအား အလျှင်ဝင်တိုက်မည်နည်း။

ဤပြဿနာကို မြွေဟောက်မယ်က အမျိုးမျိုးတွေးတောနေစဉ် မွန်မွန်က အခွင့်တစ်ခုတောင်းလာ၏။

"ဆရာ ကျွန်မတို့လှုပ်ရှားမှု ဘယ်တော့မှဖြစ်မှာလဲ"

"ဘာလို့မေးနေတာလဲ"

"ဒီလိုပါ ... ဆရာက အချိန်စောင့်ဦးမယ်ဆိုရင် ကျွန်မက ကျားနက်ခေါင်းဂိုဏ်း ဝမ်းလိုကန်းကို သွားပြီးလက်စားချေချင်လို့ပါ"

"ဆရာက ကျွန်ရှိတဲ့ ရှောင်လင်နှင့် ဝူတန်ဂိုဏ်းတို့ကို ဘယ်ဂိုဏ်းကို စတိုက်ရမလဲဆိုတာ ရတ်တရက် မဆုံးဖြတ်နိုင်သေးဘူး"

သူမက မေးလိုက်သည်။

"ညည်းက အချိန်ဘယ်လောက်ကုန်မယ်လို့ စိတ်ထားထားသလဲ"



မွန်မွန်က ...

"ခုနစ်ရက်တည်းပါ ဆရာ"

ချင်းလိန်က ...

"လူအင်အား ဘယ်လောက်လိုမလဲ"

မွန်မွန်က ...

"မလိုပါဘူးဆရာ"

ချင်းလိန်က မျက်မှောင်ကြုတ်သွားသည်။

"မလိုဘူး ဟုတ်လား။ ဖြစ်ပါ့မလား"

မွန်မွန်က ...

"ကျွန်မရဲ့ရန်သူဟာ ဝမ်းလိုကန်းတစ်ယောက်တည်းပါ။ ဒါကြောင့် ... ကျွန်မရဲ့ရန်သူဟာလည်း တစ်ယောက်တည်းပါ။ သူ့အဖွဲ့တွေနှင့် မဆိုင်ပါဘူး"

ချင်းလိန်က ...

"ညည်းက သူတို့အပေါ် စိတ်ကောင်းထားပေမယ့် သူတို့က ဒီလိုစိတ်ထားမျိုးထားနိုင်ပါ့မလား"

မွန်မွန်က ...

"ဒါက ... သူတို့အပိုင်းပါဆရာ၊ ကျွန်မကတော့ ... ဒီလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ခံယူထားတယ်"

ချင်းလိန်က သူ့အား အတန်ကြာ ကြည့်လိုက်၏။

"ညည်းရဲ့သဘောထားကို ငါသိပြီ၊ ဒါကြောင့် ညည်းနဲ့အတူ ပါဝင်တဲ့ တိုက်ပွဲမှန်သမျှ လူအသက်အသေ နည်းပါးနေတာ"

မွန်မွန်က ...

"အဓိကအချက်ဟာ ကိုယ်လိုချင်တဲ့ ရည်ရွယ်ချက် အောင်မြင်ဖို့ပါ ဆရာ၊ လူများများသတ်လို့ အကျိုးမရှိပါဘူး"

ချင်းလိန်က သူမအား ကြည့်လိုက်၏။

"ညည်းက ငါ့ကို ဆုံးမနေတာလား"

မွန်မွန်က ...

"မဟုတ်ပါဘူး ဆရာ၊ ကျွန်မရဲ့သဘောထားကို ပြောပြနေတာပါ"

ချင်းလိန်က မဲ့ပြုံးပြုံးလိုက်၏။

"ညည်း နားလည်ဖို့ဟာ ရန်သူကို များများသတ်မှ သူတို့က အလိုလိုကြောက်ရွံ့လာကြမှာကွဲ့"

မွန်မွန်က ...

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ဒီလိုနည်းနဲ့ အနိုင်ရတာဟာ



ရေရှည်မခံနိုင်ဘူး၊ သူတို့က အပေါ်ယံကြောက်နေကြပေမယ့် သူတို့ရဲ့ရင်ထဲမှာ ဆရာ့ကို အတော်မုန်းနေမယ်၊ တစ်နေ့ သူတို့ အခွင့်အရေးရလိုက်တာနဲ့ ဆရာ့ကို ပုန်ကန်ကြမှာ"

ချင်းလိန်က ...

"ဟုတ်တယ်၊ ဒါကြောင့် ဆရာက သူတို့နဲ့ တိုက်ခိုက်တဲ့အခါမှာ သူတို့လူတွေကို သတ်နိုင်သလောက်သတ်ရင် ပိုကောင်းတယ်လို့ ယူဆတယ်လေ"

မွန်မွန်က ပါးစပ်ပိတ်ထားလိုက်၏။

ချင်းလိန်က ...

"ညည်းသွားမယ်ဆိုရင် လာမည့်ဆယ့်ငါးရက်နေ့ အမှီ ပြန်လာခဲ့၊ အဲဒီနေ့ဟာ ငါက ဘယ်ဂိုဏ်းကို အရင်တိုက်မယ်ဆိုတာ ဆုံးဖြတ်နိုင်ပါပြီ"

မွန်မွန်က ...

"ဟုတ်ကဲ့ပါ ဆရာ"

✱

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်သည် မြွေဟောက်မယ်လှုပ်ရှားမှုကို သိရှိနိုင်ရန် ထွက်လာခဲ့သည်။ သူသည် ညမှောင်လာသောအခါ လမ်းခွဆုံမှ တည်းခိုခန်းတွင် တည်းခိုအနားယူလေ၏။

သူသည် မြွေဟောက်မယ်တို့အဖွဲ့အား မည်ကဲ့သို့ ချေမှုန်းရမည်ကို မသိနိုင်ဖြစ်နေသဖြင့် စဉ်းစားရင်း အိပ်မပျော်ဖြစ်နေ၏။

ထိုအချိန် အုန်းမောင်းခေါက်သံများ ထွက်ပေါ်လာ၏။

'ဒေါင် ဒေါင် ဒေါင်'

အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာ၏။

သူက အပျင်းတစ်ချက် ဆန့်လိုက်ပြီး အိပ်နိုင်ရန် တစ်ဖက်သို့လှည့်၍ အတွေးများ ကြိုးစားဖြတ်တောက်နေစဉ် ရုတ်တရက်...

'ချက်'

ဟူသော အသံတစ်သံ ကြားလိုက်ရ၏။

ယင်းအသံသည် ပြတင်းပေါက်တံခါးအား တစ်စုံတစ်ခုသော ကိရိယာဖြင့် ထိုးဖွင့်နေသောအသံဖြစ်၏။



ချူးပင်က ခေါင်းထောင်ကြည့်သည်။

မိမိ၏ပြတင်းပေါက်မှ ထွက်ပေါ်လာသောအသံ မဟုတ်ပေ။ သူက နားစွင့်နေစဉ်မှာပင် ...

"ဟေး"

ဟူသောအသံနှင့်အတူ ... ဓား ... ဓားချင်းထိတွေ့သော အသံများ ထွက်ပေါ်လာသည်ကို ကြားရ၏။

တစ်ဖက်ခန်းက ထွက်ပေါ်လာသောအသံဖြစ်၏။

တစ်စုံတစ်ယောက် ထိုအခန်းတွင် လာရောက်တည်းခိုသော လူအား အလစ်ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်ရမည်ဟု သူက နားလည်လိုက်၏။

ထို့ကြောင့် သူသည် ဓားကိုဆွဲ၍ ပြတင်းပေါက်တံခါးကို တွန်းဖွင့်လိုက်ပြီး ထွက်လာခဲ့သည်။

လမိုက်သောညဖြစ်၍ တစ်ဖက်ခန်းမှာလည်း မီးထွန်းထားခြင်းမရှိသဖြင့် မှောင်မည်းနေ၏။

သူက ပြတင်းပေါက်မှ အခန်းထဲသို့ လှမ်းကြည့်လိုက်၏။

လူရိပ်နှစ်ခု သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို တွေ့ရ၏။

လူရိပ်တစ်ခုက ပြတင်းပေါက်မှခုန်၍ထွက်လာပြီး အခြား

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်တစ်ခုကလည်း လိုက်၍ထွက်လာ၏။

အခန်းထဲမှထွက်လာသော ဒုတိယလူရိပ်က ချူးပင်အား တွေ့သည်နှင့် ဝင်ရောက်တိုက်ခိုက်လေသည်။

ချူးပင်က ထိုလူမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရဘဲ ဓားနှင့် ကမန်းကတန်း ပြန်လည်ခုခံလိုက်၏။

ထိုလူရိပ်သည် သူ့အား ဖိ၍တရကြမ်းတိုက်ခိုက်လာသဖြင့် ချူးပင်က ပေါ့ပေါ့တန်တန် စိတ်မထားဝံ့တော့ဘဲ ပြန်၍တိုက်ခိုက်ရ၏။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ဘုမသိဘမသိဖြင့် တိုက်ခိုက်နေရာမှ တဖြည်းဖြည်း တည်းခိုခန်းမှ ဝေးကွာသွားသည်။

ချူးပင်က ဤကဲ့သို့ သူသေကိုယ်သေတိုက်ခိုက်ခြင်းမှာ လုံးဝအဓိပ္ပာယ်မရှိမှန်း သတိရလာသဖြင့် ...

"ဟေ့ ခဏရပ်ပါဦး"

ထိုလူရိပ်က မရပ်ဘဲ ဆက်လက်တိုက်ခိုက်နေသဖြင့် ချူးပင်က မတတ်နိုင်ဘဲ ပြန်လည်တွန်းလှန်နေရ၏။

ဤသို့ဖြင့် နောက်ထပ်သိုင်းကွက် (၂၀) ယှဉ်ပြိုင်လာသော အခါ ချူးပင်က ထပ်မံဟန့်တားလိုက်၏။



"ခဏလေး ရပ်ပါလားဗျာ"

ထိုလူက တိုက်ခိုက်ရာက ရပ်တန့်သွားတော့မှ မှောင်ကြီးမည်းမည်းကြား၌ ထိုလူ၏ခန္ဓာကိုယ်မှာ သေးသေးသွယ်သွယ်ဖြစ်နေသည်ကို သတိပြုမိ၏။

ထိုလူရိပ်ကလည်း သူ့အား အကဲခတ်ကြည့်နေသည့်အလား ငြိမ်သက်နေ၏။ အတန်ကြာမှ ...

"ရှင်က ဘယ်သူလဲ၊ ကျွန်မကို ဘာကြောင့် လာပြီးလုပ်ကြံချင်ရတာလဲ"

"ဗျာ"

ချူးပင် အံ့သြသွား၏။

"ဟောဗျာ ... ခင်ဗျားက ကျုပ်ကို ဝင်တိုက်လို့ ကျုပ်က ပြန်ခုခံတာဗျ"

ထိုလူက အတန်ကြာ ဆိတ်ငြိမ်ပြီးမှ ...

"ရှင် ဘယ်သူလဲ"

"ချူးပင်"

"ရှင်"

မိန်းကလေး အံ့သြသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးချူးပင် ဟုတ်လား"

ယခုမှ ချူးပင်ကလည်း သူမအသံကို မှတ်မိလိုက်၏။

"ဟုတ်တယ်၊ ညီမ မွန်မွန် မဟုတ်လား"

"ဟုတ်တယ်"

"ဝမ်းသာလိုက်တာ၊ ညီမကို သတိရလိုက်တာ"

"အစ်ကိုက ဘယ်ရောက်သွားလို့လဲ၊ ကျွန်မလည်း ရှင့်သတင်းကို ဘယ်လိုမှ စုံစမ်းလို့မရဘူး"

"အစ်ကိုက ထင်းစန်းတောင်မှာနေလို့"

"ဩော် ... ဒါကြောင့်ကိုး၊ ဒါနဲ့ ခုနတုန်းက ညီမကို အလစ်ဝင်ပြီး လုပ်ကြံတဲ့လူဟာ ဘယ်သူလဲဆိုတာ ညီမ သိလား"

မွန်မွန်က ခေါင်းယမ်း၏။

"မသိဘူး"

ချူးပင်က မျက်မှောင်ကြုတ်သွား၏။

"လူများ မှားနေသလား"

"မဖြစ်နိုင်ဘူး၊ ဒီလိုလုပ်ကြံမှုမျိုးဟာ လူမှားစရာအကြောင်း လုံးဝမရှိဘူး"

ချူးပင်က ...



"ဒါဖြင့် ... ညီမစိတ်ထဲမှာ သံသယဖြစ်တဲ့လူ ဘယ်သူရှိသလဲ"

မွန်မွန်က အတန်ကြာစဉ်းစားပြီးမှ ...

"ဆရာများ ဖြစ်မလာတော့ မသိဘူး၊ ဒီလိုလည်း မစွပ်စွဲချင်ပါဘူး"

ချူးပင်က ...

"ဆရာ ဟုတ်လား၊ သူက ဘယ်သူလဲ"

မွန်မွန်က ...

"ချင်းလိန်"

ချူးပင်က ...

"အင်း ... ဒါလည်းဖြစ်နိုင်တယ်၊ ဒါပေမဲ့ ... အလွန်ရက်စက်တဲ့ ကျားသတ္တဝါတောင်မှ ကိုယ့်ရင်သွေးကို မစားဘူး"

မွန်မွန်က သက်ပြင်းတစ်ချက်ချ၏။

"ကျွန်မလည်း မစဉ်းစားတတ်တော့ဘူး"

ချူးပင်က ...

"အခု ညီမ ဘယ်ကိုသွားမလို့လဲ"

မွန်မွန်က ...

www.burmeseclassic.com

www.burmeseclassic.com



"ကျားနက်ခေါင်းဂိုဏ်း"

ချူးပင်က ...

"သွားပြီး လက်စားချေမလို့လား"

မွန်မွန်က ...

"ဟုတ်တယ်"

ချူးပင်က ...

"ဒါဖြင့် ငါလည်း လိုက်ခဲ့မယ်"

မွန်မွန်က ...

"ကျွန်မက ဝမ်းလိုကန်းတစ်ယောက်တည်းကိုသာ လက်စားချေမှာပါ၊ လိုက်ခဲ့နိုင်ပါတယ်၊ ဒါပေမဲ့ ... ကျွန်မကိစ္စထဲ လုံးဝ မဝင်ပါနဲ့"

ချူးပင်က ...

"စိတ်ချပါ"

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် နောက်တစ်နေ့နံနက် တည်းခိုခန်းမှ ထွက်လာကြပြီး ကျားနက်ခေါင်းဂိုဏ်းတည်ရာသို့ ထွက်ခွာသွားကြ၏။

❋



နံနက် ...

ဝမ်းလိုကန်း အိပ်ရာမှနိုးလာသောအခါ သူ၏ကိုယ်ရံတော်က ရောက်ရှိလာသည်။ ဝမ်းလိုကန်း မျက်မှောင်ကြုတ်သွား၏။

"ဘာကိစ္စရှိလို့လဲ"

ကိုယ်ရံတော်က ဂါရဝပြုလိုက်သည်။

"ဒီမနက် မိုးလင်းတာနဲ့ တံခါးမှူးက တံခါးဖွင့်လိုက်တော့ ဟောဒီစာတစ်စောင် တံခါးမှာ ညှပ်ထားတာ တွေ့လိုက်ပါတယ်"

ဝမ်းလိုကန်းက ...

"ဘာစာလဲ"

ကိုယ်ရံတော်က ...

"ဂိုဏ်းချုပ်ကြီးပဲ ဖတ်ကြည့်ပါ"

ဝမ်းလိုကန်းက စာကိုယူ၍ ဖတ်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလိုကန်း ...

ရှင်နဲ့ကျွန်မ တင်ရှိတဲ့သွေးကြွေးများကို ရှင်းလင်းရအောင် မနက်ဖြန်မွန်းတည့်ချိန်မှာ ထင်းစန်းတောင်ကို လာပါ။

ပုံ ...

မွန်မွန်

ဝမ်းလိုကန်း၏မျက်လုံးအစုံ ပြူးကျယ်သွား၏။

ထို့နောက် မဲ့ပြုံးပြုံး၏။

"မွန်မွန် ... ငါလိုက်ရှာနေတာ၊ အခုတော့ မင်းက ငါ့ကို လာပြီး စိန်ခေါ်တယ် ဟုတ်လား၊ ရပါတယ် ... ရပါတယ်၊ မင်းက ငါ့မိန်းမဖြစ်ဖို့သာ မှတ်ပေတော့"

သူက ပြောပြီး အားရပါးရ ရယ်မော၏။

ကိုယ်ရံတော်က ...

"ဘယ်သူ့စာလဲ ဂိုဏ်းချုပ်ကြီး"

ဝမ်းလိုကန်းက ...

"ငါ့အဆက်ဟောင်း မွန်မွန့်ဆီက ငါ့ကို စိန်ခေါ်တဲ့စာပါကွာ"



ကိုယ်ရံတော်က ...

"ဂိုဏ်းချုပ်ကြီးက သွားတွေ့မလို့လား"

ဝမ်းလိုကန်းက ...

"သွားတွေ့မှာပေါ့၊ သူ့ကို ဘာဖြစ်လို့ ကြောက်ရမှာလဲ"

ကိုယ်ရံတော်က ...

"ရန်သူကို အထင်မသေးစေချင်ဘူး ဂိုဏ်းချုပ်ကြီး၊ စဉ်းစဉ်းစားစားလုပ်ရင် ကောင်းမယ်ထင်တယ်"

ဝမ်းလိုကန်းက အနည်းငယ်စဉ်းစား၏။

ထို့နောက် မဲ့ပြုံးပြုံး၏။

"မွန်မွန်ရယ် ... တွေ့ကြသေးတာပေါ့"

✵

www.burmeseclassic.com

www.burmeseclassic.com



မှန်းတည့်ချိန်။

ထင်းစန်းတောင်တစ်ခုလုံး အေးချမ်းသာယာနေ၏။

သို့သော် ... ထိုသာယာလှပသော ထင်းစန်းတောင်၏အေးချမ်းမှုကို ဖျက်ဆီးမည့်လူသားတစ်ယောက် ရောက်နေ၏။

ဝမ်းလိုကန်းသည် သစ်ပင်တစ်ပင်အောက်တွင် ရပ်နေသည်။

သူသည် ထောင်ချောက်ဆင်သွားသည့် သားကောင်အားဖမ်းဆီးနိုင်ရန်အတွက် အကွက်ဆင်ထားပြီးဖြစ်၏။

ထို့ကြောင့် သူသည် ဝင့်ကြွားစွာဖြင့်ရပ်လျက် ရောက်လာမည့် သားကောင်အား စောင့်နေ၏။

မကြာပါချေ။ လူရိပ်နှစ်ခု တောင်ပေါ်သို့ တက်လာ၏။

ဝမ်းလိုကန်းက မျက်မှောင်ကြုတ်သွား၏။

"လူနှစ်ယောက်ပါလား၊ တစ်ယောက်က ဘယ်သူများပါလိမ့်"



သူ ရေရွတ်မိ၏။

လူရိပ်နှစ်ခုသည် တဖြည်းဖြည်းနီးကပ်လာ၏။

တစ်ယောက်က မွန်မွန်ဖြစ်ပြီး တစ်ယောက်က ချူးပင်ဖြစ်နေသည်ကို တွေ့ရှိရ၏။

သူတို့သည် ဝမ်းလိုကန်းအနီးသို့ရောက်လာပြီး ခြေလှမ်းရပ်တန့်လိုက်၏။ ဝမ်းလိုကန်းက မဲ့ပြုံးပြုံးလိုက်၏။

"ဘာလဲ ... မင်းတို့က နှစ်ယောက်ပေါင်းပြီး ကျုပ်ကို ယှဉ်မှာလား၊ ရပါတယ်"

မွန်မွန်က ...

"စိတ်ချ၊ ကျွန်မတစ်ယောက်တည်းပဲ ယှဉ်ပါ့မယ်"

ဝမ်းလိုကန်းက ချူးပင်အား ကြည့်၏။

ချူးပင်က ...

"ကျုပ်က သူ့ကိုလိုက်ပို့တာ"

ဝမ်းလိုကန်းက ...

"လိုက်ပို့တာပဲဖြစ်ဖြစ်၊ ကူညီတာပဲဖြစ်ဖြစ် ကျုပ် အားလုံးလက်ခံတယ်"

သူက ပြောပြီး ဓားကိုဆွဲထုတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မွန်မွန် မင်းကစနိုင်ပြီ"

သူမက လက်တစ်ချက်ဝှေ့လိုက်ရာ ဓားနှစ်လက်ပါလာသည်။

"သတိထားပေတော့"

သူမသည် ဓားနှစ်လက်ဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

ဝမ်းလိုကန်းက ပြန်လည်တိုက်ခိုက်လိုက်၏။

'ချွမ်း ချွမ်း ချွမ်း'

ဓားမားချင်းထိခိုက်သောအသံများသည် အဆက်မပြတ်ထွက်ပေါ်လာ၏။

သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်ပြိုင်လာသောအခါ ဝမ်းလိုကန်းသည် သူမ၏သိုင်းပညာမှာ များစွာတိုးတက်လာနေသည်ကို တွေ့ရှိရ၏။

သူသည် သူမအပေါ် အထင်မသေးဝံ့တော့ဘဲ အစွမ်းကုန်တိုက်ခိုက်၏။ ချူးပင်မှာမူ လက်ပိုက်၍ ရပ်ကြည့်နေ၏။

သူတို့၏တိုက်ခိုက်မှုသည် တဖြည်းဖြည်း ပြင်းထန်လာလေသည်။



သိုင်းကွက်ငါးဆယ်ကျော်လာသောအခါ သူမ၏တိုက်ခိုက်မှုသည် ပို၍ပြင်းထန်လာ၏။

သူမ၏ဓားနှစ်လက်သည် မြွေဟောက်နှစ်ကောင်ပမာ ဝမ်းလိုကန်းကို တိုက်ခိုက်နေ၏။

အခြေအနေသည် ဝမ်းလိုကန်းအတွက် ဆိုးဝါးလာလေသည်။

မဟုတ်မှန်းသိလိုက်သည်နှင့် သူက နောက်သို့ခုန်၍ဆုတ်သွား၏။ သူသည် အရာဝတ္ထုပစ္စည်းတစ်ခုအား နှိုက်ယူလိုက်ပြီး အပေါ်သို့ထောင်၍ ပစ်လိုက်၏။

'ဖုန်း'

ဘူးကလေးတစ်ခုသည် အပေါ်သို့ ထောင်တက်သွားပြီး ပေါက်ကွဲသွား၏။

အနီရောင်မီးခိုးလုံးများ ဖွာထွက်လာလေသည်။

ချူးပင်နှင့်မွန်မွန်တို့က ကြောင်အမ်းအမ်းကြည့်နေစဉ်မှာပင် ရုတ်တရက်မြင်းခွာသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားရ၏။

သူတို့သည် အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



မြင်းသည်တော်ငါးဆယ်ခန့်တို့သည် တောင်ပေါ်သို့ တက်လာနေကြသည်ကို တွေ့မြင်ရ၏။

သူတို့သည် ဝမ်းလိုကန်၏ကောက်ကျစ်သောအကြံမှန်း နားလည်လိုက်သည်။

ဝမ်းလိုကန်းအား လှည့်ကြည့်ရာ ဝမ်းလိုကန်းတစ်ယောက် ပျောက်ကွယ်နေ၏။

ချူးပင်က ...

"ညီမ ... ငါတို့ကို ဝိုင်းတော့မယ်၊ ပြေးမှ"

သူက သူမ၏လက်ကိုဆွဲကာ တောင်အောက်သို့ပြေးဆင်းလာကြ၏။

သူတို့သည် တောင်တစ်ဖက်မှ ဆင်းသွားကြခြင်း ဖြစ်သည်။

သို့သော် သူတို့သည် တောင်အောက်သို့ပင် မရောက်သေးပါ။

ကျားခေါင်းရုပ်ပါသောအင်္ကျီဝတ်ဆင်ထားသော လူတစ်ရာခန့်တို့သည် လေးဖက်လေးတန်မှ ပြေးလွှားလာနေကြသည်ကို တွေ့မြင်ရ၏။



"မလွှတ်စေနဲ့ဟေ့"

ဝမ်းလိုကန်း၏အသံဖြစ်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ...

"ဘယ်လိုလုပ်ကြမလဲ အစ်ကို"

ချူးပင်က မျက်မှောင်ကြုတ်၍ စဉ်းစား၏။

သူသည် တစ်စုံတစ်ခု သတိရလာသဖြင့် သူမ၏လက်ကိုဆွဲကာ ပြေးလွှားသွားလေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ထင်းစန်းတောင်တစ်ခုလုံးကား ယွက်ပေါက်အားလုံးကို ဝမ်းလိုကန်း၏လူစုများက ပိတ်ဆို့ပိုင်းရံထားပြီး ဖြစ်လေသည်။

မွန်မွန်တို့သည် ပြေးပေါက်မရှိတော့ပါ။

ဝမ်းလိုကန်း၏ရယ်မောသံသည် ထင်းစန်းတောင်တစ်ခုလုံးသို့ ဟိန်းသွားသည်။

"မွန်မွန် ... မင်းက ငါ့လက်က ပြေးမလွတ်တော့ဘူးကွ၊ ဟား ဟား ဟား"

ထိုအသံများသည် ပဲ့တင်ထပ်သွားသည်။

သို့သော် ... ချူးပင်သည် ယုံကြည်မှုအပြည့်ဖြင့် ဆက်လက်သွားနေ၏။ မွန်မွန်က သူ့နောက်သို့ လိုက်နေ၏။

မကြာမီ သူတို့သည် တောင်၏မြောက်ဘက်သို့ လှည့်ပတ်ရောက်ရှိလာပြီဖြစ်၏။

ဝမ်းလိုကန်း၏လူစုများမှာလည်း တောင်ကိုလူစုခွဲ၍ ပတ်လာနေသည်။



ထိုလူစုနှစ်စု ပေါင်းမိသွားပါက ချူးပင်တို့သည် ပြေးပေါက်ရှိတော့မည်မဟုတ်ဘဲ ပိုင်းထားပြီးသား ဖြစ်ချေမည်။

သူမက ..

"အစ်ကို ... လွတ်နိုင်ပါ့မလား၊ အစ်ကိုသာ လွတ်အောင်ပြေးပါ"

ချူးပင်က ...

"စိတ်ချ .. လွတ်ပေါက်တစ်ခုတော့ရှိတယ်၊ လိုက်သာလိုက်ခဲ့"

သူက ပြောကာ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်နေလေသည်။

သူမကလည်း အပြေးကလေးဖြင့် လိုက်၏။

"ဝိုင်းထားကြပေ့၊ သူတို့ ပြေးပေါက်မရှိတော့ဘူး"

ကျားခေါင်းအဖွဲ့သားများ၏အသံသည် တောတောင်တစ်ခုလုံး ဟိန်းထွက်သွားလေ၏။

ထို့ကြောင့် ...

မွန်မွန်သည် တုန်လှုပ်ချောက်ချားသွားပြီး ခြေလှမ်းပင် အလှမ်းနိုင်ဘဲ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်က သူမ၏လက်မောင်းအား ကိုင်တွယ်ထားလိုက်သည်။

"စိတ်ကိုတင်းထား ... မကြောက်နဲ့"

မွန်မွန်က မျက်ရည်ကျလာ၏။

"အစ်ကို ... ကျွန်မအတွက်နဲ့ ဒုက္ခရောက်တော့မယ် ထင်တယ်"

ချူးပင်က ...

"ဒီလိုမပြောပါနဲ့ ညီမ၊ ငါတို့ မျှော်လင့်ချက် မဆုံးသေးပါဘူး"

မွန်မွန်က ...

"နောက်မှာ သူတို့နီးလာပြီ၊ ရှေ့မှာလည်း သူတို့ရဲ့အသံတွေ ကြားနေတယ်၊ လွယ်ပါ့မလား အစ်ကို"

သူမက အံကိုတင်းတင်းကြိတ်လိုက်၏။

"လူယုတ်မာ ဝမ်းလိုကန်း ... နင့်ကို ငါ အစိမ်းလိုက်ဝါးစားမယ်"

သူမက ကြုံးဝါးရင်း ငိုကြွေးလာပြန်၏။

ချူးပင်က ...



"အားမငယ်စမ်းပါနဲ့ ညီမ၊ သေတစ်နေ့၊ မွေးတစ်နေ့ မဟုတ်လား"

မွန်မွန်က အံကိုတင်းတင်းကြိတ်လိုက်၏။

"အစ်ကို လွတ်အောင်ပြေး၊ ကျွန်မ သူတို့နဲ့ ကိုယ်သေ၊ သူသေ ယှဉ်မယ်"

ထိုအချိန် ချူးပင်က တောင်အောက်သို့ ညွှန်ပြလိုက်၏။

"ဟိုမှာကြည့်စမ်း ညီမ"

မွန်မွန်က ကြည့်လိုက်ရာ တောင်အောက်တွင် ချောင်းကလေးတစ်ခုရှိပြီး ရေစီးအလွန်သန်နေသည်ကို တွေ့ရ၏။

သူမက နားမလည်ဘဲ ချူးပင်အား လှည့်ကြည့်လိုက်၏။

ချူးပင်က ...

"ငါတို့ ထွက်ပေါက်တစ်ခုတည်းပဲ ရှိတယ်၊ အဲဒီချောင်းထဲ ခုန်ချလိုက်ရုံပဲ"

သူသည် ပြောပြောဆိုဆိုဖြင့် လက်ချင်းတွဲကာ တောင်အောက်သို့ ခုန်ချလိုက်၏။

'ဝုန်း'

သူတို့သည် ရေထဲကျသွားပြီး ခေါင်းပြူထွက်လာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်မှ မြားဖြင့် တရကြမ်းပစ်ခတ်လာသည်ကို တွေ့ရလေ၏။

သို့သော် ... အလွန်ရေစီးသန်သော ချောင်းရေသည် သူတို့အား အဝေးသို့ ပို့ဆောင်ပေးပို့လိုက်၏။

✷



ချောင်းရေသည် အလွန်အစီးသန်၏။

သူတို့သည် ကိုယ်ရှိန်သတ်၍ ချောင်ရေစီးဆင်းရာသို့ မျော ပါသွားသည်။

ချူးပင်သည် ပင်လယ်ကမ်းစပ်ရှိ တံငါရွာ၌ အတန်ကြာနေ ထိုင်ခဲ့ဖူးသည်။ တံငါလှေနှင့်လည်း လိုက်၍ ငါးဖမ်းခဲ့ဖူးသည်။

ထို့ကြောင့် ရေကူးအလွန်ကျွမ်းကျင်နေပြီဖြစ်၏။

သို့သော် ...

မွန်မွန်သည် ရေကူးတတ်ရုံမျှဖြစ်သည်။ အချိန်ကြာလာ သောအခါ ခြေကုန်လက်ပန်းကျသွားလေသည်။

ချူးပင်က သူမအား ဖေးမတွဲခေါ်နေရသဖြင့် ကမ်းစပ်သို့ မရောက်နိုင်ဘဲ ဖြစ်နေ၏။

သူတို့နှစ်ယောက် ခြေကုန်လက်ပန်းကျလာပြီး ရေထဲနစ် မြုပ်တော့မည့်ဆဲဆဲမှာ အလွန်ကြီးမားသော သစ်လုံးကြီးတစ်လုံး မျောပါလာသည်ကို တွေ့ရသဖြင့် ဖမ်းဆွဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့သည် သစ်တုံးအား မှီ၍လိုက်ပါသွားသဖြင့် အသက်ချမ်းသာရာ ရသွား၏။

✸



'ဒေါင် ဒေါင် ဒေါင်'

ခေါင်းလောင်းသံများသည် ကြည်လင်စွာ ထွက်ပေါ်လာ၏။

ဂူတန်ဂိုဏ်းအဖွဲ့ဝင်များသည် ခန်းမကြီးရှိရာသို့ ဦးတည်သွားနေကြ၏။

အရေးပေါ်ခေါင်းလောင်းသံ ဖြစ်သည်ကို ဂိုဏ်းသားများက နားလည်လာကြ၏။

ထို့ကြောင့် ...

မိမိလုပ်နေကျ အလုပ်များကို ချထားပြီး ခန်းမ ကြီးရှိရာသို့ ဦးတည်သွားနေကြခြင်းဖြစ်၏။

တစ်ခဏအကြာတွင် ညွှန်ခန်းတစ်ခုလုံးမှာ ဂူတန်အဖွဲ့ဝင်များ စုံစုံလင်လင်ရောက်ရှိလာကြ၏။

အားလုံးသောလူများသည် အရေးပေါ်အစည်းအဝေးခေါ်ယူခြင်း၏အကြောင်းကို သိလိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသောလူများသည် အရေးပေါ်အစည်းအဝေးခေါ်ယူခြင်း၏အကြောင်းကို သိလိုကြ၏။

ထို့ကြောင့် တီးတိုးပြောဆိုနေကြသောအသံများသည် ဆူညံဆူညံဖြစ်နေ၏။

တစ်ခဏအကြာတွင် ဂိုဏ်းချုပ်ကြီး ဘိကျိုကျူသည် ဌာနမှူးရသေ့တစ်ပါး ခြံရံလျက် ခန်းမထဲသို့ ဝင်ရောက်လာလေ၏။

ခန်းမထဲရှိ ဂိုဏ်းသားများတို့သည် ရုတ်တရက် ငြိမ်သက်သွား၏။

ဂိုဏ်းချုပ်ကြီး ဘိကျိုကျူသည် ဝုတန်ဘိုးဘိုးရသေ့၏ပုံတော်အား အရိုအသေပြုပြီး ဂါရဝပြုပြီးနောက် နေရာယူ ထိုင်ချလိုက်၏။

ဂိုဏ်းသားများအားလုံးက ဂိုဏ်းချုပ်ကြီးအား အရိုအသေပြုကြ၏။

အခမ်းအနားမှူးအဖြစ် ရသေ့ဝုကျိုကျူက ဆောင်ရွက်၏။ သူသည် ဩဇာညောင်းလှသောအသံဖြင့် ...

"အခုလို အစည်းအဝေးခေါ်ယူရတာက နှစ်ပေါင်းသုံးရာအတွင်း ကျုပ်တို့ ဝုတန်ဂိုဏ်းက မကြုံစဖူး မြွေဟောက်အန္တရာယ်နဲ့



ရင်ဆိုင်ရမှာဖြစ်တယ်"

သူက ခေတ္တရပ်ပြီးမှ စကားစလိုက်၏။

"အားလုံးကြားသိရတဲ့အတိုင်း မြွေဟောက်ဂိုဏ်းရဲ့ အန္တရာယ်ကြောင့် ဘုန်းပေဂိုဏ်း၊ ချန်စိန်ဂိုဏ်း၊ မိုမှိဂိုဏ်း စတဲ့ဂိုဏ်းအဖွဲ့အတော်များများ ပြိုကွဲပျက်စီးခဲ့ရပါပြီ၊ အခုလည်း မြွေဟောက်ဂိုဏ်းက ငါတို့ကို သူတို့သစ္စာခံဖို့ ရာဇသံပေးထားပါတယ်၊ အခုဆိုရင် သုံးရက်ပဲ အချိန်ရှိတော့တယ်၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးနဲ့တကွ တာဝန်ရှိတဲ့ ကျုပ်တို့က ဂိုဏ်းသားတွေဆီက ဆန္ဒတောင်းဖို့ အခုလို အရေးပေါ်အစည်းအဝေးခေါ်ယူရခြင်းဖြစ်ပါတယ်"

သူ၏မျက်နှာတစ်ခုလုံးသည် ညှိုးနွမ်းလာ၏။

"ဂိုဏ်းသားများရဲ့ဆန္ဒက သူတို့ကို ခုခံမှာလား၊ သစ္စာခံမှာလား"

သူ၏စကားဆုံးသွားသည်နှင့် ဂိုဏ်းသားများ၏အသံမှာ ဆူညံစွာ ထွက်ပေါ်လာ၏။

"ဘယ်တော့မှ သစ္စာမခံဘူး၊ သူတို့လာရင် တိုက်ခိုက်ပစ်မယ်"

ဂိုဏ်းချုပ်ကြီး ဘိကျိုကျူက ထိုင်ရာမှ ထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးလည်း သတင်းကြားပြီးပြီလို့ ထင်ပါတယ်၊ သူတို့ကို ခုခံမယ်ဆိုရင် သွေးမြေကျမယ်ဆိုတာ သိထားရလိမ့်မယ်"

"ကျွန်တော်တို့ အသေခံမယ်၊ ဂူတန်ရဲ့ဂိုဏ်းကို လုံးဝအထိမခံဘူး"

ဂိုဏ်းသားများ၏အသံသည် ဟိန်းထွက်လာလေ၏။

သူတို့၏မျက်နှာများမှာ ခံပြင်းခြင်း၊ ဝမ်းနည်းခြင်း စသည့်အရိပ်အယောင်များ ပေါ်လွင်နေ၏။

ဂိုဏ်းချုပ်ကြီး ဘိကျိုကျူး၏မျက်နှာတစ်ခုလုံး အားရကျေနပ်သည့်အမူအရာများ ထင်းခနဲပေါ်နေ၏။

"ဟုတ်တယ်၊ ငါတို့ ဂူတန်ဂိုဏ်းဟာ နှစ်ပေါင်း (၃၀၀) မကတည်တံ့ခဲ့တာ၊ ကျုပ်တို့လက်ထက်ရောက်မှ ဂူတန်ဂိုဏ်းရဲ့ဂုဏ်သိက္ခာကို အကျမခံနိုင်ဘူး၊ ကျုပ်လည်း ဂူတန်ဂိုဏ်းရဲ့ဂုဏ်သိက္ခာကို အသက်နဲ့လဲပြီး ကာကွယ်မယ်"

ဂိုဏ်းသားအားလုံးက နှစ်ထောင်အားရွှာဖြင့် ကြွေးကြော်လိုက်သည်။

"ဂူတန်ဂိုဏ်းရဲ့ဂုဏ်သိက္ခာကို အသက်နဲ့သွေးနဲ့ ရင်းပြီး ကာကွယ်မယ်"



ဂိုဏ်းချုပ်ကြီးက ...

"အားလုံးကို ကျေးဇူးတင်တယ်၊ ဒီအစည်းအဝေးကြီးပြီးဆုံးသွားတာနဲ့ မြွေဟောက်ဂိုဏ်းကို ခုခံတွန်းလှန်ဖို့ ဒုနာမှူး မုကျိုကျူးနှင့် ဝါကျိုကျူးတို့က စီမံပါလိမ့်မယ်၊ အားလုံးက သူတို့ရဲ့အမိန့်ကို တစ်သဝေမတိမ်း လိုက်နာမှသာလျှင် မြွေဟောက်ဂိုဏ်းရဲ့အန္တရာယ်ကို ကာကွယ်နိုင်ပါလိမ့်မယ်"

ဂိုဏ်းသားများတို့သည် တစ်ခဲနက် အော်ဟစ်လိုက်လေ၏။

"ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး"

ထို့နောက် မုကျိုကျူးနှင့်ဝါကျိုကျူးတို့သည် ဂိုဏ်းသားများနှင့် လူစုခွဲပြီး ခုခံရန် စီမံခန့်ခွဲလေ၏။

ဂိုဏ်းသားများတို့သည် စိတ်အားထက်သန်စွာဖြင့် ပေးအပ်လာမည့်တာဝန်များကို ထမ်းဆောင်ရန် စောင့်စားနေကြလေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ချောင်းရေသည် တသွင်သွင်စီးဆင်းနေ၏။

ချုံးပင်သည် သစ်လုံးပေါ်၌ ပက်လက်လှန် လိုက်ပါသွားရာ အလွန်ပင်ပန်းနေသဖြင့် အိပ်ပျော်သွားသည်။

မည်မျှအချိန်ကြာသွားမှန်း မသိ။

သူသည် သတိရလာသောအခါ ပင်လယ်ပြင်ပေါ်သို့ ရောက်ရှိနေသည်ကို တွေ့ရ၏။

သသည် လိုက်ပါလာသော မွန်မွန်အား ကြည့်လိုက်ရာ သူ၏ခေါင်းနပန်းကြီးသွား၏။

မွန်မွန်တစ်ယောက် မတွေ့ရပါ။

မည်သည့်နေရာတွင် ကျန်ရစ်ခဲ့မှန်း မသိရပါ။

သူ၏ရင်ထဲတွင် ခေးပါးတစ်လက် စူးဝင်သွားသည့်အလား နာကျင်လာသည်။

သူ၏ရင်နှစ်ခြမ်းကွဲကွာသွားသည့်အလား ခံစားရသည်။

"မွန်မွန်"



သူသည် အူလှိုက်သည်းလှိုက် အသံကုန်အော်ဟစ်လိုက်သည်။

ရင်ထဲ၌ ဆို့တက်လာသောကြောင့် သတိမေ့သွား၏။

✷

www.burmeseclassic.com

www.burmeseclassic.com



မည်မျှအချိန်ကြာသွားမှန်းမသိ။

သူသည် သတိရလာသောအခါ အခန်းတစ်ခုထဲသို့ ရောက်နေသည်ကို တွေ့ရသည်။

"အစ်ကို သတိရလာပြီနော်"

ဤမေးသံသည် သူ အလွန်ရင်းနှီးခဲ့ဖူးသော အသံဖြစ်၏။

"ဟင် ... မွှန်မွှန်"

သူသည် မွှန်မွှန်ဟုထင်မှတ်ကာ လွှတ်ခနဲမေးလိုက်သည်။

သူသည် ခုတင်ရှေ့သို့ရောက်လာသော မိန်းကလေးအား တွေ့မြင်လိုက်ရတော့မှ ထိုမိန်းကလေးသည် မွှန်မွှန်မဟုတ်ဘဲ ကျွေးဟုန်ဖြစ်နေသည်ကို တွေ့ရ၏။

"ဟင် ... ကျွေးဟုန်ပါလား"

"ဟုတ်ပါတယ် အစ်ကို"

သူမသည် ချူးပင်အနီးတွင် ထိုင်ချလိုက်သည်။

"မသေကောင်း မပျောက်ကောင်းမို့ လာတွေ့ရတာရှင့်"



ချူးပင်က အခန်းတစ်ခုလုံးအား အကဲခတ်ကြည့်လိုက်သည်။

"အစ်ကို ဘယ်ကိုရောက်နေတာလဲဟင်"

"ကျွန်မအိမ်မှာလေ"

"ဟင် ... ဟုတ်လား၊ အစ်ကို ဘယ်လိုလုပ် ဒီအခန်းထဲ ရောက်လာတာလဲ"

"အစ်ကို ပင်လယ်ထဲမှာ သစ်တုံးတစ်တုံးနဲ့ မျောနေတာကို တံငါလှေတွေတွေ့လို့ ကယ်ခဲ့ပြီး ... ရွာကိုပြန်လာပြီး ကျွန်မအိမ်ကို လာပို့သွားတာ"

ယခုမှ ချူးပင်သည် မွှန်မွှန်နှင့်အတူ ချောင်းထဲမျောပါလာရာ သူမ ပျောက်ဆုံးသွားသည်ကို သတိရလာ၏။

"ဩော် ... မွှန်မွှန်ရယ်"

သူ၏မျက်လုံးအစုံတွင် မျက်ရည်များဝဲလျက်။

ကျွေးဟုန်က သူ့အား ကြည့်နေ၏။

"မွှန်မွှန် ဘာဖြစ်လို့လဲ အစ်ကို"

"သူ ... သူ ပင်လယ်ထဲပါသွားပြီ"

ချူးပင် ငိုသံပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွေးဟုန် စိတ်မကောင်းဖြစ်သွား၏။

"ဘယ်လိုဖြစ်ကုန်ကြတာလဲ အစ်ကိုရယ်"

ချူးပင်က အကြောင်းစုံကို ပြောပြသည်။

ကျွေးဟုန်ကို နားထောင်ရင်း စဉ်းစားနေ၏။

"ဒီအတိုင်းဆို သူက သစ်တုံးမှာနေတုန်း ချောင်းရေက ပင်လယ်ထဲစီးဆင်းတဲ့အခါ လှိုင်းတံပိုးက ရိုက်ခတ်သွားတာ ဖြစ်ရမယ်"

ချူးပင်က ခေါင်းညိတ်၏။

"အစ်ကိုလည်း ဒီလိုပဲ စဉ်းစားမိတယ်"

"ကဲပါ အစ်ကိုရယ် … ဒီကိစ္စ ခဏထားလိုက်ပါ။ ကိုယ်ကျန်းမာလာအောင်နေဖို့က အရေးကြီးတယ်၊ ကျန်းမာလာမှလည်း သူ့ကို လိုက်ရှာနိုင်မယ် မဟုတ်လား"

ချူးပင်က သူမ၏သဘောထားကြီးပုံ၊ ရိုးသားပုံကိုကြည့်ကာ ရင်ထဲမှာ ဖော်မပြနိုင်သော ခံစားမှုတစ်ရပ် ဖြစ်ပေါ်လာသည်။

ကျွေးဟုန်သည် မိမိ အတိတ်မေ့စဉ် အချိန်ကာလတွင် မိမိအား ကျွေးမွေးပြုစုခဲ့သော ကျေးဇူးရှင်ဖြစ်၏။

ယခုတစ်ဖန် မိမိ၏အသက်ကို ဒုတိယအကြိမ် ကယ်ခဲ့ပြန်၏။ ယင်းကျေးဇူးများသည် မည်ကဲ့သို့ ပေးဆပ်ရမည်နည်း။



တစ်ဖန် မွန်မွန်က မိမိနှင့်အတူ ကြီးပြင်းလာကြသော ငယ်ကျွမ်းဆွေဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် မေတ္တာမျှခဲ့ကြသည်။

တစ်ယောက်နှင့်တစ်ယောက် အကြင်ဖော်အဖြစ် ကိုယ်စီကိုယ်ငှ နားလည်ထားကြသည်။

ယခုမှာမူ မွန်မွန်သည် အသက်ရှင်သလား၊ သေသလား သူ မသိပါ။

သေရန် အခွင့်အလမ်းက များနေသည်။

သူသည် တွေးရင်း စိတ်ထဲ၌ လှိုက်လှဲစွာ ခံစားရသည်။

ထိုအချိန် ကျွေးဟုန်၏ဖခင် ရွာသူကြီးက ရောက်ရှိလာ၏။ သူ၏လက်ထဲတွင် အရက်တစ်အိုးပါလာသည်။

သူသည် ချူးပင် သတိရလာသည်ကိုတွေ့ရသဖြင့် ဝမ်းသာသွား၏။

"ဟေး … ချူးပင်က ငါတို့သားအဖနဲ့ ဖူးစာမကုန်နိုင်လို့နေဘာယ်၊ အခု ပြန်တွေ့ရပြန်ပြီ"

"ဟုတ်ကဲ့ပါ အဘ၊ အဘတို့ရဲ့ကျေးဇူးတွေ ဆပ်လို့မကုန်နိုင်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွေးဟုန်က အသင့်ပြုတ်ထားသော ဆန်ပြုတ်ပန်းကန် ယူလာ၏။

"အစ်ကို ဆန်ပြုတ်ပူပူနွေးနွေးသောက်လိုက်ပါဦး၊ ဒါမှ အားရှိသွားမှာ"

ရွာသူကြီးက ...

"ဟုတ်တယ်ဟ ... ငါးဆန်ပြုတ်က အားရှိတယ်၊ ဟော ... အရက်နဲ့မြည်းဖို့ ကြက်ကြော်လည်းရှိတယ်၊ ကဲ ... ထပြီး အားရ ပါးရစားစမ်းပါ"

ချူးပင်က ထိုရိုးသားပြီး စေတနာကောင်းလှသော သားအဖအား မည်သို့ကျေးဇူးတင်စကားပြောရမည်ကိုပင် မသိတော့ပါ။

သူက ထထိုင်လိုက်ပြီး ကျွေးဟုန်လက်ထဲမှ ပန်းကန်အား လှမ်းယူလိုက်လေသည်။

✷



ချူးပင်သည် ကျန်းမာရေးကောင်းမွန်လာပြီဖြစ်၏။

ထို့ကြောင့် မိမိမှာ မွန်မွန်ကို လိုက်ရှာရမည့်အကြောင်း ပြောပြီး တံငါရွာမှ ထွက်လာလေသည်။

ကျွေးဟုန်နှင့်ရွာသူကြီးက ရွာထိပ်အရောက် လိုက်ပို့၏။

ချူးပင်က ...

"ဘာပဲဖြစ်ဖြစ် အစ်ကို တစ်ခေါက်တော့ လာပါဦးမယ်"

ကျွေးဟုန်က ခေါင်းညိတ်၍ ပြုံးပြရင်း မျက်ရည်များ ဝဲလာလေ၏။

ချူးပင်၏ရင်ထဲ၌ ဆို့တက်လာသည်။ သူက ခေါင်းညိတ်ပြပြီး ခြေလှမ်းကျဲကျဲနှင့် ထွက်ခွာသွားလေသည်။

ကျွေးဟုန်သည် ချူးပင် ပျောက်ကွယ်သွားသည်အထိ ကြည့်ကာ မျက်ရည်များ ဝဲလာ၏။

"အဘ ... ဒီတစ်ခါတော့ အစ်ကိုနဲ့ ဘယ်တော့မှ ပြန်ဆုံတွေ့နိုင်မှာ မဟုတ်တော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီးက ကျေးဟုန်၏ဆံကေသာအား ယုယကြင်နာစွာ နှစ်သိပ်ပေးရင်း ...

"ပြန်တွေ့မှာပါ သမီးရယ်"

ကျေးဟုန်က မော့ကြည့်ကာ ...

"ပြန်တွေ့နိုင်ပါ့မလား အဘရယ်"

ရွာသူကြီးက ...

"သူဟာ သူတို့ရွာနဲ့ ရေစက်ကိုမကုန်ဘူး၊ မယုံရင်ကြည့်၊ သူ တတိယအကြိမ် ပြန်ရောက်လာလိမ့်မယ်"

ကျေးဟုန်၏မျက်ဝန်းအစုံတွင် မျှော်လင့်ချက် ရောင်ခြည်များ ထွက်ပေါ်လာ၏။

"သူ ပြန်ရောက်လာမယ် ... ဟုတ်လား အဘ"

ရွာသူကြီးက ခေါင်းညိတ်ပြလိုက်ကာ ...

"ဟုတ်ပါတယ် မီးရယ်၊ ဒီတစ်ခါ သူပြန်ရောက်လာရင် ပြန်မသွားတော့ဘူးလို့ အဘယုံကြည်တယ်"

"အဘက ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ထိုအခါ ...

ရွာသူကြီးက ...



"ငါက ငယ်ရာက ကြီးလာတာပဲ၊ ဒီလောက်လည်း မအပါဘူး။ သူက သမီးကို သံယောဇဉ်တွယ်နေပါတယ်၊ သူ့ရဲ့တာဝန်ဝတ္တရားပြီးဆုံးသွားတာနဲ့ ပြန်ရောက်လာမှာ သေချာပါတယ်"

ကျေးဟုန်မှာ ဝမ်းသာပီတိဖြစ်သွားလေသည်။ သူတို့သားအဖသည် ရွာသို့လှည့်ပြန်သွားကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဝူးတန်ဂိုဏ်းအန္တရာယ်

ကျိုကျင်းစန်းတောင်ပေါ်တွင် တိတ်ဆိတ်၍နေ၏။

လမိုက်ညဖြစ်သောကြောင့် ကောင်းကင်တစ်ခုလုံး မည်းမှောင်၍နေသည်။

ဝူတန်ဂိုဏ်းသားများတို့သည် သုံးယောက်တစ်ဖွဲ့၊ ငါးယောက်တစ်ဖွဲ့ဖြင့် လှည့်ပတ်သွားလာနေကြ၏။

သူတို့သည် ဓားကိုယ်စီဖြင့် ရန်သူအား စောင့်ကြည့်နေကြသည်။

ယနေ့သည် မြွေဟောက်ဂိုဏ်း၏ရာဇသံပေးထားသော နောက်ဆုံးရက်ဖြစ်၏။

ထို့ကြောင့် ဝူတန်ဂိုဏ်းသားတစ်ဖွဲ့လုံးသည် ရန်သူအား တွန်းလှန်မောင်းထုတ်ရန် အသင့်ပြင်ထားကြ၏။

သို့သော် ...



အုန်းမောင်းခေါက်သံ သုံးချက်တိတိ ထွက်ပေါ်လာသည့်တိုင်အောင် မြွေဟောက်ဂိုဏ်းက ရောက်လာခြင်း မရှိသေးပါ။

ဂိုဏ်းချုပ်ကြီး ဘိကျိုကျူက ကိုယ်တိုင်ထွက်၍လှည့်လည်ကြည့်ရှု၏။

ဂိုဏ်းသားများအား သတိမလစ်ရန်၊ မြွေဟောက်ဂိုဏ်း တစ်ခါတစ်ရံ မိုးလင်းမှရောက်လာတတ်ကြောင်း ပြောပြလေသည်။

ဂိုဏ်းသားများတို့သည် လုံးဝမအိပ်ဘဲ သတိကြီးစွာဖြင့် ကိုယ်ကျရာတာဝန်ကို မဟာစ်လင်းစေရန် သတိရှိကြလေသည်။

ဤသို့ဖြင့် မိုးစင်းစင်းလင်းသွားလေပြီ။

မြွေဟောက်ဂိုဏ်းသား တစ်ယောက်တလေကိုမျှ မတွေ့ရချေ။

ဂိုဏ်းချုပ်ကြီးက အားလုံးကို အနားယူအိပ်စက်ကြစေရန် အမိန့်ထုတ်ရလေသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သည် ...။

ဂူတန်ဂိုဏ်းသားများတို့သည် အင်တိုက်အားတိုက်စောင့်ကြည့်နေကြ၏။

သို့သော် ...

မိုးစင်စင်လင်းသွား၏။

ရန်သူများ၏အရိပ်အယောင်မျှပင် မတွေ့ရချေ။

ဤတွင် ဂိုဏ်းသားအများစုတို့သည် ဝေဖန်ပြောဆိုလာကြသည်။

"အလကားပါကွာ၊ မြွေဟောက်ဂိုဏ်းက ငါတို့ဂူတန်ဂိုဏ်းကို လာမစမ်းဝံ့ပါဘူးကွ"

"ငါတို့ဂူတန်ဂိုဏ်းရဲ့အကြောင်းကို မလာရဲတာဖြစ်ရမယ်"

"သူတို့က ခြိမ်းခြောက်လို့ရမလားလို့ ဟိတ်နဲ့ဟန်နဲ့လုပ်ပြတာပါ၊ အကယ်တော့ ... ဂူတန်ဂိုဏ်းကို သူတို့ယှဉ်မရမှန်း သိပါတယ်ကွာ"



"ဒီလောက်ရက်ကြာရင် လာမှာမဟုတ်တော့ဘူး၊ ငါတို့ ညတိုင်း အိပ်ပျက်ခံပြီး စောင့်နေတာ သက်သက်ဒုက္ခခံနေတာ"

ဤသို့ဖြင့် ဂိုဏ်းသားများတို့သည် ပေါ့ဆလာသည်။ ညသန်းခေါင်ယံထိသာ စောင့်၏။ နောက်ပိုင်း အားလုံးအိပ်ကုန်ကြ၏။

ဤသို့ဖြင့် ဆယ်ရက်ခန့်ကြာလာသောအခါ ဂူတန်ဂိုဏ်းသားအားလုံးတို့သည် ဝတ်ကျေတန်းကျေသာ စောင့်ကြပ်လာ၏။

ဆယ့်တစ်ရက်ည မိုးလင်းခါနီးတွင် အလွန်ကြောက်မက်ဖွယ်ရာ အသံတစ်သံ ထွက်ပေါ်လာ၏။

"ဂူတန်ဂိုဏ်းကို ကျုပ်တို့ ရာဇသံပေးထားပါတယ်၊ အခုထိ ငါတို့ကို အကြောင်းမပြန်တဲ့အတွက် ငါတို့လာရောက်ပြီး နောက်ဆုံးအခွင့်အရေးပေးမယ်၊ ငါတို့ကို သစ္စာခံမယ်ဆိုရင် အမြန်ဆုံး အလံဖြူထောင်လိုက်ပါ၊ နို့မဟုတ်ရင် ဂူတန်ဂိုဏ်းကို ချေမှုန်းပစ်မှာ ဖြစ်ပါတယ်"

မြွေဟောက်ဂိုဏ်းသားများသည် တောင်ပေါ်သို့ လေးဖက်လေးတန်မှ ဝိုင်း၍တက်လာကြ၏။

ဂူတန်ဂိုဏ်းသားများတို့သည် အိပ်ရာမှ ကမန်းကတန်း ထကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ကမန်းကတန်း အဝတ်အစားဝတ်သူက ဝတ်ပြီး ဓားဆွဲသူက ဆွဲကြ၏။

သို့သော် ... သူတို့သည် နောက်ကျသွားချေပြီ။

မြွေဟောက်ဂိုဏ်းသားတို့က သူတို့အား မလွတ်နိုင်အောင် ဝိုင်းရံထိန်းချုပ်ထားပြီး ဖြစ်၏။

✷



ဂိုဏ်းချုပ်ကြီး ဘိကျိုကျူသည် ဌာနမှူးလေးယောက်ခြံရံလျက် ရင်ပြင်ရှေ့သို့ ထွက်လာကြ၏။

သူတို့နောက်တွင် လက်ရွေးစင်ဓားသမားများက လိုက်ပါလာ၏။

မြွေဟောက်ဂိုဏ်းသားများ တန်းစီထားသောကြားမှ ချင်းလိန်က လှမ်းထွက်လိုက်၏။

ဘိကျိုကျူက လက်အုပ်ချီလိုက်၏။

"ဒကာမနဲ့ ဝူတန်ဂိုဏ်းနဲ့ ဘာရန်ငြိုးမှမရှိခဲ့ဘူး၊ ဘာကိစ္စနဲ့မှ မပတ်သက်ဖူးဘူး၊ အခု ... ဘာဖြစ်လို့ ကျုပ်တို့ကို ရန်ရှာရတာလဲ"

ချင်းလိန်က ရယ်မော၏။

"သိုင်းလောကမှာ ရှင်တို့က မင်းမူနေတာကြာပါပြီ၊ တခြားသူ့အလှည့်လည်း ပေးသင့်ပါတယ် မဟုတ်လား"

ဘိကျိုကျူက ...

"ဒကာမလေးက သိုင်းလောကမှာ ဗိုလ်လုပ်ချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



သူမက ...

"ဟုတ်တယ်"

ဘိကျိုကျူက ...

"သိုင်းလောကကို ဗိုလ်လုပ်ချင်တယ်ဆိုရင် နည်းလမ်းတွေ အများကြီးရှိပါတယ်၊ ဘာဖြစ်လို့ သွေးထွက်သံယိုမှုတွေ လုပ်ချင်ရတာလဲ"

သူမက မဲ့ပြုံးပြုံး၏။

"သိုင်းလောကမှ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်သူမဆို အနိုင်ရဖို့ ကိုယ့်နည်းကိုယ့်ဟန် အသုံးပြုရတာ ဆန်းသလား"

ဘိကျိုကျူက ...

"ကျုပ်တို့ ဝူတန်ဂိုဏ်းဟာ အေးအေးချမ်းချမ်း ကိုယ့်လမ်းကိုယ်သွားတဲ့ ဂိုဏ်းတစ်ဂိုဏ်းပါ၊ သူများကိုလည်း အနိုင်မကျင့်ဘူး၊ အနိုင်ကျင့်လာတဲ့ ခေါင်းငုံ့ခံမှာမဟုတ်ဘူးဆိုတာ သိစေချင်ပါတယ်"

သူမက ရယ်မော၏။

"ဒါဖြင့် ကျွန်မကို အဆိုးမဆိုနဲ့"

သူမသည် စတင်တိုက်ခိုက်ရန် ဟန်ပြင်၏။



"ခဏ"

ဘိကျိုကျူက ဟန့်တား၏။

သူမက ...

"ဂိုဏ်းချုပ်ကြီး ဘာပြောချင်သေးလို့လဲ"

ဘိကျိုကျူက ...

"ကျုပ် အကြံတစ်ခုပေးချင်ပါတယ်"

သူမက ...

"အမိန့်ရှိပါ"

ဘိကျိုကျူက ...

"ကျုပ်တို့အားလုံးနဲ့ဒကာမကို အဖွဲ့သားတွေ တိုက်ခိုက်ကြမယ်ဆိုရင် ဘယ်သူမှသက်သာမှာမဟုတ်ဘူး၊ ကျုပ်တို့ဘက်မှာ အသေအပျောက်ရှိသလို ဒကာမတို့ဘက်မှာလည်း သက်သာမှာမဟုတ်ပါဘူး"

သူမက ပြုံး၏။

"ဒါ ပြောစရာလိုသေးလား"

ဘိကျိုကျူက ...

"နှစ်ဖက်အပြစ်မဲ့တဲ့သူတော့ အသက်အလဟဿ မဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



ရအောင် ကျုပ်နဲ့ခင်ဗျားနဲ့ နှစ်ယောက်တည်းပဲ ယှဉ်မယ်”

ချင်းလိန်က နားထောင်နေ၏။

ဘိကျိုကျူးက ...

“ကျုပ်က ရှုံးသွားရင် ဒကာမရဲ့အမိန့်ကို နာခံမယ်၊ ခင်ဗျားက ရှုံးသွားရင်ကော”

ချင်းလိန်က ...

“ကျွန်မရှုံးသွားရင် လှည့်ပြန်မယ်၊ ဝူတန်ဂိုဏ်းကို လက်ဖျားနဲ့တောင် မတို့ဘူး”

ဘိကျိုကျူးက ...

“ဒကာမ ကတိတည်ပါစေ”

ချင်းလိန်က ...

“စိတ်ချ”

ဤသို့ဖြင့် ...

နှစ်ဖက်သောလူများသည် နောက်သို့ဆုတ်သွားကြ၏။

ချင်းလိန်နှင့် ဘိကျိုကျူးတို့က ရှေ့သို့တိုး၍ မျက်နှာချင်းဆိုင်ကြ၏။

အမှန်မှာ ...



ဂိုဏ်းချုပ်ကြီး ဘိကျိုကျူးသည် မိမိ၏ဂိုဏ်းသားတို့မှာ ညစဉ်ညတိုင်း မအိပ်ကြရ၍ အားလုံးနွမ်းလျနေသည်ကို တွေ့ရသဖြင့် တိုက်ပွဲဖြစ်ပွားပါက မိမိတို့ဘက်ကသာ ရှုံးနိမ့်ရမည်မှာ သေချာသည်ဟု ယုံကြည်မိသောကြောင့် ယခုကဲ့သို့ အကြံပြုလိုက်ခြင်း ဖြစ်၏။

*

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



*

မွန်မွန်သည် ချုံးပင်နှင့်အတူ သစ်လုံးကြီးကိုမှီ၍ မျောပါသွားရာ အချိန်ကြာလာသောအခါ အလွန်ပင်ပန်းမောဟိုက်လာသဖြင့် အိပ်ပျော်သွား၏။

သူမက အိပ်ပျော်သွားသောကြောင့် ပင်လယ်သို့ စီးဆင်းလာသောအခါ လှိုင်းတံပိုးပုတ်ခတ်ခြင်း ခံလိုက်ရသည့်အတွက် လွင့်စဉ်သွားရာ ပင်လယ်ရေနှင့်အတူ ပါသွားလေ၏။

သူမသည် ပေါ်ချီတစ်ခါ မြုပ်ချီတစ်လှည့်ဖြင့် မျောပါသွားရာ မည်မျှကြာသွားမှန်းမသိ။ သဲသောင်ပြင်ပေါ်၌ ရောက်ရှိနေ၏။

သူမ သတိရလာသောအခါ ကျွန်းလေးတစ်ကျွန်းသို့ရောက်ရှိနေသည်ကို တွေ့ရ၏။

သူမက ဆတ်ခနဲထထိုင်လိုက်ရာ တစ်ကိုယ်လုံး ကိုက်ခဲနာကျင်သောခံစားမှုများ ခံစားလိုက်ရ၏။

"ကလေးမ သတိရပြီလား"

အဘိုးအိုတစ်ယောက်၏အသံဖြစ်၏။



သူမက အသံလာရာသို့ လှည့်ကြည့်လိုက်ရာ အဘိုးအိုတစ်ယောက်သည် သစ်ကိုင်းတစ်ကိုင်းပေါ်၌ ထိုင်နေသည်ကို တွေ့ရ၏။

သူက အောက်သို့ ခုန်ဆင်းလိုက်၏။ လက်ထဲမှ စားလက်စ သစ်သီးတစ်လုံးကို လှမ်းပေးလိုက်၏။

"မင်း ... ဗိုက်ဆာနေရှာမယ်၊ စားလိုက်ပါ"

မွန်မွန်က အလွန်ဗိုက်ဆာနေသဖြင့် အားမနာနိုင်တော့ပဲ ယူ၍စားလိုက်၏။

"ကျေးဇူးတင်ပါတယ် အဘ"

အဘိုးအိုက သူမအား အကဲခတ်ကြည့်ရင်း ...

"မင်း ... ဘယ်လိုလုပ် ပင်လယ်ထဲမှာ မျောပါလာတာလဲ"

မွန်မွန်က မိမိဖြစ်ပျက်သည့် အကြောင်းများကို အတိုချုံး၍ ပြောပြလိုက်၏။

အဘိုးအိုက ...

"မင်းရဲ့ဆရာက မြွေဟောက်မယ်ဟုတ်လား"

"ဟုတ်ပါတယ် အဘ"

သူ့နာမည်က ...

"ချင်းလိန်ပါ အဘ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုရဲ့မျက်နှာတစ်ခုလုံး သိသိသာသာပျက်သွား၏။ သူမက ချင်းလိမ်၏ပုံပန်းသဏ္ဍာန်ကို ပြောပြလိုက်သောအခါ အဘိုးအိုက ခေါင်းညိတ်၏။

"သူကို၊ ဝင်္ဂဆိုတာ တစ်ပက်လည်လာပါလား"

မွန်မွန် အံ့သြသွား၏။

"ဘာဖြစ်လို့လဲ အဘ"

အဘိုးအိုက သူမ၏အမေးကိုမဖြေဘဲ ဆက်မေးလိုက်လေသည်။

"မင်းပြောတာ မင်းနဲ့ချူးပင်ဆိုတဲ့သူငယ်နဲ့ အတူမျောပါလာတယ်၊ ဟုတ်လား"

"ဟုတ်ပါတယ် အဘ"

"ချူးပင် ဘယ်ရောက်သွားသလဲ"

"ကျွန်မ မသိပါဘူးအဘ၊ ကျွန်မ သတိရလာတဲ့အခါမှာ ပင်လယ်ထဲမျောပါသွားတယ်၊ သူ့ကိုလည်း ရှာမတွေ့တော့ဘူး"

အဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

"သူ သေနိုင်သလား"

မွန်မွန်က ...



"ကျွန်မ မပြောတတ်ဘူး၊ ဒါပေမဲ့ ... သူက ရေကူးကျွမ်းကျင်တယ်၊ နောက်ပြီး ... သစ်လုံးတစ်လုံးကလည်း ရှိနေတယ်ဆိုတော့ အသက်မသေနိုင်ဘူး ထင်ပါတယ် အဘ"

အဘိုးအိုက သက်ပြင်းတစ်ချက်ချ၏။

"သူ ဝင်္ဂလည်မယ်ဆိုတာ ... တစ်ချိန်တုန်းက ငါတို့မိသားစုကို ဒုက္ခပေးခဲ့တယ်၊ ငါသေပြီလို့ သူက ထင်နေတာ၊ အမှန်တော့ အဘရဲ့ဇနီးသာ သေဆုံးသွားတာ၊ အဘက ကံကောင်းထောက်မလို့ သေဘေးက လွတ်မြောက်ခဲ့ပါတယ်"

သူက ပြောရင်း ဝမ်းနည်းလာ၏။

"ချူးပင်တစ်ယောက် မသေပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

မွန်မွန်က မျက်မှောင်ကြုတ်သွား၏။

"အဘက ချူးပင်ကို သိလို့လား"

"သိရုံဘယ်ကမလဲ၊ သူက ငါ့သားကွဲ့"

"ရှင်"

မွန်မွန်မှာ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။

"ချူးပင်က အဘရဲ့သား ဟုတ်လား"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဘနာမည် ဘယ်လိုခေါ်ပါသလဲရှင်"

"ချူးဝမ်ကျုံးပါ၊ သိုင်းလောကသားများကတော့ လျှပ်စစ်ဓားလို့ ခေါ်ကြပါတယ်"

သူက သက်ပြင်းတစ်ချက်ချ၏။

"ချင်းလိနဲ့ရဲ့ လက်ချက်ကြောင့် ကျုပ်ဇနီး သေဆုံးခဲ့တယ်၊ အိုးအိမ်ပျက်စီးခဲ့တယ်၊ ကျုပ်လည်း ဒီလိုလေလွင့်ခဲ့ရတယ်"

မွန်မွန် စိတ်မကောင်းဖြစ်လာ၏။

"အစ်ကိုချူးပင်သာသိရင် ဘယ်လောက်ဝမ်းသာသွားမလဲမသိဘူး"

ချူးဝမ်ကျုံးက ခေါင်းညိတ်လိုက်၏။

"အတော်ပဲ ... အဘက ဒီကျွန်းပေါ်မှာပဲ တရားအားထုတ်တော့မယ်၊ ချင်းလိနဲ့ကိုနိုင်မယ့် သိုင်းပညာကို အဘသင်ပေးမယ်"

မွန်မွန်က ဝမ်းသာသွား၏။

"ဘယ်လောက်ကြာကြာ သင်ရမှာလဲ အဘ"

ချူးဝမ်ကျုံးက ...

"မိန်းကလေး သိုင်းပညာတတ်ပြီးသားပဲ၊ အဘ သင်ပေးမယ့် သိုင်းပညာဟာလည်း ... ခက်ခက်ခဲခဲမဟုတ်ဘူး၊ ချင်းလိနဲ့ရဲ့



သိုင်းပညာမှာပါရှိတဲ့ ဟာကွက်တို့ကို ဖောက်နိုင်တဲ့ သိုင်းကွက်ပါပဲ"

မွန်မွန်က ဒူးထောက်၍ ဂါရဝပြုလိုက်၏။

"ကျေးဇူးတင်ပါတယ် အဘ"

ထိုအချိန်မှစ၍ မွန်မွန်သည် ဤကျွန်းကလေးပေါ်၌ ချူးဝမ်ကျုံးသင်ကြားပေးသောသိုင်းကွက်များကို စိတ်အားထက်သန်စွာဖြင့် သင်ကြားလေ၏။

✷

www.burmeseclassic.com

www.burmeseclassic.com



ဘိကျိုကျူနှင့်ချင်းလိန်တို့သည် မျက်နှာချင်းဆိုင် ရပ်လိုက်၏။

ချင်းလိန်က မေးလိုက်၏။

"ဂိုဏ်းချုပ်ကြီးက လက်နက်ချင်း ယှဉ်ပြိုင်မှာလား၊ ဓားချင်း ယှဉ်ပြိုင်မှာလား"

ဘိကျိုကျူက ...

"ကျုပ်က လက်နက်မဲ့ပဲ ယှဉ်ပြိုင်ပါမယ်"

ချင်းလိန်က ...

"ကောင်းပြီလေ"

သူမသည် လက်ဝါးနှစ်ဖက်အား တစ်ချက်ဝှေ့ယမ်းလိုက်သည်။ သူမ၏လက်ဝါးသည် စိမ်းဖန့်ဖန့် အရောင်များ သန်းလာသည်။

ဘိကျိုကျူက ချင်းလိန်၏လက်ဝါးမှာ အဆိပ်ပါသည်ကို နားလည်လိုက်သည်။



ထို့ကြောင့် သူက လက်ဝါးချင်းမထိစေရန် ရှောင်တိမ်းလိုက်သည်။

ဘိကျိုကျူ၏အတွင်းအားသည် ချင်းလိန်ထက် များစွာသာလွန်စေသည်။

သို့သော် ... ချင်းလိန်က အဆိပ်နှင့်ရောယှက်၍ လေ့ကျင့်ထားသောလက်ဝါးက အလွန်ကြောက်မက်ဖွယ်ရာကောင်းသည်။

ချင်းလိန်မှာ ယခုကဲ့သို့ သိုင်းလောကတွင် ဆိုးသွမ်းစိုလ်ကျူနိုင်ခြင်းမှာလည်း သူမ၏သိုင်းပညာမဟုတ်။

သူမ၏အဆိပ်ဖြစ်သည်ကို ဘိကျိုကျူက ကြိုတင်လေ့လာခဲ့ပြီး ဖြစ်သည်။

ချင်းလိန်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသော သိုင်းလောကမှ ဂိုဏ်းများသည် သိုင်းပညာအလွန်အဆင့်မြင့်လျက်နှင့် ရှုံးသွားကြသည်ကိုလည်း သူက ကြိုတင်လေ့လာသိရှိထားသည်။

ထို့ပြင် သူ၏ဘက်တော်သားများတို့သည် တိုက်ပွဲတွင် နိုင်ခြေမပေါ်သည်ကို တွေ့ရှိလိုက်သည်နှင့် အဆိပ်ဘူးကို အသုံးပြုကြသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ဘူးကြောင့် သေဆုံးသွားသောလူများမှာ မရေတွက်နိုင်တော့ပါ။

ဘိကျိုကျူ ယခုကဲ့သို့ တစ်ဦးချင်း ယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်သည်မှာ အရေးကြီးလျှင် မိမိအသက်တစ်ချောင်းသာ စွန့်လွှတ်ရမည်ဖြစ်သည်။

ဂူတန်ဂိုဏ်းသားသုံးထောင်ကျော်တို့၏အသက်ကို ကယ်တင်နိုင်မည်ဟု သေသေချာချာဆင်ခြင်ပြီးမှ ယခုကဲ့သို့ အနိုင်မရမှန်းသိလျက်နဲ့ ရင်ဆိုင်တိုက်ခိုက်နေခြင်းဖြစ်သည်။

"ယား"

ချင်းလိန်သည် လက်ဝါးကို အတွင်းအားစုစည်းပြီး တိုက်ခိုက်လိုက်သည်။

ဘိကျိုကျူကလည်း တုံ့ပြန်တိုက်ခိုက်လိုက်သည်။

သူသည် ချင်းလိန်၏လက်ဝါးအား ရှောင်တိမ်းနေရသောကြောင့် တိုက်ခိုက်ရာတွင် စိတ်ပါတိုင်း လက်မရောက်နိုင်ဘဲ ဖြစ်နေ၏။

ဂူတန်ဂိုဏ်းသားများတို့သည် ရင်တထိတ်ထိတ်ဖြင့် ကြည့်နေကြသည်။



တိုက်ပွဲသည် သူတို့အသက်နှင့် ပတ်သက်ရုံမကဘဲ ဂူတန်ဂိုဏ်း၏ဂုဏ်သိက္ခာအဖို့ များစွာအရေးပါအရာရောက်နေလေသည်။

ဘိကျိုကျူနှင့်ချင်းလိန်သည် သူတစ်ပြန် ကိုယ်တစ်ပြန်ဖြင့် သဲသဲမဲမဲတိုက်ခိုက်နေသည်။

သူတို့သည် သိုင်းကွက်တစ်ရာကျော်အထိ တိုက်ခိုက်လာပြီးသော်လည်း အရှုံးအနိုင်မခွဲ၍ မရသေးပါ။

ထိုအချိန်မှာပင် လူတစ်ယောက်သည် လျှင်မြန်စွာ ပြေးလွှားဝင်ရောက်လာ၏။

ချူးပင် ဖြစ်သည်။ သူသည် စကားတစ်ခွန်းမှမပြောဘဲ ချင်းလိန်အား ဝင်ရောက်တိုက်ခိုက်လိုက်၏။

ချင်းလိန်က နောက်သို့ဆုတ်သွားသည်။ ချင်းလိန်က ဘိကျိုကျူအား ...

"ဘယ့်နှယ်လည်း ဂိုဏ်းချုပ်ကြီး... နှစ်ယောက်ချင်း ယှဉ်ပြိုင်မယ်ဆိုတာ ဂိုဏ်းချုပ်ကြီးကပဲ အကြံပြုတယ်၊ အခု ဘယ့်နှယ် စစ်ကူရောက်လာရတာလဲ"

ဘိကျိုကျူက ချူးပင်အား ကြည့်လိုက်သည်။

"ဒကာလေးနှင့်မဆိုင်ဘူး၊ နောက်ဆုတ်ပါ"

www.burmeseclassic.com

ချူးပင်က ...

"မြွေဟောက်မယ်ကို ချေမှုန်းဖို့ သိုင်းလောကသားတိုင်းမှာ တာဝန်ရှိတယ်၊ ဘာကြောင့် ကျုပ်နဲ့မဆိုင်ဘူးလို့ ပြောရတာလဲ"

ဘိကျိုကျူက ...

"အခုကတော့ ဝူတန်ဂိုဏ်းနဲ့ဆိုင်တဲ့အတွက် ဒကာလေး နောက်ဆုတ်ပါလို့ ကျုပ်က မေတ္တာရပ်ခံပါတယ်"

ချူးပင်က မကျေမနပ်ဖြင့် နောက်ဆုတ်သွားလေ၏။

ချင်းလိန်နှင့်ဘိကျိုကျူတို့သည် ဆက်လက်၍တိုက်ခိုက်ကြလေ၏။

သူတို့သည် နောက်ထပ်သိုင်းကွက် တစ်ရာခန့် ယှဉ်ပြိုင်လာကြသောအခါ ဘိကျိုကျူသည် ရှောင်တိမ်းနေသည့်ကြားမှ တစ်ချက်သတိလစ်သွားသည်နှင့် ချင်းလိန်၏လက်ဝါးတစ်ဖက်သည် သူ၏ပခုံးပေါ်သို့ ရိုက်မိသွား၏။

"အွတ်"

ဘိကျိုကျူက တစ်ချက်ညည်းညူလိုက်ပြီး နောက်သို့ ခြေလှမ်း လေးငါးလှမ်းခန့် ဆုတ်သွား၏။

ထို့နောက် ...



သူ၏မျက်နှာတစ်ခုလုံး သွေးရောင်မရှိ ဖြူဖပ်ဖြူရော် ဖြစ်လာ၏။

တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာပြီး ချွေးသီးချွေးပေါက်များ ကျလာ၏။

ဌာနမှူးတို့က သူ့အား ဖေးမလိုက်ကြ၏။

"ဂိုဏ်းချုပ်ကြီး သတိထားပါ"

ချင်းလိန်က ရယ်မောလိုက်၏။

"ဂိုဏ်းချုပ်ကြီး ရှုံးသွားပါပြီ၊ ပေးထားသော ကတိအတိုင်း အမိန့်ပေးပါ"

ဂိုဏ်းချုပ်ကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်အမိန့်ကို နာခံကြ၊ မြွေဟောက်ဂိုဏ်းကို ခုခံဖို့ မကြိုးစားကြနဲ့"

ဂိုဏ်းသားတို့သည် အသေခံပြီး တိုက်ပွဲဝင်လိုကြသော်လည်း ဂိုဏ်းချုပ်၏အမိန့်ကြောင့် အားလုံးလက်နက်ချလိုက်ရလေသည်။

ချူးပင်သည် မခံမရပ်နိုင်တော့သဲ ဓားဖြင့် ချင်းလိန်အား ဝင်ရောက်တိုက်ခိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်းလိန်က မဲ့ပြုံးပြုံးလိုက်ပြီး လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ အဆိပ်လူးသော ဓားငယ်တစ်လက် သူ၏ပခုံးသို့ တန်းဝင်သွား၏။

နာကျင်သောဝေဒနာ ခံစားလိုက်ရပြီး ချူးပင်၏မျက်လုံးအစုံသည် မည်းမှောင်လာ၏။

"ငါတော့ သေရတော့မယ်"

ချူးပင်သည် ယင်းသို့စိတ်ပျက်စွာဖြင့် ကျိတ်၍ညည်းညူနေစဉ် ရုတ်တရက် လူရိပ်တစ်ရိပ်က ဝင်ရောက်လာပြီး သူ့အား ပခုံးပေါ်သို့ထမ်း၍ ပြေးလွှားသွားသည်ကို သိလိုက်ရသည်။

ထို့နောက် သတိပင် လုံးဝမရတော့ချေ။

*



မည်မျှအချိန်ကြာသွားမှန်းမသိ။ ချူးပင် သတိရလာလေ၏။

မိမိမှာ ကွပ်ပျစ်တစ်လုံးပေါ်၌ လဲလျောင်းနေသည်ကို တွေ့ရလေသည်။

သူ့အနီးတွင် ကိုရင်လေးတစ်ပါးက စောင့်နေ၏။

သူက မိမိမှာ ချင်းလိန်၏ဓားချက်မိသွားသည်ကို ပြန်လည်သတိရလာ၏။

ချင်းလိန်၏ဓားမှာ အဆိပ်လူးထားခြင်းဖြစ်သည်ကို သူက သိထား၏။

ယခု သူ အသက်ရှင်နေနိုင်သေးသည်ကို အံ့သြမိလေသည်။

သူက ထထိုင်မည်အပြုတွင် တစ်ကိုယ်လုံးမှာ အားအင်ကုန်ခမ်းသည့်ကဲ့သို့ ခံစားလိုက်ရသဖြင့် ထရန်မကြိုးစားတော့ချေ။

"ကိုရင် ... ကျွန်တော် ဘယ်ရောက်နေကာလဲ"

ကိုရင်က ...

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး သတိရလာပြီကိုး၊ ငြိမ်ငြိမ်နေ၊ ကျုပ် ဘုန်းကြီးကို သွားအကြောင်းကြားလိုက်မယ်"

ချူးပင်က ...

"ဒီနေရာက ဘယ်နေရာလဲ"

ကိုရင်က ...

"ရှောင်လင်ကျောင်း"

"ဗျာ"

ချူးပင် အံ့သြသွား၏။

"ရှောင်လင်ကျောင်း ... ငါ ဘယ်လိုလုပ် ရှောင်လင်ကျောင်းကို ရောက်လာရတာလဲ"

ရုတ်တရက် လူတစ်ယောက်၏အသံ ထွက်ပေါ်လာသည်။

"ကျုပ်က ခေါ်ခဲ့တာ"

ချူးပင်က အသံလာရာသို့ လှည့်ကြည့်လိုက်၏။ အခန်းထဲသို့ ဘုန်းတော်ကြီးတစ်ပါး ဝင်ရောက်လာသည်ကို တွေ့လိုက်ရလေသည်။

ဘုန်းတော်ကြီးက ကွပ်ပျစ်အနီးသို့လျှောက်လာ၏။ သူ့က ပြုံး၍ ...



"ဟုတ်တယ် ... ကျုပ်က ဝူတန်ကျောင်းကို ကိစ္စတစ်ခုနဲ့ သွားရင်း မြွေဟောက်ဂိုဏ်းရောက်နေတာတွေ့ရလို့ သစ်ပင်တစ်ပင်ပေါ်တက်ပြီး ရှောင်နေရတယ်၊ နောက် ဒကာလေး ဓားထိသွားတာကိုမြင်ရလို့ မနေနိုင်တာနဲ့ သစ်ပင်ပေါ်ကဆင်းပြီး ဒီကိုခေါ်လာ တာ"

ချူးပင်က ...

"ကျေးဇူးတင်ပါတယ် ဘုရား"

ဘုန်းတော်ကြီးက ...

"ကျုပ်ကို အားလုံးက ရှမ်းချင်းလို့ ခေါ်ကြတယ်၊ အခု ... ဒကာလေးရဲ့အဆိပ်ကိုထုတ်ပေးခဲ့တာ၊ နည်းနည်းကျန်သေးတယ်၊ ဒီမှာပဲ ငြိမ်ငြိမ်လေးနေထိုင်ပါ၊ အဆိပ်ကုန်သွားတဲ့အထိ နေရလိမ့်မယ်"

ချူးပင်က အလွန်ကျေးဇူးတင်မိလေသည်။

"ကံကောင်းပေလို့ပေါ့ဘုရား၊ အရှင်ဘုရားကသာ ကယ်မလာရင် တပည့်တော်ရဲ့အသက် တွေးဝံ့မှာမဟုတ်တော့ဘူး"

ရှမ်းချင်းဘုန်းတော်ကြီးက ...

"ဒါကို စိတ်ထဲမှာမထားနဲ့၊ အဆိပ် မြန်မြန်ပျောက်နိုင်အောင် ကုဖို့က အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဂူတန်က အညှံ့ခံတဲ့နောက်မှာ ရှောင်လင်အလှည့်ပဲ ကျန်တော့တယ်၊ အခုထိ ဘုန်းကြီးတို့က မြွေဟောက်မယ်ရဲ့အဆိပ်ကို ဘယ်လိုခုခံရမလဲဆိုတာ နည်းကောင်းလမ်းကောင်း မရသေးဘူး"

ရှမ်းချင်းဘုန်းတော်ကြီးသည် ပြောရင်း သူ၏မျက်နှာတစ်ခုလုံးမှာ စိုးရိမ်ပူပန်သည့်အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

ထိုအချိန် ... ကိုရင်လေးက အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ပန်းကန်ကို ယူဆောင်လာသည်။

ရှမ်းချင်းဘုန်းတော်ကြီးက ...

"ကဲ ... အားရှိသွားအောင် ဆန်ပြုတ်ပူပူလေး သောက်လိုက်ပါ၊ အချိန်ကျရင် ဒကာလေးရဲ့ကျန်ရှိတဲ့အဆိပ်ကို လာထုတ်ပေးပါ့မယ်"

ချူးပင်က ခေါင်းညိတ်လိုက်သည်။

"တင်ပါ့ဘုရား"

ရှမ်းချင်းဘုန်းတော်ကြီးသည် ခြေလှမ်းကျဲကျဲနှင့်ထွက်ခွာသွားလေသည်။

✷



နံနက်ခင်းနေရောင်ခြည်သည် နွေးထွေးလှပပေသည်။

အလွန်သာယာသော ကျွန်းကလေး၏သဲသောင်ပြင်ပေါ်၌ မိန်းကလေးတစ်ယောက်သည် သိုင်းလေ့ကျင့်နေ၏။

သူမသည် အားနွဲ့သောမိန်းကလေးတစ်ယောက်ဖြစ်ပေမယ့်သူမ၏ဝှေ့ယမ်းလေ့ကျင့်နေသော လက်ဝါးများသည် လှုပ်ရှားတိုင်းမှာ တဝီဝီအသံမြည်နေ၏။

သူမသည် အတန်ကြာလေ့ကျင့်ပြီးနောက် အနားယူနေစဉ် အဘိုးအိုတစ်ယောက်က သူမထံ ရောက်ရှိလာ၏။

"မွန်မွန် ရေချိုးဖို့ အသင့်ဖြစ်ပြီ"

ထိုမိန်းကလေးမှာ မွန်မွန်ဖြစ်သည်။

"ဟုတ်ကဲ့ အဘ"

သူမသည် အဘိုးအိုထံသို့ ပြေးလွှားသွား၏။

ပခုံးချင်းယှဉ်၍ လျှောက်သွားကြရာ မကြာမီ သစ်ရွက်သစ်ကိုင်းများဖြင့် အိမ်ကလေးတစ်လုံးရှိရာသို့ ရောက်ရှိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ မွန်မွန် ... နင်မှတ်ထားဖို့က ဆေးရည်ထဲမှာ တစ်နာရီအပြည့်စိမ်ရမယ် သိလား"

မွန်မွန်က ...

"ဟုတ်ကဲ့ပါ အဘ"

ထိုအဘိုးမှာ ချူးဝမ်ကျုံးပင်ဖြစ်၏။

မွန်မွန်က ...

"ကျွန်မ ဒီဆေးရည်ကို ဘယ်လောက်ကြာကြာ စိမ်ရဦးမှာလဲ အဘ"

ချူးဝမ်ကျုံးက ...

"သိပ်မကြာတော့ပါဘူး၊ နောက်ခုနစ်ရက်လောက် စိမ်လိုက်ရင် လုံလောက်ပါပြီ"

သူမက ...

"ဒီဆေးရည်ကိုစိမ်ပြီးရင် ချင်းလိန်ရဲ့အဆိပ်ကို မကြောက်ရတော့ဘူး ဟုတ်လား"

ချူးဝမ်ကျုံးက ...

"ဟုတ်တယ်"

သူမက ...



"ဝမ်းသာလိုက်တာ အဘရယ်၊ ကျွန်မ မြန်မြန်သွားချင်ပြီ"

ချူးဝမ်ကျုံးက ...

"သည်းခံပါ မွန်မွန်၊ သိပ်မစောင့်ရတော့ပါဘူး"

သူက စကားဆက်လိုက်သည်။

"အဘက အဆိပ်ဖြေဆေးရည်ကို ဖော်စပ်နေတယ်၊ သူလည်း ဆယ်ရက်အတွင်းမှာ ဖော်စပ်လို့ ပြီးပါလိမ့်မယ်"

မွန်မွန်က ...

"ကျွန်မကတော့ ချူးပင်အတွက် စိတ်ပူနေတယ်၊ သူ အခုဆိုရင် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိဘူး၊ အသက်ရှင်နေသေးသလားဆိုတာ မသိရသေးဘူး"

ချူးဝမ်ကျုံးက ...

"ကံတရားပေါ့ကွယ်၊ ဘယ်တတ်နိုင်မှာလဲ"

"ခက်တာက ဒီကျွန်းနဲ့ နေပြည်တော်နဲ့ ဝေးကွာနေတော့ ဟိုမှာ ဘာတွေဖြစ်ကုန်သလဲဆိုတာ မသိတာက ခက်တယ်"

ချူးဝမ်ကျုံးက ...

"ဒီအတွက် မပူပါနဲ့၊ မကြာမီ သိရပါလိမ့်မယ်"

သူမက အံ့သြသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အဘက ဘယ်လိုလုပ်သိနိုင်မှာလဲ"

ချူးဝမ်ကျိုးက ...

"ဒီကျွန်းကို ကုန်တင်လှေတစ်စင်းက သုံးလတစ်ကြိမ်၊ နှစ်လတစ်ကြိမ် ဖြတ်သွားတတ်ပါတယ်၊ သူတို့က ဒီကျွန်းမှာ တစ်ညလောက် ဆိုက်ကပ်ပါတယ်၊ အဘက လိုအပ်တဲ့ပစ္စည်း သူတို့ကို မှာလိုက်ရင် သူတို့က လာပို့ပါတယ်၊ ပြည်မရဲ့သတင်းများ သူတို့ဆီမှာ စုံစမ်းလို့ရပါတယ်"

"သူတို့ ဘယ်တော့ရောက်လာမှာလဲ အဘ"

ချူးဝမ်ကျိုးက ...

"သိပ်မကြာတော့ပါဘူး၊ ရက်တွက်ကြည့်မယ်ဆိုရင် နောက်သုံးရက်အတွင်း ရောက်လာပါလိမ့်မယ်"

သူမက ဝမ်းသာသွား၏။

"ဝမ်းသာလိုက်တာ အဘရယ်"

ချူးဝမ်ကျိုးက ...

"ကဲ မွှန်မွှန် ... ရေချိုးတော့၊ အဘကလည်း ဆေးသွားဖော်လိုက်ဦးမယ်"

✷



ချူးဝမ်ကျိုး ထွက်ခွာသွားပြီးနောက် မွှန်မွှန်သည် တဲအိမ်ထဲသို့ ဝင်သွား၏။

ဤတဲအိမ်သည် အကာနှင့်အမိုးသာရှိသည်။ မြေကြီးအတိုင်းထား၏။ မြေကြီးပေါ်၌ ကျောက်တုံးကြီးတစ်ခုဖြင့် ထွင်းထားသော ခွက်တစ်ခုရှိ၏။

ထိုခွက်ကြီးသည် ရှည်မျောမျောပုံစံဖြစ်၏။ ခွက်၏အောက်တွင် မီးများရှိသည်။ ထို့ကြောင့် ခွက်ထဲမှရေများသည် နွေးနေ၏။

ဆေး၏အနံ့များသည် စူးရှလှပေ၏။ ရေ၏အရောင်မှာသည်း အစိမ်းပုပ်အရောင်ဖြစ်၏။

သူမသည် တဲအိမ်၏တံခါးကို ပြန်ပိတ်လိုက်လေသည်။ ထို့နောက် အဝတ်အစားများ ချွတ်ပြီး ခွက်ထဲသို့ ဝင်ထိုင်လိုက်သည်။

ရေများသည် သူမ၏လည်ပင်းအထိ နစ်မြုပ်နေ၏။

သူ၏ခန္ဓာကိုယ်သည် ပထမစိမ်တုန်းကလောက် ဝေဖျင်းအင်းလေး ခံစားမှုနည်းပါးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မျက်လွှာချ၍ ဆေးရည်ထဲတွင် စိမ်နေရင်း ချူးဝမ်ကျိုး သင်ကြားပေးသော သိုင်းကွက်များကို ကျက်မှတ်နေသည်။

ဤသိုင်းကွက်သည် မြွေပါသိုင်းကွက်ဟု ချူးဝမ်ကျိုးက အမည်ပေးထား၏။ ချူးဝမ်ကျိုးသည် ယင်းကျွန်းပေါ်သို့ သေကံမရောက် အသက်မပျောက် ရောက်ရှိလာပြီး တစ်နေ့ မြွေတစ်ကောင်နှင့် မြွေပါတို့ သတ်ပုတ်နေသည်ကိုကြည့်ရင်း တီထွင်လိုက်သော သိုင်းကွက်ဖြစ်၏။

သူသည် ချင်းလိန်နှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူးလေသည်။ ထို့ကြောင့် ချင်းလိန်၏မြွေဟောက်သိုင်းကွက်ကိုလည်း သိရှိထားလေသည်။

ယခု တီထွင်လိုက်သော သိုင်းကွက်သည် ချင်းလိန်၏သိုင်းကွက်အားလုံးကို ဝိတ်ဆို့နိုင်သော သိုင်းကွက်များဖြစ်လေသည်။

သို့သော် ...

သူသည် အသက်အရွယ်ကြီးရင့်လာပြီး ဒဏ်ရာများလည်း ပြင်းပြင်းထန်ထန်ရရှိခဲ့သောကြောင့် ဤသိုင်းကွက်အား တီထွင်နိုင်ခဲ့သော်လည်း မိမိကိုယ်တိုင် အသုံးမပြုနိုင်သဖြင့် ပြည်မသို့ မပြန်ဝံ့ဘဲ ဤကျွန်းပေါ်၌ ဆက်လက်လေ့ကျင့်နေရသည်။



ယခုမမျှော်လင့်ဘဲ သိုင်းပညာအခြေခံကောင်းပြီး အသက်အရွယ် နုနယ်၍ သွက်လက်ဖျတ်လတ်စွာရှိသော မွန်မွန်အား တွေ့ဆုံလိုက်ရသောကြောင့် သူသည် ထိုမြွေပါသိုင်းပညာကို အိတ်သွန်ဖာမှောက် သင်ကြားပေးလိုက်၏။

ထို့ပြင် ချင်းလိန်၏အဆိပ်အား ခုခံနိုင်ရန် ဆေးရွက်များဖြင့်ပြုလုပ်ထားသော ရေထဲသို့ သုံးရက်ခြားလျှင်တစ်ကြိမ် စိမ်ထားစေ၏။

ယခု သူတို့သည် အောင်မြင်ရန်မှာ လက်တစ်ကမ်းသာ လိုတော့သည် မဟုတ်ပါလား။

တစ်ခုသောနံနက် ဖြစ်သည်။

မွန်မွန်သည် ခါတိုင်းကဲ့သို့ သဲသောင်ပြင်ပေါ်၌ သိုင်းလေ့ကျင့်နေ၏။ ရုတ်တရက် ပင်လယ်ဘက်မှ ရွက်လှေတစ်စီးအား တွေ့မြင်လိုက်၏။

သူမက ဝမ်းသာလွန်း၍ စကားပင်မပြောနိုင်ဘဲ ပါးစပ်ဟောင်းလောင်းဖြင့် ငေး၍ကြည့်နေ၏။

ရွက်လှေသည် တဖြည်းဖြည်းဖြင့် ကျွန်းကလေးရှိရာသို့ ဦးတည်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ သူမက ပြန်လည်သတိရလာ၏။

သူမသည် ပြေးတက်သွားရင်း အသံကုန်ဟစ်အော်လိုက်သည်။

"အဘ ... အဘရေ ... အဘ"

သူမသည် အစွမ်းကုန်ပြေးလွှားရာ လိုဏ်ဂူအနီးသို့ရောက်ရှိလာသောအခါ ချူးဝမ်ကျုံးက သူမအသံကိုကြားလိုက်ရသဖြင့် ပြေးထွက်လာ၏။

သူသည် စိုးရိမ်စွာဖြင့် ...

"ဘာလဲ မွန်မွန် ... ဘာတွေဖြစ်လာတာလဲ"

သူမက မောဟိုက်စွာဖြင့် ပင်လယ်ဘက်သို့ လက်ညှိုးထိုးပြရင်း ...

"ဟို ... ဟိုမှာ ရွက်လှေတစ်စီးလာနေတယ် အဘ"

ချူးဝမ်ကျုံးက ဝမ်းသာသွား၏။

"ဟာင် ... ငါတို့ ကျွန်းကိုလာတဲ့လှေလား"

သူမက ခေါင်းအဆက်မပြတ် ညိတ်ပြ၏။

ချူးဝမ်ကျုံးသည် တစ်ဟုန်ထိုး ပြေးသွား၏။ သူမက နောက်မှပြေးလိုက်သွား၏။



သူတို့သည် သဲသောင်ပြင်သို့ရောက်ရှိသောအခါ ရွက်လှေတစ်စီးသည် တဖြည်းဖြည်း နီးကပ်လာသည်။

ချူးဝမ်ကျုံးက အားရဝမ်းသာစွာဖြင့် လက်နှစ်ဖက်မြှောက်၍ ဝှေ့ယမ်းသည်။

ရွက်လှေပေါ်မှလူများကလည်း လက်ပြန်ဝှေ့ယမ်းပြလေသည်။

ဤသို့ဖြင့် ရွက်လှေသည် တဖြည်းဖြည်းနီးကပ်လာသည်။

✷

www.burmeseclassic.com

www.burmeseclassic.com



ရွက်လှေသည် သဲသောင်ပြင်ပေါ်သို့ ဆိုက်ကပ်လာပြီဖြစ်သည်။

သူမနှင့်ချူးဝမ်ကျုံးတို့သည် ရွက်လှေပေါ်သို့ ပြေးတက်သွား၏။

ရွက်လှေပိုင်ရှင်သည် သူတို့အား ကောင်းမွန်စွာ ကြိုဆိုလိုက်၏။

ချူးဝမ်ကျုံးက အကျိုးအကြောင်း ပြောပြလိုက်သောအခါ ရွက်လှေပိုင်ရှင်က သူတို့အား ပြည်မသို့ ပြန်လည်ခေါ်ဆောင်သွားရန် လက်ခံလိုက်သည်။

ဤသို့ဖြင့် ရွက်လှေသည် ကျွန်းကလေးမှ ပြန်လည်ထွက်ခွာသွားလေသည်။

✷



ဆယ်ရက်ခန့်အကြာတွင် ရွက်လှေသည် ကင်းတိုးဆိပ်ကမ်းသို့ ဆိုက်ကပ်လိုက်သည်။

ချူးဝမ်ကျုံးနှင့်မွန်မွန်တို့က ရွက်လှေပိုင်ရှင်အား ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက်ကာ လှေပေါ်မှ ဆင်းလာကြလေသည်။

သူတို့သည် မြို့ပေါ်သို့ရောက်ရှိလာသောအခါ မွန်မွန်က သူမ၏ကျောက်စိမ်းဆံထိုးတစ်ချောင်း ရောင်းချလိုက်လေသည်။

ထို့နောက် လိုအပ်သောအဝတ်အစားများ ဝယ်ယူလိုက်သည်။

သူတို့သည် တည်းခိုခန်းတွင် တစ်ညတာအနားယူပြီးနောက် ချူးဝမ်ကျုံးက ဆက်လက်မလိုက်တော့ဘဲ မိမိ၏နေရပ်ဖြစ်သော ယူကောင်းစန်းတောင်သို့ ပြန်မည်ဖြစ်ကြောင်း ပြော၏။

နောက်တစ်နေ့တွင် ချူးဝမ်ကျုံးသည် သူမနှင့် လမ်းခွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက မြွေဟောက်အန္တရာယ် ငြိမ်းအေးသွားလျှင် ချူးပင်နှင့်အတူ ယူကောင်းစန်းတောင်သို့ ပြန်လာမည်ဖြစ်ကြောင်း ပြောပြလေသည်။

✱



ချူးပင်သည် လုံးဝသက်သာလာပြီဖြစ်၏။

သူသည် နံနက်တိုင်းမှာ သိုင်းပညာရပ်များကို ကြိုးစား၍ လေ့ကျင့်ရသည်။ တစ်နေ့ သူက မြွေဟောက်ဂိုဏ်းအား ဖြိုခွဲရန် သန္နိဋ္ဌာန်ချထား၏။

ဤသို့ဖြင့် တစ်လခန့်အကြာတွင် မြွေဟောက်ဂိုဏ်းသည် ဂူတန်ဂိုဏ်းအား အနိုင်ရရှိလိုက်သည့်သတင်း ကြားလိုက်ရသည်။

ကျောင်းထိုင်ဘုန်းတော်ကြီး ရှမ်းမင်းက အရေးပေါ်အစည်းအဝေးတစ်ခု ခေါ်ယူလိုက်၏။

'ဒေါင် ဒေါင် ဒေါင်'

'ဗုံ ဗုံ ဗုံ'

အရေးပေါ်ခေါင်းလောင်းသံနှင့် ဗုံသံများက အဆက်မပြတ်ထွက်ပေါ်လာ၏။

ဘုန်းတော်ကြီးများ၊ ကိုရင်များသည် လုပ်လက်စအလုပ်များကို အစီအရီချထားပြီး 'တာယုံခန်းမ' သို့ ဦးတည်၍ သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ တာယုံခန်းမတွင် ဘုန်းတော်ကြီးများ၊ ကိုရင်များ၊ ဒကာများ စုဝေးရောက်ရှိလာကြ၏။

ယခုကဲ့သို့ အရေးအပေါ် အစည်းအဝေး ကျင်းပခြင်းသည် ရှောင်လင်ကျောင်းအဖို့ နှစ်ပေါင်း (၁၀၀) မှ ဤတစ်ကြိမ်ခေါ်ယူကျင်းပခြင်းဖြစ်၏။

အကြောင်းမှာ ရှောင်လင်ကျောင်းသည် အလွန်အန္တရာယ်ကြီးမားသော မြွေဟောက်မယ်ဂိုဏ်းနှင့် ရင်ဆိုင်ရတော့မည် ဖြစ်၏။

ဘုန်းတော်ကြီးများသည် ငြိမ်သက်စွာထိုင်လျက် ဂိုဏ်းချုပ်ရောက်လာမည်ကို စောင့်နေကြ၏။

တစ်ခဏအကြာတွင် အနီရောင်သင်္ကန်း ဝတ်ဆင်ထားသောဘုန်းတော်ကြီးလေးပါးက ရှေ့ဆုံးမှ ဝင်ရောက်လာကြ၏။

ဘုန်းတော်ကြီးလေးပါးနောက်တွင် ရွှေရောင်သင်္ကန်းဝတ်ဆင်ထားသော ကျောင်းထိုင်ရှမ်းမင်းက လိုက်ပါလာသည်။

ကျောင်းထိုင်နောက်တွင် လက်ထောက်ဂိုဏ်းချုပ် ရှမ်းချင်းက လိုက်ပါနေ၏။

သူ့နောက်မှ ဘုန်းတော်ကြီးရှစ်ပါးက တရားကျမ်းစာများရွက်ဖက်၍ လိုက်ပါလာ၏။



ကျောင်းထိုင်ရှမ်းမင်းတို့သည် တာယုံခန်းမထဲသို့ လှမ်းဝင်လာသည်နှင့် ရောက်ရှိနေကြသော ဘုန်းတော်ကြီးများနှင့် ကိုရင်များသာ ဘုရားကျမ်းစာများ ပြိုင်တူရွတ်ဖတ်သည်။

ကျောင်းထိုင်ဆရာတော်က တရားချီးမြှင့်ပြီးနောက် ...

"ကနေ့ ရှောင်လင်အဖွဲ့အားလုံးကို အခုလို အရေးပေါ်အစည်းအဝေးခေါ်ယူတာဟာ ငါတို့ရှောင်လင်ကျောင်း နှစ်ပေါင်း (၁၀၀) အတွင်းမှာ အလွန်ကြောက်စရာကောင်းတဲ့ အန္တရာယ်နဲ့ ကြုံတွေ့နေရလို့ ဖြစ်ပါတယ်"

ရှမ်းမင်းက ခေတ္တရပ်နားလိုက်ပြီးမှ ဆက်၍ ...

"အန္တရာယ်ဆိုလိုက်တာနဲ့ အားလုံးက မြွေဟောက်ဂိုဏ်းအန္တရာယ်လို့ သိရှိကြမှာဖြစ်ပါတယ်"

သူ၏မျက်နှာတစ်ခုလုံးမှာ ဝမ်းနည်းကြေကွဲခြင်း၊ ခံပြင်းခြင်းစသည့် ခံစားမှုများ ဖြစ်ပေါ်နေ၏။

"မကြာမီက သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ဂူတန်ဂိုဏ်းကို မြွေဟောက်ဂိုဏ်းက အနိုင်ရလိုက်တဲ့ ဝမ်းနည်းဖွယ်ရာသတင်းကို အားလုံးက သိရှိကြပြီလို့ ထင်ပါတယ်"

ခန်းမတစ်ခုလုံးမှာ ရာပေါင်းများစွာသော ဘုန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အပ်ကျသံပင်ကြားရလောက်အောင် တိတ်ဆိတ်နေကြ၏။

ရှမ်းမင်းက ...

"ရက်မကြာမီ မြွေဟောက်ဂိုဏ်းက ငါတို့ရှောင်လင်ကျောင်းကို ဖြိုခွင်းဖို့ လာပါလိမ့်မယ်၊ ငါတို့ရှောင်လင်ကျောင်းကို ဖြိုခွဲနိုင်ခဲ့ရင် သိုင်းလောကတစ်ခုလုံးကို သူတို့က ဗိုလ်လုပ်အုပ်စိုးသွားမှာ သေချာတယ်၊ ဒါကြောင့် ..."

သူက စိတ်လှုပ်ရှားလွန်း၍ ထရပ်လိုက်၏။

"ဒါကြောင့် ငါတို့ဟာ ရှောင်လင်ကျောင်းအတွက်သာ မဟုတ်ဘဲ သိုင်းလောကတစ်ခုလုံး အေးချမ်းစွာ နေထိုင်နိုင်ဖို့အတွက် ငါတို့ဟာ သွေးနဲ့ချွေးနဲ့ စတေးခံပါ့မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပြီ၊ အားလုံးကရော သဘောတူကြသလား"

ဘုန်းတော်ကြီးများနှင့် ကိုရင်တို့က ငြိမ်တူအော်လိုက်ကြသည်။

"ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အတိုင်း ရှောင်လင်ကျောင်းနဲ့သိုင်းလောကတစ်ခုလုံးအတွက် မိမိအသက်နဲ့ချွေးနဲ့လဲပြီး ကာကွယ်ပါ့မယ် ဘုရား"

ကျောင်းထိုင်ရှမ်းမင်းက စိတ်အားထက်သန်လာ၏။



"ငါ့တပည့်တို့ ... အခုလို အများအတွက် မီးပင်လယ်ပဲဖြစ်ဖြစ် ဓားတောင်ပဲကျော်ကျော်၊ သန္နိဋ္ဌာန်ချတာကို ကြားရတဲ့အတွက် နှစ်ထောင်းအားရပါတယ်"

ခန်းမထဲမှာ ဆူညံစွာ အဓိဋ္ဌာန်ပြုနေစဉ် ရုတ်တရက် အေးစိမ့်ပြီး စူးရှသောအသံတစ်ခုက တာယုံခန်းမထဲသို့ တိုးဝင်လာသည်။

ရှမ်းမင်း မျက်နှာကွက်ခနဲပျက်သွား၏။

ရှမ်းချင်းကလည်း ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

ခန်းမတွင်း၌ရှိနေကြသော ဘုန်းတော်ကြီးများနှင့် ကိုရင်များက လှုပ်လှုပ်ရှရှဖြစ်လာကြ၏။

အပြင်ဘက်မှ မြွေဟောက်မယ်ချင်းလိန်၏အသံ ထွက်ပေါ်လာ၏။

"ရှမ်းမင်း ... အပြင်ထွက်ခဲ့မလား၊ ကျွန်မက ဝင်လာခဲ့ရမလား"

ရှမ်းမင်းက ထိုင်ရာမှထလိုက်၏။

"ကျုပ်လာပြီ"

သူက အတွင်းအားဖြင့် ပို့ဆောင်လိုက်ရာ သူ၏အသံသည် လေထဲ၌ ကြည်လင်စွာပဲ့တင်ထပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းမင်းက ဘုန်းတော်ကြီးများ ခြံရံလျက် ဘာယုံခန်းမထဲမှ လှမ်းထွက်လိုက်၏။

အပြင်သို့လှမ်းထွက်လိုက်သည်နှင့် ကျောင်းအဆောက်အအုံ၏ရှေ့ ရင်ပြင်ပေါ်၌ ခရမ်းရောင်အင်္ကျီ၊ ခရမ်းရောင်ခေါင်းစည်းများ ဝတ်ဆင်ထားသော လူ (၁၀၀) ခန့် တန်းစီရပ်နေသည်ကို တွေ့ရ၏။

ချင်းလိန်က ရှေ့မှရပ်နေ၏။ သူမ၏လက်ထဲတွင် ကျာပွတ်တစ်ချောင်း ကိုင်ထား၏။

ရှမ်းမင်းက သူမထံသို့ တည့်မတ်စွာ လျှောက်သွားသည်။ ချင်းလိန်က ဆယ်ပေခန့်အကွာတွင် ရပ်တန့်လိုက်၏။

"ချင်းလိန် ... မင်း အတော်လွန်ပြီထင်တယ်"

ချင်းလိန်က ရယ်လိုက်၏။

"ကျောင်းထိုင်က ဒါပဲပြောတတ်တယ် ဟုတ်လား"

ရှမ်းမင်းက စိတ်မဆိုးပါ။ သူက လက်ဝါးတစ်ဖက်ကို ထောင်၍ အရိုအသေပြုလိုက်သည်။

"ချင်းလိန် ... မင်း အေးအေးဆေးဆေး ပြန်သွားရင် ကောင်းလိမ့်မယ်"



ချင်းလိန်က ...

"ကျွန်မ ပြန်ဖို့လာတာမှ မဟုတ်ဘဲ"

ရှမ်းမင်းက ...

"မင်းက ဘာလိုချင်လို့လဲ"

ချင်းလိန်က ...

"ကျွန်မ ဘာလိုချင်တယ်ဆိုတာ အကြောင်းကြားပြီးပါပြီ"

ရှမ်းမင်းက ...

"ကျုပ် တောင်းပန်ပါတယ်၊ ပြန်သွားပါ ချင်းလိန်"

ချင်းလိန်က မဲ့ပြုံး ပြုံးလိုက်သည်။

"ကျောင်းထိုင်တစ်ယောက်ဖြစ်ပြီး ဒါပဲပြောတတ်သလား"

ရှမ်းမင်းက ...

"မင်းရဲ့လုပ်ရပ်တွေဟာ အားလုံးကို ဒုက္ခပေးသလိုဖြစ်နေပြီ ဒါကြောင့်"

သူ၏စကားမဆုံးမီ ချင်းလိန်က ကြားဖြတ်လိုက်သည်။

"ဘာမှမပြောပါနဲ့တော့၊ ကျွန်မမေးထားတာကို အရင်အဖြေပေးပါ"

ရှမ်းမင်းက ခေါင်းယမ်းပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"လက်မခံတာကိုတော့ သည်းခံပါ"

ချင်းလိန်က ကျာပွတ်အား ဆွဲထုတ်လိုက်သည်။

"လက်မခံရင် ကျွန်မ အဆိုးမဆိုနဲ့"

ထိုအချိန် လူတစ်ယောက် ပြေးဝင်လာ၏။

"ရပ်လိုက်"

ရှမ်းမင်းက ကြည့်လိုက်ရာ ဒဏ်ရာရထားခြင်းခံနေရသော ချူးပင်ဖြစ်သည်။ ချင်းလိန်က နှာခေါင်းရှုံ့ပြပြီး ...

"ကျုပ်ကို ရပ်ခိုင်းတယ် ဟုတ်လား"

ချူးပင်က ...

"ဟုတ်တယ်"

ချင်းလိန်က မဲ့ပြုံး ပြုံးပြီး ...

"မင်း သေချင်လို့လား"

ထိုစဉ် လူတစ်ယောက် ပြေးဝင်လာပြန်၏။ သူက ပြေးဝင်လာရင်း ...

"သေချင်တာက ရှင်ပါ"

ချင်းလိန်က ထိုလူအား ကြည့်လိုက်ပြီး ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။



"မွန်မွန်"

သူမက လွတ်ခနဲ အသံထွက်သွားသည်။

မွန်မွန်သည် အေးဆေးစွာနှင့် သူမအနီးသို့လျှောက်သွားလေသည်။ သူမက ချူးပင်အား လှမ်း၍နှုတ်ဆက်လိုက်၏။

"ချူးပင် ရှင် နေကောင်းသွားပြီလား"

ချူးပင်မှာ မွန်မွန်အား တွေ့မြင်လိုက်သဖြင့် အလွန်အံ့သြသွားလေသည်။

"မွန်မွန်ပါလား ... မင်း"

သူမက ပြုံးပြီး ...

"ဟုတ်တယ်၊ ရှင့်အဖေလည်း ပြန်ရောက်လာတယ်၊ အခု ... ယူကောင်းစန်းကောင်ကို ပြန်သွားတယ်"

ချူးပင် အံ့သြသွားရပြီး ...

"ဘယ်လို ... ကျုပ်အဖေ ဟုတ်လား"

သူမက ...

"ဟုတ်တယ်၊ ရှင့်အဖေ ချူးဝမ်ကျုံး မသေသေးဘူး"

ထိုစကား ကြားလိုက်ရသောအခါ ချင်းလိန်သည် အလွန်အံ့သြသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက မွန်မွန်အား မဲ့ပြုံး ပြုံးပြပြီး ...

"ငါ့ကို ဒီလိုစိတ်ဓာတ်ချောက်ချားအောင် လုပ်လို့မရဘူး"

သူမသည် ပြောပြီး မွန်မွန်အား တိုက်ခိုက်လိုက်လေသည်။

မွန်မွန်နှင့်ချူးပင်တို့သည် လက်တွဲ၍ ချင်းလိန်အား ဝင်ရောက်တိုက်ခိုက်လေ၏။

ရှောင်လင်ကျောင်းထိုင် ရှမ်းမင်းက နောက်သို့ဆုတ်သွားရလေသည်။

တိုက်ပွဲကား ပြင်းထန်လှပေ၏။

မွန်မွန်နှင့်ချူးပင်တို့၏သိုင်းပညာမှာ ယခင်နှင့်မတူတော့ဘဲ အလွန်တိုးတက်နေပြီဖြစ်သည်။

သိုင်းကွက်ခြောက်ဆယ်ကျော်ခန့် ယှဉ်ပြိုင်လာသောအခါ ချင်းလိန်က အရေးနိမ့်စပြုလာပြီဖြစ်သည်။

သူမသည် မြွေဆိပ်ကို အသုံးပြုလိုက်သည်။ သူမ၏လက်ဝါးနှစ်ဖက်သည် စိမ်းဖန့်ဖန့်အရောင်များ သန်းလာလေ၏။

မွန်မွန်က လှမ်းအော်လိုက်သည်။

"ချူးပင် ... သတိထား၊ သူက အဆိပ်ကို အသုံးပြုလာပြီ"

သူမကပြောပြီး ချူးပင်အား နောက်ဆုတ်စေလေသည်။



"ချူးပင် နောက်ဆုတ်လိုက်"

သူမက ပြောဆိုသတိပေးရင်း ချင်းလိန်အား အနီးကပ်တိုက်ခိုက်လိုက်လေသည်။

"ဟား ဟား ဟား"

ချင်းလိန်က ရယ်မောလိုက်ပြီး ...

"ညည်း သေရတော့မယ်"

သူမသည် ကြုံးဝါးရင်း လက်နှစ်ဖက် ဆန့်ထုတ်လိုက်လေသည်။

ချူးပင် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"မွန်မွန် သတိထား၊ သူ အဆိပ်သုံးတော့မယ်"

သူမက ပြုံးလိုက်ပြီး ...

"ကျွန်မက ဘာဖြစ်လို့ ကြောက်ရမှာလဲ"

သူမက ပြောနေစဉ်မှာပင် ချင်းလိန်၏ခရမ်းရောင်သန်းနေသော လက်ဝါးနှစ်ဖက်သည် မွန်မွန်၏ရင်ဝသို့ ရိုက်ချလိုက်လေသည်။

✱

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က ရှောင်တိမ်းခြင်းမပြုပါ။ သူမ၏လက်နှစ်ဖက် ဆန့်၍ ခံပေးလိုက်သည်။

'ဖုတ်'

လက်ဝါးနှစ်ဖက် ထိတွေ့သွားလေသည်။

ချင်းလိန်သည် အဆိပ်များကို မွန်မွန်၏လက်ဝါးထဲသို့ ပို့ဆောင်ရန် အတွင်းအားကို အသုံးပြုလိုက်သည်။

ရုတ်တရက် မွန်မွန်၏လက်ဝါးထဲမှ အေးစိမ့်သောအငွေ့တစ်ခုသည် မိမိ၏လက်ဝါးသို့ တိုးဝင်လာပြီး တစ်ကိုယ်လုံးရှိ သွေးကြောလည်ပတ်သည့်လမ်းကြောင်းအတိုင်း လည်ပတ်သွားလေသည်။

ချင်းလိန်၏မျက်လုံးအစုံသည် ပြူးကျယ်သွားသည်။ သူမ၏နဖူးပေါ်၌ ချွေးသီးချွေးပေါက်များ စီးဆင်းကျလာလေသည်။

သူမသည် အခြေအနေမဟန်မှန်းသိလိုက်သည်နှင့် သူ၏လူများအား အဆိပ်လွှတ်၍ တိုက်ခိုက်ရန် အမိန့်ပေးလိုက်လေသည်။



သို့သော် သူတို့က မလှုပ်ရှားမီ ချူးပင်နှင့်ရှမ်းမင်းတို့သည် ထိုလူများအား တိုက်ခိုက်ရန် ချဉ်းကပ်သွားလေသည်။

ဘုန်းတော်ကြီးများသည် တုတ်ကိုယ်စီဖြင့် ခရမ်းရောင်ဝတ်ဆင်ထားသော လူများအား ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။

ထိုလူများသည် အဆိပ်အပ်လွှတ်ရန်ပင် အချိန်မရဘဲ လဲသူက လဲကျသွားပြီး ဒဏ်ရာရသူ ရသွားကြလေသည်။

သူတို့သည် ချင်းလိန်မှာ အခြေအနေမဟန်မှန်း သိလိုက်သဖြင့် ထွက်ပြေးသွားကြလေတော့သည်။

✷

ချင်းလိန်၏လက်နှစ်ဖက်သည် မွန်မွန်၏လက်ဝါးနှစ်ဖက်နှင့်ထိလျက် ယှဉ်ပြိုင်ကြတုန်းပင်။

သို့သော် ... ချင်းလိန်မှာ တစ်ကိုယ်လုံး ချွေးများစို့ရွှဲပြီး မျက်နှာတစ်ခုလုံးမှာလည်း ဖြူဖပ်ဖြူရော်ဖြစ်လာလေ၏။

မွန်မွန်လည်း မောဟိုက်လာနေပြီဖြစ်၏။ သူမ၏နဖူးပေါ်မှ ချွေးများသည် စီးဆင်းနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမသည် အံကိုတင်းတင်းကြိတ်၍ တောင့်ခံထားသည်။

မိမိကသာ ရှုံးနိမ့်သွားလျှင် အားလုံးဒုက္ခရောက်ကြမည်ဟူသော အသိစိတ်ကြောင့် သူမက တောင့်ခံထားနိုင်ခြင်း ဖြစ်သည်။

ချင်းလိန်သည် နှစ်ကြိမ်တိတိပြန်တွန်းလှန် ကြိုးစားခဲ့၏။ မအောင်မြင်ခဲ့ပါ။

နောက်ထပ် ရေနွေးတစ်အိုးချက်ခန့် ကြာသွားပြီးနောက် ချင်းလိန်သည် မဟန်နိုင်တော့ဘဲ လဲကျသွား၏။

သူမသည် လဲကျသွားသည်နှင့် နှာခေါင်း၊ မျက်လုံး ပါးစပ်စသည့်နေရာများတွင် အမည်းရောင်သွေးများ စိမ့်ထွက်လာသည်ကို တွေ့ရ၏။

မွန်မွန်ကလည်း ခြေကုန်လက်ပန်းကျကာ ဖင်ထိုင်ကျသွားလေ၏။ ချူးပင်က ကမန်းကတန်း လာရောက်ဖေးမထားလိုက်သည်။

"ဘာဖြစ်သွားသေးလဲ ညီမ"

မွန်မွန်က ပြုံးပြလိုက်သည်။

"ကိစ္စမရှိပါဘူး"

ရှောင်လင်ကျောင်းထိုင် ရှမ်းမင်းနှင့် ဘုန်းတော်ကြီးများ



သည် သူတို့အား တာယုံခန်းမသို့ ခေါ်ဆောင်သွား၏။

ရှမ်းမင်းက မွန်မွန်အား သေချာစွာကြည့်ရှုပြီး ...

"ဘာမှစိုးရိမ်စရာမရှိပါဘူး၊ အားအင်ကုန်ခန်းသွားတဲ့သဘောပါ"

သူသည် ဆေးလုံးတစ်လုံးယူ၍ ပေးလိုက်သည်။

"ဒီဆေးလုံးသောက်လိုက်၊ သုံးလေးရက်လောက် အနားယူလိုက်ရင် ပကတိကောင်းမွန်သွားပါလိမ့်မယ်"

ချူးပင်သည် ဆေးလုံးယူ၍ မွန်မွန်အား တိုက်ကျွေးလိုက်သည်။ ရှမ်းမင်းသည် မွန်မွန်၏ကျောသို့ လက်ဝါးဖြင့် ကပ်လိုက်ပြီး အတွင်းအား ပို့ဆောင်ပေးလိုက်ရာ ထမင်းတစ်အိုးချက်ခန့်ကြာသော အခါ မွန်မွန်သည် သက်သာလာလေသည်။

"ညီမ သက်သာသွားပြီလား"

ချူးပင်က ယုယစွာ မေးလိုက်၏။

"သက်သာပါပြီ အစ်ကို"

မွန်မွန်က ထရပ်လိုက်သည်။ ခြေလက်များကို လှုပ်ရှားလိုက်သည်။

"ကဲ ... အစ်ကို သွားကြပါစို့"

www.burmeseclassic.com

www.burmeseclassic.com



ချူးပင်က ခေါင်းညိတ်လိုက်၏။

သူသည် ရှောင်လင်ကျောင်းထိုင်အား နှုတ်ဆက်လိုက်၏။

"တပည့်တော်တို့ကို သွားခွင့်ပြုပါ"

ကျောင်းထိုင်ရှမ်းမင်းသည် သူတို့အား ကျေးဇူးတင်စကား ပြောပြီး မြင်းနှစ်ကောင်ကို လက်ဆောင်အဖြစ်ပေးလိုက်လေသည်။

ချူးပင်နှင့်မွန်မွန်တို့သည် ကျောင်းထိုင်ရှမ်းမင်းတို့အား နှုတ်ဆက်ကာ ရှောင်လင်ကျောင်းမှ ထွက်ခွာသွားကြလေသည်။

သူတို့သည် တောင်ပေါ်မှ ဆင်းလာသောအခါ ချူးပင်က

"ညီမ ... ငါတို့ ဘယ်ကိုသွားရင် ကောင်းမလဲ"

မွန်မွန်က ပြုံးလိုက်သည်။

"ယူကောင်းစန်းတောင်ကို သွားမယ်၊ ရှင့်အဖေက မျှော်ရှာမယ်"

ချူးပင်က ခေါင်းညိတ်လိုက်၏။

သူတို့သည် မြင်းပေါ်သို့တက်၍ မောင်းနှင်ထွက်ခွာသွားကြလေတော့သည်။

ဝဏ္ဏအောင်

www.burmeseclassic.com